www.burmeseclassic.com

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# ထနောင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးမှတ်တမ်း

ဤဝတ္ထုရေးသားနိုင်ရန်အတွက် စစ်ကိုင်းတိုင်းမှ မြင်းမူမြို့နှင့် မြောင်မြို့ များသို့ အစစတာဝန်ယူ၍ ခေါ်ဆောင်သွားခဲ့သော ဆရာမ **ဒေါ်ခင်စောတင့်**

ဝတ္ထုမျက်နှာဖုံးအတွက် အညာမြေမှ တနေ့ခင်းပင်တန်းများကို မေတ္တာဖြင့် ရိုက်ကူးပေးခဲ့သော ဓါတ်ပုံပညာရှင် **ညောင်ဦးပိုးချို**

ဝတ္ထုသရုပ်ဖော် ပန်းချီအတွက် စေတနာဖြင့် ရေးဆွဲပေးသော ပန်းချီ **ကိုကျော်ညွန့်** ........ တို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။

ကလျာ (ဝိဇ္ဇာသိပ္ပံ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ(ဝိဇ္ဇာ–သိပ္ပံ)

၏

# ထနောင်းလမ်း

(ဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ညဦးယံကာလ...

ပြာလဲ့သော ကောင်းကင်ပြင်တစ်ခွင်လုံး တိမ်မည်းတိမ်ညိုတို့ကင်းစင်နေ၍–

လပြည့်ည၏ လရောင်သည် ရွှန်းမြအေးငြိမ်းစွာ ယိုကျနေ၏။

မြေပြန့်လွင်ပြင်ပေါ်မှ ယာခင်းစိမ်းညို့ညို့ပေါ်သို့ လရောင်က လွှမ်းအုပ်ထားရုံမက–

စိမ့်စိမ့်ရီရီ ရှင်သန်နေကြသော ထနောင်းပင်ကြီးများ၏ ရွက်ဖျာသေးသေးလေးတို့၏ အကြိုအကြားအတွင်းသို့တိုင်အောင် ငွေလရောင်က ထွင်းဖောက်တိုးဝင်နေသည်။

ထနောင်းလမ်း၏ ဘေးယာခင်းပြန့်ပြန့်များ၏ နောက်ဘက်ဆီမှာ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ရေတိုးသဖြင့် 'အင်း'ပြင်ကျယ်ကြီးဖြစ်နေသော ရေဖွေးဖွေးတွင် လှိုင်းညွန့်လေးများ၊ လှုပ်လှုပ်ခတ်နေသည်ကို ပင် မြင်သာနိုင်အောင် လရောင်က သိပ်သည်းစွာ ကြည်လင် အေးမြနေပေသည်။

ဖုန်တထောင်းထောင်းထလေ့ရှိသော အညာမြေလမ်းသည် လည်း ရွှန်းမြအေးငြိမ်းခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းတို့အောက် မှာ ပြားဝပ်စွာ ရှည်မျောနေ၏။

ထိုစဉ်...

"ခွပ်...ခွပ်..."

"ခွပ်...ခွပ်..."

ဆိုသော မြင်းခွာသံသည် မမြန်မနှေးသော ခြေလှမ်းမှန် များဖြင့်၊ သည်မှာဘက်သို့ လာနေပြီဖြစ်ကြောင်း ပီပြင်ပြတ်သား စွာ ကြားနေရ၏။

တဖြည်းဖြည်းနှင့် ပို၍နီးလာနေပြီဖြစ်သော မြင်းခွာသံ များကြောင့် 'အဖွားမှုန်'သည် အိပ်ရာမှ လူးလဲထပြီး ပြတင်း တစ်ချပ်ကို လှပ်၍ကြည့်လိုက်သည်။

"အို...ဘုရား...ဘုရား"

အဖွားမှုန်က အံ့သြထိတ်လန့်စွာ ဘုရားတ၍ ရင်ဘတ်ကို ဖိရင်း...

"မြင်းစီးလာတဲ့လူတစ်ယောက်၊ ခြံကြီးထဲဝင်လာပြီး အိမ် ကြီးဆီကို သွားနေပါလား"

အဖွားမှုန်သည် နောက်ပြတင်းတစ်ချပ်ကို ထပ်ဖွင့်၍ မြင် ကွင်းကို ကျယ်စေလိုက်သည်။



သူတို့တဲနှင့် မလှမ်းမကမ်းတွင် ရှိသော အဝင်လမ်းအတိုင်း မြင်းကို ခပ်ဖြည်းဖြည်း ခပ်မှန်မှန်စီး၍ ဝင်လာသော လူယောကျ်ား တစ်ယောက်။

ဘောင်းဘီရှည်နှင့် မြင်းစီးဖိနပ်နှင့် ကြိုးသိုင်းဦးထုပ်ကို ဆောင်းပြီး သားရေဂျာကင်ဝတ်ထားကြောင်း ထိန်ထိန်သာနေ သော လရောင်ကြောင့် မြင်နိုင်သော်လည်း–

သူ့မျက်နှာမှာ ဦးထုပ်ရိပ်နှင့် ကွယ်နေသဖြင့် ဘယ်သူ ဘယ်ဝါမှန်း သဲကွဲစွာ မမြင်သာနိုင်...

အဖွားမှုန်သည် ထိတ်လန့်အံ့သြလွန်းသောကြောင့် သူ့အနီး မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မြေးမလေးကို ကိုင်လှုပ်လျက်...

"ဟဲ့...ခင်မ ထစမ်း...ထကြည့်စမ်း

ခင်မက ကြိုးရုန်းထပြီး မျက်စိကို ပွတ်ရင်းက...၊

"ဟင်...ဘာလဲ အမေရဲ့"

သူ ထထိုင်နေသော်လည်း သူ့အာရုံကြောများက နိုးကြား ခြင်းရှိပုံမရသေး။

"ညကြီးမင်းကြီး တို့ခြံထဲကို လူတစ်ယောက်နဲ့ မြင်း တစ် ကောင်၊ ပစ္စည်းတွေပါတင်ပြီး ရောက်လာတယ်၊ ထူးဆန်းလိုက် တာဟယ်"

"သူက ဘယ်သူလဲဟင် အမေ"

"ဘယ်သိပါ့မလဲ"

"ဟာ– ဒါဆို ဒုက္ခပဲ၊ ဓားပြလား သူခိုးလား"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးတော့ ဟုတ်ပုံမရဘူး၊ ဝင်လာပုံက ခပ်တည်တည်နဲ့ သူ့အိမ်သူ့ယာကို ပြန်လာတာကျနေတာပဲ"

"အာ...ဟုတ်ပါရဲ့ မြင်းပေါ်ကပစ္စည်းတွေတောင် ချနေပြီ"

"ဘယ်သူများပါလိမ့်နော်၊ အရေးထဲ ဖိုးကြွက်ကလဲမရှိ"

အဖွားမှုန်၏ မြေးကြီး ဖိုးကြွက်နီမှာ 'ကျောက်ရစ်ဘုရားပွဲ' ရှိ၍ ညလုံးပေါက်ပွဲသွားကြည့်နေသော ညနှင့်မှ တိုက်တိုက်ဆိုင်ဆိုင်။

အဖွားမှုန်မှာ ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် အံ့ဩတုန်လှုပ်နေချိန်မှာ–

"အမေ အဲဒါ ဦးအောင်မြင့်ဆိုတဲ့ သူဌေးကြီး ဒီကို ပြန်လာတာများလားဟင်"

"အို...မြတ်စွာဘုရား"

အဖွားမှုန်က သူ့ရင်ဘတ်ကို ဖိထားလိုက်ချိန်မှာ–

"အမေပဲပြောဖူးတယ်လေ"

"ဘာကိုလဲ"

"ဦးအောင်မြင့်ဆိုတဲ့ ဒီခြံပိုင်ရှင် သူဌေးကြီးရဲ့ ညီဟာ ခုလို လပြည့်ညကြီးမှာ သူ့ရဲ့ပန်းချီပစ္စည်းတချို့ကို ဘင်ပြီး မြင်းကြီးစီးလို့ ဒီခြံထဲက ထွက်ခွာသွားတယ်ဆိုတာလေ"

"ဟုတ်တယ် မြင်းညိုကြီးစီးပြီး သူ ဒီခြံကြီးထဲက ထွက်သွားတာ ဒီပုံစံအတိုင်းပဲ"

"ဒါဆို သူပြန်လာတာလားဟင်"

အဖွားမှုန်က ခေါင်းကို ယမ်းလိုက်ပြီး–



"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲကွယ်"

"ဘာလို့မဖြစ်နိုင်တာလဲ"

အဖွားမှုန်၏အကြည့်က မြင်းညိုရှင်ဆီသို့သာ ဦးတည်ထားရာမှ–

"ဒီလိုပုံစံအတိုင်း ကိုအောင်မြင့် ဒီခြံကြီးထဲက ထွက်သွားတာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကပါကွယ်"

❖ ❖ ❖

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အပိုင်းတစ်

www.burmeseclassic.com

www.burmeseclassic.com

မြောင်မြို့ဘုရားဒါယကာ ကျောင်းဒါယကာကြီး
ဦးသက်ရှည်၊ ဒေါ်ငြိမ်းခက်တို့၏ မြေး၊
မန္တလေးတက္ကသိုလ် သင်္ချာဌာနကထိက ဦးတင်ထွန်းအောင်
နှင့် ဒေါ်တင်လင်းဝေ တို့၏ သား
**မောင်အေးချမ်း** M.,Sc. (Botany)
(နည်းပြ ရုက္ခဗေဒဌာနမန်းတက္ကသိုလ်)
နှင့်
မန္တလေးမြို့၊ လမ်း ၈၀ တရုတ်တန်းနေ
ဈေးချိုရွှေဆိုင်တန်း၊ မြရတနာစိန်ရွှေရောင်းဝယ်ရေး...
ဦးမင်းလွင်၊ ဒေါ်လှဲလှဲဦး တို့၏ တစ်ဦးတည်းသမီး
မကေသီလွင်

တို့သည် နှစ်ဘက်သောလူကြီးမိဘတို့ ရှေ့မှောက်မှာ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း...

ဆိုသော သတင်းများကို မန္တလေးမြို့ထုတ် သတင်းစာ သာမက ရန်ကုန်မြို့မှ ထုတ်ဝေသော နေ့စဉ်သတင်းစာများမှာ ပါ အကျယ်တဝင့် ပါရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပိသာလိုက် ရောင်းဝယ်ဖောက်ကားနိုင်သော ချမ်းသာလွန်းသည့် တစ်ဦးတည်းသော သူဌေးသမီးမို့ အပိုင်ကြံခြင်းမဟုတ်ပါကြောင်း ကိုအေးချမ်း သစ္စာဆိုရဲပါသည်။

သူ့ထက် ငါးနှစ်မျှငယ်သော သိပ်လှသည့် ကေသီလွင်ကို သူ့နှလုံးသားထဲမှာ စူးနစ်အောင် လှိုက်လှိုက်လှဲလှဲ ချစ်မြတ်နိုးသောကြောင့်သာ ဖြစ်ပါ၏။

"ကိုကိုကလဲ မသွားပါနဲ့ဆိုမှ"

"ကေသီနဲ့ ကိုကိုတို့ရဲ့ တစ်ဘဝတာလုံးအတွက် အခုခဏလေး သည်းခံပါ"

"ဘာလို့ သည်းခံရမှာလဲ လွမ်းတယ်ဆိုတာ အောင့်ထားလို့မှ မရတာ"

"အဟား...ဟုတ်ပါတယ်ဗျာ...ဟုတ်ပါတယ်"

"ကိုကိုနော် သူကတော့ ပျော်နေမှာပေါ့၊ ဟိုရောက်ရင် အဖြူမတွေနဲ့ တွဲရမှာလေ"

"ဟာကွာ...ကြံကြံဖန်ဖန်"

"အပြန်ကျရင်လဲ တစ်ယောက်မှမပါလာဘူးလို့ မပြောနိုင်ဘူးလေ အဲဒီကျရင် ကေသီ့ကိုယ် ကေသီ သတ်သေပစ်လိုက်မှာနော်"

"ဘာတွေပြောနေတာလဲ ကေသီရယ် အခု ကိုကိုသွားယူမယ့် ပါရဂူဒေါက်တာဘွဲ့အတွက် နိုင်ငံတော်က အကုန်အကျခံပြီး သင်ပေးရတာလေ"

"သိတယ်"



"ဟိုရှေး အဖိုးတို့ခေတ်တုန်းကလို ဘိုမတစ်ယောက်လက်ဆွဲခေါ်လာခွင့်မှ မရှိတော့တာ"

"ကိုကို ကိုက သွားချင်နေတာပါ"

"နောင်ရေးအတွက်ပါလို့ ကိုကိုပြောထားပြီပဲကွယ်"

"အမေတို့က ပြောတာလဲ ကိုကိုမှ နားမထောင်တာ"

"ဘာကိုလဲ"

"ဩော်...ဒီလောက်လခနည်းတဲ့ အစိုးရအလုပ်က ထွက်လိုက်ပါ၊ အမေတို့ပေးတဲ့ အရင်းအနှီးနဲ့ စီးပွားရေးတစ်ခုလုပ်ပါဆိုတာလဲ ပြောလို့မှမရတာ ကိုကိုက အလကားမာနကြီးနေတာ"

"မဟုတ်ရပါဘူးကွာ"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူး ကိုကိုတို့ မိသားစုက စီးပွားရေးမလုပ်တတ်ကြဘူးလေ ဖေဖေဆိုလဲ ကျောင်းဆရာအလုပ်ပဲ ဝါသနာပါပြီး သားတွေကိုလည်း ပညာတတ်ကြီးတွေ ဖြစ်စေချင်တာ"

"ခု ကိုကိုက ပညာမတတ်လို့လား"

"ဩော်...မဟာသိပ္ပံထက်မြင့်တဲ့ ပီအိပ်ချ်ဒီဘွဲ့ကို ယူခွင့်ရချင်သေးလို့ပါ"

"သွား...သွား အဲဒီ ပီအိပ်ချ်ဒီကြီးနဲ့ ကေသီနဲ့ ကို လဲလိုက်ဟုတ်ပြီလား"

"ကေသီကလဲကွာ ဘာတွေပြောနေတာလဲ၊ ပညာဆိုတာဘဝအတွက် ကေသီ့ကို ချစ်တာက နှစ်လုံးသားကိစ္စလေ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူး”

“မဆိုင်လဲပြီးရော”

“ကေသီ၏မျက်စောင်းလှလှလေးနှင့် စူထားသော နှုတ်ခမ်းဖူးဖူးလေးကို ချစ်မက်မြတ်နိုးစွာ ကြည့်ပြီး ကိုအေးချမ်းက ကေသီ၏ လက်ခုံနုနုလေးကိုသာ ဖွဖွလေး ငုံ့၍နမ်းဖြစ်သည်”

ကေသီသည် ဆယ်တန်းပင် မအောင်ရှာ။

နှစ်ခါကျပြီးသည့်အခါမှာ သူငယ်ချင်းတစ်ယောက်၏ အဆက်အသွယ်ဖြင့် တက္ကသိုလ်မှ ဆရာကိုအေးချမ်းထံမှ သိပ္ပံပညာရပ်ကို ကျူရှင်ယူရာမှ တစ်ဦးနှင့် တစ်ဦး မခွဲခွာနိုင်ရက်လောက်အောင် အချစ်ကြီးချစ်သွားခဲ့ကြခြင်း ဖြစ်၏။

ကေသီလွင်က ပညာရေးမှာ လုံးဝ စိတ်မပါ။

ဆရာကိုအေးချမ်းထံမှာ ကျူရှင်ယူပြီးသော်လည်း ဆယ်တန်းထပ်ကျသဖြင့်–

“ကိုလွင့်သမီးတော့ ဘွဲ့မရဘူး ယောက်ျားပဲရတော့မယ်၊ ကောင်လေးဘက်က လာပြီး စေ့စပ်ဖို့ ပြောနေပြီ”

ဦးမင်းလွင်က လခစားမို့ သိပ်သဘောမကျလှသော်လည်း ဇနီးကလည်း ကြည်ဖြူ သမီးကလည်း သူ့ချစ်သူကို မခွဲနိုင်ပါဟု ဆိုသဖြင့် ခမ်းနားစွာ စေ့စပ်ပေးလိုက်ရခြင်း ဖြစ်၏။

သီတင်းဝါလကျွတ်လျှင် မန္တလေး မြို့မတီးဝိုင်းနှင့် ခမ်းနားကြီးကျယ်စွာ လက်ထပ်မင်္ဂလာပွဲ ကျင်းပပေးပြီး ညဘက်မှာ အငြိမ့်တစ်ပွဲခံမည်ဟုပါ မိန်းကလေးဘက်က စီစဉ်ထားကြသည်။



သို့သော်...

နိုင်ငံခြားပညာတော်သင်ဆုကို ထိုက်တန်စွာ ရရှိလိုက်သဖြင့် ကိုအေးချမ်း အမေရိကန်နိုင်ငံသို့ နှစ်နှစ် သို့မဟုတ် သုံးနှစ်ခန့် သွားရောက်ပညာသင်ကြားရဦးမည့်အကြောင်း ပေါ်လာသဖြင့် ချစ်သူကို ချော့မော့နှစ်သိမ့် ဖျောင့်ဖျနေရခြင်း ဖြစ်တော့သည်။

ဘဝ၏ ပထမပိုင်းတစ်လျှောက်လုံး ပညာရေးဘက်မှာသာ ကိုအေးချမ်း အားသန်နေခဲ့သည်။

တက္ကသိုလ်ပညာသင်ကာလတစ်လျှောက်လုံးမှာလည်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့သူပါ။

ဆရာဖြစ်ပြီးမှ ကေသီလွင်နှင့် ရင်းနှီးခွင့် ရရှိပြီး ကေသီလွင့်၏ တိုးတိုးဝင်ဝင်ဆက်ဆံတတ်သော အကျင့်ကြောင့် ရင်းရင်းနှီးနှီး နီးနီးကပ်ကပ်နေခွင့်ရခဲ့ပြီး–

တစ်ခါမှ မဖြစ်ထွန်းဖူးခဲ့သော သူ့ရင်တွင်းမှ ချစ်ခြင်းတရားများသည် ကေသီလွင့်အတွက် သည်းသည်းခိုက်ခိုက် ဖြစ်ခဲ့ရသည်။

သို့သော်....

ကေသီလွင်၏စကားကို အမြဲနာခံ အလိုလိုက်ခဲ့သော်လည်း ကျောင်းသားတစ်သိန်းမှာပင် တစ်ယောက် အခွင့်အရေးရရန်ခက်ခဲလှသော

Ph.Dဆိုသည့် အဆင့်အမြင့်ဆုံး ပါရဂူဘွဲ့ကိုဖြင့် ကေသီလွင် တားနေသည့်ကြားမှပင် သူယူဖြစ်အောင် ယူပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ခွဲခွာရသည့် အချိန်မှာ သည်းအူလိုက်မျှ ငိုရှိုက်ကျန်ရစ်ခဲ့ရှာသော ချစ်သူလေးအတွက်...

အလွန်ကျခဲသော သူ့မျက်ဝန်းမှ မျက်ရည်များ မန္တလေး ဘူတာရုံကြီး လူသူများရှေ့မှောက်မှာပင် ကြွေကျခဲ့ရသည်။

"ကိုကိုတို့ အိမ်ထောင်ကို ခိုင်ခိုင်ထည်ထည် တည်ဆောက်နိုင်ဖို့အတွက်ပါကွယ်"

"အမြန်ဆုံး ဖြေနိုင်အောင် ကြိုးစားရင်လဲ ဒီဘွဲ့ရနိုင်တဲ့အတွက် ကိုကို အစွမ်းကုန် ကြိုးစားပြီး ပြန်လာခဲ့ပါ့မယ်၊ ပြီးတော့ ကိုကို့ သစ္စာတရားကိုလည်း ယုံပါ ကေသီ"

ကေသီ၏ သစ္စာတရားကိုလည်း ယုံပါရစေဆိုသော စကားမှာ ပြောစရာမလိုသော စကားဖြစ်၍ သူ မပြောဖြစ်ခဲ့ပါ။

ကိုအေးချမ်း၏ မိဘများက ရန်ကုန်အထိ လိုက်ပို့ကြသော်လည်း–

စေ့စပ်ထားရုံဖြင့် တစ်မြို့တစ်ရွာသို့ အတူတကွ မသွားသင့်ပါဟူသော မိဘများ၏ တားမြစ်ချက်ကြောင့် ကေသီလွင်မှာ မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ခဲ့ရရှာသည်။

❖ ❖ ❖

အချိန်ကို...

လူတွေကသာ "ကြာလိုက်တာ"၊ "မြန်လိုက်တာ"ဟူ၍ ကိုယ့်အကြောင်းနှင့် ကိုယ် အနှေးအမြန် သတ်မှတ်နေကြသော်လည်း...

အချိန်သည်မူ ထာဝရ တိကျမှန်ကန်စွာ လည်ပတ်နေပါ၏။

ကိုအေးချမ်း သွားကာစက တစ်လလျှင် စာငါးစောင်ခြောက်စောင် ထည့်နေရာမှ ပထမနှစ်ကုန်အပြီးတွင် တစ်လလျှင် စာတစ်စောင်လောက်သာ ကေသီ ရေးဖြစ်တော့သည်။

ကိုအေးချမ်းကလည်း ပါရဂူဘွဲ့ကို အမြန်ဆုံးတင်နိုင်ရန်အတွက် စာတွေ့၊ လက်တွေ့နှင့် စာကြည့်တိုက်ပေါင်းစုံကို သွားလာနေရသဖြင့် တစ်ရက်လျှင် ၅ နာရီထက်ပိုအောင် တစ်ခါမျှ အိပ်စက်ခွင့်မရသဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



ကိုအေးချမ်းကိုယ်တိုင်ပင်လျှင် ကေသီလွင့်ထံ စာရေးကျဲခဲ့မိသည်။

သည်လိုနှင့်

နောက်ဆုံး ကေသီလွင့်ထံမှ စာလုံးဝမရသည့် ကိုးလမြောက်ကြာပြီးနောက်မှာ…

သူ သိပ်လိုချင်သော Ph.Dဒေါက်တာဆိုသည့် ပါရဂူဘွဲ့ကြီးကို ပိုက်ကာ–

"ဒေါက်တာအေးချမ်း" အဖြစ်နှင့်…နှစ်နှစ်နှင့်ကိုးလ တိတိကြာပြီးချိန်မှာ သူ ပြန်လည်ရောက်ရှိလာတော့သည်။

"ကေသီရော…"

လာကြိုသူများထံမှ မျက်စိမျက်နှာမကောင်းစွာ မျက်လွှာချထားရုံမှလွဲ၍ တိကျသော အဖြေကို သူ မရရှိခဲ့ပါ။

အဖြေမရလေ သူ စိတ်ပင်ပမ်း ပူပင်လေ ဖြစ်ကာ–

"ကျွန်တော့်ကို မညာပါနဲ့ အမှန်အတိုင်းပြောကြပါ ကေသီ ဒီလောကကြီးထဲမှာ ရှိမှရှိသေးရဲ့လားဗျာ"

"အမှန်အတိုင်းပြောကြပါ"

"ကျွန်တော် အမှန်အတိုင်း သိပါရစေ"

ဆောက်တည်ရာမဲ့စွာ ဒေါက်တာအေးချမ်း မေးလာတော့မှ သူ့မိခင်ကိုယ်တိုင်က…

"ကေသီလွင် ဒီလောကကြီးထဲမှာ ရှိနေပါတယ် သား၊ ဒါပေမယ့် သားရဲ့ဘဝထဲကရော သူ့မိဘအသိုင်းအဝိုင်းလောကထဲကပါ သူ အပြီးတိုင် ထွက်သွားပါပြီ"



"ဘာ…ဗျာ…ဘယ်လို မေမေ"

"အေး…သား စိတ်ခိုင်ခိုင်ထား စိတ်နာပြီးသာ မေ့ပစ်လိုက်"

"ဗျာ"

"ကေသီလွင့်တို့ဆိုင်မှာ ခိုင်းနေတဲ့ ကောင်လေးနောက်လိုက်သွားတာ ကြာခဲ့ပါပြီ သားရယ်"

"ဟာ"

ချစ်သူအတွက် လက်ဆောင်မတွေ မင်္ဂလာခန်းဝင်ပစ္စည်းတွေ တနင့်တပိုး သယ်ဆောင်လာခဲ့သော ဒေါက်တာအေးချမ်းမှာ…

စိတ်နာခြင်းနှင့် ကြေကွဲလွမ်းဆွတ်ရခြင်းတို့ ယှဉ်တွဲခံစားရသဖြင့် ရင်သည် ပွင့်ကွဲတော့မတတ်။

နှလုံးသားသည် တစ်စစီ မွကြေသွားတော့သလို ခံစားခဲ့ရပါပြီ။

ကြေကွဲခြင်းနှင့်အရှက်တရားများ ပေါင်းစပ်ကာ ယောကျ်ားကြီးတန်မဲ့ ပါရဂူဘွဲ့ရှင် နိုင်ငံခြားပြန်ကြီးတန်မဲ့နှင့် ကြိုဆိုသူများ ရှေ့မှောက်မှာပင် မျက်ရည်တို့ ဝေလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်းနှစ်

www.burmeseclassic.com

www.burmeseclassic.com

သည်ညီအစ်မနှစ်ယောက်ကို ဘယ်သူပိုလှသည်ဟူ၍ မပြောနိုင်လောက်အောင် အလှချင်းယှဉ်ပြိုင်နေသူများ ဖြစ်ကြောင်း သည်တစ်မြို့လုံးက လက်ခံထားခဲ့ကြရသည်။

အဝတ်အစားနှင့် အပြင်အဆင်များကလည်း အမြဲတန်းဆင်တူဝတ်သဖြင့် ကိုယ်ခန္ဓာသွင်ပြင်က ထပ်တူညီနီးပါးမျှ တူညီနေသော်လည်း–

စိတ်ဓာတ်ချင်း၊ ဝါသနာချင်း၊ အယူအဆချင်းက လုံးဝခြားနားခဲ့သော

"လရောင်ဝင်း နှင့် လမင်းဝင်း"

သူတို့နှစ်ယောက် တစ်နှစ်နှင့် နှစ်လသာ ကွာခြားကြသဖြင့်–

"အမြွှာလား"

ဟူ၍ပင် မေးရသည်အထိပါ။

www.burmeseclassic.com

www.burmeseclassic.com



အကြီးဖြစ်သော လရောင်သည် အငယ်လပြည့်လေးကို အသက်ထက်ဆုံး မနာလိုဖြစ်နေခဲ့သူသာတည်း။

အမှန်မှာ ကလေးအကြီးက အငယ်မွေးလာတိုင်း…

"မိခင်က သူ့ကို အချစ်ပေါ့သွားပြီ၊ အဲဒါ အဲဒီအငယ်မကြောင့်–

ဟူ၍ မနာလိုတတ်ကြသည်မှာ သဘာဝပင်။

ဒါကို မိခင်များက နားလည်ပေးရမည်။

အငယ်ကို မချစ်ပါဘူး မေမေက သမီးကြီးကိုပဲ ချစ်တာပါဟူ၍ ပြောပေးရမည့် အစား…

အငယ်လေးကို တစ်ခုခုလုပ်တိုင်း ဥပမာ ကလေးလက်ထဲမှ အရုပ်ကို လုယူခြင်း၊ ကလေးစားနေသည့် မုန့်ကို ပုတ်ချပစ်ခြင်း စသော ဝန်တိုစိတ်များအတွက် မိခင်က နားလည်ပေးရမည့်အစား–

"အကြီးဖြစ်ပြီး အငယ်ကို ဘယ်တော့မှ မညှာဘူးကဲ…ဟယ်"

ဆိုသော အပြောများ အရိုက်များဖြင့် အမြဲတုန့်ပြန်လေ့ရှိသော "ဒေါ်ခင်လေးရီ"

ဤမိခင်ကြောင့် အကြီးမလရောင်၏ အညိုးအတေးနှင့် အမုန်းတရားများသည် အငယ် လမင်းလေးအပေါ် သိပ်သည်းနက်ရှိုင်းစွာ ကျရောက်ခဲ့သည်မှာ သူတို့၏ အသက်နှင့်အမျှ အနှစ်နှစ်ဆယ်နီးပါးမျှ ကာလပတ်လုံးပင် ဖြစ်တော့သည်။

အငယ်လေး လမင်းသည် သူတို့မိသားစုထဲမှာ ထူးခြားစွာ အနုပညာဝါသနာပါ၏။ သီချင်းဆို အကနှ်နားထောင် ခဏချင်းအတွင်းမှာ စာသားတွေ အကုန်ရ၊ အကနှင့် ဇာတ်လမ်းအားလုံးကိုလည်း စိတ်ဝင်စားသည်။

အထူးသဖြင့် စာဖတ်ခြင်း၊ စာထဲမှာလည်း လပြည့် အမြတ်နိုးဆုံးက ကဗျာဖြစ်သည်။

ကဗျာဖန်တီးသူ၊ ကဗျာဖန်တီးနိုင်သူများကို လပြည့် သိပ်လေးစားသည်။

ဤသို့ မြတ်နိုးလေးစား နှစ်ခြိုက်တပ်မက်လွန်းသော စိတ်ကြောင့်–

"ကဗျာဆရာကိုစိတ္တ"

နှင့် ဆက်သွယ် ခင်မင်ရင်းနှီးခွင့် ရလာခြင်း ဖြစ်၏။

ဆရာနှင့် စာချင်း ရင်းနှီးပြီးမှ သူရေးထားသော ကဗျာခပ်ညှံ့ညှံ့လေးများ သိပ်မပီပြင်သော အက်ဆေးများ၊ ပြောချင်သည့် အကြောင်းအရာ သိပ်ပြီး မပေါ်လွင်လှသော အချစ်ဝတ္ထုတိုလေးများကို…

"ဆရာဖတ်ကြည့်ပေးပါ"

"ဆရာပြင်ပေးပါ"

ဟု စာရေး၍ ပို့ပေးတတ်လေ့ ရှိသည်။

ဆရာစိတ္တသည် စိတ်ရှည်စွာဖတ်၍ တည်းဖြတ်ပြီး ပြန်ပို့ပေးရုံမက–

"ထပ်ရေးဦး"

"ဆက်ကြိုးစား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အားပေးစကားများနှင့် ပြန်ကြားလေ့ရှိရုံမက–

အနည်းငယ်အရည်အသွေးရှိသော စာနှင့် ကဗျာများကို သူကိုယ်တိုင် ပြင်ဆင်ဖြတ်တောက် ဖြည့်စွက်ပြီး သူ့သူငယ်ချင်း မဂ္ဂဇင်းတိုက်များသို့ ပို့ပေးသဖြင့်–

"ကဗျာဆရာမလေး လမင်းဝင်း"

ဆိုသော ရင်ခုန်ဖွယ် အမှတ်တံဆိပ်များဖြင့် စာအုပ်နှင့် စာမူခများ ရောက်ရှိလာတတ်သည့် အခါမှာ...

လမင်း၏ ခံစားမှုက ရူးနှမ်းသွားတော့မလောက် လှုပ်ခတ်လှုပ်ရှားလွန်းလှသည်။

"ဖေဖေ ဖတ်ကြည့်ပါဦး"

"မေမေ ဒီစာမူခထဲက မေမေတို့ကိုလည်း ကန်တော့ချင်တယ်၊ လှူလည်း လှူချင်တယ်၊ အမှတ်တရလေးတစ်ခုခုလည်း ဝယ်ချင်တယ် သမီး ဘာလုပ်ရမလဲဟင်"

"သမီးလေး လုပ်ချင်တာ အားလုံးလုပ်၊ ဒါပေမယ့် ဒီစာမူခလေးသုံးရာနဲ့ ဘယ်လောက်ပဲ့မလဲကွယ် မေမေ ဖြည့်ပေးမှာပေါ့"

ဖခင်ကလည်း စာကြည့်မျက်မှန်ကြီးတဝင်းဝင်းတပ်ရင်း–

"ငါ့သမီးကဗျာလေးက စာတစ်လုံးတိုင်းမှာ အဓိပ္ပာယ်တွေပြည့်နေတာပဲ၊ ငါ့သမီး စာရေးဆရာမကြီးဖြစ်အောင် ဆက်ကြိုးစား"

မိဘများ၏ မှတ်ချက်ကြောင့်လည်း လမင်းဝင်းမှာ တကယ့်ကို မြောက်နေ၏။



တိုက်မှ ပို့လိုက်သော မဂ္ဂဇင်းတစ်အုပ်ကို ဘယ်သူမှ မကိုင်ရစေဘဲ သိမ်းထားပြီး၊ နောက်ထပ် ငါးအုပ်ဝယ်ချလိုက်ကာ သူ့ဆရာမကို သွားကန်တော့၊ စာပေဝါသနာကြီးသော အန်တီလေးကို လက်ဆောင်ပေး၊ သူငယ်ချင်းတွေကို လိုက်ကြွားနေသဖြင့်–

လရောင်ဝင်းသည် ပြုံး၍သာ ပျော်ဟန်ပြနေရသည်။ လမင်း၏ အောင်မြင်မှုကို လုံးဝ ရှုံ့ချသည်။

"သူ့ဘာသာ ပို့ကြည့်ပါလား ဘယ်အယ်ဒီတာကမှ ရွေးမှာ မဟုတ်ဘူး၊ ကိုစိတ္တဆိုတဲ့ မဂ္ဂဇင်း အယ်ဒီတာက ဖန်ပေးလို့ ဒီဟာမ မြောက်နေတာပါ"

"အဲဒီကဗျာဆရာနဲ့ ရသွားလည်းကောင်းတယ်၊ ရန်ကုန် လိုက်သွားပြီး ကဗျာဆရာကတော်ဆိုတဲ့ ဘွဲ့ထူးနဲ့ထိုက်တန်အောင် ဆင်းရဲမွဲတေနေစမ်းပါစေ"

လရောင်သည် အလွန်သိုသိပ်သူဖြစ်၏။

သူ၏ ကောက်ကျစ်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို "သူ့ကြောင့်"ဟု မသိစေရဘဲ အလိုအလျှောက်ဖြစ်ထွန်းသွားသလိုလို သူ ဖန်တီးတတ်၏။

မိသားစုပေါ်မှာလည်း ညာတာစိတ်နည်းသဖြင့် မိခင်က သဘောထားနူးညံ့သိမ်မွေ့သော အငယ်လေး လမင်းကို အကြင်နာပိုခဲ့သည်။ ဖခင်ကတော့ သမီးကြီးကို မြတ်နိုးဆဲပါပင်။

သို့သော်

ဖခင်က လမင်းကို ချီးကျူး၍ မိခင်က အငယ်ဘက်ယိုင်

www.burmeseclassic.com

www.burmeseclassic.com



လေ သူ၏ အညှိုးက ပို၍ကြီးလေဖြစ်နေချိန်မှာ ခုလို စာထဲပေထဲမှာ 'လမင်းဝင်း'အမည်ပါ ကမ္ဗည်းတင်ခံလာရသည့်အခါမှာ လရောင်၏ ဝန်တိုမှုက ပိုမိုကြီးရင့် သန်မာလို့လာခဲ့လေပြီ။

"မိလမင်းကို ရန်ကုန်က ကဗျာဆရာနောက် မြန်မြန်ပါသွားအောင် လုပ်ရမယ်၊ ဒါမှ ဒီအိမ်မှာ ငါကြီးစိုးလို့ရမှာ"

ယင်းအတွေးများကြောင့်...

"ညီမလေး လမင်း ဆရာစိတ္တဆိုတဲ့ လူက သိပ်တော်တာပဲနော်၊ တော်ရုံအရည်အချင်းနဲ့ ဘယ်မှာ ကဗျာဆရာဖြစ်မှာလဲ၊ သူက ဘာဘွဲ့တွေရလဲဟင်"

"မသိဘူး မေးမကြည့်ဖြစ်ဘူး၊ တက္ကသိုလ်တော့ ရောက်မှာပေါ့"

"ညီမလေးတို့ချင်း ရင်းနှီးမှုက ဘယ်အတိုင်းတာထိ ရောက်နေပြီလဲဟင်"

"ဟာ...ဘယ်အတိုင်းအတာမှ မရောက်သေးပါဘူး၊ ဆရာက သိပ်သိက္ခာရှိတာ စာရေးရင်တောင် အမြဲထိန်းထိန်းသိမ်းသိမ်း ရေးတာ မမရဲ့"

"လမင်းကရော ထိန်းမရေးဘူးလား"

"ဘာထိန်းစရာလိုလဲ၊ ဆရာ့ကို ကျေးဇူးတင်တယ်၊ လေးစားတယ်၊ နောက်ထပ်ရေးဖြစ်တဲ့ စာမူတွေ ပို့လိုက်တယ် ဒါပဲပေါ့"

"အဲဒီတော့ သူက ဘာပြောလဲ"

"ဆရာက အားတာမဟုတ်ဘူး မမလရောင်ရဲ့ မအားတဲ့



ကြားထဲက အချိန်ယူရေးပေးရှာတာ"

"လမင်းတို့ စာချင်းဆက်သွယ်နေတာပဲ၊ တစ်နှစ်လောက်ရှိပြီနော်၊ လူချင်းမြင်ဖူးကြပြီးပြီလား"

"ဟာ– မမလရောင်ကလဲ ဘယ်လိုလုပ် မြင်ဖူးမှာလဲ ဆရာက ရန်ကုန်မှာနေတာပဲဟာ"

"တွေ့ချင်တယ်မပြောဘူးလား"

"အင်း ကြုံကြိုက်ခွင့်ဆုံရင်တော့ တွေ့ကြရအောင်ပါတဲ့ ရန်ကုန်ကို လမင်းလေး လာတဲ့အခါ သူ့ဆီလာလည်ပါ၊ ဒါမှ မဟုတ် ဖုန်းဆက်ပါတဲ့၊ သူ ဒီမြို့ကို ရောက်ဖြစ်ခဲ့ရင်ရော လမင်းကို တွေ့ခွင့်ရှိမလားတဲ့"

"ဒီတော့ လမင်းက ဘာဖြေလိုက်လဲ"

"မဖြေရသေးပါဘူး၊ အဲဒီစာရောက်ပြီးမှ စာမပြန်ရသေးဘူး"

"သူလာရင် မေမေတို့ မသိအောင် မမ ကူညီမယ်လေ သွားတွေ့ကြရအောင်"

"ဟင် ဆရာ့စာတွေ အားလုံး မေမေ့ကို လမင်းပြတယ်"

"ဟုတ်လား မေမေက ဘာပြောလဲ"

"သူလာရင် အိမ်လာဖို့ ဖိတ်ပေါ့တဲ့၊ မိဘရှေ့မှာ စကားပြောတော့ သိက္ခာရှိတာပေါ့၊ မေမေတို့လည်း အကဲခတ်ခွင့်ရတာပေါ့တဲ့"

"ဩ...မေမေနဲ့ လမင်းတို့က ဒီလိုတောင် ပြေလည်နေကြပြီလား"

www.burmeseclassic.com

www.burmeseclassic.com



လရောင်က ခပ်မဲ့မဲ့ကြည့်လိုက်ပြီး ဆွေးနွေးပွဲကို သည်နေရာမှာပင် ရပ်ပစ်လိုက်သည်။

ဆက်လက်၍ သူဟန်လုပ်နိုင်တော့မည်မထင်။

လမင်းကဖြင့် သူ့နှလုံးအိမ်မှာ နှစ်သိမ့်မှုတွေ အပြည့်နှင့်မို့ လရောင်၏ မဒ္ဒွေရိယမျက်ဝန်းများကို သတိပင်မထားလိုက်မိပါ။

သူ့ဘာသာသူ ထသွားသည်ထင်၍ ဆက်လက်ပြီး ဆရာ့အကြောင်းတွေး၊ ကဗျာတွေချရေး၊ ဆရာ့စာကို သုံးဆယ့်ခုနစ်ကြိမ်မြောက်လောက်ဖြစ်အောင် ပြန်ဖတ်နှင့်မို့–

လရောင်၏ ကောက်ကျစ်ခြင်း ရင်တွင်းဝေဒနာကို အနည်းငယ်သော်မှ မရိပ်စားမိခဲ့ပါချေ။



နို့ဝင်ဘာလ ၃ ရက်၊ စနေနေ့

ဆရာ

ဆရာ သိပ်အလုပ်တွေများနေတယ်ဆိုတာ သိလျက်နဲ့ စာရှည်ရှည်ရေးပါရစေဦးရှင်၊ ဆရာ အားလပ်တဲ့အချိန်မှ ဆက်ဖတ်ပါနော်။

ဆရာသိတဲ့အတိုင်း ဆယ်တန်းအောင်ထားတဲ့ ကျောင်းသူတစ်ယောက်အနေနဲ့ အချိန်တွေက ပိုနေတော့ ကဗျာတွေရေး စာတွေတွေး၊ ပြီးတော့ ဆရာ့ကို အမြဲသတိရနေမိပါတယ်လို့ ဝန်ခံပါရစေ။

ဆရာတို့ကျတော့ ကောင်းလိုက်တာနော်၊ တောင်းထားတဲ့ စာမူတွေ မပေးနိုင်သေးလို့ အားနာနေရတယ်လို့ ဆရာ ရေးဖူးတယ်၊ လမင်းတို့ကျတော့လည်း ရေးထားတဲ့ စာမူတွေ မဂ္ဂဇင်းတိုက်ပေါင်းစုံပို့ပြီး မော့မျှော်နေရတယ်၊ တစ်နှစ်နေလို့ တစ်ခါလောက်ပါလာရင်ကို တုန်တုန်ရီရီဖြစ်တဲ့အထိ ဝမ်းသာလုံးတွေ ဆို့ခဲ့ရတယ် ဆရာ...

ဆရာတို့လို စာပေနယ်မှာ အောင်မြင်ချင်လိုက်တာ–

ဒါပေမယ့် ဆရာရယ် လမင်းတို့လို ဦးနှောက်လေးပိစိကွေးနဲ့ ဒီတစ်သက်မှာ စာရေးဆရာမဆိုတဲ့ ဘွဲ့ထူးတော့ ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ပါဘူး ဆရာရာ–

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့စာကို ဖတ်ပြီး မေမေကတောင် ဆရာလမင်းတို့မြို့ကို ရောက်ရင် ထမင်းဖိတ်ကျွေးမယ်တဲ့။

ဆရာတော့ မသိဘူး၊ လမင်းကတော့လေ လမင်း သိပ်ကြည်ညိုတဲ့ ဆရာ့ကို မြင်ဖူးချင် ဆုံဖူးချင်ပါတယ်ဆရာ။

ဆရာ့ကိုတော့ လမင်းက သိနေပြီလေ၊ ဆရာ တက်ရောက်တဲ့ပွဲတွေ ဟောပြောပွဲတွေ၊ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲနဲ့ အင်တာဗျူးတွေမှာ ဆရာ့ဓာတ်ပုံတွေ မကြာခဏ တွေ့နေရပါတယ်။ ဆရာ သိပ်ကြည့်ချင်တယ်ဆိုတဲ့ ဆရာ့တပည့်မဓာတ်ပုံကို ဒီစာနဲ့အတူ ထည့်ပေးလိုက်ပါပြီ။

"ဆရာ လမင်း ဘာလုပ်လုပ် မေမေ့ကို အကုန်အသိပေးပါတယ်၊ ဆရာ့စာတွေလည်း မေမေ့ကို ပြတာပဲ၊ ဒါပေမယ့် အခု ဒီဓာတ်ပုံပေးတာတော့ မေမေ့ကို မပြောဝံ့ဘူးဆရာ၊ တိတ်တိတ်ပေးလိုက်တာနော်၊ ဆရာ့စာလာရင် ဓာတ်ပုံရကြောင်း ထည့်မရေးနဲ့နော် ဆရာ။

ဆရာရေ ဒီစာနဲ့အတူ တစ်မျက်နှာဝတ္ထုတိုလေးက တစ်ပုဒ်၊ ကဗျာသုံးပုဒ် ပို့လိုက်ပြန်ပြီ၊ အဲဒီရောဂါပိုးကလည်း တခြားဗိုင်းရပ်စ် (Virus) တွေထက် ဆိုးတယ် ဘယ်ဆေးနဲ့မှ သတ်လို့မရတဲ့ ရောဂါပိုးပါ ဆရာ၊ လမင်းလေ စာတွေပဲ ဖတ်နေချင်တယ်၊ စာတွေပဲ ရေးနေချင်တယ်၊ ဆယ်တန်းတုန်းကတော့ အသေအလဲ စာကျက်နေရလို့ ပစ်ထားခဲ့သမျှ–

အခုတော့ ထွက်သမျှ ဝတ္ထုတွေ မဂ္ဂဇင်းတွေဖတ်၊ စာဖတ်တာကတော့ ကိစ္စမရှိဘူးလေ၊ ကိစ္စရှိတာက စာရေးတာပဲ၊ စာရေးပြီး ဆရာ့ဆီပို့တာတွေက ဆရာ့မှာ အနှောင့်အယှက်ဖြစ်နေမှန်းတော့ လမင်းသိပါတယ်၊ ဒါပေမယ့် ဖေဖေကပြောသလို အဲလေ စာရေးသလို ဒီရောဂါပိုးက အတော်ဆိုးတာနော်။

လမင်းလေ ဆရာတို့လို စာပေလောကအတွင်းမှာ ကျင်လည်ပြီး စာပေနဲ့ မွေ့လျော်စွာ အသက်မွေးချင်မိပါတယ် ဆရာ။

ဒါပေမယ့် လမင်းတို့က နယ်မြို့လေးမှာဆိုတော့ သိပ်ကို လက်လှမ်းဝေးလှတယ်နော်။

လမင်းတို့ ကျောင်းတက်ခွင့်ရလို့ ရန်ကုန်တက္ကသိုလ်မှာ လမင်းလာတက်ရရင် ကောင်းမလားဟင်ဆရာ၊ ဆရာအကြံပေးပါဦး။

ဆရာရေ လမင်းကတော့လေ ဆရာ့ဆီကို တစ်ညလုံး မအိပ်ဘဲ စာထိုင်ရေးနေချင်တာ ဆရာရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုဖတ်နေတဲ့ ဆရာ့ရဲ့ မျက်နှာကို မြင်ယောင်ပြီး အားနာစွာနဲ့ပဲ ရပ်နားပါတော့မယ်နော်။

ဆရာနဲ့ ဆုံခွင့်ရမယ့်ရက်ကို မျှော်လင့်လျက်။

ဆရာ့တပည့်

**လမင်းဝင်း**

P.S ဆရာရဲ့ Biography အပြည့်အစုံနဲ့ ဓာတ်ပုံတစ်ပုံလောက်များ ပေးနိုင်ရင်...



လမင်းလေး

မအားပေမယ့်လည်း လမင်းရဲ့စာကို မဖတ်ဘဲမနေနိုင်သလို 'သူစာမျှော်နေရှာမယ်'ဆိုတဲ့ နှောင်ကြိုးစိတ်နဲ့ ချက်ချင်းပဲ ဆရာ စာပြန်လိုက်ပါတယ်။

ဆရာ့အကြောင်းကတော့ အတိုချုံးပြောလည်းရတယ်၊ ရေးမယ်ဆိုလည်း အရှည်ကြီးပဲချဲ့လို့ရတယ်ဆိုပါတော့ လိုရင်းပြောမယ်။

ဆရာ့မိဘတွေက ပညာတတ်တွေပါ၊ တက္ကသိုလ်က ဆရာ၊ ဆရာမတွေ၊ အစ်ကို တစ်ယောက်ဆိုရင် နိုင်ငံခြားက Ph.D ဘွဲ့တောင် ယူခဲ့ပြီးပြီ ဆရာကတော့ မဟာဝိဇ္ဇာတန်းအတွက် ကျမ်းပြုနေဆဲမှာ စိတ်မရှည်တာနဲ့ ဆက်မကြိုးစားတော့ဘဲ စာပေနယ်ထဲ ဝင်ခဲ့ပါတယ်၊ ခုတော့ ဆရာ သိပ်မြတ်နိုးတဲ့ စာပေနယ်ထဲမှာ နေရာလေးတစ်နေရာရနေပြီဆိုပါတော့ကွယ်။

မန္တလေးတက္ကသိုလ်ရဲ့ စာသင်နှစ်ကာလတုန်းက ဆရာ့မှာ ချစ်သူတစ်ယောက်ရှိခဲ့ဖူးပါတယ်၊ ဆရာရဲ့ ပထမဆုံးနဲ့ နောက်ဆုံးအချစ်ပဲဆိုပါတော့ သူက သိပ်ချမ်းသာတယ်၊ နာမည် က "ထား"တဲ့၊ သူ့မိဘတွေက ဆရာနဲ့ သဘောမတူ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝမ်းတွင်းမြို့က သိပ်ချမ်းသာတဲ့ အထည်စက်ချည်စက်သူဌေးသားနဲ့ ပေးစားတယ်၊ သူကလည်း နှာခံတယ်၊ ဆရာ့နောက်လိုက်ခဲ့ဖို့ ခေါ်တာ သူ့မှာ သတ္တိမရှိဘူးတဲ့၊ သူကိုယ်တိုင်ထက် သူ့မိဘကို ပိုပြီး ဦးစားပေးပါရစေတဲ့၊ ဆရာလည်း ကြွေပြီး မန္တလေးကနေ ရန်ကုန်ကို ဆင်းလာခဲ့တယ်။

စာပေနယ်ထဲမှာ နစ်မြုပ်မေ့မြောနေတဲ့ ဆရာ့ကို လမင်းလေးက လှုတ်ခတ်နှိုးလိုက်လေသလားကွယ်။

ဆရာ့ရဲ့ အတွေးတွေ၊ ဆရာရဲ့စိတ်ကူးတွေ၊ ဆရာရဲ့ အနုပညာဖန်တီးမှုတွေထဲမှာ လမင်းလေးက ဘာကြောင့်များ နေရာဝင်ဝင်ယူနေတာပါလိမ့်လို့ ဆရာ မကြာခဏတွေးဖြစ်မိတယ်။

ဒါပဲကွယ်...

(ဓာတ်ပုံနဲ့ပတ်သက်တဲ့ ကဗျာလေးတစ်ပုဒ်ရေးဖြစ်တယ်၊ ရှေ့လထွက်မယ့် သော်တာမဂ္ဂဇင်းမှာ ဖတ်ကြည့်နော်...)

လမင်းရဲ့ဆရာ
**စိတ္တ**



သည်စာရောက်လာချိန်မှာ မေမေ ကျောင်းသွားနေချိန်နှင့် ဆုံ၍ မေမေ့ကို ဒီစာမပြတော့ဟု လမင်း ဆုံးဖြတ်လိုက်သည်။

မမရော မေမေပါ မတွေ့အောင် သိမ်းထားနိုင်သော နေရာတွေ သည်အိမ်မှာ အများကြီး ရှိပါလျှက်–

ဆရာ့စာကို တစ်နေရာတည်းမှာ လမင်း သိမ်းဖြစ်သည်။

ထိုနေရာက–

အင်္ကျီ၏အတွင်းထဲ၊ နှလုံးသားနှင့် ဖိကပ်ထားနိုင်သည့်နေရာမှာ နေ့ရောညပါ (စာထုတ်ဖတ်ချိန်မှလွဲပြီး) သိမ်းဝှက်ထားဖြစ်၏။

"ဩော်...လမင်းရဲ့ဆရာဆိုသူရယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## လမင်းလေးရဲ့ချစ်သူ

ကောင်းကင်ပေါ်က ငွေလမင်း
ဓာတ်ပုံထဲက လမင်းဝင်း
ကိုယ့်ရင်ထဲက ချစ်လမင်း...
လသုံးစင်း နှလုံးသားထဲမှာထွန်းလင်း

ဆရာ့ရဲ့ ကဗျာကို ဖတ်ရင်း နှလုံးသားသည် သိမ့်သိ
ခါရုံမဟုတ် သွက်သွက်ခါအောင် လှုပ်ရှားခဲ့ရပါပြီ။

ဆရာရယ်...

ဆရာ့ကဗျာထဲက ပထမပိုဒ်ကလေးအတိုင်းဆိုရ
ဆရာက ကဗျာကို နအောင် လှအောင် သက်သက်ရေးတာလာ

ဒါမှမဟုတ်...

ကိုယ့်ရင်ထဲက ချစ်လမင်းဆိုတာ တကယ်ပဲလားရှ
ဆရာ့ရင်ထဲမှာ တကယ်ပဲ လမင်းရှိနေပြီလားဟင်...။



"ဆရာရယ် လမင်းရင်ထဲမှာ ဆရာရှိနေတာတော့ ကြာခဲ့ပါပြီရှင်"

ထိုညက မဂ္ဂဇင်းစာအုပ်က ခေါင်းအုံးအောက်မှာ ဆရာ့စာက ရင်ခွင်ထဲမှာ–

အိပ်မက်တွေလည်း မက်လို့။

ဆရာနဲ့ လမင်းနဲ့ လေဟာနယ်ထဲမှာ လက်တွဲပြီး အတူသွားရတယ်တဲ့။

အဝေးကြီးမှာ အမြင့်ကြီးမှာ ဘာအဆီးအတားမှ မရှိတဲ့နေရာမှ အတူလက်တွဲပြီး လွင့်မျောနေကြတာတဲ့ ဆရာရယ်။

အို...နှလုံးသားတွေ ပြိုဆင်းနိမ့်ကျသွားသလို တလှပ်လှပ် ခံစားရင်း လမင်းက တခစ်ခစ်ရယ်နေတာတဲ့၊ ပျော်စရာကောင်းလိုက်တာ ဆရာရယ်။

ဟိုလေ ရုပ်ရှင် ဆရာကြည့်ရမှာပါ၊ အဲဒီရုပ်ရှင်မင်း ကောင်းကင်ထဲမှာ ပျံနေသလို လမင်းနဲ့ ဆရာနဲ့ ကောင်းကင်ထဲမှာ လက်တွဲပြီး အဟုန်ပြင်းစွာနဲ့ မျောလွင့်နေကြတာ။

အဲဒီလို ရင်သိမ့်တုန်အောင် ခံစားရင်း လမင်းသိပ်ပျော်နေတဲ့ အချိန်မှာ–

တိမ်ညိုမည်းကြီးတစ်အုပ်က လမင်းတို့နှစ်ယောက်ဆီကို ထိပ်တိုက်လာပြီး ရင်ဆိုင်တိုးခဲ့ရတယ်၊ အဲဒီတိမ်မည်းကြီး လမင်းတို့ကို အုပ်မိုးဖြတ်သန်းသွားချိန်မှာ–

အားလုံး ပိန်းပိတ်အောင် မှောင်မည်းသွားပါတယ် ဆရာ၊ နက်ရှိုင်းသိပ်သည်းစွာ မှောင်မိုက်ပြီး ဘာဆိုဘာကိုမှ မမြင်ရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တိမ်မည်းတွေ သယ်ဆောင်လာတဲ့ မိုးငွေ့မြူမှုန်အေးအေး လေးတွေကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားခဲ့ရပါတယ်။

အဲဒါ ခေတ္တပဲ ဆရာ၊ စိတ်ထင် စက္ကန့်ပိုင်းလောက်ပါပဲ။

တိမ်မည်းအုပ်စုကြီးဟာ လမင်းတို့ကို ဖုံးအုပ်ဖြတ်ကျော် ပြီး လမင်းတို့ဦးတည်ထားကြတဲ့ အရှေ့မိုးကုပ်စက်ဝိုင်းရှိရာ အရပ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အနောက်မိုးကုပ်စက်ဝိုင်းရှိရာ ဘက်ကို ဆက်လက်ရွေ့လျားသွားချိန်မှာ–

အားလုံး အရင်အတိုင်း ပြန်ဖြစ်သွားပြီး အလင်းလွင်ပြင် ထဲကို ပြန်ရောက်လာတဲ့အခါမှာ–

"ဟင်...ဆရာရော...ဆရာရော"

လမင်းရဲ့ ကြည်နူးပျော်ရွှင်မှုတွေ အားလုံး လွင့်စင်ပြီး ထိတ်လန့်စိုးရွံ့မှုတွေ ချက်ချင်း အစားထိုးဝင်ရောက်လာပါတော့ တယ်ရှင်"

"ဆရာရော ဆရာ ဘယ်မှာလဲ"

"ဆရာရေ""လမင်းကို ဘာလို့ တစ်ယောက်တည်း ထား ခဲ့ရတာလဲ"

"ဆရာ တိမ်မည်းကြီးထဲ ပါသွားတာလား"

"ဆရာ ပြန်လာပါ၊ လမင်းကို လာခေါ်ပါ"

"လမင်းကြောက်တယ် ဆရာ၊ လမင်း ကြောက်လိုက် တာ ဆရာရယ်"

လမင်း ကြုံးအော်ပြီး လန့်နိုးတော့ လမင်းရဲ့ ပါးပြင်မှာ တကယ့်ကို မျက်ရည်တွေ စိုစွတ်လို့ပါဆရာ။



အိပ်မက်တော့ အိပ်မက်ပါပဲ။

ဒါပေမယ့် တစ်ခါတလေကျရင် အိပ်မက်ဆိုတာ ပုဗ္ဗနိမိတ် ဆို... ဖြစ်လာမှာကို ကြိုပြီး မြင်တတ်တာဆို... ဆရာရော ယုံ လား လက်ခံလားဟင်...

အိပ်မက်ထဲကအတိုင်း ဆိုရာနဲ့ လမင်းနဲ့ ချစ်သူတွေဖြစ် ပြီးမှ တိမ်မည်းကြီး ဖုံးအုပ်ပြီး ဆရာ တကယ်ပျောက်ဆုံးသွား ရင်တော့ လမင်း သေမှာပဲ ဆရာ။

မသေလဲ ရူးပြီး ကျန်ရစ်ခဲ့မှာ၊ လမင်းက သိပ်ပြီး အစွဲ အဲလမ်းကြီးတယ်လေ ဆရာ။

ဟင်အင်း မရူးပါဘူး၊ ရူးတဲ့ထိအောင် မခံစားတော့ပါ ဘူးလေ။

လမင်းကိုယ် လမင်း ဒီလိုကြေကွဲရင်နာရတဲ့ လွမ်းဆွတ် ဖွယ် ငိုရှိုက်ရတဲ့ ခံစားမှုကြီးထဲကနေပြီး အမြန်ဆုံးထွက်ခွာပစ် လိုက်မှာ–

လမင်းကိုယ် လမင်း စီရင်ပစ်လိုက်မှာပါ ဆရာ...။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"အမေ့သမီးလည်း ကြည့်ထိန်းဦးနော်၊ ဟိုနေ့က အိတ်ချိန်းရုံးကို စက်ဘီးနဲ့ သူတစ်ယောက်တည်းသွားပြီး ဖုန်းဆက်တယ်"

"ဘယ်ကိုလဲ"

"ဘယ်ကမလဲ အမေ့သားမက်လောင်းဆီဆက်တာပေါ့"

"ဟဲ့"

"ဟုတ်တယ်လေ ဘယ်ကမှန်းမသိတဲ့ တစ်ခါမှ မမြင်ဘူးတဲ့ လူတစ်ယောက်နဲ့ အမေ့သမီး ဆက်သွယ်နေတာ အမေက ပါ အားပေးအားမြှောက်လုပ်တာကိုး"

"ကြည့်စမ်း မအေကိုများ ပြောလိုက်တာ၊ သူတို့ ရိုးရိုးသားသား စာရေးနေကြတာ ငါ့ကိုပြတယ် အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ စာရေးဆရာဆိုတဲ့ လူတွေက အရက်သမားတွေ သားကြီးမယားကြီးရှိမှာလည်း သေချာတယ်၊ အမေ့သမီး မယားငယ် မဖြစ်စေချင်ရင် အဆက်ဖြတ်ခိုင်းပေါ့"



"လရောင် နှင်ဟာ အင်မတန် မိုက်ရိုင်းတယ်၊ ငယ်ငယ်ကတည်းက ဗီဇကိုက ဆိုးတာ"

မိခင်ကို ပြန်ကြည့်သည့်အကြည့်က အမုန်းအညိုးတွေနှင့် ဖွဲ့စည်းထား၏။

"ငါ့သမီးမှားရင် ငါတားမယ်၊ ငါ့သမီးမှန်ရင် ငါဆက်အားပေးမယ်၊ ညည်း ဘာမှ ဝင်ပြီး ဆရာလုပ်နေစရာမလိုဘူး"

"ဒါဖြင့်လဲ ပြီးရောလေ၊ ဒီအိမ်မှာ လမင်းက အမြဲမှန်ပြီး လရောင်က အမြဲမှားနေတာ၊ လရောင်တို့က အိမ်ဖော်အဆင့်လောက်ပဲရှိတာပါ၊ စိမ်ထားတဲ့ အဝတ်တွေ သွားလျှော်လိုက်ပါဦးမယ်"

ဖောင့်...ဖောင့်နှင့် ခြေသံပြင်းပြင်းနင်းပြီး ဆပ်ပြာမှုန့်နှင့် စိမ်ထားသော အဝတ်ဇလုံကြီးထဲက အဝတ်များကို အားကုန်ရိုက်၍ ဖွတ်နေတော့သည်။

"မီးပူတိုက်မလား၊ အဝတ်လျှော်မလား"

ကြိုက်ရာရွေးဟု သမီးကြီးကို ဦးစားပေး၍ မေးပြီးမှ လရောင်က အဝတ်လျှော်သည့် တာဝန်ကို ယူလိုက်ခြင်း ဖြစ်သည်။

သူလျှော်ပြီးသမျှ အဝတ်များကို တန်းမှ ရုပ်သိမ်း၊ မီးပူတိုက်ရသည့် အလုပ်က လမင်း၏တာဝန်၊ ဟင်းကို ဒေါ်ခင်လေးရီကိုယ်တိုင် ချက်ပြီး သမီးနှစ်ယောက်က ဝိုင်း၍ ကူရုံသာ။

လရောင်နှင့် လမင်းတို့၏ ဖေဖေ ဦးမြင့်ဝင်းက သူတို့မြို့မှ ရုံးအုပ်ကြီးအဆင့်၊ မိခင် ဒေါ်ခင်လေးရီက အလယ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ပြဆရာမ။

ဒေါ်ခင်လေးရီ၏ မိဘများပိုင်ဆိုင်ခဲ့သည် ပျဉ်ထောင်နှစ်ထပ်အိမ်ခပ်ဟောင်းဟောင်းလေးထဲမှာ မိသားစုလေးယောက် သင့်တင့်ရုံကလေး နေနိုင်ကြသောဘဝပါ။

အိမ်ပိုင်ရာပိုင်နှင့် ခင်ပွန်းကလည်း ရိုးသားသူ၊ သမီးချောလေးနှစ်ယောက်ကလည်း ရင်အုပ်မကွာ ရှိနေချိန်မို့ ဒေါ်ခင်လေးရီစိတ်အေးချမ်းသာစွာ နေရပါလျှက်–

ခုလို သမီးကြီး လရောင်က ထဖောက်သည့်အခါမျိုးတွင်ဖြင့် ဒေါ်ခင်လေးရီ စိတ်လက်ချမ်းသာစွာ နေ၍မရနိုင်ပါ။

ခါတိုင်း အိမ်တွင်းရေးကိစ္စများကို ဆူစရာရှိ ဆူလိုက်လျှင် ပြီးခဲ့သော်လည်း–

စာရေးဆရာဆိုတဲ့ လူတွေက အရက်သမားတွေ၊
သားကြီးမယားကြီးရှိမှာလည်း သေချာတယ်၊ အမေ့
သမီး မယားငယ်မဖြစ်စေချင်ရင်...

"ဘုရား...ဘုရား ငါကိုယ်တိုင် တစ်ခါမှ မတွေးမိခဲ့တဲ့ကိစ္စပါလား၊ သူ့စာတွေဖတ်ရတာ ရိုးရိုးသားသား တည်တည်ကြည်ကြည် ရှိလို့ ငါကတောင် လေးစားနေတာ"

"ဘယ်ဟုတ်မလဲ စာရေးဆရာဆိုတာ စရိုက်စုံ ဝင်ပူးလို့ရအောင် ရေးနိုင်တာပဲလေ၊ လူဆိုးနေရာကရေးရင် မုန်းစရာလူဆိုးကြီးဖြစ်ပြီး လူကောင်းနေရာက ရေးရင်လည်း ဖတ်သူတွေကြည်ညိုလာအောင်ကို ရေးနိုင်တဲ့ အတတ်ပညာရှင်တွေပဲ"

ဒေါ်ခင်လေးရီကိုယ်တိုင် စာဖတ်ဝါသနာပါခဲ့သဖြင့် စာရေးဆရာဆိုလျှင် လေးစားစိတ်ရှိရင်းစွဲ ရှိခဲ့သည်၊ သို့သော်...

"ဒီတစ်ခါ မိလရောင်ပြောဟာ ဖြစ်နိုင်တယ်၊ သမီးလေး ဒီထက်ပိုပြီး သံယောဇဉ်မဖြစ်ခင် ငါတားမှပဲ"

ထို့နောက်မှာ...

စာရေးစားပွဲမှ မထတမ်း စာတွေရေးနေသော သမီးလေးလမင်း၏ စားပွဲဘေးမှာ ဒေါ်ခင်လေးရီရပ်လိုက်၍–

လမင်းဝင်းက သူ့ရေးလက်စ စာများကို ဖုံးအုပ်ပစ်လိုက်သည်။

"မောင်စိတ္တဆီ စာရေးနေတာလား"

"မဟုတ်ပါဘူး သမီးဝတ္ထုရေးကြည့်နေတာပါ"

"မေမေ ဖတ်ကြည့်ချင်တယ်"

"ဟာ မေမေကလည်း ပြီးမှဖတ်ပါ ရှက်စရာကြီး"

အမှန်မှာ ဆရာ့ဆီ ညက အိပ်မက်အကြောင်းရေးနေခြင်းဖြစ်သော်လည်း အချစ်တွေ ယိုဖိတ်စီးကျနေသော နှလုံးသားထဲမှ စကားလုံးများဖြစ်နေ၍ မေမေဖတ်ရှုရန် မသင့်သဖြင့် လမင်းညာလိုက်ရခြင်း ဖြစ်၏။

ဒေါ်ခင်လေးရီကလည်း သူမွေးထားသော သမီးလေး၏ မှုသားမျက်ဝန်းများကို ဖတ်ရှုတတ်ပါသော်လည်း၊ သည်အကြောင်းဆက်၍ မဆွေးနွေးတော့ပါပဲ။

"မေမေမေးစရာရှိလို့"

"ဘာလဲဟင်"

"သမီး အိတ်ချိန်းရုံးကို သွားပြီး မောင်စိတ္တဆီ ဖုန်းသွား



www.burmeseclassic.com

www.burmeseclassic.com



ဆက်တယ်ဆို"

"ဟာ"

လမင်း လန့်သွား၏၊ လျှို့ဝှက်မှုကြီးက ပေါက်ကြားပေါ် တင်သွားခဲ့ပြီ။

"ဟုတ်သလား ဘာကိစ္စဆက်တာလဲ ပြောပြစမ်းသမီး"

မိခင်ကို ကြောက်ရွံ့စွာ မော့ကြည့်လိုက်ပြီးမှ–

"သ...သမီးလည်း မေမေ့ကို ပြောပြမလို့ပါ"

"ပြောစမ်း"

"ဆရာ...ဆရာက သူ ဒီမြို့ကို လာခဲ့မယ်တဲ့ သမီးနဲ့ တွေ့ချင်တယ် အကြောင်းပြန်ပါတဲ့"

"အင်း"

"သူလာမှာ ၈ ရက်နေ့ မေမေ။ စာပြန်ရင် မမီတော့လို့ တယ်လီဖုန်းသွားဆက်တာပါ"

"ဘယ်နှစ်ခါဆက်ပြီးပြီလဲ"

"ဒီတစ်ခါတည်းပါ"

"တွေ့လား ဘာပြောလဲ"

"တွေ့ပါတယ်၊ သူလာမယ်တဲ့ သမီးကို တွေ့ချင်တယ်တဲ့"

"အဲဒီတော့ ဘယ်နေရာချိန်းကြလဲ၊ ပြောစမ်းပါဦး"

"အာ မေမေကလည်း ဘယ်နေရာချိန်းရဲပါ့မလဲ၊ မေမေ့ကို ခွင့်တောင်းပြီး ဒီအိမ်ကို လာခိုင်းမှာပေါ့၊ မေမေခွင့်ပြုရင် ထမင်း ကျွေးချင်တယ်"

"ကျွေးတာမွေးတာတွေက ထားစမ်းပါဦး၊ သူ ဘာပြော



လဲ မေမေ့ကို ပြောပြစမ်း"

"သူက ဆရာကြီးဦးထွန်းမြတ်အိမ်မှာ တည်းမယ်တဲ့ သမီးက တွေ့ခွင့်ပေးတဲ့အချိန် သမီးပြောတဲ့ နေရာကို သူ လာခဲ့ ပါ့ရစေတဲ့"

"ဆရာကြီးဦးထွန်းမြတ်နဲ့ သူနဲ့ ဘာတော်သတဲ့လဲ"

"မသိဘူးမေမေ"

"ဘယ်တော့လာမှာလဲ"

"ကြားနှစ်ရက်ပဲ ကျန်တော့တယ်၊ ဒီနေ့ ဗုဒ္ဓဟူးဆိုတော့ သူ စနေနေ့ရောက်မယ်တဲ့"

"အင်း"

ဒေါ်ခင်လေးရီ ငြိမ်တွေနေ၍–

"ဆရာလာရင် သမီးကို တွေ့ခွင့်ပြုပါနော် မေမေ"

"အေးလေ အိမ်ကိုပဲ သမီးအဖေမရှိတဲ့အချိန် လာခဲ့ပစေ ပေါ့၊ မေမေကတော့ ခွင့်ယူလိုက်မယ်လေ"

"ဟာ...ဝမ်းသာလိုက်တာ မေမေရာ"

လမင်းဝင်းက ဒေါ်ခင်လေးရီ၏ ခါးကိုဖက်ပြီး ရင်ခွင် ထဲကို ခေါင်းနှင့် ခွေ့၏။

သူတို့မြို့ငယ်လေးမှာ သမီးဆိုလာသော ယောကျ်ားလေး ညှိသည်ကို ဖခင်ကပါ လက်ခံစကားပြောသော ဓလေ့မျိုး မရှိသေးပါ။

အေးဆေးရိုးသားသော ဦးမြင့်ဝင်းကလည်း ကြိုက်နိုင် သက်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးရီကသာ အကဲခတ်ချင်၍ ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

လရောင်၏စကားကြောင့် လမင်းအတွက် စိတ်ပူနေဆဲမှာ သည်မြို့မှ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးထွန်းမြတ်အိမ်မှာ တည်းမည်ဆိုသဖြင့် ကလေကချေ အရက်သမား တစ်ယောက်တော့ မဖြစ်နိုင်ပါဟူ၍ ကြိုတင် အထင်ကြီးစိတ်ပင် ရှိမိသွား၏။

လရောင်သည် ပြာယာခတ်နေသော သားအမိကို ကြည့်မရသောစိတ်ဖြင့် မျက်စောင်းအခါခါထိုးဖြစ်သည်။

လမင်း ဒီအိမ်က အမြန်ဆုံးထွက်သွားစေချင်သောစိတ်ရှိပါလျက်–

အမေ့သမီး မယားငယ်ဖြစ်လိမ့်မယ် ကြည့်ထိန်းဦး ဘာညာစသော စကားများ တယ်လီဖုန်းဆက်သည့် သတင်းများကို သူ့ဘာကြောင့် ပေးမိပါလိမ့်။

"အခု အဲဒီစာရေးဆရာလာမယ်၊ ပါသွားလည်း အေးတာပဲ၊ သူမရှိမှ ငါနေရာရမယ်၊ ခုဆို လမင်းနဲ့ နိုင်းနိုင်းပြီး ငါပဲ အမြဲအဆူခံနေရတယ်"

ဝန်တိုစိတ်များနှင့် တွေးဖြစ်နေသော လရောင်ဝင်းက–

"အခုလာမယ့် စာရေးဆရာဆိုတဲ့ လူနဲ့ တစ်ခါတည်းဆောင် လိုက်သွားပါစေတော်"

စိတ်က သည်သို့ မလိုတမာတွေးနေမိသော်လည်း ညနေစာမည့် ညှော်သည်အတွက် လက်ဖက်ရည်၊ ကိတ်မုန့်၊ သဘော်သီးစိတ်များ လက်ဖက်နှင့် ရေနွေးကြမ်းများ ကျွေးမွေးနိုင်ဖို့အတွက် ဝိုင်း၍ ပြင်ဆင်ပေးနေရတော့သည်။

စိတ်ထဲကလည်း စိတ္တဆိုသော စာရေးဆရာဆိုတာ ဘယ်လိုလူမျိုးပါလိမ့်ဟု သိချင်ဇောဖြင့် သူတို့စကားပြောနေကြချိန်မှာ အသစ်ဝယ်၍ ကာထားသော ခန်းဆီးကန့်လန့်ကာနောက်မှ နေရာယူနိုင်ရန်ပင် လရောင်ဝင်း အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

လမင်းလေးသည် ကိုင်ထားသော ပန်းကန်ခွက်ယောက်များကို လွှတ်မကျအောင်ပင် မနည်းကြိုးထိန်းထားနေရသည်။

နှလုံးသားခုန်လှုပ်နှုန်းက အဆမတန် မြန်နေသဖြင့် လက်ဖျားခြေဖျားများ အေးရုံမက လက်ကလေးများပင် တုန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်လောက်ဆိုရင် ဆရာ ပဲခူးကျော်ပြီ၊ ဒီအချိန်လောက်ဆိုရင် ဆရာ တောင်ငူရောက်ပြီ၊ ဒီအချိန်လောက်ဆိုရင် ပျဉ်းမနားဖြတ်ပြီ"

"တို့ဆီကို ညနေ သုံးနာရီလောက် အရောက်မောင်းလာမှာတဲ့၊ ညနေငါးနာရီမှာ လာခဲ့မှာတဲ့"

တကယ်ဆိုရင် ညနေစာကျွေးချင်လိုက်တာ မေမေရေ တွေ့တွေ့ချင်း ထမင်းမကျွေးပါနဲ့ဦး၊ နောက်နေ့မှပဲ အခြေနေကြည့်ပြီး ကျွေးကြတာပေါ့ ဆိုလို့သာ။

"ခရီးပမ်းလာတဲ့ ဆရာ ဆာနေမှာပဲ"

သည်သို့ တစ်နေကုန် ဆရာ့အကြောင်းသာ တွေးရင်း အိုမင်းနေသော အိမ်လေးကို လှဲကျင်း၊ ဟောင်းနွမ်းနေသော ဆက်တီကုလားထိုင်လေးကို သန့်ရှင်းအောင် ဖုံသုတ်နှင့် တစ်နေ့ကုန်ပင်။

"ဆရာ့ကို ကြိုဆိုရေး"

အတွက် လမင်း လုံးပမ်းနေရတော့သည်။

ဆရာနှင့် လမင်းတို့သည် သာမန်မိတ်ဆက်စာရေး ဆက်သွယ်ကြသော မိတ်ဆွေအဆင့်မှ ကျော်လွန်ခဲ့ပြီ–

စာတွေ အဆက်မပြတ်ပို့ပြီး လမင်း၏ ဓာတ်ပုံလေး ပေးလိုက်ပြီးမှ–

"လမင်းလေးရဲ့ ချစ်သူ"ကဗျာကို ဖွဲ့နွဲ့ပြီး "ကိုယ့်ရင်ထဲက ချစ်လမင်း"ဆိုသော ကဗျာကို သော်တာမဂ္ဂဇင်းမှာ ဖတ်ရပြီးချိန်မှစ၍–



လမင်း၏ စာသည် ချစ်သူဆီသို့ ရေးသော ချစ်မှတ်တမ်းသွာ–

ကိုစိတ္တ၏စာသည်လည်း နှလုံးသားနှင့် ရေးသောချစ်ခြင်းမေတ္တာစာများအဖြစ်နှင့် လူချင်း မမြင်ဖူးခင်ကပင် ချစ်သူဘဝသို့ ရောက်ရှိခဲ့ကြပြီးသူနှစ်ဦးပါ။

"သမီးရေ မေမေ မောင်သန်းစောကို ကြည့်ခိုင်းလိုက်တယ်၊ ခိုင်သဇင်လမ်းက ဆရာကြီးဦးထွန်းမြတ်အိမ်ရှေ့မှာ ဗန် (Van)ကားအဖြူလေး ဆိုက်ထားပြီတဲ့၊ သမီးရဲ့ ဧည့်သည်တွေ ရောက်လာကြပြီ"

"ဟုတ်...ဟုတ်ကဲ့ မေမေ"

"ဝယ်ထားတဲ့ လက်ဖက်ရည်နွေးလိုက်တော့မှ ထင်တယ်"

"ဟုတ်"

"နေနေ လမင်း ငါပဲလုပ်လိုက်မယ် နင်က အင်္ကျီလုံချည်ဆောင်လဲပြီးနေပြီလေ"

သည်လိုတော့လည်း လရောင်က အားကိုးရသားဟု ဒေါ်ခင်လေးရီကပင် မှတ်ချက်ချ၏။

"တစ်ခါမှ မမြင်ဖူးတဲ့သူနဲ့ ရည်းစားဖြစ်တာ ဖြစ်နိုင်လားဟင်"

"ဖြစ်နိုင်လို့ပဲ နင့်ဆီ အကောင်လိုက်ကြီး ရောက်လာပြီပဲ"

"အင်းနော် ဆန်းလိုက်တာ"

"မင်းတုန်းမင်းကြီးခေတ်တုန်းကသာ ဆန်းချင်ဆန်းမယ် ဒီခေတ်မှာမဆန်းပါဘူး၊ မီဒီယာခေတ်ပဲလေ နင့်လိုကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးရှိမှာပါ လမင်းရာ”

မိခင်ကို မပြောဝံ့သဖြင့် လရောင်ကို ပြောမိပြောရာတွေ ပြောနေမိသော လမင်းလေးပါ။

“ဟဲ့ သမီးတို့ရေ လာကြပြီ”

ဒေါ်ခင်လေးရီ၏ တပ်လှန့်သံကြောင့် ဆတ်ခနဲ တုန်သွားသည်၊ သည့်ထက်လေးနည်းနည်းပိုပြီး ခံစားရရင် လမင်း မေ့မြောလဲကျသွားနိုင်သည်။

“လမင်း ထွက်ခဲ့လေ ဘာလုပ်နေတာလဲ”

“အေးလေ သွားသွား စားစရာတွေ ငါယူခဲ့မယ်”

မိခင်နှင့် အစ်မ၏စကားများကို လုံးဝမကြားမိပါပဲနှင့် အထပ်ထပ်အခါခါဝတ်ထားသော ထမီကိုပြန်ပြင်ဝတ်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့ရသည်။

ရင်တွေ သိပ်ခုန်လွန်းသဖြင့် မျက်စိပင် ပြာချင်လာသည်။

“ကြွပါဆရာကြီးရှင့် ကြွပါ”

ဦးထွန်းမြတ်ကို မေမေက ဆီးကြိုလိုက်သည်။

ဆရာကြီးနောက်မှာ ခန့်ထည်သော ခြေလှမ်းများဖြင့် မိမိကိုယ်မိမိ ယုံကြည်ချက်ပြည့်ဝသူတစ်ယောက်၏ မျက်နှာဖြင့် တည်တည်ကြည်ကြည် ဝင်ရောက်လာသူက

“ကိုစိတ္တ သို့မဟုတ် လမင်း၏ချစ်သူ”

“ထိုင်ပါကွယ် ထိုင်ကြပါ”

ကိုစိတ္တက ဒေါ်ခင်လေးရီ၏ နောက်မှာ အရှက်သည်းသော မျက်နှာလေးနှင့် ရွံ့ရွံ့ထိတ်ထိတ် လှမ်းကြည့်ကြိုဆိုနေသော

“ချစ်သူ”ကို ပြုံးပြလိုက်သည်။

‘အို’ နှလုံးသားကို ဆွဲခဲလိုက်သလို သူ့အပြုံးတွေက အစွမ်းထက်လှချည်ရဲ့။

“ဒေါ်ခင်လေးရီ ဒါက လရောင်လား၊ လမင်းလား”

“လမင်းပါဆရာကြီး”

“သူတို့ညီအစ်မက သိပ်တူကြတာ မောင်ငြိမ်းချမ်းရဲ့ လာထိုင်ကြလေ”

ဧည့်သည်က ပြန်ခေါ်မှ ဒေါ်ခင်လေးရီနှင့် လမင်းတို့ ဝင်ထိုင်ဖြစ်ကြသည်။

ထိုင်ဖြစ်သည်နှင့် ချစ်သူနှစ်ဦး အကြည့်ချင်းဆုံဖြစ်ကြချိန်မှာ သူက ပြုံးပြလိုက်သဖြင့် လမင်းက ပြန်ပြုံးမိသော်လည်း ပြန်မကြည့်ရဲ၊ မျက်လွှာချရုံမက ခေါင်းပါ ငုံ့ထားလိုက်ရသည်။

“ကားထဲမှာ ဘယ်သူပါသေးလဲခေါ်ပါ”

“ကျွန်တော့်ကားရဲ့ ယာဉ်မောင်းပါခင်ဗျ၊ ရပါတယ် သူလဲ လွတ်လွတ်လပ်လပ်နေပါစေ”

“ဘယ်အချိန်ကရောက်တာလဲ”

“လွန်ခဲ့တဲ့ တစ်နာရီကပါခင်ဗျ၊ လမင်းနဲ့ ညနေ ငါးနာရီ တွေ့ဖို့ အချိန်မှီ ဒီမြို့ကို ရောက်ခဲ့တာပါ”

ဒေါ်ခင်လေးရီက စတင်ကျေနပ်သွားပြီ။ ကားကလည်း ကိုယ်ပိုင်၊ တည်းတာကလည်း သိက္ခာရှင်ဆရာကြီး၏အိမ်မှာ လူကလည်း ရည်ရည်မွန်မွန် ခံ့ခံ့ညားညား အရပ်မြင့်မြင့်နှင့်

www.burmeseclassic.com



အသားဖြူဖြူ ချောချော။

"မောင်ငြိမ်းချမ်းက…

ဆရာ့သူငယ်ချင်းရဲ့သားလေးပါ၊ သူ့အဖေနဲ့က မန္တလေးတက္ကသိုလ်မှာ တစ်ဆောင်ထဲ အတူနေခဲ့ကြတယ်၊ သူငယ်ချင်းတင်ထွန်းအောင်က အခု ပါမောက္ခဖြစ်နေပြီ သူ့ဇနီးက ကထိကဆရာတို့မိသားစုနဲ့ သူတို့မိသားစုက သိပ်ရင်းနှီးကြတယ်"

"ဟုတ်ကဲ့ရှင့်"

"သူ့အစ်ကိုက ပီအိပ်ချ်ဒီဘွဲ့သာရတယ် မောင်ငြိမ်းချမ်းရဲ့ဝင်ငွေကိုမမှီဘူးလေ၊ သူက စာလည်းရေးတယ်၊ ထုတ်ဝေရေးလည်းလုပ်တာ"

လူကြီးနှစ်ယောက် စကားပြောနေချိန်မှာ ကိုစိတ္တဟု လမင်းသိထားသော ချစ်သူက ကိုယ်ကို ကိုင်းညွတ်ပြီး–

"ဟေး…ဧည့်သည်ကို စကားပြောပါဦး"

"အာ…ဘာပြောရမှန်းမသိလို့ပါ"

"စာတွေတော့ အများကြီးရေးတတ်ပြီးတော့"

"လမင်းကြောက်နေလို့ပါ"

"ဟောဗျာ…ကိုယ်က ကြောက်စရာကြီးလား"

"အာ"

လမင်း အားရပါးရပြုံးပြီး ငုံ့ထားသော ခေါင်းလေးကို ခါယမ်းပြလိုက်ရသည်။

ထိုအချိန်မှာပင်…

လရောင်က လက်ဖက်ရည်သုံးခွက် မုန့်နှင့် ကြိုတင် စီစဉ်



ထားသော စားစရာများ လာချသည်၊ ကားထဲသို့ လက်ဖက်ရည်တစ်ခွက်ဆင်းပို့၏။

"ဒါ လမင်းရဲ့ အစ်မ လရောင်ဆိုတာလား၊ တော်တော်ဘူကြတာပဲနော်"

ကိုစိတ္တ၏ မှတ်ချက်ဖြစ်သည်။

လမင်းလေးက ပခုံးစွန်းရောက်သော ဆံပင်ခပ်တိုတိုနှင့် လရောင်က ကျောလည်ရောက်အောင်ရှည်သော ဆံပင် ကွဲပြားမှုသာမရှိလျှင် လူချင်းမှားနိုင်သည်ဟု ကိုစိတ္တ မှတ်ချက်ချမိ၏၊ ထိုခဏသာ မြင်လိုက်ရပြီး လရောင်က အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

"မောင်ငြိမ်းချမ်းက သိပ်အလုပ်များတာ နက်ဖြန်တောင်ပြန်မလို့ တစ်ရက်နေပါဦးလို့ ပြောထားရတာ"

"လေးလေးကသာ ဆွဲနေတာ ဒီအိမ်ရှင်က ကျွန်တော့်ကိုနေစေချင်ရဲ့လား မေးပါရစေဦး၊ ဘယ့်နဲ့လဲဟင် လမင်းလေး"

စာထဲကအတိုင်း လမင်းလေးဟု ခေါ်ပြီး ချစ်သူမျက်နှာလှလှလေးကို ငေးငေးရီရီကြည့်နေ၍–

"နေစေချင်တာပေါ့"

ရယ်သံလေးလွှမ်းသွား၏။

"ကဲ ဆရာမရေ ဆရာမနဲ့ ကျွန်တော်တို့ကလည်း တစ်မြို့ထဲသားတွေ၊ ဒီကလေးကလည်း ကျွန်တော့်သားရင်းနဲ့ မခြားမို့ ကျွန်တော် အာမခံရဲတယ် ဒီတော့ ပြတ်ပြတ်သားသားပဲတစ်ခါတည်းပြောကြပါစို့ဗျာ၊ သမီးတောင်းလာတယ်လို့သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါတော့ ဟောဒီက မောင်ငြိမ်းချမ်းက လမင်းကို မေတ္တာရှိသတဲ့ သူတို့အကြောင်းလဲ ဒေါ်ခင်လေးရီ သိပြီးရောပေါ့”

“ဟုတ်ကဲ့ရှင့်”

“ဒီတော့ မန္တလေးတက္ကသိုလ်က သူ့မိဘများကိုပါ ခေါ်ပြီး တစ်ခါတည်း လက်ထပ်ပေးပါရစေ၊ ဘယ်တော့ လာရမလဲသာ ပြောလိုက်ပါတော့ဗျာ၊ ခုခေတ်က အရာရာ အမြန်ခေတ်ပဲလေ အဟားဟား”

“ဟုတ်ကဲ့ ဆရာကြီးမိတ်ဆွေသားလဲ ဖြစ်တယ်ဆိုတော့ ကျွန်မတို့ဘက်ကလည်း ငြင်းစရာတော့ မရှိပါဘူး၊ ဒါပေမယ့် ချက်ချင်းကြီးတော့ မစီစဉ်ပါရစေနဲ့ဦးရှင် ကိုမြင့်ဝင်းနဲ့လည်း တိုင်ပင်ပါရစေဦး”

“ကောင်းပြီလေ ကျွန်တော်နဲ့ပဲ ဆက်ပြီး ရက်ကို ညှိကြတာပေါ့၊ ကျွန်တော့်သူငယ်ချင်းကလည်း သူ့သားတစ်ယောက်တည်း ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း ကားတစ်စီးနဲ့ ဝင်ငွေက တစ်လသိန်းဂဏန်းလောက်ရနေတော့ စိတ်မချဘူး၊ သင့်တော်တဲ့ မိန်းကလေးနဲ့ လက်ထပ်စေချင်လှပြီ”

“ဒါနဲ့ မောင်စိတ္တ...အဲနာမည်က...”

“နာမည်ရင်းက ငြိမ်းချမ်းပါခင်ဗျာ၊ ကလောင်နာမည်ကသာ စိတ္တပါ”

“ဩော်...ဩော် ဒါနဲ့ မောင်ငြိမ်းချမ်းအသက် ဘယ်လောက်ရှိပြီလဲ”

“နှစ်ဆယ့်ရှစ်နှစ်ရှိပါပြီခင်ဗျ”



“သမီးက ခုမှ ဆယ့်ကိုးနှစ်ပဲ ရှိသေးတာ”

ချစ်သူနှစ်ယောက် ပြိုင်တူကြည့်ဖြစ်ကြပြီး သည်တစ်ခါတော့ တစ်ယောက်၏အပြုံးကို တစ်ယောက်က မြင်ခွင့်ရလိုက်ကြသည်။

“ဩော်...ကျွန်မတို့ကတော့ ဆရာကြီးရယ် တောမြို့လေးမှာနေရတော့ ဘာမဆို စိုးရိမ်မိတာပေါ့လေ၊ စာရေးဆရာဆိုတာ သောက်တတ်စားတတ်ကြတယ်၊ နောက်ပြီး ဒီအရွယ်ရောက်နေပြီဆိုတော့ အိမ်ထောင်တွေ ဘာတွေများ...

“ဟာ ဒေါ်ခင်လေးရီကလဲဗျာ ကျွန်တော်နဲ့ ဆရာမတို့က တစ်မြို့ထဲနေကြတာ ကျွန်တော် ဘယ်မျက်နှာပျက်ခံဝံ့ပါ့မလဲ”

“မှားရင်လဲ ခွင့်လွှတ်ပါရှင်”

“မမှားပါဘူး သမီးရှင်ဆိုတာ ဒီလိုပဲ စိတ်ပူတတ်ကြပါတယ်၊ တစ်ခါတစ်ရံ ဖိတ်ကြားခံရတဲ့ ဝိုင်းတွေ သူက ဧည့်ခံရတဲ့ ဝိုင်းတွေမှာ အနည်းအကျဉ်းသောက်မိတာကလွဲလို့ မောင်ငြိမ်းချမ်းဟာ အရက်သမား လုံးဝမဟုတ်ပါဘူး၊ ပြီးတော့ ဘယ်မိန်းမနဲ့မှ လက်မထပ်ဘူးတာ ကျွန်တော် အာမခံတယ်ဗျာ”

“ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ လက်ဖက်ရည်နဲ့ မုန့်သုံးဆောင်ကြပါဦးရှင်”

“ဒီခေတ်ကလေးမတွေကလည်း သိတဲ့အတိုင်း ဝင်ငွေကောင်းပြီး အနုပညာနယ်မှာ ကျော်ကြားတော့ ကပ်ချင်ကြတယ်လေ၊ ဒါကို သူ့မိဘက စိတ်မချတာ၊ ခုတော့ စာချင်းဆက်သွယ်ပြီးရတဲ့ သူ့ချစ်သူဟာ ရိုးရိုးသားသားနဲ့ မိကောင်းဖခင်သမီး

www.burmeseclassic.com

www.burmeseclassic.com



လေးဆိုတာ ကျွန်တော်ပြောလိုက်ရင် တင်ထွန်းအောင်တို့လည်း ဝမ်းသာကြမှာပါ”

“ဟုတ်ကဲ့ပါရှင်”

“ကဲ– လမင်း သူမီးတို့ချင်းလဲ စကားပြောကြဦးလေ”

“ဟုတ်...ကဲ့...ပါ ဆရာကြီး”

ဟုတ်ကဲ့ပါဟုသာ ပြောလိုက်သော်လည်း လမင်းထံမှ ဘာစကားသံမှ ထွက်မလာ၍...

“လမင်းလေး ကိုယ့်ဆီစာထည့်ထားသေးလား”

“ဟင်အင်း ရေးတော့ထားတယ်”

“ပေးလိုက်လေ”

“အဆင်သင့်မရှိသေးဘူး ပြန်မှယူ”

“ဘယ်တော့ပြန်ရမှာလဲ”

“သိဘူးလေ”

“လမင်းပြန်နိုင်းတဲ့ရက်မှ ပြန်မယ်လေ”

“ဒါဆိုအကြာကြီးနေ”

“အဟာ...အကြာကြီးနေလို့တော့ ဘယ်ရမလဲ၊ အလုပ်တွေက ရှိသေးတယ်လေ၊ လမင်း လိုက်ခဲ့ဖို့သာ အမြန်ဆုံး စီစဉ်ပါကွာ၊ နှစ်ယောက်အတူ အနုပညာစာပေလုပ်ငန်းတွေ လုပ်ကြရအောင်လေ”

သိပ်ကိုလှပတဲ့ အနာဂတ်အတွက် ကြည်နူးခြင်း အထွဋ်ထိပ်ဖြင့် ရွှန်းဝေစွာ ပြုံးပြပြီး လမင်းက ချစ်သူကို မြတ်နိုးအားကိုးစွာ ငေးမောကြည့်နေမိသည်။

လရောင်သည် လက်ဖက်ရည်ပန်းကန်များ လာချပြီးကတည်းက အာသစ်ကာထားသော အစိမ်းရင့်ရောင် ကန့်လန့်ကာနောက်မှာ အကျအနထိုင်ပြီး ချောင်းလည်းကြည့်၊ စကားလုံးများကိုလည်း အသေးစိတ် မှတ်သား ကြားသိနေရချိန်မှာ သူ့ရင်သည် အံ့ဩလောက်အောင် ထိတ်ထိတ်ခုန်လာ၏။

ကိုငြိမ်းချမ်းဆိုတဲ့ လူက နာမည်နဲ့လိုက်အောင် ငြိမ်းချမ်းလိုက်တာ၊ ပြီးတော့ မဂ္ဂဇင်းမှာပါတဲ့ ဓာတ်ပုံတွေက အသက်ကြီးပြီထင်ရပေမယ့် အပြင်မှာ နုပြီး သိပ်လည်းချောတာပဲ။

ပြီးတော့ တက္ကသိုလ်က ပါမောက္ခနဲ့ ကထိကတွေရဲ့သားတဲ့ သူ့အစ်ကိုက ပီအိပ်ချ်ဒီဘွဲ့ရတဲ့ ဒေါက်တာ၊ သူက မဟာဝိဇ္ဇာ စာတမ်းပြုဆဲတဲ့၊ ရန်ကုန်ရောက်စက အိမ်က ငွေတစ်ပြားမှ မတောင်းခံဘဲ သူ့အငတ်ပြတ်ခံပြီး ကြိုးစားတာတဲ့။

ခုတော့ စာပေနယ်မှာ နေရာရပြီး ဝင်ငွေက တစ်လတစ်သိန်းကျော်တယ်ဆိုပါလား အဆင့်မြင့်တိုက်ခန်းနဲ့ ကိုယ်ပိုင်ကားနဲ့ ဒရိုင်ဘာတောင် ရှိလိုက်သေး။

ကိုငြိမ်းချမ်း မအားရင်တောင် သွားချင်တဲ့နေရာကို သွားနိုင်ဖို့ ဒရိုင်ဘာက အဆင်သင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား...လမင်းကံက ကောင်းလှချည်လား"

သူ့ကို လိုက်မီအောင် ဒီလိုပြီးပြည့်စုံတဲ့ ယောကျာ်း တစ်ယောက်ကို ငါဘယ်လိုသွားရှာမလဲ၊ ဘယ်တော့မှ ဖြစ်လာနိုင်မှာမဟုတ်ဘူး။

စာပေနယ်မှာ ကိုစိတ္တလိုလူမျိုး နောက်တစ်ယောက် မရှိနိုင်ဘူး။

ရှိရင်တောင် ငါက လမင်းလို ဆက်သွယ်တတ်မှာမှ မဟုတ်တာ။

စာတွေပေတွေလည်း ငါလုံးဝ ဝါသနာမပါဘူး၊ ရေးတတ်ဖို့ ဝေးလို့ ဖတ်ရမှာတောင် ငါက ပျင်းတာ။

လမင်းဘဝက ရေကန်အသင့် ကြာအသင့်ဆိုတာထက်တောင် လွန်ကဲနေပါရောလား။

"ကိုငြိမ်းချမ်း လမင်းကို ကြည့်နေပုံက ချစ်ခြင်းမေတ္တာတွေသာမကဘူး၊ မြတ်နိုးစုံမက်ခြင်းတွေနဲ့ အကြင်နာတွေပါဝေနေတဲ့အကြည့်နဲ့ ကြည့်နေပုံက လှလိုက်တာ"

"ဟိုမိန်းမ မိလမင်းကတော့ သိပ်ကျေနပ်နေတဲ့ အပြုံးတွေနဲ့ ရှက်ဟန်ဆောင်နေတာပါ"

အကယ်၍...

"ငါ့မှာသာ အဲဒီလို ပြီးပြည့်စုံတဲ့ ချစ်သူတစ်ယောက်ရှိနေရင် လမင်းအတွက် ငါ ဝမ်းသာကောင်း ဝမ်းသာမိမှာပါ"

သူတို့ရဲ့ မင်္ဂလာကိစ္စကို ကူညီကောင်း ကူညီဖြစ်မှာပါ။

"ဟင်အင်း ခုတော့ ငါ ဒီလိုခံစားမပေးနိုင်ဘူး"



"သူ့ကို ဒီအိမ်က ထွက်သွားစေချင်ခဲ့ပေမယ့် သူ တကယ်ထွက်ခွင့်ရသွားပုံက တာဝတိံသာနတ်စည်းစိမ်နဲ့ မလဲနိုင်တဲ့ ပြည့်စုံခြင်းများရှိရာ နေရာသစ်ကို သူသွားခွင့်ရမှာလေ"

"ငါက ဒီမှာ ကျန်ရစ်ပြီး အိမ်ဖော်မလေးအဖြစ်ကနေ အိမ်ဖော်မကြီးအဖြစ်နဲ့ ကျန်ရစ်ရတော့မှာ"

"မတရားဘူး"

"ကံကြမ္မာက လမင်းကို မျက်နှာသာပေးလှချည်လား"

"လမင်းထက်မသာတောင် လမင်းနဲ့ တန်းတူလောက်တော့ရှိမှပဲ တရားမျှတမှာပေါ့"

"လရောင်လေ..."

"သူများမှမဟုတ်တာ၊ တစ်ခုခုတော့ ဖြစ်ကိုဖြစ်လာရမှာပေါ့"

"ခုလိုလမင်းလေးနဲ့ တွေ့ခွင့်ပေးတဲ့အတွက် အန်တီ့ကို ကျေးဇူးတင်ပါတယ်"

လမင်းဝင်းက ခေါင်းညိတ်ပြနေ၍–

"ဟေး...ကိုယ်က လမင်းရဲ့ ဧည့်သည်လေကွာ၊ အိမ်ရှင်ဆိုသာ ပြောရဆိုရ ဧည့်ခံရတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာတော့ အများကြီး ပြောနေပါတယ်"

"ကိုယ်ကပ်ပြီး နားထောင်ကြည့်ရမလား"

"အာ"

"စကားပြောလိုက်ရင် တအာအာနဲ့ ကျိုးကန်းမလေးလား ပြောစမ်း"

"အာ...အဲ...ဘာပြောရမှန်းမသိလို့ပါ"

"ဒါဆိုတစ်မျိုးပဲပြော"

"အင်း"

"ကိုယ့်ကိုချစ်လား"

ခေါင်းညိတ်ပြမိ၍–

"ဟော့...ခေါင်းမညိတ်နဲ့လေ ပါးစပ်ကပြော"

"အာ"

"လုပ်ပြန်ပြီ"

"အဟား...ဟား"

ပြိုင်တူရယ်ဖြစ်ကြသည်။

"လမင်းမှာ အမှားရှိရင် ခွင့်လွှတ်ပါ"

"ဘာလို့မှားရမှာလဲ"

"စကားမပြောဖြစ်တာကို ပြောတာပါ"

"ဒါ အမှားမဟုတ်ပါဘူးဗျာ၊ လမင်းလေးမှားရင်တောင် ကိုက ခွင့်လွှတ်မှာပါ"

"တစ်ခါတလေ တွေးမိတယ်"

"ဘာတွေးမိလဲ ပြောပါဦးဗျာ"



"တကယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်တွေများလားလို့"

"အိပ်မက်ဆိုတာလဲ တကယ်ဖြစ်လာတတ်တာပဲ"

"ဟင်အင်း တကယ်မဖြစ်ချင်ဘူး"

"လက်တွေ့ကျချင်တာလား"

"မဟုတ်ဘူး လမင်း အိပ်မက်မက်လို့"

"ဘာမက်လဲ"

"အဲဒါစာနဲ့ ရေးထားတယ်"

"လမင်းလေးပါးစပ်က ပြောတာကြားချင်လိုက်တာ"

"တိမ်တွေထဲမှာ ဆရာနဲ့ လမင်း လက်တွဲထားရင်း တိမ်ညည်းကြီးတွေ ဖုံးအုပ်လဲပြီးရော ဆရာ ပျောက်သွားရော"

"ကိုယ်က နတ်သမီးလေးတွေဆီ သွားနေလို့ လမင်းလေး စိတ်ကောက်ရောလား"

"မကောက်ပါဘူး၊ ပျောက်သွားလို့ ငိုပြီး အော်ခေါ်ရင်း သန့်နိုးတာ၊ နိုးပြီးတော့လေ တကယ်မျက်ရည်တွေနဲ့"

"ကိုယ့်ကို စွဲလန်းလို့မက်တာနေမှာပါ လမင်းလေးရဲ့ အိပ်မက်ထဲမှာ ကို ပါတာ ကျေးဇူးပါပဲဗျာ"

"မအိပ်ခင်မှာလဲ ပါနေတာပဲ"

"ဟင်...ဘယ်လို"

"အာ...ဆရာ့အကြောင်း 'မတွေးဘဲနဲ့မှ မအိပ်တာ"

"ကြည့်စမ်းကွာ"

လမင်း၏ လက်ခုံလေးကို လှမ်းကိုင်ပြီး မချင့်မရဲဟန်ဖြင့် ဖွဖွလေးဆုပ်ညှစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ ထိတွေ့မှုသည် သွေးကြောများမှတစ်ဆင့် စီးမျောကာ နှလုံးအိမ်ထဲသို့ အကြင်နာနှင့် ချစ်ခြင်းတရားတွေ စီးဝင်လာသည်ဟု လမင်းလေး ခံစားလိုက်ရသည်။

"ကိုလေ လမင်းလေးကို သိပ်ချစ်တယ်ကွယ်၊ ပြန်တော မပြန်ချင်တော့ဘူး"

"ဒါဖြင့်လဲ နေလေ"

"လက်ခံမှာမို့လား"

"မေမေ့ကို မေးကြည့်ပေါ့"

"ကို နားလည်တယ်၊ ချစ်သူနဲ့ မခွဲချင်တာ ချစ်သူတိုင ရဲ့ အနိုင်းမဲ့ဆန္ဒပဲ၊ လမင်းလေး အရွယ်ရောက်ပြီ၊ တခါထ တရားရုံးမှာ လက်မှတ်ထိုးပြီး ခေါ်သွားလဲ ရတယ်၊ ဒါပေမယ ကိုယ့်ချစ်သူလေးရဲ့ ဂုဏ်သိက္ခာအတွက် ကိုယ့်မိဘတွေကိုပ ခေါ်လာပြီး တရားဝင် တင့်တင့်တယ်တယ် လက်ထပ်ယူမယ အဲဒါ ဘာကြောင့်လဲ သိလား"

"ဟင်အင်း"

"လမင်းလေးကို တန်ဖိုးထားပြီး မြတ်နိုးလို့ သိပ် ချစ်လို့ သိရဲ့လား"

ဆတ်ဆတ်ခုန်နေသော နှလုံးသားထဲသို့ ရေခဲမြစ်တစ်စင ဖြတ်စီးသွား၏။

"လမင်းစကားပြောဦးကွာ"

"စဉ်းစားနေလို့ပါ"

"ဘာတွေများစဉ်းစားလဲ"



"သိပ်ချစ်တယ်ဆိုတဲ့ စကားလုံးထက် ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့ နက်ရှိုင်းစွာ ပြည့်စုံတဲ့ စကားလုံးရှိရင် ကောင်းမှာပဲလို့"

"အောင်မယ်လေး အဲဒါ စာရေးဆရာမပေါက်စလေးရဲ့ စကားတဲ့လားဗျာ၊ လှလိုက်တာ၊ ကဲ...သိရဲ့သားနဲ့ ကြားချင်လို့ ပြောစမ်းပါဦး၊ အဲဒီလိုစကားလုံးရှိရင် ဘယ်သူ့ကိုပြောမှာလဲ"

"ဆရာ့ကိုပြောမှာပေါ့"

လက်ခုံလေးကို ယူ၍ နမ်းရှိုက်ပစ်လိုက်သည်။

ဖြစ်နိုင်ပါလျှင် တစ်ကိုယ်လုံး သူ့ရင်ခွင်မှာ နစ်ဝင်သွားအောင် ပွေ့ဖက်ထားချင်သော စိတ်ကို ကိုဦးမြင်းချမ်း ထိန်းချုပ်ထားလိုက်ရ၏။

"ဆရာ"

"ဗျ"

"လမင်းအတွက် ပထမဦးဆုံး ခံစားမှုမို့ "ရူးမတတ်ချစ်ရတယ်"ဆိုတာ ယုံသွားပါပြီ၊ ဆရာကတော့ ချစ်သူဆိုတဲ့ မိန်းကလေးများစွာနဲ့ ဆုံဖူးသူမို့ လမင်းကို အထင်များသေးမလား ဟင်"

"ကြည့်စမ်း စကားပြောမို့ ပြောလိုက်ရတာ ပြောမယ့်ပြောတော့လဲ ချစ်စရာစကားလုံးလေးတွေ သိဖွဲ့တတ်လိုက်တာကွယ်"

"လမင်းမေးတာ ဖြေပါဦး"

"ချစ်သူဆိုတဲ့ မိန်းကလေးများစွာနဲ့ ဆုံဖူးသူဆိုတဲ့

www.burmeseclassic.com



စကားကို အရင်ချေဖျက်ပါရစေ၊ ကိုယ့်မှာ တစ်ယောက်ပဲ ရှိ ခဲ့ပါတယ်၊ အဲဒီတုန်းကလည်း ငယ်သေးတော့ အရှုံးအမူး လန်းခဲ့ဖူးတယ်၊ နောက်တော့ ကိုယ့်ထက်သာမယ်ထင်တဲ့သူကို "မိဘစကားနားထောင်ရလို့ပါ"ဆိုတဲ့ အဖြေကောင်းတစ်ခုပေး ပြီး ရင်ခွင်သစ်ကို သူကူးပြောင်းသွားခဲ့တယ်၊ အဲဒီတုန်းကတော တအားခံစားရတယ်"

"လမင်းလဲ အဲလိုခံစားရမှာ ကြောက်လိုက်တာ"

"နေဦး ကိုယ်ဆက်ပြောဦးမယ်၊ အဲဒီလို ခံစားပြီး ကိုယ် ဘဝကို ကဗျာထဲမှာ၊ စာပေအလုပ်ထဲမှာ နှစ်မြုပ်ထားလိုက်တော တဖြည်းဖြည်းနဲ့ ရင့်ကျက်လာခဲ့တယ်၊ အဲဒီလိုအချိန်မှာ ကိုယ် ပြန်စဉ်းစားမိတယ်၊ ဒီမိန်းကလေးဟာ ဘဝကို အချစ်နဲ့ တည် ဆောက်ချင်တာမဟုတ်ဘူးဆိုတာ ကိုယ် နားလည်လာတဲ့အချိ မှာ သူ့ကို ကိုယ် လုံးဝခွင့်လွှတ်လိုက်တယ်၊ ကိုယ့်ရင်ထဲကနေ သူ့ကို အပြီးတိုင် စွန့်လွှတ်လိုက်နိုင်တယ်"

"အခု အဲဒီမိန်းမရော"

"ဆင်းရဲနေတယ် ကလေးသုံးယောက်နဲ့"

"ဟင်"

"သူဌေးသား သူ့ယောကျ်ားက မိဘဆုံးတော့ သုံးဖြုန်း သောက်စားလို့ မွဲသွားတာ ကဲ ထားလိုက်ပါ၊ ကိုယ် လမင်းန ပတ်သက်တာ ဆက်ပြောမယ်"

"ဟုတ်ကဲ့"

"အောင်မြင်လာတဲ့အချိန်မှာ ထပ်ပြီး တွေ့ရတဲ့ မိန်းကလေ



တော်တော်များများကို ကိုယ်ရှောင်ခဲ့တယ် ဘယ်သူ့အတွက်မှ ချစ်ခြင်းတရားတွေ ကိုယ်ရင်ထဲမှာ ဖြစ်ထွန်းမလာဘူး၊ အေး ကော်ငြိမ်သက်နေခဲ့တယ်"

လမင်းက ချစ်သူ၏စကားကို နားနှင့် နားထောင်ခြင်း မဟုတ်၊ နှလုံးသားက တိုက်ရိုက်ကြားရသလို ခံစားနားဆင်၏ ဆရာက ဆက်၍–

"အချစ်တွေ ဝေးလွင့်ပျောက်ဆုံးသွားပြီလို့ ထင်ရလောက် အောင် ကိုယ် ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ အနုပညာထဲမှာပဲ ဘဝတစ်ခုလုံး နှစ်မြုပ်နေခဲ့ပါတယ်"

ချစ်သူ၏စကားကို သစ္စာပွင့်တွေ ခြွေနေသည်ဟု ယုံကြည် စွာ ငေးမောနေမိသည်။

"လမင်းစာတွေ ရကာစကလည်း သိပ်စိတ်မဝင်စားခဲ့ဘူး၊ ဒါပေမယ့် နောက်ပိုင်းမှာ လမင်းရဲ့ စာလေးတွေက တစ်ဆင့် လမင်းရဲ့ အဖြူရောင်အသည်းနှလုံးလေးကို မြင်တွေ့ရပြီးကတည်း က ငြိမ်ဝပ်နေတဲ့ ကိုယ့်ရင်ထဲက ချစ်ခြင်းတွေ နိုးကြားရှင်သန်လာ တော့တယ်၊ နောက် လမင်းရဲ့ သိပ်လှတဲ့ သိပ်ငယ်သေးတဲ့ သိပ်ကို ဖြူစင်တဲ့ မျက်ဝန်းလေးတွေနဲ့ ကိုယ့်ကို ကြည့်နေတဲ့ ခတ်ပုံလေးလဲရှော ကိုလေ လမင်းလေးကို နှစ်နှစ်ကာကာ ချစ်မိသွားရောဗျာ၊ အဲဒါအားလုံး အမှန်တရားအစစ်တွေမို့ လမင်း ယုံကြည်လက်ခံပါကွယ်"

"မပြောခင်ထဲက ယုံပြီးသား"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်၊ ကိုယ်သိမ်ကြည်ညိုတဲ့ လူရဲ့စကားကို ညာ ပြောလိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ"

"ကြည့်စမ်းကွာ"

ကိုငြိမ်းချမ်းက မချင့်မရဲစိတ်ဖြင့် လမင်း၏ မေးစေ့လေးကို မော့ယူပြီးမှ ချက်ချင်းပြန်လွှတ်ကာ ကိုင်းနေသော ကိုယ်ကို ပြန်၍ မတ်မတ်ထိုင်လိုက်သည်။

ဤအိမ်သည် လမင်းလေးတို့အိမ်၊ ဣန္ဒြေရှင်လမင်းလေး အတွက် စောင့်စည်းထိန်းသိမ်းရမှာပါလားဆိုသော ဆင်ခြင်ဉာဏ်ဖြင့် သူ့စိတ်ကို ပြန်၍ တည့်မတ်လိုက်ခြင်း ဖြစ်သည်။

လမင်းတို့၏ အိမ်ရှေ့ ဧည့်ခန်းမှာပင် ဒုတိယအကြိမ် တွေ့ဆုံကြခြင်း ဖြစ်၏။

လမင်း၏ ဖခင်က သူ့ရုံးမှ အစည်းအဝေးသွားပြီး မိခင်က တမင်ရှောင်ပေးနေခြင်း ဖြစ်သည်။

"သူတို့နှစ်ယောက်ထဲထားခဲ့လို့ ဘယ်ဖြစ်မှာလဲ သမီး စောင့်နေခဲ့မယ်"

ဟူသော စကားက လက်ခံသင့်သဖြင့် လရောင်က အိမ်မှာ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။

လရောင်သည်…

ချစ်သူနှစ်ဦးနှင့် အနီးကပ်ဆုံးနေရာ၏ ကန့်လန့်ကာစိမ်းကြီးနောက်မှာ ထာဝရရှိနေ၍ စကားလုံးတိုင်းကို မလွတ်တမ်း နားထောင်နေတော့သည်။

ကန့်လန့်ကာကြားမှ မျက်ဝန်းတစ်ဝန်းစာ ချောင်းကြည့်နေသည်မှာ လမင်းကို မြင်နိုင်ရန်အတွက်မဟုတ်ပဲ–

ချစ်ရည်စိုရွှန်းနေသော မျက်ဝန်းများနှင့် သစ္စာဖြင့် စင်ကြယ်နေသော ကိုငြိမ်းချမ်း၏ မျက်နှာကိုသာ သူ ချောင်းကြည့်နေခြင်း ဖြစ်တော့သည်။

ကန့်လန့်ကာ၏ နောက်မှာ လရောင်တစ်ယောက် အနီးကပ်ရှိနေကြောင်းကိုဖြင့် လုံးဝမသိရှာသော ချစ်သူနှစ်ဦးမှာ–

"ဒီမှာ လမင်းလေးအတွက် လက်ဆောင်တွေ"

"အာ…လမင်း ဘာမှမလိုချင်ဘူး"

"ကိုယ့်ချစ်သူအတွက် အမှတ်တရလက်ဆောင်တွေ တမင်ဝယ်လာခဲ့တာမို့ လမင်း လက်ခံပါကွာ၊ မနေ့ထဲက ကားထဲမှာပါပြီးသား၊ တွေ့တွေ့ချင်းမပေးရဲသေးလို့ ဒီနေ့မှ ယူလာဝံ့တာ"

လမင်း ငြိမ်နေ၍–

"ဒီထက်အများကြီး ဝယ်လာချင်တာ လမင်းမှ ကြိုက်ပါ့မလားလို့"

"ဝယ်လာစရာမှမလိုတာ"

"ဟင်…ဘာဖြစ်လို့လဲ"

"လမင်း ရန်ကုန်လိုက်နေရမှာဆို ဆရာကလွှဲပြီး လမင်းအတွက် ဘာမှမလိုပါဘူး"

"ဟာကွာ လှလိုက်တဲ့ စကားလုံးလေး လမင်းနှုတ်ခမ်းလေးထဲက ပန်းပွင့်လေးတွေ ခြွေချလိုက်သလားလို့တောင် ထင်မိတယ်"

"အာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဘယ်တော့လိုက်မလဲပြော"

"ဒါတော့ လမင်း ဘယ်သိမလဲ"

"ဟုတ်တယ် ဟုတ်တာပေါ့ ကိုယ့်အချစ်လေးက ဘယ်သိပါ့မလဲ၊ ဒီလိုလုပ်…ဒီလိုလုပ် ဒီလကုန်တာနဲ့ ဖေဖေနဲ့ မေမေတို့ကို မန္တလေးကနေ ဆင်းလာခိုင်းမယ်၊ ကိုယ်က ရန်ကုန်က တက်လာခဲ့မယ် အဲဒါလဲ တစ်နေ့ထဲ ဖြစ်စေရမယ် ဆရာကြီးဦးထွန်းမြတ်အိမ်မှာပဲ တည်းကြပြီး နှစ်ဖက်မိဘရှေ့မှာ လက်မှတ်ထိုးကြမယ်၊ ပြီးမှ လမင်းလေးတို့ဘက်က ညှော်ခံပွဲကို ကြိုက်သလိုနဲ့ ကြိုက်သလောက် စီစဉ်ပါ၊ ကို အားလုံး တာဝန်ယူမယ် သိလား"

လမင်းတို့ဘက်ကလည်း တာဝန်ယူချင်ပါတယ်၊ ဒါပေမယ့် မေမေတို့က သိပ်မတတ်နိုင်တော့…

"အို…ဒါပြောစရာကို မလိုတဲ့ကိစ္စ"

ကိုငြိမ်းချမ်းက လမင်းဝင်း၏ မျက်နှာလေးကို မြတ်နိုးကြင်နာစွာ စိုက်ကြည့်ရင်း–

"လမင်းလေးကို ကိုယ်က မြတ်နိုးလွန်းလို့ လာတောင်းရမ်းလက်ထပ်မှာလေ၊ လိုချင်တဲ့လူက အကုန်ကျခံရမှာပေါ့ ဟုတ်ဘူးလား"

လမင်းဝင်းသည် ချစ်သူ၏မျက်နှာကို ချစ်ခြင်းများဖြင့် သာမက ကြည်ညိုမြတ်နိုးစိတ်များနှင့်ပါ ကြာမြင့်စွာ စိုက်၍ကြည့်နေမိတော့သည်။ ကိုငြိမ်းချမ်းက နာရီကို ကြည့်လိုက်ပြီး–



"အချိန်ကလည်း ကုန်မြန်လိုက်တာကွာ၊ ကိုယ် ပြန်ရတော့မယ်"

"ဆရာကြီးအိမ်ကိုပဲ ပြန်မှာလားဟင်"

"မဟုတ်ဘူးလေ ရန်ကုန်ကို တခါထဲ ပြန်တော့မှာ"

"ဟင်…ခုညနေကြီး"

"ဟုတ်တယ် ကိုယ့်ဒရိုင်ဘာနဲ့ ကိုယ်နဲ့ တလဲစီ တစ်ညလုံးမောင်းပြီး ပြန်ကြမှာ နက်ဖြန်ချိန်းထားတဲ့ အလုပ်တွေ ရှိသေးတယ်"

"ဆရာက သိပ်အလုပ်များတာပဲလားဟင်"

"ဟုတ်တယ်၊ ဒါပေမယ့် မကြာခင် ကိုယ့်အလုပ်တွေကို ညွှန်ကြားပေးမယ့် ဆရာရောက်လာတော့မယ်လေ"

"ဆရာ…ဘယ်ကဆရာလဲ"

"ဒီမှာလေ"

"အာ…လမင်းက ဆရာ့ရဲ့ဆရာ ဘယ်ဖြစ်မှာလဲ၊ ဆရာ့ရဲ့တပည့်ပါ"

"ကဲ…တပည့်မလေးရေ အလုပ်ခန့်ချင်လှပြီဗျ"

နှစ်ယောက်၏ ပြိုင်တူရယ်မောသံများက လရောင်၏ အကြားအာရုံကို ဘယ်လိုမှ မချိုမြစေနိုင်ပါ။

"ကဲ…ကိုယ်ပြန်မှဖြစ်တော့မယ်ကွယ် ဘာမှာမလဲဟင်"

"ဟင်အင်း ဘာမှ မှာစရာမရှိပါဘူး"

"လိမ်လိမ်မာမာနေလို့ရော မမှာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သွား...တပည့်ပါဆိုမှ"

"ကဲ ဒါဆို ဆရာလုပ်သူက ပြန်မှာမယ် ကိုယ့်ကို လွမ်းနေနော်"

ချစ်သူက မတ်တတ်ရပ်၍ နှုတ်ဆက်နေပြီမို့ အပျော်လေးများ ချက်ချင်းလွင့်ပျောက်သွားပြီး၊ အလွမ်းတွေ ထုထည်ကြီးစွာ လမင်းရင်ထဲသို့ ဖြတ်စီးတိုးဝင်လာတော့သည်။

"ဒီလ ၃၀ ရက်နေ့မှာ ကိုယ်ရယ် ဖေဖေနဲ့ မေမေရယ် လာခဲ့တော့မယ်နော်၊ အန်တီတို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြပေးပါ"

"ဟုတ်"

"ကိုယ် ပြန်တောင်မပြန်ချင်ပါဘူးကွာ၊ ဒါပေမယ့် ရက်ပိုင်းလေးပဲလိုတော့တယ်ဆိုတဲ့ အသိနဲ့ပဲ ခဏခွဲသွားရမှာပါ၊ ကိုယ်ပြန်တော့မယ်နော် အချစ်လေး"

လမင်း ခေါင်းငုံ့ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

ချက်ချင်းပင် မျက်ဝန်းမှာ မျက်ရည်တွေ ဝေသီနေကြောင်းကိုဖြင့် ကိုစိတ္တဆိုသည့် ကိုငြိမ်းချမ်း မြင်တွေ့မသွားပါ။

အလွမ်းသည်...နှလုံးအိမ်ကို နာကျင်တင်းကြပ်အောင် ရစ်ပတ်ဆုတ်ချေထားသော်လည်း -

မကြာမီကာလအတွင်းမှာ...

သိပ်ကို လှပသည့် အနာဂတ်ဗိမာန်လေးကို တည်ဆောက်ခွင့်ရပါတော့မည်ဟူသော...

"မျှော်လင့်ခြင်း"နှင့် "ယုံကြည်ခြင်း"တို့သည် လမင်း



လေး၏ ရင်ထဲက အလွမ်းထုထည်ကို ဖြိုဖျက်ပယ်ရှားနိုင်ပါလိမ့်မည်။

လရောင်သည်

အလွန်ကောက်ကျစ်စဉ်းလဲစွာ ဆန်းပြားရှုပ်ထွေးစေသည့်

"လုပ်ကြံမှုကြီး"

ကို ပက်ပက်စက်စက် ရက်ရက်စက်စက်ကြီး ကြံစည်ဆောင်ရွက်လိုက်ပါပြီ။

သူ ဒီအကြံရရှိဖို့ မအိပ်မနေ ခုနစ်ရက်လောက် ကြံစည်အားထုတ်ရသည်။

လမင်းလေးသည်

သူ့ပစ္စည်းများကို စတင် မသိမ်းဆည်းမီမှာပင် မိခင် ဖခင်တို့၏ ခြင်ထောင်နှင့် စောင်များကို လျှော်ဖွတ်ခြင်း မွေ့ရာ ခေါင်းအုံးများကို နေပူလှန်းခြင်း ကြမ်းတိုက်ခြင်း၊ အိုးခွက်ပန်းကန်များ သိမ်းဆည်းပေးခြင်း၊ မီးဖိုချောင်သန့်ရှင်းရေး စသည်များကို ဆောင်ရွက်ပြီးချိန်မှာ-

www.burmeseclassic.com

www.burmeseclassic.com



သူ့အဝတ်အစားနှင့် အသုံးအဆောင်များကိုပါ လမင်း သိမ်းဆည်းထုပ်ပိုးပြီး

"ချစ်၍ခေါ်ရာ လိုက်တော်မူခဲ့ မပျောင်းနွဲ့"နှင့်

ဆိုသည့်အတိုင်း မပျောင်းမနွဲ့ မှုဟန်မချဲ့ပါဘဲနှင့် အဆင်သင့် စောင့်နေရှာသည့် လမင်းလေးပါ...။

နိဝင်ဘာလ ၂၁ ရက်။

လမင်းလေး၏ ချစ်သူရောက်ရှိလာဖို့ ကိုးရက်အလိုတွင်...

"ဆရာစိတ္တနဲ့ စကားပြောချင်လို့ပါ"

"ဩော်...ဆရာစာပေစိစစ်ရေးရုံး သွားတယ်ခင်ဗျ၊ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ"

"သိပ်အရေးကြီးလို့ပါရှင် ဘယ်တော့ပြန်လာမလဲဟင်"

"အဲဒါတော့ မသိဘူး၊ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ"

"လ...လမင်းပါရှင် နယ်က ဆက်နေတာပါ"

"ဟာ...ဟုတ်လား၊ ဆရာလည်း အစ်မတို့ဆီ လာဖို့ စီစဉ်နေပြီခင်ဗျ၊ ကျွန်တော် ဘာပြောပေးရမလဲ"

လမင်းနှင့် ကိုစိတ္တတို့၏ ပတ်သက်မှုကို သိပုံရနေသော အယ်ဒီတာဖြစ်ဟန်တူသူက အားတက်သရောပြော၏။

"သူနဲ့တွေ့မှဖြစ်မယ်"

"ပြန်ဆက်ဖို့ ပြောလိုက်ရမလား"

"အိမ်မှာ ဖုန်းမရှိဘူး"

"ဒါဆို ပြန်ဆက်မလား ဘယ်အချိန်ဆက်မလဲ၊ ကျွန်



တော်တို့ သွားလိုက်ခေါ်ပေးပါ့မယ်"

ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေချိန်မှာ ထိုလူစိမ်း၏ စကားကြောင့် အကြံသစ်ဉာဏ်သစ် ထွက်လာပြီး-

"အင်း...ဟုတ်ပြီ ဒါဆို လေးနာရီခွဲလောက် ဒီက ပြန်ဆက်မယ် စောင့်နေလို့ ပြောပေးပါ"

"ကောင်းပါပြီခင်ဗျာ ကျွန်တော်တို့ ခုပဲ ဆရာရှိမယ့် နေရာသွားအကြောင်းကြားပေးပါ့မယ်"

"ဟုတ်ကဲ့ အရေးကြီးတယ် စောင့်နေလို့ ပြောထားပါနော်"

"ကောင်းပါပြီခင်ဗျ၊ ကောင်းပါပြီခင်ဗျ"

အိတ်ချိန်းရုံးမှ တယ်လီဖုန်းချလိုက်ပြီး နာရီကို ကြည့်လိုက်ချိန်မှာ နေ့လည် နှစ်နာရီ။

အိမ်ပြန်လို့မဖြစ်...

ပြီးမှ စုပေါင်း အဆူခံတန်ခံတော့မည်၊ ပြန်ဝင်ပြီး ပြန်ထွက်မရမှ အခက်။

သူငယ်ချင်းတစ်ယောက်အိမ်မှာ သွား၍စောင့်နေတော့မည်ဟူသော အကြံဖြင့် နေ့လည် နေပူပူအောက်မှာ စက်ဘီးတစ်စီးနင်းလျှက်-

နေကလည်းပူ လေကလည်းပူ

ရင်တွင်းမှာလည်း ဆူဝေလောင်မြိုက်လျှက်...

မျက်နှာကလည်း ခက်ထန်တင်းမာစွာ စက်ဘီးပေါ်မှ လရောင်ဝင်း။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ လမင်းလေး ဖုန်းဆက်တယ်ဆို အရေးကြီးတယ်ဆို ဘာဘာဖြစ်လို့လဲဟင်"

စိုးရိမ်စိတ်ဖြင့် ထိတ်ထိတ်ပြာပြာ မေးသံကို ကြားလိုက်ရသဖြင့်–

"အိမ်...အိမ်မှာ အခြေအနေမကောင်းဘူး၊ အ...အဖေက လုံးဝသဘောမတူဘူးတဲ့"

"ဟင်"

စကားသံပြတ်သွား၍–

"ဘာဖြစ်လို့တဲ့လဲ လမင်းရဲ့၊ ကိုယ့်အပြစ်က ဘာတဲ့လဲ"

"အ...အပြစ်မဟုတ်ပါဘူး၊ သူ့မှာ သူ့မှာ ပြောပြီးသား သဘောတူလက်ခံပြီးသား သူ့သူငယ်ချင်းရဲ့သား ရှိနေပြီးသားတဲ့"

"ဟာကွာ...အဲဒီတော့..."

"အဲဒီတော့ လူကြီးတွေနဲ့ မလာပဲ ဆ...ဆရာတစ်ယောက်တည်း လာခဲ့ပါ"

"ဘာအတွက်လဲ"



"လ...လမင်း ဆရာ့နောက်ကို လိုက်ခဲ့တော့မယ်"

"ကိုယ်က ပိုပြီးတော့တောင် ဝမ်းသာရဦးမှာပါ၊ ဒါပေမယ့် ဒီလိုမျိုး လမင်းလေးကို မဖြစ်စေချင်လို့ ဆရာဦးထွန်းမြတ်ဘို့ပါ ခေါ်ပြီး တန်ဖိုးရှိရှိ တောင်းရမ်းလက်ထပ်ချင်တာပါ လမင်း"

"အခုမဖြစ်နိုင်တော့ဘူး လ...လမင်းကို အမြန်ဆုံးလာခေါ်ပါ"

"လမင်းလေးအသံတွေ တစ်မျိုးကြီးပဲ"

"လ...လမင်း သိပ်ကြောက်နေလို့ပါ"

"လမင်းရဲ့ ဖေဖေကို ကိုယ်က မတွေ့ဖူးပေမယ့် မကျေမနပ်ဖြစ်မိတာတော့ အမှန်ပဲ လမင်း"

"အချိန်မရတော့ဘူး လမင်းကိုသာ အမြန်ဆုံး လာခေါ်ပါ၊ ဘယ်တော့လာမလဲ"

"နက်ဖန်ပဲ ထွက်လာခဲ့မယ်လေ ဖြစ်မလား"

"ဖြစ်...ဖြစ်ပါတယ်၊ ဒါပေမယ့် ဆရာကြီးအိမ်မှာ မတည်းပါနဲ့ တခြားမှာ တိတ်တိတ်တည်းပါ၊ ည...ညဘက် ကျွန်မ ထွက်လာခဲ့မယ်"

"လမင်း"

"ရှင်"

"လမင်း ဘာဖြစ်နေတာလဲ၊ အသံတွေလည်း တမျိုးကြီးပဲ"

"ကြောက်...ကြောက်လွန်းလို့ပါ"

"ဆရာ...ဆရာနဲ့လဲ ဝေးရမှာ ကြောက်လွန်းလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"လမင်းလေးရယ်"

"နက်...နက်ဖန်ည အထက်တန်းကျောင်းရှေ့က ကားနဲ့ စောင့်နေပါ လမင်း တခါတည်း ထွက်ခဲ့မယ်"

"ဘယ်အချိန်လဲ"

"ခုနစ်နာရီ၊ ရှစ်နာရီလောက် လမင်း လာခဲ့မယ်နော်"

"ကောင်းပြီလေ"

"ပြီးရင် ချက်ချင်းလက်မှတ်ထိုးမှ မဟုတ်ရင် အိမ်က ခွဲကြလိမ့်မယ်"

"ဒီမှာ လမင်းလေး၊ ကို ပြောတာ နားထောင်ပါဦး"

"အင်း ပြောပါ"

"ကိုယ်ဟာ ကလေကချေမဟုတ်ဘူးကွယ်၊ လာတာတော့ လာခဲ့မယ်၊ ဒါပေမယ့် အန်ကယ်ဦးထွန်းမြတ်တို့ကတစ်ဆင့် လမင်းလေးဖေဖေနဲ့ ညှိနှိုင်းကြည့်ပါရစေဦးလား၊ ကိုယ်က လမင်းလေးကို ဒီလိုမဖြစ်စေချင်ဘူး တင့်တယ်စေချင်တယ်၊ မင်္ဂလာကိစ္စအတွက် ငွေတွေတောင် အဆင်သင့်ဖြစ်နေပြီ၊ ဖေဖေနဲ့ မေမေတို့ကိုလည်း ပြောပြီးပြီ၊ လာတောင်းဖို့လဲ အသင့်ဖြစ်နေကြပြီ"

"ဆရာ နက်ဖန်မှ ရောက်မလာရင် လမင်းရဲ့အလောင်းကိုပဲ လာသင်္ဂြိုလ်တော့"

"ဟော့ ဘာတွေပြောနေတာလဲ လမင်း အရမ်းကို တစ်မျိုးဖြစ်နေတယ်"

"ဒီ...ဒီလိုပါ ဆရာ...ဆရာမလာခင် ဖေဖေက အတင်းစီစဉ်မယ်ဆိုလို့ လမင်း တအားကြောက်နေလို့ပါ"

"လမင်းလေးရယ်"

"လာမှာလားဟင်"

"လာမှာပါ ဆက်ဆက်ကို လာခဲ့မှာပါ၊ နက်ဖန်ည ၇ နာရီ အထက်တန်းကျောင်းရှေ့က ကုက္ကိုပင်အောက်မှာ ကိုယ့်ရဲ့ ဗဲန်ကားဖြူလေး ရပ်ထားမယ် လမင်းသာ ထွက်လာခဲ့တော့ ဟုတ်ပြီလား"

"ဟုတ်...ဟုတ်ကဲ့၊ ဆက်ဆက်လာပါနော်"

"ကောင်းပြီလေ"

တယ်လီဖုန်းချလိုက်ပြီးချိန်မှာ "လရောင်ဝင်း"၏ တစ်ကိုယ်လုံး ချွေးစေးများနှင့် နစ်နေ၏။

ကျသင့်ငွေရှင်းပေးချိန်မှာ လက်တွေပါ ဆတ်ဆတ်တုန်နေ၍ အိတ်ချိန်းရုံးမှ–

"ခိုးရာလိုက်တော့မယ့် ကောင်မလေး"

အဖြစ်နှင့် ပြုံးထေ့ထေ့ကြည့်ကြသည်ကိုလည်း မလုံမလဲနှင့် ရုံးခန်းလေးအတွင်းမှ "လရောင်ဝင်း" ပြေးထွက်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ လဲရောင်က ဘာဖြစ်လို့ ဆံပင်တွေ ဖြတ်ပစ်လိုက်တာလဲ"

"မသိပါဘူး၊ ခုတလော ဘာတွေရှုပ်နေမှန်းကို မသိဘူး၊ ကိုယ့်ညီမလေးမင်္ဂလာကိစ္စ ရှိပါလားလို့ အိမ်မှာ ကူညီမယ်လို့မှ မရှိတာ ဒီသမီးမျိုးနဲ့ အိမ်မှာ ကျန်ရစ်ခဲ့ရမှာတော့ ခက်ဦးမယ်"

"ကားတစ်နေ့မောင်းရင် ရောက်တဲ့ခရီးပဲ မေမေရာ သမီးလဲ မကြာခဏ ပြန်လာမှာပေါ့"

"အင်း...မနက်ကပဲ ဆရာကြီးခေါ်လို့ သွားရသေးတယ်လေ၊ သမီးလေး လမင်း တကယ်ကံကောင်းပါတယ်တဲ့ မောင်ငြိမ်းချမ်းက သိပ်ထက်မြက်တာ၊ ဝင်ငွေလဲ သိပ်ကောင်းနေတယ်တဲ့၊ ဆရာကြီးသူငယ်ချင်းနဲ့လည်း တယ်လီဖုန်းပြောပြီးကြပြီတဲ့ ဆရာကြီးက သမီးလမင်းဟာ ငွေကြေး သိပ်မချမ်းသာသော်လည်း ရိုးသားတယ်၊ မိန်းမပီသတယ်၊ ဣန္ဒြေလဲရှိတယ် ကျွန်တော်အာမခံတယ်လို့လဲ ပြောလိုက်ရော ဝမ်းသာလိုက်တာ၊ အဲဒီလိုမိန်းမလေးမျိုးနဲ့ပဲ သားကို ရစေချင်တာတဲ့"

"မေမေ ဝမ်းသာနေလားဟင်"

"သာတာပေါ့ သမီးရယ်၊ သမီးလေး ကောင်းစားတော့မယ်ဆိုတာ သိရတော့ ဘယ်မိဘဝမ်းမသာဘဲ နေနိုင်ပါ့မလဲ"

"သမီးကတော့ ငါကောင်းစားတော့မယ်_ချမ်းသာတော့မယ်ဆိုတာတွေ လုံးဝမစဉ်းစားမိပါဘူး"

"ဟဲ့"



"ဆရာ့ကို ချစ်တာပဲ သိတယ်၊ ဆရာနဲ့ အတူနေရတော့မယ်ဆိုတာကိုပဲ ရင်ဟွေခုန်ပြီး ဝမ်းသာနေတာ မေမေရဲ့"

"ဟာ...ခွေးမလေး"

"ဟား...ဟား"

"အောင်မာ သားအမိနှစ်ယောက် ဘာတွေသဘောကျနေကြတာလဲဟေ့"

"အလကားပါ ဖေဖေရာ ဈေးထဲက အကြောင်းတွေ ပြောပြီး မေမေရယ်နေတာပါ"

ဒေါ်ခင်လေးရီက သမီးငယ်လေးကို လက်ညှိုးထောင်ပြပြီး "ကောင်မလေး ညာတယ်နော်"ဆိုသော သဘောဖြင့် ကျိတ်ယ်ဟန်ပြု၏။

"ဖေကြီးက ဘယ်ကပြန်လာတာလဲ"

"တို့ရုံးက ဦးစီးအိမ်သွားတာလေ ၃၀ ရက်နေ့ကျရင် လူကြီးသနေရာက ထိုင်ပေးဖို့ သွားကြိုပြီး ဖိတ်ထားရတာ"

"ဘာတဲ့လဲ ဦးစီးအရာရှိကတော်ကရော လိုက်ပါ့မလား"

"လာမှာပေါ့တဲ့၊ ဦးစီးကတော်က ပြောလိုက်တယ် စာရေးဆရာစိတ္တကို သူသိတယ်တဲ့ ချမ်းသာတယ်၊ မျိုးရိုးကောင်းတယ်၊ ပညာလည်းရှိတယ်၊ လမင်းနဲ့ ဘယ်လိုများ တွေ့ကြတာလဲ၊ လမင်းလေး ကံကောင်းတယ်ဆိုပြီး ငါ့သားမက်လောင်းကို ချီးမွမ်းတွေတင်နေတာနဲ့ ငါ့မှာ သဘောကလဲကျ ရှက်ကလဲရှက်ပြီး တဟဲဟဲ ရယ်နေလိုက်ရတယ်ဟေ့"

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဝင်းနှင့် ဒေါ်ခင်လေးရီတို့က ဖွင့်အော်ရယ်လိုက်သည်ထက် ကျယ်လောင်စွာ လမင်းလေး၏ ရင်ထဲမှာ အပျော်တွေ ကြည်နူးခြင်းတွေ ပြည့်ဟည်းနေတော့သည်။

"သမီးကြီးရော လရောင်ရော"

"ပြောတတ်ဘူး စက်ဘီးတစ်စီးနဲ့ ထွက်သွားတာ ကြာလှပြီ"

"ဘယ်သွားမှာလဲလို့ ပြောမသွားဘူးလား"

"အပ်ချုပ်ဆိုင်တဲ့"

"စောင့်ရလို့များလားကွာ"

ဦးမြင့်ဝင်းသည် သမီးကြီး လရောင်ဝင်းကို အချစ်ပို၏။

တစ်နှစ်နှင့် နှစ်လအကြာမှာ သမီးငယ်လေး လမင်းဝင်း မွေးဖွားလာသဖြင့် တစ်နှစ်ကျော် သမီးကြီးနှင့် ဦးမြင့်ဝင်း အတူ အိပ်ရ၏။ နို့ဗူးဖျော်တိုက်ရ၏။ ချိုပိုးပွေ့သိပ်ရချိန်မှာ ဒီအရွယ် လေးနဲ့ "အမိနို့မစို့ရရှာဘူး"ဆိုသော သနားစိတ်နှင့် သမီးကြီး ကို ဦးမြင့်ဝင်းက အကြင်နာတွေ ပိုမိခဲ့ခြင်း ဖြစ်တော့သည်။

ဒေါ်ခင်လေးရီကဖြင့် မိခင်ပီသသော စိတ်ထားဖြင့် နှ ယောက်လုံးကို ချစ်သော်လည်း လရောင်ဝင်းက အငယ်လေး ပေါ်လည်း မညှာတာ မိခင်ကိုလည်း ကူညီချင်စိတ်မရှိ၊ တ ကိုယ်ကောင်းဆန်စွာ နေထိုင်တတ်သဖြင့် မိန်းမပီသလွန်းသော ဆရာမဒေါ်ခင်လေးရီက သိပ်ကြည့်မရ။

လရောင်ကလည်း ဖခင်၏လူအဖြစ်နှင့်သာ ဘာပဲဖြစ်ဖြစ် ဖခင်ကိုသာ တိုက်ရိုက်ပြောကြားပြီး မိခင်နှင့် ညီမကို တစ်



တရံ ရန်သူလိုပင် ဆက်ဆံတတ်သော–

ခပ်ရိုင်းရိုင်းမိန်းကလေး လရောင်ဝင်းပါ။

လမင်းဝင်းက အိမ်ထဲဝင်သွားပြီး သူ၏ ခရီးရှည်အတွက် ပြင်ဆင်နေ၏။

အိမ်ရှေ့က မိဘများနှစ်ဦးမှာ–

"လူကြီးစုံရာရှေ့မှာ လက်မှတ်ထိုး ကန်တော့ပြီးရင် ဘယ်တော့ မင်္ဂလာဆောင်မှာတဲ့လဲ"

"အဲဒီကိစ္စ ကျွန်မ မနက်ကသွားတာ ဆရာကြီးက အားရင် လာခဲ့ပါဦးဆိုလို့"

"အင်း ဘာပြောလဲ"

"ဒီမှာ မင်္ဂလာဆောင်ချင်ရင်လဲ စီစဉ်ပါဆိုလို့ လူကြီးသူကြီးတွေ ဖိတ်၊ တရားဝင်လက်မှတ်ထိုးပြီးရင် တော်ပါပြီလို့ ပြောခဲ့ရတယ်"

"ဟ...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ကိုယ့်အိမ်လဲ ကြည့်ဦး လူအပြည့်တက်ရင် ပြိုတော့မယ်၊ မင်္ဂလာခန်းဝင်ပစ္စည်း ၊ ခုတင်၊ မွေ့ရာတွေ ပြင်ရဦးမယ်၊ အကျွေးအမွေး စီစဉ်ရမယ်၊ အဝတ်အစားကအစ သားစုဝတ်ဖို့ ဝယ်ရဦးမယ်"

"မင်းသားမက်က အားလုံးတာဝန်ယူတယ်ဆို"

"အော်...ကိုမြင့်ဝင်းနယ် ကျွန်မတို့ ဝတ်ဖို့ ပုဆိုးဖိုး၊ အင်္ကျီဖိုးကအစ သူတို့ပေးတဲ့ငွေနဲ့ ဝယ်လို့ကောင်းပါ့မလား စဉ်းစားပါဦး၊ ခုခေတ် ချိတ်ထဘီတစ်ထည်က တစ်သောင်းခွဲ

www.burmeseclassic.com

www.burmeseclassic.com



နှစ်သောင်းလောက် ပေးရတာရှင့်”

“ဒါတွေထိအောင်တော့ ငါမတွေးမိပါဘူးကွာ၊ သမီးလေး တင့်တယ်စေချင်တာပါပဲ”

“ခဏတာ ပကာသနတင့်တယ်ဖို့ထက် တစ်ဘဝစာ တင့်တယ်ဖို့က ပိုပြီး အရေးကြီးပါတယ်”

“မင်းပြောတာတွေလဲ ဟုတ်ပါတယ် မိန်းမရယ်”

“ဒါပေမယ့် ရန်ကုန်မှာ ဧည့်ခံပွဲကျင်းပမှာတဲ့ရှင်”

“ဟုတ်လား”

“မောင်စိတ္တ အဲ မောင်ငြိမ်းချမ်းအပေါင်းအသင်းတွေက ရန်ကုန်မှာ အများကြီးတဲ့၊ ဆရာကြီးပြောတဲ့အထဲမှာ ပါသေးတယ်”

“ဘာတဲ့လဲ”

“မန္တလေးကို ခေါ်သွားပြီး မင်္ဂလာဆွမ်းကျွေးဦးမှာတဲ့ မန္တလေးတက္ကသိုလ် အသိုင်းအဝိုင်းတွေကို ဖိတ်ဦးမှာတဲ့လေ”

“ဒါဆို သမီးလေးက တို့ဆီမှာပါနဲ့ဆိုရင် သုံးမင်္ဂလာ ပေါ့နော်”

“ဟုတ်ပ”

“အေး ဒီတိုင်းဆို သမီးလေး လမင်းအတွက်ကတော့ စိတ်အေးရပြီပေါ့လေ၊ သမီးကြီး လရောင်ကျရင်သာ ဘယ်လို ပုံစံနဲ့ ဖူးစာဆုံမယ်မပြောနိုင်ဘူး”

“သူ့ကံအတိုင်းပေါ့လေ ကိုမြင့်ဝင်းရယ်”

❖ ❖ ❖

ကိုငြိမ်းချမ်းသည်

တစ်ယောက်တည်း ကားမောင်းလာခဲ့သည်။

အကယ်၍ လမင်းလေးကို ခေါ်လာရမည်ဆိုလျှင် ဒရိုင် ဘာပါနေ၍ အနှောင့်အယှက်ဖြစ်မည်။

ညကလည်း မင်္ဂလာဇင်း အချိန်မီထွက်နိုင်ရေးအတွက် ဒမ်မီ စာအုပ်ကြီးကိုင်ပြီး ဘယ်စာက ဘယ်မျက်နှာမှာ၊ သရုပ်ဖော်က ဘာရောင်၊ ကြော်ငြာက ဘယ်နေရာ၊ စသည်များ အကွက်စေ့ အောင် လုပ်ခဲ့ရသည့်အတွက် ည ၂နာရီထိုးပြီးမှ အိပ်ပြီး မနက် ၇ နာရီပြန်ထရ၏။

နောက်ညစ်နေသော ခေါင်းကို ကြည်လင်စေရန် စနိုး ဘာဝယ်လ်ခေါ် ရေခဲစိမ်မျက်နှာသုတ်ပဝါလေးနှင့် မကြာခဏ သုတ်ရင်း ကားထဲမှ ကက်ဆက်ကို တစ်လုံးလမ်းဖွင့်၍လာခဲ့ သည်။

“လမင်းလေး ဘာပဲပြောပြော ဆရာကြီးဆီတော့ ဝင် မယ်၊ အကြောင်းစုံပြောပြပြီး ဆွေးနွေးမယ်”

ဆိုသော ဆုံးဖြတ်ချက်နှင့် ညနေ ၅ နာရီအရောက် တစ် ယောက်တည်း ကီလိုကိုးဆယ်နှင့် တစ်ရာကြား နှုန်းနှင့်မောင်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ခြင်း ဖြစ်သည်။

"ဟာ ရှေ့မှာ ဘာဖြစ်နေတာလဲ"

ကားတွေတန်းစီပြီး လူတွေလည်း ကားထဲမှထွက်၍ ရပ်ကြည့်နေကြသဖြင့် ကိုငြိမ်းချမ်း ကားထဲမှ ဆင်းလိုက်သည်။

"ဘာဖြစ်ကြတာလဲဗျ"

"သစ်လုံးတင်တဲ့ကားကြီးမှောက်လို့"

"ဟာ...လူတွေဘာဖြစ်ကြသေးလဲ"

"လူတော့ ဘာမှမဖြစ်ဘူးလေ၊ တစ်လမ်းလုံး ပိတ်နေလို့ ကျွန်တော်တို့သာ ဒုက္ခရောက်နေတာ"

"လူ ဘာမှမဖြစ်တာပဲ ကောင်းပါတယ်ဗျာ၊ လူ့အသက်က ဘာနဲ့မှ အစားထိုးလို့ မရပါဘူး"

ဒရိုင်ဘာ ခပ်ဝဝကြီးက ဒူးခေါင်းနားမှ ပုဆိုးစနှစ်ဘက်ကို လက်နှစ်ဖက်လုံးနှင့် ဆွဲကာ ကိုငြိမ်းချမ်းကို မှုန်တေတေနှင့် မကျေမချမ်းကြည့်ပြီး ထွက်ခွာသွား၏။

ကိုငြိမ်းချမ်းက ရှေ့နားတိုးပြီး အဖြစ်ပျက်မှန်ကို သွားကြည့်ရာ–

တီအီးကားကြီးနှင့် လူနှစ်ဘက်စာလောက် သစ်လုံး ဆယ်လုံးကျော်ကို ကားနောက်မှာ သံကြိုးတွေ ဆိုင်းပြီး သယ်လာပုံရသည်။

ယခု အခင်းဖြစ်သည့်နေရာက လမ်းမြင့်ပြီး လမ်းကကျဉ်းသည်၊ မျက်နှာချင်းဆိုင်မှ လာသောကားကို ရှောင်လိုက်ရင်း လမ်းနိမ့်ထဲ ထိုးကျပြီး ဆိုင်းထားသော သံကြိုးများ ပြုတ်သွား



သလား ပြတ်သွားသလားမသိ လမ်းပေါ်မှာ သစ်လုံးကြီးတွေ ကန့်လန့်ဖြတ် အတုံးအရုံး။

"ခုမှ ကရိန်းကားတွေသွားခေါ်တုံး၊ အနည်းဆုံး နောက်ထပ် တစ်နာရီကျော် နှစ်နာရီလောက် ကြာဦးမှာ"

ကိုငြိမ်းချမ်း နာရီကို မြှောက်ကြည့်လိုက်သည် သုံးနာရီထိုးပြီး ဆယ်မိနစ်။

သွားရမည့်ခရီးက မိုင်တစ်ရာ့လေးဆယ်ကျော်လောက် ကျန်သေးသည်။

"အချိန်မှမှီပါ့မလား"

ဆိုသော စိုးရိမ်စိတ်က ဝင်လာ၏။

သို့သော် ဤသစ်လုံးများကို ကျော်လွှားပြီး ဘယ်လိုမှ သွား၍ ရနိုင်မည်မဟုတ်သည့်အတွက် စိတ်ကို လျှော့ချလိုက်သည်။

တည်ငြိမ်ရင့်ကျက်သူတို့သည် ဘယ်လိုမှ မဖြစ်နိုင်သည့် ကိစ္စအတွက် အခြေနေကို စောင့်ဆိုင်းရုံမှလွဲ၍ စိတ်ပူပန်သောကရောက်ခြင်း မရှိတတ်ကြပါ။ စိတ်နုလေ စိတ်လှုပ်ရှားလွယ်လေ၊ စိတ်ရင့်ကျက်လေ တည်ငြိမ်လေပါပင်။

ကံကြမ္မာသည် စာရေးဆရာ စိတ္တနှင့် သူ၏ လမင်းလေးဘက်မှမရှိဘဲ။

လရောင်ဝင်းဘက်ကို တိမ်းစောင်းစွာ အသာစီးပေးလိုက်သလိုရှိချေတော့သည်။

ဘာပဲဖြစ်ဖြစ် ဆရာဦးထွန်းမြတ်၏ အိမ်သို့ အရင်ဝင်ပြီး အခြေနေအရပ်ရပ်ကို အကဲခတ်တန် အကဲခတ်၊ မေးမြန်းတန်

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းပြီးမှ–

ညှိနှိုင်း၍ရလျှင် ညှိနှိုင်းမည်။

ဘယ်လိုမှ ညှိနှိုင်းမရမှ လမင်းပြောသကဲ့သို့ ချစ်သူကို ခိုးပြေးမည်။

ဆိုသော အစီအစဉ်ကို "အချိန်"က ဟန့်တားပိတ်ပင်ပေးလိုက်သည်သို့ ရှိပါချေ၏။

ကိုငြိမ်းချမ်းသည် ကားတွင်းမှ လင်းနေသော နာရီဒိုင်ခွက်ကို လှမ်းကြည့်လိုက်ပြီး–

"ဟာ ခုနစ်နာရီ ဆယ့်ငါးမိနစ်တောင် ရှိနေပါရောလား၊ လမင်းလေး ကျောင်းရှေ့မှာ ရောက်နေလောက်ပြီ"

ဆောင်းလမို့ ညအမှောင်သည် စောစီးစွာ ကျရောက်လာ၍ တစ်မိုးလုံး မှောင်၍ တစ်လမ်းလုံး ကားမီးတန်းမှလွဲ၍ ပိန်းပိတ်အောင် မှောင်နေချေပြီ။

ရောက်ခါတော့နီးပြီ၊ သို့သော် ငါးမိုင်ကျော်လောက် လိုဦးမည်မို့ ကားလီဗာကို နင်းပြီး အရှိန်ကို မြှင့်ချလိုက်၏။

တစ်ဘက်ကားမှ စူးဝါးလွန်းသော မီးများကို ရှောင်ရှားကာ ကျင်လည်စွာ မောင်းချလာခဲ့ပြီး မြို့လေး၏ အထက်တန်းကျောင်းရှေ့အရောက်တွင် ခုနစ်နာရီသုံးဆယ့်ငါးမိနစ်တိတိ။



"အို...ဘယ်သူမှလဲ မရှိပါလား"

ကားမီးတန်းတစ်ဆုံးတွင် လူသူတို့၏ အရိပ်အယောင်ကို မမြင်ရ၊ ကုက္ကိုပင်ကြီးများကသာ ညို့ဆိုင်းအုပ်မိုးကာ မည်းမှောင်နေသည်။

ကားမီးတပြေးနေရာမှာသာ လင်းဖြာဖြူဖွေးနေပြီး ဘေးဝန်းကျင်တစ်ခုလုံး အမှောင်ထုကြီးအောက်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

"လမင်းလေး ဖုန်းဆက်တာ သိပ်တုန်လှုပ်နေတာပဲ၊ ဒီနေရာ ချိန်းတာဟုတ်မှ ဟုတ်ရဲ့လား"

ဆိုသော အတွေးဖြင့် ကားမီးကို ပိတ်၍ ကားထဲမှ ထွက်ရပ်လိုက်သည်။

တစ်နေ့ကုန် ကားမောင်းလာရသဖြင့် ငြီးစီနုံးနွမ်းနေသော ကိုယ်ခန္ဓာကို ပြင်ပလေအေးက ဆေးကြောပေးလိုက်သလို လန်းဆန်းသွားမိသည်။

ကိုယ်ခန္ဓာသက်တောင့်သက်သာ ရှိသွားသော်လည်း စိတ်က မတည်ငြိမ်စွာဖြင့် ပတ်ဝန်းကျင်ကို ဝေ့လှည့်ကြည့်နေချိန်မှာ...

"ဟာ"

"အိတ်တစ်လုံးဆွဲပြီး မိန်းကလေးတစ်ယောက် ဖရိုဖရဲနှင့် ပြေးထွက်လာကာ–

"ဒီ...ဒီမှာ"

"လမင်းလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အစ်ကိုသွား...သွားကြစို့"

"လမင်း...လမင်းလေး ဘာဖြစ်နေလဲဟင်၊ တစ်ကိုယ်လုံးလဲ အေးစက်စိုရွှဲလို့ပါလားကွယ်"

ကိုငြိမ်းချမ်းက လက်မောင်းနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ဝိုးတဝါးအလင်းရောင်ဖြင့် ချစ်သူ့မျက်နှာကို ရှာဖွေသည်။

"သွားကြမယ် သူတို့ လိုက်လာကြတော့မှာ"

"ဘယ်သူလိုက်လာမှာလဲ"

"အိမ်...အိမ်ကပေါ့"

"နေစမ်းပါဦး ကိုနဲ့ အားလုံးပြေလည်ပြီးမှ ဘယ်လိုဖြစ်ရတာလဲ၊ ကိုတော့ နားမလည်နိုင်အောင်ပါပဲကွယ်"

"မဖြစ်ဘူး ပြေးကြမယ်"

လရောင်က သူ့ခရီးဆောင်အိတ်ကြီးကို ဆွဲပြီး ကားရှေ့မှပတ်ကာ ကားရှေ့ခန်းကို ဖွင့်၏။ အိတ်ကို ခြေနင်းနေရာမှာထားပြီး သူဝင်ထိုင်နေပြီဖြစ်၍ ကိုငြိမ်းချမ်းလည်း ကားထဲ ပြန်ဝင်လိုက်ရသည်။

"မောင်းပါ သွားကြပါစို့ အစ်ကို"

"လမင်း"

ကိုငြိမ်းချမ်း၏ ခေါ်သံက တင်းမာသွားသယောင်ယောင်။

ဆရာဟုမခေါ်ဖြစ်ဘဲ အစ်ကိုဟု ခေါ်မိသည်မှာ မှားသွားပြီဖြစ်ကြောင်း လရောင် သိလိုက်သည်နှင့်–



"ဆရာ...ဆရာရယ် လမင်း ကြောက်လွန်းလို့ပါရှင်၊ သွားကြပါစို့၊ ဒါ...ဒါလေး ဆရာယူထားပါ"

လရောင်က သက်သေခံကဒ်ပြားအဖြစ် လှမ်းပေးသည်ကို ကိုငြိမ်းချမ်း ယူလိုက်ရသည်။

ကိုငြိမ်းချမ်းကိုယ်တိုင် သူ၏ လမင်းလေး လုပ်နေကိုင်နေပုံကို နားမလည်နိုင်အောင် ဖြစ်နေချိန်မှာ လမင်းလှမ်းပေးသော ကဒ်ထူလေးကို 'ဘာများပါလိမ့်' ဟူသော သိလိုစိတ်ဖြင့် ကားထဲမှ မီးကို ဖွင့်၍ ဖတ်လိုက်ရာ–

အမည်... လမင်းဝင်း

အဖ၏အမည်... ဦးမြင့်ဝင်း

မွေးသက္ကရာဇ်...

လူမျိုး...

ကိုးကွယ်သည့်ဘာသာ...

ဟူ၍ပါရှိသော အမျိုးသားမှတ်ပုံတင်ကဒ် ပန်းနုရောင်လေး။

အမည်က လမင်းဝင်း၊ အဖအမည်က ဦးမြင့်ဝင်း ဟူ၍ ဖော်ပြပါရှိရုံဖြင့် လုံလောက်ပါပြီ။

အောက်မှစာများကို ဆက်၍ပင် မဖတ်ဖြစ်ပါ။

လရောင်ဝင်းသည် လမင်းဝင်း၏ မှတ်ပုံတင်ကဒ်ပြားကို ခိုးယူလာခဲ့ပြီး သူ့ မှတ်ပုံတင်ကဒ်ကို ထားခဲ့သည်။

"သူမ၏ လုပ်ကြံမှုကြီး" မှာ အားလုံး အဆင်ပြေချောမွေ့စွာ အောင်မြင်သွားခဲ့ပါပြီ။

"သိပ်ကြောက်နေလားဟင်၊ လမင်းလေးရှေ့မှာ ကိုယ် ရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာမှမကြောက်နဲ့တော့နော်"

မှတ်ပုံတင်ကဒ်ပြားကို သူ့ရှပ်အင်္ကျီအိတ်ထဲ ထည့်ကာ လရောင်ဝင်း၏ ပခုံးလေးကို သိုင်းဖက်လိုက်ပြီး–

"လမင်းအိမ်က ကိုယ်နဲ့ သဘောမတူဘူးတဲ့လား"

"ဆရာနဲ့ သဘောမတူတာမဟုတ်ဘူး၊ ဖေဖေ့သူငယ်ချင်းရဲ့သားနဲ့ ပြောပြီးဆိုပြီး စကားလွန်ပြီးသားမို့"

"လမင်းမေမေက ကိုယ့်ကို လက်ခံတယ်လေ၊ လမင်းလေး ဖေဖေကို ရှင်းမပြဘူးလား"

"မရလို့ပေါ့"

"စကားလွန်တာပဲ လမင်းရယ် အဲဒီလူနဲ့ ဘာမှ မလွန်ဘူး မဟုတ်လား"

"လမင်း မြင်တောင်မမြင်ဖူးပါဘူးရှင်"

"လမင်းရဲ့ ဖေဖေကို ရှင်းပြပြီး..."

"တော်ပါတော့ ဆရာရယ်၊ လမင်း ကြောက်လှပါပြီ၊ အိမ်က လိုက်လာရင် ဒုက္ခ၊ ဒီမြို့က အမြန်ဆုံးပြေးကြရအောင်ပါ"

"ဘယ်သွားလို့ သွားရမှန်းတောင် မသိတော့ပါဘူးကွာ"

"ဆရာကြိုက်တဲ့ဆီကို သွားပါ၊ အရေးအကြီးဆုံးက တရားဝင် အမြန်ဆုံးလက်ထပ်လိုက်မှ ဖြစ်မယ် ဆရာ"

"အင်း"

"ဒါမှ ဘယ်သူကမှ ခွဲလို့မရတော့မှာ"

လရောင်ဝင်းက သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်သည်ကို ကိုငြိမ်းချမ်းက နှစ်သိမ့်ကြည်နူးစွာဖြင့်–



"ကိုယ်နဲ့ လမင်းလေးကို ဘယ်သူကမှ ဘာအကြောင်းနဲ့မှ ခွဲလို့မရစေရပါဘူးကွာ၊ ဒီမှာ လမင်းလေး ဆရာ့ကို ကြည့်စမ်း"

မေးစေ့လေးကို ဆွဲမော့ပြီး အလင်းရောင်ဖျော့ဖျော့အောက်မှ ချစ်သူ့မျက်နှာကို မြတ်နိုးစွာကြည့်ကာ–

"ခုချိန်ကစပြီး ကိုယ်နဲ့ လမင်းက တစ်ယောက်စီမဟုတ်တော့ဘူး၊ တစ်ဘဝစီမဖြစ်တော့ဘူး၊ တစ်ယောက်တည်း တစ်ဘဝတည်းဖြစ်သွားပြီဗျ သိရဲ့လား"

လရောင်ဝင်းသည် ကိုငြိမ်းချမ်းကို ပြန်ဖက်လိုက်ပြီး အားပါးတရပြုံးလိုက်သည်။

ညခုနစ်နာရီဆယ်မိနစ်တည်းက ရောက်ရှိနေပြီး အသက်ထွက်သွားတော့မလောက် ကြောက်ရွံ့တုန်လှုပ်စွာ စောင့်ဆိုင်းခဲ့ရသမျှ ယခုတော့ပြီးဆုံးသွားပါပြီ၊ သူမ၏လှည့်ကွက်ထဲသို့ ကဗျာဆရာ စာရေးဆရာ ကိုစိတ္တသည် သံသယကင်းစွာဖြင့် ပီပီပြင်ပြင် ဝင်ရောက်လာခဲ့လေပြီ။

"ရန်ကုန်ပြန်မလှည့်တော့ဘူးကွာ ကားဦးတည်ထားတဲ့အရပ်ပဲ မောင်းတော့မယ်၊ လမ်းမှာ တွေ့မယ့် မြို့တစ်မြို့မှာ ဝင်နားပြီး မနက်မိုးလင်းတော့မှပဲ တရားရုံးတစ်ရုံးမှာ လက်မှတ်ထိုးကြမယ်နော် လမင်းလေး"

"အောင်မြင်ပြီ" ဆိုသောအသိကြောင့် လရောင်ဝင်း ခေါင်းညိတ်ပြလိုက်သည်။ ရင်ထဲမှာ အတိုင်းမသိသော ကျေနပ်ခြင်းများဖြင့်သာ...။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ–မေမေနဲ့
ညီမလေး လမင်း

သမီး တကယ်ချစ်ရသူနောက်ကို လိုက်သွားပါပြီ၊ သမီးကို လိုက်မရှာကြပါနဲ့ သမီးအကြောင်းစုံစမ်းပြီး သမီးချစ်သူနဲ့ ခွဲပစ်မယ်ဆိုရင်တော့ သမီးကိုယ်သမီး သတ်သေလိုက်မှာနော်

လရောင်ဝင်း

"ငါ့သမီးကြီး မိုက်လှချည်လားကွာ၊ စာရေးထားခဲ့ပုံ
က ကြည့်စမ်းပါဦး၊ ဘယ်လိုကောင်မျိုးနဲ့ လိုက်ပြေးလို့ ဒီလိုရေး
ရတာတဲ့လဲ"

ဦးမြင့်ဝင်းက စာကို လွှင့်ပစ်လိုက်၍ ဒေါ်ခင်လေးရီက–

"ဒီမှာ ကိုယ့်ညီမလေး မင်္ဂလာကိစ္စရှိတာကို သိရက်
တမင်လုပ်သွားတာ တောက်...မရှာသေးဘူး မိလရောင်ရေ...န
တစ်ယောက်ထဲနေ တစ်ကောင်ကြွက်ဘဝနဲ့ နေလို့ဖြစ်ရင်နေစ
သေတဲ့အထိ နေစမ်း ပြန်မခေါ်သေးဘူး ဟင်း"



သမီးတစ်ယောက် လင်နောက်လိုက်သွားသည့်အတွက် မိဘတို့ ဖြစ်လေ့ဖြစ်ထရှိသော ဒေါသလောက်သာ ဖြစ်ကြသည်။

လရောင်ဝင်း၏ ပိရိသေသပ်သော လုပ်ကြံမှုကြီးကို ဤရိုးသားသော မိသားစုသုံးယောက်၏ ဉာဏ်နှင့် လိုက်မမီပါ။

ဦးမြင့်ဝင်းသည် သမီးကြီးကို ပိုချစ်သူဖြစ်၍–

"သမီးလေး လမင်း"

"ဟုတ်ကဲ့ ဖေဖေ"

"သူ ဘယ်သူနဲ့ ကြိုက်နေသလဲ"

"သမီး လုံးဝမသိပါဘူး ဖေဖေ"

ဦးမြင့်ဝင်းက ကြေကွဲရိပ်များဖြင့် သူ့ဇနီးကို လှမ်းကြည့်သည်၊ နဂိုကတည်းက လရောင်နှင့် သိပ်မတည့်သော ဒေါ်ခင်လေးရီက ဒေါသမျက်ဝန်းဖြင့်–

"သူ့ကို လိုက်မရှာကြပါနဲ့၊ သမီးအကြောင်း စုံစမ်းပြီး သမီးချစ်သူနဲ့ ခွဲပစ်မယ်ဆိုရင်တော့ ဆိုတဲ့ စာရေးသွားကတည်းက သဘောမတူနိုင်လောက်တဲ့လူနဲ့ဆိုတာ သေချာနေပြီလေ ကိုမြင့်ဝင်းရဲ့"

"မင်းတစ်သက်လုံး ပြတ်နိုင်လို့လား"

"မိဘဘက်က ပြတ်နိုင်တာ မပြတ်နိုင်တာထားလိုက်စမ်းပါဦး၊ အခု သူကိုယ်တိုင်က ဖြတ်သွားတာလေ"

"မေမေတို့ကလည်း သူလဲ စိတ်လှုပ်ရှားတုန်း မေမေတို့လည်း သွေးပူတုန်း ခုလိုဖြစ်နေကြတာပါ၊ တော်ကြာ ပြန်တင်သာတော့လည်း လက်ခံရမှာပဲ မဟုတ်လား မေမေတို့ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ သားသမီးဆိုတာ တောင်းဆိုးပလုံးဆိုး မဟုတ်ဘူးလေ"

ဦးမြင့်ဝင်းက သည်မျှသာ ပြောပြီး သူ့အိပ်ခန်းတွင်းသို့ ဝင်သွားပြီး–

"ငါ့သမီးလေးက လိမ္မာပြီး ကံကောင်းသလောက် အကြီးမကတော့ ကံဆိုးဦးမှာ"

"ကံဆိုတာ ဆိုးမယ်၊ ကောင်းမယ်ဆိုပြီး ကြိုပြောလို့မရဘူးဆို မေမေပဲ ပြောတာ"

"အေး ခုဟာက ကြိုပြောလို့ရတယ်၊ မိဘသဘောမတူနိုင်တဲ့လူနဲ့ လိုက်ပြေးလို့သာ ဒီစာမျိုးရေးခဲ့တာပေါ့"

လမင်းဝင်းမှာ သူမဘဝ၏ တောက်ပဆုံးအချိန်၊ မျှော်လင့်ခြင်းများဖြင့် လင်းလက်ဆုံးအချိန်မျိုးမှာမှ လရောင်က ဒီလိုဖြစ်ရတယ်ဟူ၍ အဖြူပေါ်မှာ အမည်းလေးတစ်စက်တင်ရုံမျိုးလောက်သာ လရောင်အကြောင်း တွေးဖြစ်၏။

သူ့အကြောင်းထက် ပို၍ ကိုယ့်အကြောင်းထက် ကျော်လွန်၍ တွေးဖြစ်နေရသည်က လမင်းလေး၏ ချစ်မက်မြတ်နိုးလှစွာသော ဆရာကိုစိတ္တအကြောင်းပါ။

ဒေါ်ခင်လေးရီမှာ သမီးကြီးကို ဒေါသဖြစ်လွန်း၍ ရန်ဘက်တစ်ယောက်လို ပြောဆိုခဲ့ပါသော်လည်း လရောင်ဝင်း၏ အိပ်ရာကို ခေါက်သိမ်းရသည့် ညက မျက်ရည်ကျရှာသည်။

"မေမေ ဖိတ်စာစာရင်းတွေ ရေးရင်း ရေးရင်း မျှားလာပြီနော်၊ မေမေရိုက်ခိုင်းတဲ့ ငါးဆယ်နဲ့ လောက်တော့မှာ မဟုတ်



ဘူး"

မိခင်၏ မျက်ရည်များလည်း ရပ်တန့်စေ၊ မိမိ၏ ကိစ္စလည်း ပြောဖြစ်စေဟူသော ရည်ရွယ်ချက်နှစ်ခုဖြင့် လမင်းက ပြောလိုက်သည့်အခါ–

"ဖိတ်စာငါးဆယ်ဆိုရင်ပဲ လူတစ်ရာစာကျွေးဖို့ ပြင်ဆင်မှာလေ၊ တစ်ရာထက်တော့ ပိုလို့မဖြစ်ဘူး"

"ဆရာကတော့ ကြိုက်သလောက်လုပ်ပါ ဘယ်လောက်ပဲ ကုန်ကုန်တဲ့ သူ ငွေတစ်သိန်းပို့လိုက်မယ်တဲ့ ဆရာကြီး ဦးထွန်းမြတ်ဆီမှာ သွားယူပါဆိုတဲ့ စာလဲ မေမေ့ကို ပြပြီးပြီလေ"

"အင်း...အဲဒါ ခက်နေတာ မေမေ သွားမယူချင်ဘူး သမီးရယ် အောက်ကျသလိုကြီးပဲ"

"အင်းနော် ဆရာကြီးတို့က လာပေးရင် ကောင်းမှာပဲ"

"ရတော့ ရပါတယ် ရေခဲမုန့်ဆိုင်ကို မေမေ့မှာရှိတာလေးနဲ့ စရံပေးထားပါတယ်၊ ကိတ်မုန့်ဖိုးသာလိုတာ"

"အင်းလေ အိမ်မှာလဲ ဟိုဟာဝယ်ရ ဒီဟာဝယ်ရနဲ့ စိတ်ညစ်ပါတယ်၊ မေမေ့မှာ ပိုက်ဆံမရှိမှန်းသိတော့ သမီးက အားနာသလိုကြီးပဲ"

"အမယ်လေးတော် သူ့ငွေးကတော်ဖြစ်တော့မယ် သမီးကများ"

"အဟားဟား မေမေကလဲ"

မိခင်၏ ပခုံးကို သိမ်းဖက်၍ ပါးနှင့် အပ်ကာ လမင်းလေး အားရပါးရ ရယ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လမင်းဝင်းသည် အစ်မဖြစ်သူ လရောင်ဝင်းက သူ့ချစ်သူ နောက်သို့ လိုက်သွားသည့်အတွက် မေမေတို့လို ရင်နာစရာ နှမြောစရာအကြောင်း မရှိမိခဲ့။

“မမလရောင်ရဲ့ စရိုက်ကိုက သိပ်သိုဝှက်တတ်တာ၊ သူ ဘယ်တုန်းကများ ချစ်သူ့ရသွားပါလိမ့်”

“သူ့ချစ်သူနောက်ကို သူလိုက်သွားရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ ငါသာဆိုရင် အင်းလေ ငါဆိုရင်လဲ မလိုက်ရဲဘူး လို့ မပြောနိုင်ပါဘူးနော်၊ ဆရာသာ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်း မှာဆိုရင် ငါလဲ လက်ပစ်ကူးသွားရဲမယ့် မိန်းမမျိုးပါ၊ သိပ်ချစ်တယ် လေ အဟိ...ဟား”

ကိုယ့်အတွေးကိုကိုယ် သဘောကျစွာ အသံလေးများ ထွက်၍ပင် ရယ်ဖြစ်သည်။

သည့်နောက်ရက်များမှာတော့ အိမ်ရှင်မကြီး ဖြစ်တော့မည့် သမီးငယ်လေးကို မေမေက အစစ အရာရာ သွန်သင်ရှာသည်။

ဖေဖေကဖြင့် မျက်နှာမကောင်းရှာ။

အငယ်လေး တင့်တင့်တယ်တယ် မင်္ဂလာပွဲကျင်းပတော့ သိလျှက်နဲ့ တမင်ခိုးရာလိုက်ပြေးသွားသော သမီးကြီးလရောင် ကို ဒေါ်ခင်လေးရီက ဒေါသလည်းဖြစ် စိတ်လည်းနာကျင်စွာ ဖြင့် ဥပေက္ခာပြုနိုင်၏။

ဖိတ်စာအစောင်ငါးဆယ်ရလာပြီး နောက်မှာ လမင်းလေး ကိုယ်တိုင် လက်ရေးဝိုင်းဝိုင်းလေးနှင့် လှပသေသပ်စွာ ရေးပြီး ချိန်မှာ...



မေမေကိုယ်တိုင်...

ဖေဖေကိုယ်တိုင်...

အနီးစပ်ဆုံးသော ဆွေမျိုးနှင့် မိတ်ဆွေများထံသို့ပင် ဝေငှပြီးပါပြီ။

သမီးကြီး လရောင်ကိစ္စကိုဖြင့် ဖုံးအုပ်ထားလိုက်ကြသည်၊ မင်္ဂလာကိစ္စအတွက် ရန်ကုန် ခေတ္တသွားနေသည်ဟုသာ–

“လရောင်ရော”

ဆိုသည့် မေးခွန်းမေးသူတို့ကို ဖြေကြားသည်။ အမှတ် တမဲ့မမေးဖြစ်သူများကိုဖြင့် လရောင်နှင့် စပ်လျဉ်း၍ ဘာစကား မှ မပြောဖြစ်အောင် မိသားစုသုံးယောက်လုံး နှုတ်ဆိတ်၍နေလိုက် ကြသည်။

ရက်နီးလာလေ လမင်းလေး၏ ရင်ခုန်နှုန်းက ပို၍ မြန် လာလေပါ။

သိပ်ကိုချစ်မြတ်နိုးရပါသော အလွန့်အလွန်ကို လေးစား ကြည်ညိုရပါသော သူမ၏–

“အချစ်ဆုံးဆရာ”

နှင့် ဆုံဆည်းခွင့်ရကာနီး ကာလလေးက ပို၍ ရှည်ကြာ နေသလိုထင်မိသည်၊ ဖြစ်နိုင်ပါလျှင် အချိန်တွေကို ရုပ်သိမ်း ကျဉ်းချုံ့ပစ်လိုက်ချင်ပါပြီ။

တကယ်နီးရတော့မယ်ဆိုကာမှ စာရော ဖုန်းပါ အဆက် အသွယ်မရတော့သည့်အတွက် အလွမ်းဝေဒနာနှင့် ပျော်ရွှင်ကြည် နူးရခြင်း ဝေဒနာနှစ်မျိုးတို့ လမင်းလေး၏နှလုံးသားမှာ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဖြစ်ထွန်းခံစားနေရပါပြီ။

"အင်းလေ ဆရာတို့ ရောက်လာဖို့ ငါးရက်ပဲ လိုပါတော့တယ်၊ သိပ်လွမ်းပေမယ့် တကယ်တမ်း တွေ့ရ လက်ထပ်ရတော့မယ့်အဖြစ်ကို တွေးပြီး-

လမင်းလေ ကြောက်လိုက်တာ ရှက်လဲ ရှက်လိုက်တာ အို...အဲဒီနေ့ကျရင်လေ လမင်း ဘယ်လိုရင်ဆိုင်ရမှာလဲ၊ ရင်တွေ တအားခုန်ပြီး ခြေတွေ လက်တွေလဲ အေးစက်နေမှာ သေချာတယ်"

"ဆရာရယ် လမင်းလေးလေ"

"စားလို့လဲ မရဘူး ရင်ထဲမှာ အချစ်တွေနဲ့ နင့်နေတယ်"

"အိပ်လို့လဲမပျော်ဘူး၊ အချစ်တွေနဲ့ပဲ နိုးကြားနေမိတယ်"

"ဆန်းတော့လဲဆန်းသားနော်၊ သေသေချာချာ နှစ်ခါပဲ ဆုံဖူးရုံနဲ့ နှစ်ယောက်တစ်ဘဝ ဖြစ်ရတော့မယ်"

"ရင်ထဲမှာ ခံစားမှုမျိုးစုံ ဖြစ်ထွန်းနေပေမယ့် တကယ်စင်တမ်းထုတ်လိုက်ရင်တော့လေ..."

"သိပ်ကိုပျော်နေမိတာပါ လမင်းလေးရဲ့ အချစ်ဦးရယ်"

❖ ❖ ❖

မိုးစင်စင်လင်းပြီ။

နေ့သစ်တစ်ခု မွေးဖွားပြီးချိန်မှာ အလင်းရောင်သည် လူသားတို့အတွက် ထွန်းသစ်တောက်ပပေးနေ၏။

ခုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေသည့် ကဗျာဆရာစိတ္တဟုဆိုသော ကိုငြိမ်းချမ်း၏ မျက်နှာကို-

လရောင်ဝင်း အားရပါးရ ထိုင်ကြည့်နေမိသည်။

ဝင်းမွတ်သန့်စင်သောမျက်နှာပြင်မှာ နက်မှောင်ထူသိပ်သော မျက်ခုံးများက ကျက်သရေရှိလှသည်။

ပေါ်လွင်သော နှာတံနှင့် ပိရိသေသပ်သော နှုတ်ခမ်းလေးနှစ်လွှာက ယောကျ်ားတစ်ယောက်နှင့် မထိုက်တန်လောက်အောင် လှပလွန်းလှသည်။

ညက်ပြေနေသော နဖူးပြင် ခပ်ကျယ်ကျယ်မှာ ဆံပင်နက်နက်များ ဖရိုဖရဲကျနေပုံက ကြည့်၍မဝချင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်၏ နှစ်ယောက်အိပ်အခန်းမှ တစ်ဘက်ထောင့်ဆီမှာ တစ်ယောက်အိပ်ခုတင် တစ်လုံးစီ ရှိသည့်အနက် ဟိုဘက်ခုတင်မှ အိပ်ရာဖုံးကိုပင် မလှစ်ဟရသေးဘဲ ပုံစံမပျက် ရှိနေသည်။

လရောင်ဝင်းသည် ညင်ညင်သာသာလေး ထထိုင်လိုက်ပြီး အောင်မြင်စွာ ပြုံးလိုက်သည်။

မနေ့က နေ့လည်မှာ တရားရုံးမှ တရားသူကြီးရှေ့မှောက်၌ တရားဝင် လက်ထပ်ခဲ့ပြီးပြီ၊ ညကလည်း ဤယောကျ်ားမြတ်၏ ရင်ခွင်မှာ အိပ်စက်ခွင့်ရခဲ့ပြီ။

သူမ၏ လုပ်ကြံမှုကြီးမှာ လှပသေသပ်စွာ စင်းလုံးချောအောင်မြင်ပြီးဆုံးသွားခဲ့ပါပြီ။

ဘယ်သူ တစ်ယောက်ကမှ ကိုငြိမ်းချမ်း၏ ဇနီးအဖြစ်မှ ဆွဲဖယ်ခြင်းပြုနိုင်မည် မဟုတ်တော့ပါ။

နောက်ဆုံး သူ၏ လုပ်ကြံမှုကြီးကို ကိုငြိမ်းချမ်းကိုယ်တိုင် သိရှိပြီးနောက်မှာလည်း ဤအဖြစ်အပျက်ကို မူလအတိုင်း ပြန်ထားပေး၍မရနိုင်တော့ပါ။

သူသည် ကိုငြိမ်းချမ်းနှင့် တရားဝင် လက်ထပ်ခဲ့ပြီးပြီ၊ ဇနီးအရာလည်း မြောက်ခဲ့ပြီ။

နောက်ဆုံး ကိုငြိမ်းချမ်းကိုယ်တိုင်ကပင်လျှင် သူ့ကို ဖယ်ထုတ်ခွင့်မရှိနိုင်ပါ။

လရောင်ဝင်းဆိုသော မိန်းမ၏ လက်ထဲမှာ တရားဝင် လက်ထပ်စာချုပ်က၊ လက်ဆုပ်လက်ကိုင် ရှိနေပြီလေ၊ အားလုံးခိုင်မြဲစွာ ချည်နှောင်ပြီးခဲ့ပါပြီ။



လရောင်သည် မိမိ၏ အဖြစ်ကို မိမိကျေနပ်ကာ၊ ချိုမြိန်စွာပြုံးလျှက် ကိုငြိမ်းချမ်းကို ယစ်မူးတပ်မက်စွာ စိုက်ကြည့်ရင်းက–

“မနေ့ကနဲ့ ညဦးပိုင်းကာလတွေမှာ သူ ငါ့ကို လမင်း တ်ပြီး မြတ်နိုးယုယလိုက်တာ...အဲဒီခံစားမှုလေးက ရင်သိမ့်တုန်အောင် ကြည်နူးစရာကောင်းလိုက်တာ၊ ငါဟာ လမင်းမဟုတ်ဘူး လရောင်ပါလို့ သိသွားပြီးနောက်မှာလဲ အဲဒီခံစားမှုလေးမျိုးကို ဆက်ရချင်တယ်”

“ငါကြိုးစားမယ် ငါ့ရဲ့ အတတ်ပညာပေါင်းစုံ သုံးပြီး ကိုငြိမ်းချမ်းကို စည်းရုံးရမယ်လေ၊ သူ ငါ့ကို သနားလာအောင် တကယ်ပြန်ချစ်လာအောင်၊ မာယာဆိုတဲ့ ပဥ္စလက်နည်းတွေ တစ်မျိုးပြီးတစ်မျိုး ချသုံးရမှာပဲ”

“ဒီလူရဲ့ ခန္ဓာကို ပိုင်ဆိုင်ရုံမဟုတ်ဘူး၊ ဒီလူရဲ့ ရင်ထဲက ချစ်ခြင်းမေတ္တာတွေကိုပါ ငါ ပိုင်ဆိုင်ခွင့်ရချင်တယ်”

“ဘာဖြစ်လို့လဲဆိုတော့...”

“ဒီလူရဲ့ အကြင်နာတွေ ဒီလူရဲ့ တည်ကြည်မှုတွေ ဒီလူရဲ့ အောင်မြင်မှုတွေ၊ ဒီလူရဲ့ ယစ်မူးဖွယ်ကောင်းလောက်အောင် ယုယတတ်မှုတွေကြောင့်...

“လရောင်လေ ကိုစိတ္တကို တကယ်ချစ်သွားသား”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



လရောင်က တစ်ထည်တည်း နှစ်ယောက်ခြုံထားသော စောင်ကို အသာအယာလေး မဖယ်ပြီး ဖြည်းညှင်းစွာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ကိုငြိမ်းချမ်းအတွက် သွားတိုက်သပွတ်တံပေါ်မှာ သွားတိုက်ဆေးကို ညှစ်၍တင်ပြီး မျက်နှာသစ်သည့် ကြွေခွက်အပေါ်မှ မှန်ပြားလေးပေါ် တင်လိုက်သည်။

သူ့ကို တစ်ချက်ပြန်ချောင်းကြည့်လိုက်ချိန်မှာလည်း စောစောက ပုံစံအတိုင်း ဟန်မပျက် အိပ်နေဆဲမို့ လရောင် ရေချိုးခန်းတံခါးပိတ်ပြီး အားပါးတရ ရေချိုးချလိုက်ပြီးနောက်မှာ-

အသင့်ပါလာသော အလှပြင်ပစ္စည်းများကို အသုံးချ၍ မျက်နှာကို အလှဆုံးပြင်လိုက်၏။ ဘူးထဲမှ သနပ်ခါးကို ကော်ယာပြီး လက်ပေါ်မှာ ရေနှင့် မွှေကာ ခြေလက်ကိုယ်ခန္ဓာတို့ကို ...အရီးမ ရေချိုးခန်းမှန်ကို အဝကြည့်ကာ အပြင်ထွက်ခဲ့၏။

နောက်မိုးချမ်းအနေနှင့် သူ့မျက်နှာသူ့ဟန်ပန်ကို တည့်တည့်ထုတ်ခွင့်မရှိနိုင်ပ

လရောင်ဝလေးမှ ဟုတ်ရဲ့လား"

လက်ထပ်စာချုပ်ထံသံသယအကြည့်ဖြင့် ကြည့်မှာမဟုတ်တာ လုံး

ကိုငြိမ်းချမ်းကိုယ်တိုင်လည်း လမင်းဝင်းနှင့် နှစ်ကြိမ်သာ ထိုင်၍ စကားပြောဖူးရုံကလွဲပြီး နီးနီးကပ်ကပ် နေဖူးကြသူ မဟုတ်၍ သူ သံသယဖြစ်စရာ အကြောင်းမရှိပါ။ ပြီးတော့-

"ဒါ လရောင်လား၊ လမင်းလား" ဟူသော မေးခွန်းကို ဦးထွန်းမြတ်မေးခဲ့ဖူးသလို လရောင်တို့ကိုယ်တိုင်ကိုလည်း အကြိမ်ကြိမ်အမေးခံရဖူးသဖြင့်-

ညီအစ်မနှစ်ယောက် အတူတူထိုင်ပြီး ယှဉ်ရွေးပါမှသာ ဘယ်သူက လရောင် ဘယ်သူက လမင်းဟု သိနိုင်မှာ ဖြစ်သည့်အတွက်-

ကံကြမ္မာသည် လရောင်ဘက်က ရပ်တည်ပေးလျက် ရှိပါချေ၏။

"ဟာ လမင်းလေး ရေတောင်ချိုးပြီးသွားပြီလား"

"ဟုတ်ကဲ့"

"လှလိုက်တာဗျာ၊ လာပါဦး ကိုယ့်နားကို"

လရောင်ဝင်းက ပျော်ရွှင်ကျေနပ်စွာ 'ချစ်သူ' နားသို့ ပြေးကပ်ပြီး သူက အရင်နမ်းရှိုက်လိုက်သည်။

"အစောကြီးနိုးနေတယ်လား ဘာလို့ ကိုယ့်ကို မနှိုးတာလဲကွာ"

"ဆရာ့ကို သနားလို့ပေါ့"

"ဒီရုပ်ကြီးလား သနားစရာ"

"အင်း...ဟင်"

"ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူလမင်းလေးကို အပိုင်ရသွား

www.burmeseclassic.com

www.burmeseclassic.com



လို့ သိပ်ပျော်နေတဲ့ လူကိုများ သနားစရာလားဗျ"

လရောင် တစ်ချက်မျက်နှာပျက်သွားသည်ကို ကိုစိတ္တ သိပုံမရလိုက်ပါ။

"ကဲ...ဒါဆို ဆရာ ရေချိုးလိုက်တော့နော်"

"ကောင်းပါပြီဗျာ"

ဇနီးသည် အသစ်စက်စက်ကလေးကို မြတ်နိုးစွာနမ်းရှိုက်ပြီးမှ ရေချိုးခန်းသို့ ဝင်သွားသည်။

လရောင်သည် နှစ်စုံတည်းသာပါသော ကိုစိတ္တ၏ လက်ကျန်ဝတ်စုံတစ်စုံကို ထုတ်လိုက်သည်၊ နောက်ထပ် ဝတ်စရာအသစ်မရှိတော့သဖြင့် မနေ့က အဝတ်ဟောင်းများကို လျှော်ဖွတ်ရပါဦးမည်။

ဟိုတယ်မှာ ပေးထားသော မျက်နှာသုတ်ပုဝါကို ပတ်ပြီး ရေချိုးခန်းက ထွက်လာသည့် ခင်ပွန်းသည်က–

"ဒါ ဘာလုပ်မလို့လဲ"

"နောက်ထပ်အဝတ်လဲစရာမရှိတော့ဘူးလေ၊ အဲဒါ လျှော်လိုက်မလို့"

"လမင်းလေးရယ် ဟိုတယ်မှာ အဝတ်မလျှော်ရဘူးဗျ လောင်ဒရီ (Laundry) ရှိတယ်"

"ဒါဆိုလဲ အပ်လိုက်တော့လေ အမြန်ရမှ ဖြစ်မှာပေါ့ နက်ဖန်မှ ဝတ်စရာမရှိတော့တာ"

"နက်ဖန်"

"အင်း လေ"



"နက်ဖန် မလိုတော့ဘူးလေ၊ ဒီနေ့ပဲ ကိုယ်တို့ ရန်ကုန်ပြန်ကြတော့မှာ"

"ဟင်...ပြန်တော့မယ်"

"ဟုတ်တယ်လေ အလုပ်တွေလဲ ရှိတယ်၊ မင်္ဂလာဧည့်ခံပွဲအတွက်လည်း စီစဉ်ရဦးမယ်"

"မင်္ဂလာပွဲ လုပ်မယ် ဟုတ်လား"

"လုပ်ရမှာပေါ့ လမင်းလေးရဲ့၊ မေမေတို့က ချွေးမအလိမ္မာလေးရလို့ တအားပျော်နေကြတာ"

"မြင်တောင်မမြင်ဘူးပဲနဲ့များ"

"လေးလေးဦးထွန်းမြတ်က လမင်းလေး ဘယ်လိုလိမ္မာပြီး ဘယ်လောက်မိန်းမပီသကြောင်းတွေ ပြောပြထားပြီးသားမေမေတို့က တအားဝမ်းသာနေကြတာ၊ ခုလို ရုတ်တရက်ကြီးစီစဉ်လိုက်ရတာကိုတောင် သိပ်ကျေနပ်ကြမှာမဟုတ်ဘူး၊ မန္တလေးမှာ မင်္ဂလာပွဲတော့ ကျိန်းသေကျင်းပကြမှာ"

"ကိုယ်လဲ မေမေတို့ဆီ ဖုန်းဆက်ရဦးမယ်"

လရောင်ဝင်း မျက်နှာမပျက်အောင် မနည်းကြီး ဟန်ဆောင်ထားနေရသည်။

"မန္တလေးကိစ္စက နောက်မှ ရန်ကုန်ကအဖွဲ့တွေကို အရင်ပြရမှာ၊ ကိုယ့်မိန်းမခိုးဖို့ ထွက်သွားပြီဆိုတာ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က သိသွားတယ်လေ၊ ခုလောက်ဆို သတင်းတွေ ပျံ့နေရောပေါ့"

"ဆရာနဲ့ လ...လမင်းအကြောင်း သိကြတယ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ဒါ ဖုံးကွယ်စရာကိစ္စမှ မဟုတ်တာဘဲ၊ စာချင်းဆက်သွယ်တယ်၊ ဓာတ်ပုံတွေ ပေးကြတယ်၊ လမင်းလေးတို့မြို့ကို လိုက်သွားပြီး မင်္ဂလာကိစ္စ စီစဉ်ခဲ့ပြီးပြီကအစ အားလုံး သိကြတယ်လေ"

"ဆရာ"

"အင်း"

"မင်္ဂလာဆည့်ခံပွဲတွေ ဘာတွေ မလုပ်လို့ မရဘူးလားဟင်"

"မလုပ်လို့ မရတာတော့ ဘယ်ဟုတ်မလဲ၊ မင်္ဂလာဆောင်တယ်ဆိုတာ မိန်းကလေးကို ချီးမြှင့်ကြတဲ့ပွဲလေ၊ ကိုယ် လမင်းလေးကို တန်ဖိုးထားတယ်ဆိုတာ ပြချင်တာပါ"

"ဟင် လမင်းကတော့ အဲဒီပကာသနတွေ ဘာမှမလုပ်ချင်ဘူး၊ ခုလို ဆရာနဲ့ နှစ်ယောက်ထဲပဲ နေချင်တယ်၊ ရန်ကုန်မပြန်လို့ မရဘူးလားဟင်"

"ဘယ်ရမလဲ လမင်းလေးရဲ့ အလုပ်တွေ ဒီအတိုင်းထားခဲ့ရတယ်လေ"

လရောင်ဝင်း ကြိတ်ပြီး သက်ပြင်းချလိုက်ရသည်။

"လမင်းလေးရဲ့ ဖေဖေက ဘာဖြစ်တာလဲ၊ သဘောတူလိုက်ရင်ပြီးရော၊ ခုတော့ အလုပ်တွေတန်းလန်းထားခဲ့ပြီး ပြေးလာရတာ"

"အင်းလေ ဖေဖေကလဲ"

"ကိစ္စတွေအားလုံး အောင်မြင်မှုတွေ အားလုံး အလုပ်အကိုင်တွေ အားလုံးထက် ပိုပြီး တန်ဖိုးထားရဆုံးအရာဟာ ကိုယ့်ရဲ့ လမင်းလေးပါပဲ၊ ကိုယ် လမင်းဝင်းဆိုတဲ့ ကောင်မလေးကို သိပ်ချစ်တယ်ကွာ၊ လမင်းလေးကို ဘာအကြောင်းကြောင့်မှ အဆုံးရှုံးမခံနိုင်ဘူး သိလား၊ ဒါကြောင့် အမြန်ဆုံး ပြေးလာခဲ့ရတာပေါ့"

လရောင် ဘာစကားလုံးမှ ပြောစရာမရှိလောက်အောင် ရင်ထဲမှာ ဆို့ကြပ်လာသည်။

"ကဲ..၁၂ နာရီမထိုးခင် ဒီဟိုတယ်က ထွက်ရမယ်၊ ရန်ကုန်ပြန်ကြမယ်။ အခုတော့ ဘရိတ်ဖတ်စ်ကို အောက်ထပ်မှာ ဆင်းစားကြစို့နော်၊ ပြန်လာမှ ပစ္စည်းတွေ သိမ်း ဟုတ်လား၊ ကဲ သွားကြစို့ ကို့အချစ်ဆုံး လမင်းလေးရေ..."

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးရယ် လာရတာ အားလဲနာ မျက်နှာလည်း ပူပါတယ်ရှင် မိန်းကလေးဘက်က လောဆော်သလိုဖြစ်နေရ လည်း ခွင့်လွှတ်ပါ၊ ခုထိ ဘာမှမဆက်သွယ်ကြလို့ ကျွန်မလည်း စိတ်ပူပြီး လိုက်လာခဲ့တာပါ"

"စိတ်ပူမနေပါနဲ့ ဒေါ်ခင်လေးရီ မကြာခင် သူတို့ ဆက် သွယ်ကြတော့မှာပါ"

"မကြာခင်ဆိုပေမယ့် မင်္ဂလာရက်က ကြားမှာ သုံးရက် ပဲရှိတော့တာ ဆရာကြီးရဲ့"

"အင်းလေ အဲဒီမင်္ဂလာပွဲကို မလုပ်ချင်လို့ ခုလို သူတို့ ကြံစည်သွားကြတာဖြစ်မှာပေါ့၊ ဒီနေ့ ခေတ်လူငယ်တွေ ကျွန်တော်တို့ လိုက်မမီနိုင်တော့ဘူး ထင်ပါရဲ့"

ဦးထွန်းမြတ်က ပြုံးပြုံး ပြုံးပြုံးနှင့် ပြောနေသော စကား များကို ဒေါ်ခင်လေးရီ လုံးဝ နားမလည်နိုင်စွာဖြင့်...



"ဒီမင်္ဂလာပွဲကို မလုပ်ချင်ဘူးဟုတ်လား ဆရာကြီး"

"ဟုတ်တယ်လေ ဒါကြောင့် ဒီလိုလုပ်သွားကြတာပေါ့၊ စိတ်မပူပါနဲ့ဗျာ သူတို့ဘာသာ ကြိုက်သလို စီစဉ်သွားကြပြီပဲ"

"ဆရာကြီးရယ် ဆရာကြီးပြောတာကို ကျွန်မ ကောင်း ကောင်း နားမလည်ပါဘူးရှင် ဘယ်သူတွေက ဘာကိုစီစဉ်သွား ကြတာလဲ"

"ဟောဗျာ ဒေါ်ခင်လေးရီသမီးကပဲ လာခိုးလှည့်ပါဆိုလို့ မောင်ငြိမ်းချမ်းက လာခိုးသွားရတာလေ"

"ဟာ"

"တင်ထွန်းအောင်တို့ လင်မယားကတောင် သူ့သားဆီက ဖုန်းရတော့ အံ့သြနေကြတာ၊ ဒါပေမယ့် သူတို့ကပြောပါတယ် မန္တလေးမှာတော့ အကောင်းဆုံးမင်္ဂလာပွဲလုပ်ပေးပါ့မယ်တဲ့၊ လမင်းဝင်းကိုကြည့်ဖို့ မန္တလေးကနေ ရန်ကုန်ကိုတောင် ဆင်း သွားကြပြီတဲ့ တစ်နေ့ကပဲ ဖုန်းဆက်တယ်၊ ဒါကြောင့် စိတ်မပူ နဲ့လို့ ပြောတာပေါ့၊ ခုလောက်ရှိ လမင်းဝင်းက သူ့ယောက္ခမ တွေနဲ့ ပြေလည်နေလောက်ပြီလေ"

"ဘုရား...ဘုရား"

ဒေါ်ခင်လေးရီမှာ ရင်ဘတ်ကိုဖိပြီး ဘုရားတလိုက်ရ သည်၊ သူ့ရှေ့မှာ မှောင်မည်းသော ကန့်လန့်ကာကြီးကျလာသလို ဖြစ်ရသဖြင့် သူ အံကြိတ်၍ စိတ်ကိုတင်းလိုက်ရသည်၊ မေ့မြော လဲကျမသွားရအောင် ကုလားထိုင်ကို ဆုပ်ကိုင်ပြီး အားယူ၍ ထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ...ဒါဖြင့်လဲ ပြီးတာပါပဲ၊ ကျွန်မ...ကျွန်မ ပြန်တော့မယ်နော်"

"ဒေါ်ခင်လေးရီ ဘာဖြစ်သွားတာလဲ၊ နေကောင်းရဲ့လား"

"ဟုတ်...ဟုတ်ကဲ့ သွားမယ်နော်"

ဒေါ်ခင်လေးရီမှာ လမ်းလျှောက်နိုင်စွမ်းမရှိတော့ပဲ ဆိုက္ကားတစ်စီးပေါ်တက်ပြီး အိမ်ပြန်ခဲ့ရသည်။

နေခြစ်ခြစ်တောက်ပူနေပေမယ့် လက်ထဲက ထီးကို ဖွင့်ပြီး မဆောင်းမိ၊ ဆောင်းဖို့လည်း သတိမရ၊ နေပူလို့ ပူမှန်းလည်းမခံစားဖြစ်။

"ကြီးကျယ်နက်ရှိုင်းသော 'မှားယွင်းမှုကြီး' ဖြစ်ခဲ့ပြီ"

ဆိုသော အသိတရား၏နောက်ဆက်တွဲ အမှန်တရားက ဒေါ်ခင်လေးရီ ဆက်၍မတွေးဝံ့၊ မတွေးရဲလောက်အောင် တုန်လှုပ်ချောက်ချားစွာဖြင့် အိမ်ရှေ့သို့ ရောက်ခဲ့ပါပြီ။

မျှော်လင့်ခြင်းနှင့် စိုးရိမ်ခြင်းတည်းဟူသော ခံစားမှုနှစ်ခုကို တစ်ပြိုင်တည်းခံစားရင်း အိမ်ထဲမှ ပြေးထွက်ကာ လာရောက်ကြိုဆိုသောသမီးလေး လမင်းဝင်း...

"မေမေ ဘာတဲ့လဲဟင် ဆရာကြီးက ဘာပြောလိုက်လဲ"

"ဆရာကြီး...ဆရာကြီးလား"

"အင်းလေ...အင်းပေါ့"

"သူ...သူ မရှိဘူးသမီးရဲ့"

"ဟင်...ဘယ်သွားလဲ"

"အပြင်ခဏသွားတာ ညနေပြန်လာမယ်တဲ့"



"ဆရာကြီးကတော်ကိုရော မေးမကြည့်ဘူးလားဟင်"

"မေမေလဲ ရှက်တာနဲ့ ညနေမှလာခဲ့မယ် ဆိုပြီး ပြန်လာခဲ့တာ ညနေ...ညနေမှ တစ်ခေါက်သွားမယ် သမီး"

"မေမေ"

"ဟင်"

"မေမေ ဘာဖြစ်လာသလဲ မေမေရယ် သမီး ကြောက်လိုက်တာ"

"အို...မေမေ ဘာမှမဖြစ်ပါဘူး သမီးရဲ့"

"သမီးကို တစ်ခုခုဖုံးထားတာများလား မေမေရယ်၊ မေမေ့မျက်နှာကြည့်ရတာတစ်မျိုးကြီးမို့ သမီး ရင်ထိတ်လိုက်တာ"

"ပေါက်တီးပေါက်ရှာအေ နေပူထဲက ပြန်လာလို့ မောလာရတဲ့အထဲ"

ခပ်တည်တည်ပြောလိုက်တော့လည်း မျက်နှာငယ်လေးဖြင့် ပြန်ကြည့်နေရှာသော သမီးအလိမ္မာလေး လမင်းဝင်း...

"သမီးဖေဖေရော"

"ရှိတယ် မေမေ သမီး ရန်ကုန် ယူသွားဖို့ သမီးရဲ့ သေတ္တာကို ဆေးသုတ်နေတယ် အိမ်ဘေးမှာ ခေါ်ပေးရမလား"

"နေပါစေ"

"မေမေ"

"ဟင်"

"သမီး ဆရာ့ဆီကို ဖုန်းဆက်ချင်တယ် မေမေ၊ သမီး စိတ်ချိန်းရုံး သွားပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း...ဟင်အင်း မဆက်နဲ့ သွားမဆက်နဲ့"

အထိတ်တလန့် တားမြစ်ပြီးမှ သမီးရှေ့မှာ ဣန္ဒြေဆည်ရမည်ကို သတိရကာ...

"နေစမ်းပါဦး မိန်းကလေးဈေးမဖျက်စမ်းပါနဲ့ ညနေ အကျိုးအကြောင်းသိပြီးမှ ဆက်သင့်လဲဆက်ပေါ့နော် သမီးလေး"

"ဟုတ်ကဲ့ပါ မေမေ"

"အေး အေး သမီးလုပ်စရာရှိတာ သွားလုပ်ချည် မေမေ ခေါင်းကိုက်လာလို့ ခဏနားလိုက်မယ်နော်"

လမင်းလေးက ဘာမှဆက်မမေးရှာတော့ပဲ အိမ်ထဲသို့ ဝင်သွားရှာသည်။

ဒေါ်ခင်လေးရီမှာ တုန်တုန်ရီရီနှင့် အိမ်ဘေးအဖီလေးရှိ သို့ လာခဲ့သည်။

ခင်ပွန်းသည် ဦးမြင့်ဝင်းမှာ သမီးလေး အင်္ကျီ ထမီများ ထည့်သွားရန် သံသေတ္တာအဟောင်းလေးကို အစိမ်းရောင်သဒေး ဆေးသုတ်ပေးနေရှာသည်။

"ကိုမြင့်ဝင်း"

"ဟင်...မျက်နှာလဲ မကောင်းပါလား ဘာဖြစ်လာသလဲ"

"ရှင့်သမီးကြီး ဘယ်သူ့နောက်လိုက်သွားတာလဲ"

"မင်းပဲ မစုံစမ်းနဲ့ဆို ဒါပေမယ့် ငါလက်လှမ်းမီသလော လျှောက်မေးပါတယ်၊ ဘယ်သူမှ မသိကြဘူး၊ သိပ်လျှို့ဝှက် သမီးကြီးပဲ"

ဒေါ်ခင်လေးရီမှာ ရင်တွေ တအားခုန် ဇောချွေးတွေပျံ



ရာမှ အကြံတစ်ခုရလာသဖြင့် ထီးတစ်ချောင်းကို ဆွဲပြီး ထွက်လာခဲ့သည်။

သူတို့သားအဖနှစ်ယောက်ကိုပင် ဘယ်သွားမည်ဟု မပြောခဲ့။

မြို့ပြင်မှ အိတ်ချိန်းရုံးအရောက်တွင် ဆိုက္ကားကို ခဏစောင့်ခိုင်းထားပြီး ရန်ကုန်ကို ဖုန်းခေါ်၏၊ မျှော်လင့်ထားသည် ထက် ပို၍ ကြာမြင့်ပြီးမှ ဖုန်းအဆက်အသွယ်ရသည့်အခါမှာ...

"ဆရာကိုစိတ္တမလာပါဘူးခင်ဗျာ ကျွန်တော် ဘာပြောပေးရမလဲ"

"သူ ဘယ်တော့လာမှာလဲကွယ်"

"ခုရက်ပိုင်း မလာဖြစ်သေးဘူး ထင်တယ်၊ သူ့မိဘတွေ နယ်လေးကရောက်လာပြီး မင်္ဂလာကိစ္စစီစဉ်နေကြတယ်"

"မင်္ဂလာကိစ္စဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်တို့ဆရာ လက်မှတ်ထိုး လက်ထပ်ပြီးပြီ၊ အခု ဆရာ့မင်္ဂလာဧည့်ခံပွဲအတွက် အလုပ်ရှုပ်နေတယ်၊ အခုဆက်တာ ဘယ်သူလဲခင်ဗျ ကျွန်တော် ဘာပြောပေးရမလဲ"

"သတို့...သတို့သမီးနာမည်လေး သိပါရစေ"

"အစ်မကြီးက ဘယ်သူလဲဗျ"

"မောင်...မောင်ငြိမ်းချမ်းရဲ့ အဒေါ်ပါကွယ်"

"ဟုတ်လား သတို့သမီးနာမည်က ကဗျာဆရာမလေး လမင်းဝင်းတဲ့ဗျ"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



“ဟာ…အဒေါ်…အဒေါ်…”

တယ်လီဖုန်းလွတ်ကျသွားသဖြင့် အသံများ ကြားနေရသည်၊ စာရေးမလေးက မကြည်လင်သော မျက်နှာထားနှင့် ဖုန်းအိမ်ပေါ်ပြန်တင်ပြီး ကျသင့်ငွေတောင်း၏။

ဒေါ်ခင်လေးရီသည် မူးမေ့လဲကျမသွားအောင် ထိန်းသိမ်းရင်း ရှူးသွပ်သွားတော့မလောက် ချောက်ချားခြင်းကြီးစွာဖြင့် အိမ်ကို ပြန်ရောက်လာသည့်အခါ…

သမီးလေး ရေချိုးနေသည်။

သေတ္တာဆေးသုတ်ပြီးသွားသော ဦးမြင့်ဝင်းက ဇနီးသည် အိမ်ပေါ်ရောက်ရောက်ချင်း…

“မင်း ဘယ်ကပြန်လာတာလဲ ဒီမှာကြည့်ပါဦး”

“ဘာလဲ”

“မင်းသမီးကြီး ဘယ်လောက်ပျာယာခတ်သွားသလဲဆိုရင် သူ့ယောက်ျားနောက်လိုက်တာ လမင်းရဲ့ မှတ်ပုံတင်ကဒ်ကို မှားပြီးယူသွားတယ်လေ”

ဦးမြင့်ဝင်းလက်မှ မှတ်ပုံတင်ကဒ်ကို ဆွဲယူလွင့်ပစ်လိုက်ပြီး–

“ဒီကောင်မကို ကျွန်မကိုယ်တိုင် သတ်မယ် ကိုမြင့်ဝင်းရဲ့”

“ဟ…ဘယ်လိုဖြစ်တာလဲ”

“ပြီးရင် ကျွန်မတို့သားအမိသုံးယောက်လုံး အဆိပ်သောက်သေမှဖြစ်တော့မယ် ဒီလောကမှာ ဘယ်လိုမျက်နှာမျိုးနဲ့ ဆက်နေကြတော့မလဲရှင်”



“အို…ဘာလဲ ဘာဖြစ်လို့ ဒီလောက်ငိုကြီးချက်မဖြစ်နေရတာလဲကွာ၊ ငါ့ကိုလည်း ပြောစမ်းပါဦး”

“ဒီမြို့က အမြန်ဆုံးထွက်ပြေးမှ ဖြစ်တော့မယ်၊ ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့ဘူးရှင့်…အမယ်လေး…လုပ်ရက်လိုက်တာ”

“ဟာ…မေမေ…မေမေ ဘာဖြစ်လို့လဲ ဘာဖြစ်လို့ဒီလောက် ငိုနေရတာလဲ မေမေရဲ့”

ရင်းလျားနှင့် မျက်နှာသုတ်ပဝါလေးခြုံပြီး ထွက်လာသော သမီးငယ်လမင်းဝင်းက ကြမ်းပြင်မှာ အပြိုပြိုအလဲလဲဖြစ်နေသော မိခင်ကြီးကို စိုးရိမ်တကြီး ပွေ့ဖက်မေးနေ၍…

“သမီးလေး…သမီးလေး”

“ရှင်…မေမေ”

“မေမေ ဖုံးထားလို့မဖြစ်တော့ဘူး…ဟူး သမီးရဲ့ ဖွင့်ပြောမှ ဖြစ်တော့မယ်”

“ဘာများလဲ သမီး ကြောက်လှပြီ မေမေ”

“ကိုမြင့်ဝင်း”

“ဟော…ပြောစမ်းကွာ မြန်မြန်”

“ရှင့်သမီးကြီး လရောင်က သမီးလေး လမင်းရဲ့ မှတ်ပုံတင်ကို ယူပြီး သူ့ကိုယ်သူ လမင်းလုပ်လိုက်တယ်”

“ဟင်”

“ပြီးတော့ မောင်ငြိမ်းချမ်းဆီ လိုက်သွားပြီး လက်မှတ်ထိုးပြီးပြီတဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အခုမင်္ဂလာဆည်ခံပွဲလုပ်ဖို့ သူ့မိဘတွေတောင် ရန်ကုန် ရောက်နေကြပြီတဲ့"

"ဟင်...မင်းသားမက်က မသိဘူးလား၊ ဒါ လမင်းမဟုတ် ဘူးဆိုတာ"

"ဘယ်လိုလုပ်သိနိုင်မှာလဲ ဒီအိမ်မှာ နှစ်ခါပဲ ခဏမြင်ဖူး ကြတာ ဒီကောင်မ လမင်းနဲ့တူအောင် ဆံပင်တွေဖြတ်ပြီး မှတ် ပုံတင်ပါယူ သူ့ကိုယ်သူ လမင်းလုပ်ပြီး မောင်ငြိမ်းချမ်းကို အပိုင် ယူပစ်လိုက်တာပေါ့ရှင် ဟိုကတော့ ဘယ်သိရှာမှာလဲ"

"ဟင်...ဒါဆို ဒီမှာ ဖိတ်ကြားထားတဲ့ မင်္ဂလာပွဲတော ပျက်ပြီ၊ လူတွေ လာကြရင် တို့က ဘယ်လိုပြောရမှာလဲ ဒု လှလှကြီးတွေ့ပြီ၊ တောက်...ခွေးမ မိုက်ရိုင်းလိုက်တာကွာ"

"မောင်ငြိမ်းချမ်း တခြားမိန်းမယူသွားရင် တော်သေ တယ်၊ သတို့သား သစ္စာဖောက်လို့ မင်္ဂလာပွဲဖျက်တယ်ပေါ့၊ ခု တော့... ခုတော့ ကိုယ့်သမီးကြီးကိုယ်တိုင်က ဖြတ်ခုတ်သွားတာ ဆိုတော့... အမယ်လေး ဘယ်လိုမျက်နှာနဲ့ ဒီမြို့မှာ နေကြမလဲ ကိုမြင့်ဝင်းရဲ့...

သည်လင်မယားမှာ ကြုံတွေ့လာသော သွေးပျက်ဖွယ် ဖြစ်ရပ်များကို သူတို့ချင်း ပြောကြဆိုကြ ဖခင်က ဒေါသထွေ ထွက်၊ မိခင်က တအားငို...ဖြစ်နေကြ၍

ကာယကံရှင်သမီးလေး လမင်းဝင်းကို မေ့ထားကြ ကိုယ့်ဇောနှင့် ကိုယ့်ဒေါသနှင့် ပြောဆိုနေကြပြီးချိန်မှာ...



လမင်းဝင်းထံမှ နှလုံးအိမ်ဟက်တက်ကွဲသည့် အသံလေး ဖြင့်...

"ရက်စက်လှချည်လား လရောင်ရယ်"

"ဆရာ့ကို သူတကယ်လုယူသွားပြီလား"

"ဒါဆို ဆရာ လမင်းလေးဆီ မလာတော့ဘူးပေါ့နော်"

"ဒီ...ဒီက မင်္ဂလာပွဲပျက်ပြီ...သမီးတို့...သမီးတို့...သမီးတို့ ဘယ်လို...ဘယ်လို...လုပ်..."

"ဟာ...သမီး...သမီးလေး"

"လမင်းသမီးလေးရယ်"

"အမယ်လေး ခေါ်လို့မရတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ကိုမြင့်ဝင်းရဲ့..."

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

လရောင်သည်...

သူ့စွမ်းဆောင်ချက် အောင်မြင်မှုအတွက် သူ့ကိုယ်သူ သိပ်ဟုတ်လှပြီဟု ထင်ကာ အပျော်ကြီးပျော်နေခဲ့သည်၊ ကိုငြိမ်းချမ်း၏ အထွေးအမွေ့ အယုအယများကိုလည်း သာယာယစ်မူး မဆုံးနိုင်အောင် ရှိခဲ့သည်။

ပြည့်စုံစွာ ဖန်ဆင်းထားပြီးသော တိုက်ခန်းကျယ်မှာနေ၍ ဗဲန်ကားလေးတစီစီးကာ ကိုငြိမ်းချမ်းနှင့်အတူ လိုက်ပါနေရသည့် ဘဝကိုလည်း ကျေနပ်ကြည်နူးလှပါသည်။

သို့သော် ကိုငြိမ်းချမ်း၏ မိဘများ ရောက်ရှိလာကြသည့် အခါ လရောင် အတော်လေး ဖြုံမိသည်၊ မန္တလေးတက္ကသိုလ်မှ ပါမောက္ခနှင့် ကထိက ဆိုသော ပညာတတ် အထက်တန်းစား ယောက္ခမများနှင့် သူ သိပ်ရင်မဆိုင်ရဲ ယှဉ်ပြီး စကားမပြောဝံ့။

"ဟာ လမင်းလေးက ဒီအခန်းထဲမှာကို လာလေ အပြင် ထွက်ရအောင် ကိုယ် ပီဇာနဲ့ ဘာဂါတွေ ဝယ်လာတယ်၊ လာ အတူစားကြရအောင်နော်"



"လမင်း မဆာလို့မစားပါရစေနဲ့တော့ ဆရာ"

"ဟာ...မဟုတ်တာ လမင်းကလည်း ဟိုမှာ မေမေတို့က နေ့လည်စာအတူစားဖို့ စောင့်နေကြပြီ လာပါ"

"ဆရာ"

"ဟင်"

"ယောက္ခမကြီးတွေကို ကြောက်လို့ လမင်းမထွက်ခဲ့ပါရစေနဲ့နော်၊ ပြီးတော့ ဆာလည်းမဆာလို့ပါ"

"လမင်းလေးပိုင်တဲ့အိမ်ကို မေမေတို့က လာကြတာလေ၊ လမင်းက ဒီလိုနေတော့ ဘယ်သင့်တော်ပါ့မလဲ"

"မသင့်တော်လည်း မတတ်နိုင်ဘူး လမင်းမှမနေတတ်တာ၊ လမင်းအိပ်နေတယ်လို့သာ ပြောလိုက်ပါ"

မကျေနပ်သောအကြည့်ဖြင့် ပထမဆုံးအကြိမ် ကြည့်လိုက်ပြီးမှ ကိုငြိမ်းချမ်း အခန်းထဲမှ ထွက်သွားတော့သည်။

ရေမြှုပ်မွေ့ရာပေါ် ပစ်လှဲချလိုက်၏ နေရသည်မှာ လုံခြုံအေးငြိမ်းသော်လည်း သူ၏ပုံမှားရိုက် အစားဝင်လုပ်ကြံမှုကြီးကြောင့် သူ့ကိုယ်သူ နည်းနည်းမှ မလုံခြုံပါ၊ အန္တရာယ်တစ်ခုခု ကျရောက်လာတော့မလားဟူသော စိုးရိမ်စိတ်ကြောင့်လည်း နည်းနည်းမှ မငြိမ်းအေးနိုင်ပါ။

ဤယောက္ခမဆိုသူများနှင့်လည်း လုံးဝမတွေ့ချင် ရင်မဆိုင်ချင်။

ဟိုတယ်မှာ ညစာစားပွဲနှင့် လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျင်းပမည်ဆိုသည်ကိုလည်း လရောင်ဝင်းက မလုပ်စေချင်။

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် လရောင်အဖြစ်နှင့် ပွဲလယ်တင့်ရမည်ဆို လျှင်ဖြင့် သတို့သမီးအဖြစ်နှင့် ကျော့ကျော့မော့မော့လေး နေပြ လိုက်ချင်ပါသည်၊ မင်းပရိသတ်အပေါင်းကိုလည်း အပြုံးတွေနှင့် ရွှန်းရွှန်းဝေအောင် ဧည့်ခံလိုက်ချင်ပါသည်။

ယခုတော့...

လမင်းဝင်းဆိုသော နေရာမှာ အစားဝင်ပြီး လမင်းအဖြစ် နှင့် ဟန်ဆောင်နေရမည့် လရောင်လေ...

အန္တရာယ်သည် တစ်ချိန်ချိန်တွင် တစ်နေရာရာမှ ထွက် ထွန်းလာလိမ့်မည်ဟု လရောင် သိနေပါသည်။

သို့သော်...

ထိုအန္တရာယ်သည် ကာလအတန်ကြာပြီးမှ သူတို့နေသား ကျပြီးမှ ကိုငြိမ်းချမ်း၏ သံယောဇဉ်နှင့် ချစ်မေတ္တာကို တကယ် ရရှိပြီးချိန်ကျကာမှ ပေါ်ပေါက်လာစေချင်သည်။

ယခုလို ပြီးပြည့်စုံနေသည့် သူ့ဘဝလေးကို လမင်းဝင်း အား ပြန်မပေးလိုက်နိုင်ပါ။

"ကိုငြိမ်းချမ်း၏ တရားဝင်ဇနီး"

ဟူသော နေရာမှာ သူ အသက်ထက်ဆုံးရှိသွားချင်သည်။

ထိုနေ့ညက...

"ဆရာရယ် ဧည့်ခံပွဲက မလုပ်လို့မရဘူးလားဟင်"

"လမင်းလေးမလုပ်ချင်တဲ့အကြောင်း အရင်ပြောစမ်းပါဦး"

"ကြောက်လို့"

"ဟင်...ကြောက်လို့ဟုတ်လား၊ ဘယ်သူ့ကိုကြောက်တာလဲ"



"ဖေဖေတို့ကို"

ရုတ်တရက် ဖြေလိုက်မိသည်က အံဝင်သွား၏။

"သိပြီ လမင်းလေး ဖေဖေ ဦးမြင့်ဝင်းက သူ့ကို ဆန့် ကျင်တယ်ဆိုပြီး လာရမ်းမှာစိုးလို့လား"

"ဟုတ်တယ်ဆရာရဲ့ ဖေဖေက သိမ်ရမ်းတတ်တာ ဆရာ မတွေ့ဘူးလိုက်လို့ ကြောက်စရာကြီး သိလား"

"ကိုယ်လဲ မကြောက်ဘူး၊ လမင်းလဲ ကြောက်စရာ မလို ဘူး၊ လမင်းလေးက အရွယ်ရောက်နေပြီ၊ လမင်းရှေ့မှာ တရားဝင် လက်ထပ်ထားတဲ့ ခင်ပွန်းလဲ ရှိနေပြီ၊ လာရမ်းလို့ ဘယ်ရမလဲ ဒီမှာ လမင်းလေး"

"အင်း"

"မိဘဆိုတာ သားသမီးဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ဘူး၊ အဲဒါ မြဲမြဲမှတ်ထား"

ကိုငြိမ်းချမ်းက စာမူတစ်ထပ်ကြီးကို စားပွဲပေါ်ချလိုက် ပြီး-

"မနေ့က ကိုပေးထားတဲ့ ပုလဲငုံကဗျာစာအုပ် ပြီးပြီလား လမင်းလေးဖတ်ဖို့ တိုက်က ယူလာတာ ဒီဖိုင်ထဲ ပြန်ထည့်ထား ရမယ်"

သည်တော့မှ သတိရကာ လရောင် ဟိုရှာဒီရှာလုပ်နေသည် ကို ကိုငြိမ်းချမ်းက လှမ်းကြည့်နေသည်၊ နောက်ဆုံး မှန်တင်ခုံ အံဆွဲထောင့်မှာ သနပ်ခါးစက်တွေ ပေနေသော ကဗျာစာအုပ် ယူလာပေး၍-

www.burmeseclassic.com

www.burmeseclassic.com



"လမင်း အားလုံးဖတ်ပြီးပြီလား၊ ဘယ်ကဗျာကြိုက်လဲ ဟင်"

"မဖတ်ရသေးဘူး"

"ဟင်"

ကိုငြိမ်းချမ်းက အံ့သြသလို လှမ်းကြည့်လာတော့မှ လရောင် သတိရကာ ချက်ခြင်းမျက်နှာပြင်လိုက်ပြီး–

"အစက ကဗျာသိပ်ဝါသနာပါတာ ဆရာရယ်၊ ယောကျ်ားရတော့မှ ဘာမှဝါသနာမပါချင်တော့ပဲ ယောကျ်ားကို ချစ်ဖို့ ဝါသနာတစ်ခုပဲ ပါချင်တော့တယ် အဟား..."

"ခွေးမလေး"

ကိုငြိမ်းချမ်းက ချစ်မြတ်နိုးစွာဖြင့် ခေါင်းကို ကိုင်လှုပ်၏။

"ဆရာ့ကို ပြောချင်တယ်"

"ပြောဗျာ"

"ဆရာလို့ မခေါ်ချင်တော့ဘူး"

"ဒါဆိုလဲ တပည့်လို့ခေါ်လေ"

"သွား မဟုတ်တာတွေ"

"ဒါဆို ဘယ်လိုခေါ်မှာလဲ"

"ဆရာဆိုတာကြီးကို မခေါ်ချင်တော့ဘူး ကိုကိုလို့ပဲ ခေါ်ပါရစေနော် ကိုကို"

"ကိုကို ဟုတ်လား"

"ဟုတ်တယ် ကိုကို"

"အပိုင်ခေါ်နေမှတော့ ကိုကိုက ဘာပြောဖို့လိုတော့လဲဗျာ"



"ကိုကိုရာ"

လရောင်က တအားဖက်ထားလိုက်သည်၊ ဆရာဟု ခေါ်ရတိုင်း စိတ်ထဲမှ မလုံမလဲဖြစ်ရသည်၊ ဆရာဆိုတာက လမင်းအတွက်လေ။

ခုတော့ 'ကိုကို'ဆိုသည်မှာ လရောင်အတွက် သီးသန့်ချစ်သူအဖြစ် သတ်မှတ်သည့် သင်္ကေတဖြစ်သွားခဲ့ပါပြီ။

လရောင် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေခဲ့သော မင်္ဂလာညစာစားပွဲကြီးမှာ ချောမောသေသပ်လှပစွာ အောင်မြင်ပြီးဆုံးသွားခဲ့ပါပြီ။

နောက်တစ်နေ့ ဦးတင်ထွန်းအောင်နှင့် ဒေါ်တင်လင်းဝေတို့ ပြန်ခါနီး ထိုင်ကန်တော့ကြသည့်အခါ တောင်းဆုများစွာပေးပြီးနောက် ဒေါ်တင်လင်းဝေ ...

"အားလုံးတော့ အဆင်ပြေပါတယ် သမီးလမင်းဘက်က မိဘမစုံတာတစ်ခုပဲ ဝမ်းနည်းစရာကောင်းတယ်နော်"

သူတို့၏သားလိုမျိုး ပြီးပြည့်စုံသူကို သဘောမတူပါဘူးသော အကြောင်းပြချက်ကို ခံပြင်းစွာဖြင့် ပြောကြား၏။

www.burmeseclassic.com

www.burmeseclassic.com



လရောင်တို့ဘက်က ဘယ်သူမှ ရောက်မလာကြတဲ့အတွက် ယောကျ္ာမကြီးပြောသလို ဝမ်းနည်းစရာမဟုတ်ပဲ ထကချ... ကောင်းလောက်အောင် လရောင် ဝမ်းသာနေကြောင်း...ဖြ သူတို့မသိရှာကြလေခြင်း။

"မိဘကတော့ ချီးမြှင့်ချင်တာပဲလေ၊ ဒါပေမယ့် သားက... လဲ မအား၊ သမီးကလဲ မင်္ဂလာပွဲထပ်မလုပ်ပါနဲ့ဆိုလို့ မန္တလေ... မင်္ဂလာပွဲတော့ မေမေတို့ မကျင်းပဖြစ်တော့ပါဘူး"

"သားတို့ လာခဲ့ပါ့မယ်၊ ဒီလမဂ္ဂဇင်းရုံးတင်ပြီးရင် သား... လမင်းလေးနဲ့ မန္တလေးတက်ခဲ့ကြပါ့မယ် မေမေ"

"မေမေတို့ကတော့ အမြဲမျှော်လင့်နေကြပါတယ်၊ လာနိုင်... တဲ့အခါသာ၊ လာခဲ့ကြပါ"

"ဟုတ်ကဲ့ပါ မေမေ"

လရောင်က ပြောလိုက်ရသော်လည်း ခေါင်းငုံ့၍သ... ပြောရခြင်းပါ။

ဒေါ်တင်လင်းဝေ၏ စူးရှထက်မြက်သော မျက်ဝန်းမျ... ကို လရောင် ပြန်မကြည့်ရဲပါ။

ဒေါ်တင်လင်းဝေ၏ အကြည့်က လရောင်၏ ကိုယ်ခန္... ကို ထွင်းဖောက်၍ မြင်နိုင်သလို တန်ခိုးကြီး၏။

"သား...ဖေဖေ၊ ထွန်းမြတ်ဆီတောင် ဖုန်းဆက်လိုက်သေ... တယ်"

လရောင် ဆတ်ဆို မော့ကြည့်ရင်း ထိတ်ပျာစွာ ဖော... ဆိုင်းနေချိန်မှာပဲ-



"သမီးလမင်းရဲ့ မိဘနဲ့ အစ်မတို့ အိမ်တံခါးပိတ်ထား တယ်။ ဘယ်သွားကြလဲလို့ အိမ်နီးနားချင်းကအစ မသိကြဘူး တဲ့၊ လူကြီးချင်း စီစဉ်ထားပါလျှက်နဲ့ သမီးက ထွက်ပြေးသွား လို့ ရှက်ကြတယ်ထင်ပါရဲ့လို့ ထွန်းမြတ်က ပြောတယ်"

"လမင်းလေးရဲ့မေမေက တော်တော့်ကို ပြေလည်ပါတယ်၊ သားကိုလည်း တကယ့်ကို လိုလိုလားလား လက်ခံတာပါ၊ သား နဲ့ ဆုံခွင့်မရလိုက်တဲ့ သူ့အဖေကြောင့်သာ ခုလိုလွဲချော်ကုန်ရတာ ပါ၊ အဲဒီအတွက် မေမေတို့ သားတို့ကို ခွင့်လွှတ်ပါ"

"မိဘဆိုတာ သားသမီး အပြစ်လုပ်ရင်တောင် ခွင့်လွှတ် ရတာ၊ ခုကိစ္စက သားမှာ အပြစ်ရှိတာမှ မဟုတ်ပဲကွယ်"

စကားဝိုင်းက အားလုံးပြေပြေလည်လည် ပျော်ပျော်ရွှင် ရွှင်နှင့် ပြီးဆုံးသွားခဲ့သည်။

သို့သော်...

မီးရထားဘူတာရုံသို့ ဦးတင်ထွန်းအောင်နှင့် ဒေါ်တင်လင်း ဝေတို့ ဆင်းရန် တစ်နာရီခန့်အလိုမှာ-

"ခဏသား"

တိုက်ခန်း၏ဝရံတာသို့ မိခင်က ခေါ်သွားသဖြင့် ကိုငြိမ်း ချမ်း လိုက်သွားခဲ့ရသည်။

ဒေါ်တင်လင်းဝေသည် တက္ကသိုလ်မှ ရူပဗေဒကထိက ဖြစ်၍ အတတ်ပညာရှင်တစ်ဦးလည်း ဖြစ်သည့်အတွက်...

"သားကို မေမေတစ်ခုပြောခဲ့ချင်လို့"

"ဟုတ်ကဲ့ ပြောပါ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



“လမင်းဝင်းရဲ့ မျက်လုံးတွေကို မေမေ သံသယဖြစ်မိတယ် သား”

“ဗျာ”

“ဒီမိန်းကလေးဟာ တစ်ခုခုကို ဖုံးကွယ်ထားတာတော့ သေချာသလောက်ပါပဲ”

“လမင်းလေးဟာ ရိုးသားပါတယ် မေမေ”

“ထင်စရာပါပဲ၊ ဒါပေမယ့် သူ တစ်ခုခုကို ဖုံးကွယ်ထား တာတော့ အမှန်ပဲ၊ အမေကတော့ တွေ့တွေ့ချင်းပဲ စိန်နားကပ် စိန်လက်စွပ်၊ ပတ္တမြားနဲ့ ရွှေလက်ဝတ်ရတနာတွေ ပေးလိုက်မိ ပြီ၊ ဆင်းရဲတဲ့သားရဲ့ချစ်သူ မေမေ့ချွေးမလေးကို ဆင်မယ်ဆို ပြီး မေမေ အများကြီးပေးခဲ့တာပါ၊ ပေးပြီးသားတော့ ရှိပါစေ တော့ ဒါပေမယ့် လမင်းဝင်းကို အကြွင်းမဲ့ မယုံကြည်ပါနဲ့လို့ မေမေ မှာခဲ့ချင်တယ်”

“သူ ဘာကို ဖုံးကွယ်ထားတယ်လို့ မေမေ ထင်သလဲ ဟင်”

“အဲဒီလောက်အထိတော့ မေမေ တွေးယူလို့မရနိုင်ဘူး သား၊ သူ့မိသားစုနဲ့ လုံးဝကင်းကွာသွားတာကလည်း တစ်မျိုး တော့ တစ်မျိုးပဲ”

“မေမေပြောမှ သားတောင် နည်းနည်းစိတ်ထင့်သွားပြီ”

“စိတ်တော့ မထင့်ပါနဲ့ လမင်းကို အကြွင်းမဲ့မယုံဖို့ပဲ မေမေမှာခဲ့ချင်တယ်၊ ဒါပါပဲ သား‌ရယ်၊ လာ အိမ်ထဲပြန်ဝင်ကြ စို့”



သားအမိနှစ်ယောက် လက်တွဲပြီး ဝရံတာမှ အခန်းတွင်းသို့ ပြန်ဝင်လာကြချိန်မှာ–

လရောင်သည်လည်း သံသယမျက်ဝန်းများဖြင့် ကိုငြိမ်းချမ်းတို့သားအမိကို ကြည့်နေမှန်းသိသော်လည်း ဘာမှမဖြစ်သလို နေလိုက်ပြီးမှ–

“ကဲ…မေမေတို့ကို ဘူတာကြီးလိုက်ပို့လိုက်ဦးမယ်၊ လမင်း အိမ်မှာပဲ နေခဲ့နော်”

“ရပါတယ် လိုက်ဖို့မလိုဘူးဆိုလဲ နေခဲ့ရုံပေါ့”

ကိုငြိမ်းချမ်းပင်လျှင် တမျိုးခံစားလာရသည်။

ဆရာဇော်ဂျီရေးခဲ့သော စိတ်ကောင်းရှိမှ စာကောင်းရေး နိုင်မှာ ဆိုသလို လမင်းလေး စာရေးစဉ်က “ညက်ညက်ပြေပြေ လေး၊ လူချင်းတွေ့ရတော့လည်း သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ လေး ဖြစ်ပါလျှက်နှင့်–

ခုလိုလက်ထပ်ပြီးချိန်မှာ ပြောပုံဆိုပုံက မပျော့ပျောင်း ယောက္ခမများနှင့် ဆက်ဆံရာမှာလည်း မပြေပြစ်၊ ကိုငြိမ်းချမ်း ကြိုက်ဆုံးက စာပေကို သိပ်မြတ်နိုးပါသည်ဆိုသော ကဗျာဆရာ မလေးကလေး လမင်းဝင်းသည် ခုချိန်မှာ ဘာစာတစ်လုံးမှ ထိတ်ခြင်းပင်တည်း။

ကိုစိတ္တ အယ်ဒီတာချုပ်အဖြစ်နှင့် လုပ်ကိုင်သော “အလင်း သစ်”မဂ္ဂဇင်းသည်လည်း တစ်လထက် တစ်လ စောင်ရေများ လာတက်ကာ ထည်ဝါသော မဂ္ဂဇင်းကြီးတစ်စောင်အဖြစ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နိုင်ခဲ့ပြီ။

ဤသို့ရပ်တည်နိုင်ဖို့အတွက် နေ့ခင်းလည်း ကိုစိတ္တ၏ အလုပ်ချိန်၊ ညဘက်လည်း ကိုစိတ္တ၏ အလုပ်ချိန်အဖြစ် တစ်လတစ်လ မဂ္ဂဇင်း အချိန်မီအောင် ထွက်ရှိရေးအတွက် မအားညမအားလုပ်ရသော လုပ်ငန်းကြီးတစ်ခု ဖြစ်ပေသည်။

ယခုလ နာမည်ကြီးစာရေးဆရာမ၏ ဝတ္ထုတစ်ပုဒ်ကို ခဲယဉ်းယဉ်း တောင်းခံထားပြီးမှ ကွန်ပျူတာလည်းစီပြီး ရိုက်ခါနီး သရုပ်ဖော်ပန်းချီကမရသေး။

"သာမညသွားတယ် သုံးရက်ကြာမယ်"

ဆိုသော အဖြေကြောင့် ဤပုံကို စောင့်နေလျှင် လုံ အချိန်မမီ။

"ဆရာ ကိုယ်တိုင်ဆွဲမလို့လား"

"အေးလေ လုပ်ရတော့မှာပေါ့"

ပန်းချီပစ္စည်းများထုတ် ဆေးခွက်ကိုင်၍ ဖတ်ပြီးသာ ဝတ္ထု၏ အကြောင်းအရာကို အတွေးဖြင့် ပုံဖော်ရတော့သည်

ကိုစိတ္တဆိုသော ကိုငြိမ်းချမ်းသည် တကယ် Artist တ ယောက်ဖြစ်သည်၊ သူသည် ကဗျာဆရာဖြစ်သလို ဆောင်း နှင့် ဝတ္ထုရေးသော စာရေးဆရာလည်း ဖြစ်သည်။ ပြပွဲတင် လောက်သော ပန်းချီကားများ ရေးဆွဲနိုင်သည့် ပန်းချီဆ တစ်ယောက်လည်း ဖြစ်ရုံမက…။

သူ၏ ကဗျာများစွာကို တေးသီချင်းအဖြစ် အသွင်ပြော ရာမှ သံစဉ်ပါ ထည့်ပေးနိုင်သော တေးရေးဆရာတစ်ယော



သည်း ဖြစ်၏။

ယခု သူ့ဝါသနာပါလွန်းသော မဂ္ဂဇင်းတစ်စောင် တည် ထောင်ရာမှာ စာမူတည်းဖြတ်ရုံမက ဒီဇိုင်းပန်းချီနှင့် စာမျက်နှာ အထားအသိုကအစ စက်ပေါ်တင်ရိုက်ရန် ဘယ်လိုစာဖောင်တွဲ သည်ဆိုသော ဒမ်မီကအစ သူ နိုင်နင်းသည်။

ယခုကိုစိတ္တ ဝါသနာပါလွန်းသော မဂ္ဂဇင်းတစ်စောင်ကို အောင်မြင်စွာ လုပ်ကိုင်နေရပါပြီ။

"အလင်းသစ်သည် သူ့နာမည်နှင့် ထုတ်ဝေခွင့်ရရှိသော မဂ္ဂဇင်းမဟုတ်ပါ၊ ရှေးယခင်ကတည်းက စာရေးဆရာကြီးတစ် ဦး၏ ထုတ်ဝေခွင့်ရရှိထားသော မဂ္ဂဇင်းဖြစ်သည်။ ယခု ဤ ဆရာကြီးလည်း ကွယ်လွန်ရှာပါပြီ၊ ဆရာကြီး၏ မိသားစုထံ ငှားရမ်း၍ ထုတ်ဝေခြင်း ဖြစ်သဖြင့် သူ့ဘက်ကသော်လည်း ကောင်း၊ ပိုင်ရှင်ဘက်မှသော်လည်းကောင်း၊ ရပ်ဆိုင်းလိုလျှင် အချိန်မရွေး ရပ်ဆိုင်းသွားနိုင်ပါ၏။

သို့သော် ကိုစိတ္တ၏ အနုပညာဝါသနာအရ စိတ်ရော ကိုယ်ပါ နှစ်ပြီး ငွေကြေးပါ အဆုံးရှုံးခံ၍ လုပ်ကိုင်ခဲ့သဖြင့် ယခု အောင်မြင်လာချိန်မှာ ငွေကြေးအမြတ်များပါ ရရှိလာခဲ့ပါပြီ။

"ဆရာစိတ္တ ဖုန်း"

အမှုဆောင်အယ်ဒီတာလေး၏ အော်သံကြောင့် စုတ်တံကို ချပြီး တယ်လီဖုန်းကိုင်လိုက်သည့်အခါ…

"ကျွန်တော့်ကို ဒေါ်ခင်လေးရီက ဆက်ခိုင်းလို့ပါ"

"အင်း ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာနဲ့ ဆရာ့ဇနီးကို တွေ့ပါရစေတဲ့၊ အလုပ်တိုက်မှာ မတွေ့ချင်ဘူး၊ အိမ်မှာတွေ့ချင်တယ်၊ ဘယ်အချိန် ဘယ်နေရာကို လာခဲ့ရမလဲလို့ မေးခိုင်းလို့ပါ"

"အခုဆက်တာဘယ်သူလဲ"

"ကျွန်တော့်ကို ဆက်ခိုင်းလိုက်လို့ပါ- ဒေါ်ခင်လေးရီကို တော့ သိပါတယ်နော်"

"ဟာ...သိတာပေါ့ကွာ ငါ့ယောက္ခမပဲ"

"အင်း...အစ်ကို့လိပ်စာပြောပါခင်ဗျ"

"ဘယ်နဲ့ လူကြီးကလာရမှာလဲ၊ တို့လူငယ်က သွားရမှာပေါ့၊ ဒေါ်ဒေါ်ခင်လေးရီတစ်ယောက်တည်းလား၊ ဦးမြင့်ဝင်းရော ပါသလား"

"အဲဒါတွေ ကျွန်တော့်ကို ဘာမှမမှာဘူးခင်ဗျ၊ သူ့ကြည့်ရတာ သိပ်အရေးကြီးနေပုံပဲ၊ အစ်ကိုတို့ လိပ်စာသာပေးလိုက်ပါ"

"ဟုတ်ပြီ ဒါဆိုလဲ မှတ်လိုက်နော်၊ လမ်း ၅၀၊ အိမ်နံပါတ် က---၊ သုံးလွှာမှာ "အလင်းသစ်မဂ္ဂဇင်း" ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတဲ့ ဘယ်ဘက်အခန်းပါ"

"ဟုတ်ကဲ့ ဖုန်းနံပါတ်ရော"

"အိမ်မှာဖုန်းမရှိဘူး၊ အခုအလုပ်တိုက်မှာပဲ ဖုန်းရှိတာ"

"ဘယ်အချိန်တွေ့နိုင်မလဲတဲ့ နှစ်ယောက်လုံးကို တွေ့ချင်တာတဲ့"

"အိမ်လာတဲ့နောက်တော့ နှစ်ယောက်လုံးကို တွေ့ရမှာပေါ့ကွာ ညနေ ၅ နာရီကစပြီး နောက်ပိုင်းရှိပြီလို့ ပြောလိုက်ပါ"



"ဟုတ်ကဲ့ခင်ဗျ"

"ဒါပဲနော်"

တယ်လီဖုန်းချပြီးနောက်မှာ စိတ်ပေါ့ပါးစွာပင် ပန်းချီပြန်ရေးဖြစ်သည်။ ဤယောက္ခမကြီးက သူနှင့် ပြေလည်ပြီးသား။ အဖိုးကြီးကြောင့်သာ ခုလိုခိုးပြေးရသည်၊ သိက္ခာမဲ့အဖြစ်မျိုးနှင့် ကြုံရသည်ဟုလောက်သာ တွေးဖြစ်ပြီး အလုပ်တွေဆက်လုပ်နေလိုက်သည်။

"ဆရာစိတ္တပြန်တော့မလို့လား"

"အေးဗျာ အိမ်ကို ယောက္ခမကြီး လာမယ်ဆိုလို့"

စာရေးဆရာကိုလွမ်းအောင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

"ဟာ...ကိုကိုပြန်လာပြီ ဘာတွေဝယ်လာတာလဲဟင်"

"ခေါက်ဆွဲကြော်ရယ်၊ ဒိုးနပ်မုန့်တွေရယ်"

"ဟင်...များလှချည်လား"

"ဧည့်သည်လာမယ်ဆိုလို့လေ လမင်းလေးရဲ့"

"ထမင်းမစားရသေးရင်လဲ ခေါက်ဆွဲကြော်ပဲ အဝကျွေးမယ်၊ ပြီးတော့ မုန့်နဲ့ ကော်ဖီမစ်ပေါ့"

"ဘယ်ကဧည့်သည်မို့လဲ၊ ဧည့်သည်က ဘယ်နှစ်ယောက်တောင် လာမှာလဲဟင် ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်ယောက်လာမယ်တော့ မသိဘူး၊ ညွှဲသည်က တော့ ကိုကိုတို့အတွက် အရေးကြီးဆုံးညွှဲသည်ဗျ"

"ဟုတ်လား ဘယ်သူလဲ"

"ယောက္ခမကြီး"

"ဘာ"

"လမင်းလေးမေမေ ဒေါ်ခင်လေးရီလာမှာတဲ့ဗျ"

"အမယ်လေး"

"ဘာဖြစ်သွားရတာလဲ လမင်းလေးရဲ့"

"ကြောက်…လို့"

လရောင်ဝင်းသည် နှုတ်က လွှတ်ခနဲ ထွက်သွားသည်။ မျက်နှာမှာလည်း သူသတ်သမားရှေ့မှာ ဒူးထောက်ပေးရတော့ မည့် သူလို ချောက်ချားစွာ၊ ကြောက်ရွံ့စွာဖြင့် သွေးပျက်မတတ် တုန် လှုပ်သွားသည်။

"ကိုယ့်မိခင်လာမှာကိုများ ဘာဖြစ်သွားရတာလဲ လမင်း ရဲ့"

ကိုငြိမ်းချမ်းက ခပ်တည်တည်ပင်ပြော၊ ခပ်တင်းတင်းပင် ကြည့်ပြီး၊ သူ့အထုပ်များကို သူဆွဲကာ ထမင်းစားပွဲပေါ် သွား တင်သည်အထိ၊ လရောင်က နေရာမှာ ရပ်နေဆဲ…။

တုန်လှုပ်ချောက်ချားခြင်း ရင်မဆိုင်ဝံ့ခြင်း ဆိုသော ခံစား မှုသည်သာ သေတတ်ခဲ့ပါလျှင် ဤနေရာတွင်ပင်လရောင် ဆယ်ခါ ပြန် သေပြီးခဲ့ပါပြီ။

ကိုငြိမ်းချမ်းက စားစရာများ စားပွဲပေါ်တင်ပြီး လက်



ဆေးရန် ရေဖွင့်သံကြားမှ လရောင်က အသက်ဝင်လာသလို ကိုငြိမ်းချမ်းနောက်မှ ရပ်လျှက်။

"လမင်းတို့ ရှောင်နေရအောင်ပါ လမင်းမတွေ့ရဲဘူး ကိုကို"

"လမင်းလေးကလဲကွာ အန်တီဒေါ်ခင်လေးရီက ကိုယ် တို့ဘက်ကပဲလေ"

"ဟင်အင်း…လရောင် အဲ လမင်း…လမင်း မတွေ့ပါရ စေနဲ့"

"ဘယ့်နဲ့ ဘာတွေ ကယောင်ချောက်ချားဖြစ်နေတာလဲ"

"မဟုတ်ဘူး ဖေဖေက မလွယ်ဘူး လမင်းတို့ ရှောင်နေ အောင်ပါ ကိုကိုရယ်နော်"

"လမင်း"

ကိုငြိမ်းချမ်းက လက်မှ ရေများကို ဆောင့်ခါချလိုက်ပြီး လေသံမြှင့်၍ ခေါ်လိုက်ပြီးမှ–

"လူကြီးစုံရာနဲ့ သိက္ခာရှိရှိ တောင်းရမ်းယူမယ်လို့ လုပ် ပြီးမှ လမင်း ခိုးခိုင်းလို့ ခိုးယူခဲ့ရပြီးပြီ၊ အခု လမင်းရဲ့ မေမေ က သူကိုယ်တိုင် အိမ်လာခဲ့ပါရစေ၊ ဘယ်အချိန်လာရမလဲလို့ မေးတာကို ညနေ ငါးနာရီမှာ ရှိမယ်လို့ ပြောပြီးပြီ၊ အဲဒါ ထပ် ရှောင်နေရင် ကိုယ် ခွေးဖြစ်သွားမှာပေါ့"

"လ…လမင်း ကြောက်လွန်းလို့ပါ"

"ဘာကြောက်စရာရှိလဲ၊ လမင်းအဖြစ်က ဖြစ်သင့်တာ ထက် ပိုပြီး တုန်လှုပ်နေပါလား၊ လမင်းရှေ့မှာ ကိုယ်ရှိနေပြီ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကိုယ့်ဘဝထဲကို လမင်းဝင်ရောက်ပြီးပြီ၊ ဘယ်သူနှောင့်ယှက်လို့ရတော့မှာလဲ”

နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်ကာ မျက်ရည်များ စီးသွယ်ကျရင်း ကိုငြိမ်းချမ်းကို မမြင်ဘူးသူလို ကြောင်၍ ကြည့်နေပြီးမှ ဖျတ်ဆို ခြေလှမ်းပြီး ကိုငြိမ်းချမ်းနှင့် ရင်ချင်းအပ်၍ ဖက်ထားလိုက်ပြီးမှ–

“ဘယ်သူ့ကြောင့်မှ လမင်းကို ခွဲမထုတ်ပါနဲ့နော်၊ ဘာအကြောင်းပဲရှိရှိ လမင်းရှေ့က ရပ်ပေးပါနော်”

“ဒါပေါ့၊ ဒါပဲပေါ့ လမင်းလေးရဲ့”

“ကိုကို”

“အင်း”

“မေမေတို့ ပြန်ခွဲရင် လမင်းကို မခွဲပါဘူးလို့ ကတိပေးပါ ကိုကိုရယ်”

“အရူးမလေး ဘယ်သူက ခွဲလို့ရတော့မှလဲ ကိုကိုတို့ တရားဝင်လက်ထပ်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ကြပြီးပြီလေ”

“ကောင်းလိုက်တဲ့ စကားလေး လမင်း အားရှိလိုက်တာ ကိုကို”

“အင်း”

“အခု ကိုကိုရှေ့မှာ ရှိနေတဲ့ လမင်းလေးကို ဘယ်တော့မှ မခွဲဘူးဆိုတဲ့ ကတိပေးပါ ကိုကိုရယ် နော်...နော်”

“လမင်းဖြစ်နေတာက လိုအပ်တာထက်ပိုနေပြီ၊ ဘာကြောင့် ကိုကိုက လမင်းကို ခွဲရမှာလဲ အဓိပ္ပာယ်မရှိတာတွေကွာ”



“အဲဒါဆိုလဲ မခွဲဘူးဆိုတဲ့ ကတိလေးပေးပါ ကိုကိုရယ်”

“မခွဲဘူး...မခွဲဘူး ဆယ်ပြန်မခွဲပါဘူး ဆိုတဲ့ ကတိပေးတယ်ကွာ၊ ကဲ ကျေနပ်ပြီလား”

စိုနေသော လက်နှင့်မို့ ပြန်မဖက်ဖြစ်သည်လားမသိ ကိုငြိမ်းချမ်းက နောက်သို့ဆုတ်ခွာပြီး စားပွဲပေါ်မှ လက်သုတ်ပဝါနှင့် သူ့လက်ကို သုတ်နေသည်။ မျက်နှာကလည်း ပြုံးရယ်ခြင်းကင်းစွာ တည်ငြိမ်နေသည်။

သူ့ကို သိပ်ချစ်သည်ဟု ထင်ခဲ့သော

စာပေကို သိပ်မြတ်နိုးသည်ဟု ထင်ခဲ့သော

သိပ်ရိုးသားပြီး တမ်မက်ခြင်းကင်းသည်ဟု ထင်ခဲ့မိသော...

ကိုစိတ္တ၏ လမင်းလေးသည်...

စာထဲကလို နက်ရှိုင်းလှိုက်လှဲစွာလည်း သူ့ကို မချစ်ခဲ့ပါ။

စာပေလုပ်ငန်း ဝိုင်းကူလုပ်ဖို့ဝေးလို့ စာဖတ်ပျင်းသည်ကို စိတ်မချမ်းမြေ့စွာ တွေ့နေရပြီး–

ပစ္စည်းဥစ္စာ အသုံးအဆောင်များပေါ်မှာလည်း လိုချင်တပ်မက်စိတ်ပြင်းစွာ တစ်ခုပြီးတစ်ခု ဝယ်ခိုင်းနေတတ်သော ချစ်နိုးကြောင့်...

ကိုငြိမ်းချမ်း စိတ်မကောင်းဖြစ်ရသည်ကလွဲပြီး လမင်းလေးကို သူ့မိခင်ထံ ပြန်အပ်လိုက်ရလောက်အောင် ကိုငြိမ်းချမ်း စိတ်ကုန်ခြင်းမျိုးတော့ မဟုတ်ပါ။

လရောင်သည်စားပွဲပေါ်မှ ခေါက်ဆွဲထုပ်ကို ပန်းကန်ထဲ

www.burmeseclassic.com



ထည့်ဖို့လည်း သတိမရ ကိုကို့ကို ရေခဲသေတ္တာထဲမှ ရေ တစ်ဖန်ခွက်တိုက်နေကျ အဖြစ်ကိုလည်း သတိမရ။

အိပ်ခန်းထဲဝင်ပြီး ထိုင်ရမလား၊ ထရမလား၊ ထွက်ပြေးရမလား၊ မသိနိုင်လောက်အောင် လရောင်ဝင်း သိပ်စိတ်လှုပ်ရှားနေသည်။

သူနှင့် ကိုကိုတို့နှစ်ယောက် စိတ်တူကိုယ်တူ ရှောင်နေခွင့်ရမည်ဆိုလျှင်ဖြင့် ခုလိုချောက်ချားနေစရာအကြောင်းမရှိပါ။

သူမ၏ တည်ကြည်သော ကိုကိုသည် မေမေ့ကို ရှောင်နေရအောင် ဟူသော စည်းရုံးမှုကို နာခံမည့်သူမဟုတ်ပါ။

စောစောဆီက သူ့ကို မခွဲပါဟူသော ကတိရသော်လည်း မေမေနှင့် ရင်ဆိုင်တွေ့ရလျှင် ပြဿနာက သေးမည်မဟုတ်။

မေမေဒေါ်ခင်လေးရီသည် အေးဆေးငြိမ်သက်သော အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်သော်လည်း ခပ်ညံ့ညံ့ထဲကတော့ မဟုတ်။

ရန်ကုန်အထိ လိုက်လာပြီဆိုကတည်းက ဖြစ်ရပ်မှန်ကို တင်ပြတော့မည်မှာ သေချာသည်။

ဒါဆိုရင်...

သူတို့ချင်းပြောချင်တာ ပြောကြပစေ၊ ပြီးမှ ချစ်ခင်ပွန်း၏ ခြေသလုံးကိုဖက်၍ တောင်းပန်မည်၊ မေမေ့ကိုလည်း "သမီးဘဝကို ဖျက်ဆီးမပြစ်ပါနဲ့တော့" ဟူ၍ ငိုကြွေးကာ ရှိခိုးတောင်းပန်မည်။

"ဟုတ်တယ် ဒီလိုသီးခြားစီလုပ်မှ ဖြစ်မယ်၊ သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်လို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

ဆိုသော အသိအလင်းရောင် ခေါင်းထဲ ဝင်ရောက်လာသည်နှင့် ဆံပင်လေးကို ကလစ်နှင့် နောက်မှာညှပ်လိုက်ပြီး မျက်နှာကို ကရင်မ်ပတ်ဖိဖို့ကာ အဝတ်စားကို မလဲတော့ပါ။

ယခု လရောင်ဝတ်ထားသော အိမ်နေရင်း ဘလောက်နှင့် ပါတိတ်လုံချည်သည် လရောင်တို့မြို့မှာ နေစဉ်က အလှူအတန်းသွားရသော အဝတ်စားလောက် တန်ဖိုးမြင့်နေသည့်အတွက် လဲစရာမလို။

စလင်းဘက်ကလေးကို ယူ၍ အိပ်ခန်းထဲမှာ ခေါင်းလေးသာပြုပြီး ဟိုဒီကြည့်၏။

သူ့မြင်ကွင်းတလျှောက်မှာ ကိုငြိမ်းချမ်း ရှိမနေပါ။

အချိန်ကလည်း ငါးနာရီထိုးရန် ဆယ်မိနစ်သာလိုတော့သဖြင့် အခုနေ တိတ်တိတ်ဆင်းပြီး ပြဿနာကို ရှောင်နေရန် အကောင်းဆုံးအချိန်မို့ လရောင် ခြေဖော့နင်းပြီး ထွက်ခဲ့သည်။

အပြင်ထွက်ရန် တံခါးမကြီးကို အသံမမြည်အောင် ဖွင့်၍ ပွင့်သွားခဲ့ပြီ၊ ကိုယ်ထစ်ခြမ်းစောင်း၍ အခန်းအပြင်သို့ ခြေတစ်လှမ်းချမိချိန်မှာ–

"ဒါ ဘယ်လဲ"

သူမ၏ လက်မောင်းကို တင်းကြပ်နိုင်မြဲစွာ ဆုပ်၍ အိမ်ထဲသို့ ဆွဲသွင်းကာ မေးလိုက်သော ကိုငြိမ်းချမ်း၏ မျက်နှာသည်လည်း တင်းမာလှချေသည်။

"လွှတ်ပါ မေမေ့ကို ကြောက်လွန်းလို့ ခဏရှောင်နေပါ

www.burmeseclassic.com



ရစေ ကိုကိုရယ်”

မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသော လရောင်၏ မျက်နှာကို အကြင်နာမပါသောအကြည့်ဖြင့် ကြည့်လိုက်ပြီး သူ ကိုယ်တိုင် တံခါးဆွဲပိတ်ပြီး ကန့်လန့်ထိုးလိုက်သည်။

“လမင်းလေးလုပ်နေပုံက မဟုတ်တော့ဘူးနော်၊ လမင်း ရှေ့က ကိုကို ရပ်မယ်လို့ ပြောပြီးသားကို ဘာလို့ရှောင်ပြေးမှာလဲ အဓိပ္ပာယ်ကိုမရှိဘူး”

စစ်ပွဲတစ်ခုကို မတိုက်ခင်ကပင် ရှုံးနိမ့်သွားပြီဟူသော အားလျော့စိတ်ဖြင့် ဆိုဖာပေါ် ထိုင်ချပြီး ၁ည်းသည်းသန်သန် ငိုရှိုက်နေ၍–

ကိုငြိမ်းချမ်းသည် သူ၏ ချစ်ဇနီး လမင်းလေးဟူသော အသိဖြင့်ပင် သည်မျှလောက် ငိုကြွေးနေသည်ကို မကြည့်ရက် သောစိတ်ဖြင့် ကိုယ်ကို ကိုင်းညွတ်၍ လရောင်၏ ပခုံးနှစ်ဘက် ကို ဖွဖွလေးကိုင်ကာ နှစ်သိမ့်ချော့မော့တော့မည်ဟု ပျောင်းညွတ် လာချိန်မှာပင်…။

“ဒေါက်…ဒေါက်…ဒေါက်”

ဆိုသော တံခါးခေါက်သံကြောင့် ကိုငြိမ်းချမ်း ကိုယ်ကို ပြန်မတ်လိုက်ပြီး တံခါးဆီသို့သွား၏။

အချိန်က ငါးနာရီထိုးရန် ခြောက်မိနစ်အလို…။

“ဩော်…အန်တီဒေါ်ခင်လေးရီ ဝင်ပါခင်ဗျ တစ်ယောက် တည်းလား”

“တစ်ယောက်တည်းလာမှ ဖြစ်မှာမို့ပေါ့ကွယ်”



“အန်တီနေကောင်းရဲ့လား ပိန်သွားသလိုပဲ”

ပင်ပမ်းညှိုးနွမ်းနေသော ယောက္ခမကြီးကိုကြည့်ပြီး ပြော လိုက်ချိန်မှာ ဒေါ်ခင်လေးရီက အခန်းတွင်းအရောက် လရောင် က ထ၍အပြေး…

ဒေါ်ခင်လေးရီကလည်း ပြေး၍ ဆည်းတားလိုက်ပြီး–

“ဟင် မိလရောင် နင် ဘယ်ပြေးမလို့လဲ”

“လွှတ်…လွှတ်…မေမေ ထွက်သွား”

“ဘာ”

“သမီးအိမ်ထောင်နဲ့ သမီးနေနေပြီ၊ မေမေ ဘာမှလာရှုပ် ရောမလိုဘူး ထွက်သွား”

“ဟင်– ခွေးမ၊ အယုတ်တမာမ ကဲ–”

“သွား…သွား”

“ဟာ”

ဒေါ်ခင်လေးရီက လှမ်း၍ရိုက်သည်ကို လရောင်က အား နှင့် ဆောင့်တွန်းလိုက်သဖြင့် ဒေါ်ခင်လေးရီ ကြမ်းပြင်ပေါ် ဖင် ထိုင်လျက် လဲကျသွားသည်။

ကိုငြိမ်းချမ်းကပါ လန့်သွားပြီး ဒေါ်ခင်လေးရီကို ဆွဲထူ နေချိန်မှာ လရောင်ဝင်းက အခန်းထဲ ပြေးဝင်ပြီး တံခါးပိတ်ပစ် လိုက်သည်။

“အန်တီ နာသွားလားဟင်၊ လာပါ ဒီမှာ ထိုင်ပါ၊ ဘယ် လိုဖြစ်ကြတာလဲဗျာ”

“ဟိုကောင်မကို ရအောင်ခေါ်ထုတ်ခဲ့ အန်တီ သူနဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစုံညီ ရှင်းမယ်”

ကိုငြိမ်းချမ်းလည်း အခြေအနေကို ထိန်းသိမ်းရန်အတွက်–

“ဟေး…ထွက်ခဲ့ပါ တံခါးဖွင့်ပါ၊ ဘာပဲဖြစ်ဖြစ် ရင်ဆိုင် ဖြေရှင်းလိုက်ပါ”

ဒေါ်ခင်လေးရီကပါ ခါးနာသွားသည်ကို အမှုမထားနိုင် အခန်းဝသို့ လျှောက်လာကာ–

“မိလရောင်၊ နင် သတ္တိရှိရှိ ရှင်းဖို့ ထွက်ခဲ့စမ်း”

“သူဟာ ကျွန်တော့်ရဲ့ လမင်းလေး မဟုတ်ဘူးပေါ့၊ ဟုတ် လား အန်တီ”

“လရောင်မှ လရောင်အစစ်၊ သူ သက်သက်လူလည် ပြီး ဖြတ်ခုတ်သွားတဲ့ အယုတ်တမာမ”

“ဟာဗျာ”

ကိုငြိမ်းချမ်းသည် ကောင်းကင်ကြီးတစ်ခုလုံး သူ့အပေ ပြိုကျလာသလို ခံစားလိုက်ရပြီး ခေတ္တမျှ အားလုံးမှောင်မိ သွား၏။

“သမီးလေး လမင်းလေးနဲ့ မင်္ဂလာဆောင်ကာနီးဆဲဆဲ သူ မင်းကို ဖုန်းဆက်ပြီး လာခိုးလှည့်ပါပြောတာ၊ လမင်း မှတ်ပုံတင်ကို ခိုးသွားပြီး လမင်းဟန်ဆောင်နေတာ၊ မောင်မင်း ရယ် အားလဲနာပါရဲ့၊ ရှက်လဲရှက်မိပါတယ်၊ လမင်းဟန်ဆော ပြီး ဒီကောင်မ မင်းကို အပိုင်ကြံလိုက်တာ”

ရင်ထဲက နာကြည်းမှုသည် နာကျင်မှုအဖြစ်နှင့် ကိုငြိ ချမ်း၏ နှလုံးအိမ်၊ ပေါက်ထွက်ပွင့်ကွဲမတတ် ခံစားလိုက်ရသ



“ဒါဖြင့် လမင်းရော၊ လမင်းလေးရော အန်တီ”

“သူ အဲဒီလိုဖြတ်ခုတ်သွားပြီးတဲ့နောက်မှာ အန်တီတို့ ည်း မင်္ဂလာပွဲကိစ္စအတွက် ရှက်လွန်းလို့ သားအမိ သားအဖ းယောက် တစ်နယ်တစ်ကျေးကို ထွက်ပြေးရှောင်ပုန်းနေရတာ ါကွယ်၊ ဒီလိုပဲ နေလိုက်ကြတော့မလို့ပါ”

ဒေါ်ခင်လေးရီက ကြေကွဲမှုနှင့် နာကြည်းမှုတို့ ပေါင်းစပ် ားသော မျက်ရည်ကိုသုတ်ပြီး–

“ဒါပေမယ့် သမီးလေးရောဂါကြောင့် ရန်ကုန်ဆင်းလာခဲ့ ာ၊ လမင်းလေးအဖြစ်ကိုကြည့်ပြီး ရင်နာလွန်းလို့ မင်း အလိမ် ခံနေရတယ်ဆိုတာ အန်တီ တမင်လာပြောတာ”

“လမင်းလေး ခု ဘယ်မှာလဲ သူ… သူ ဘာရောဂါ ခံစား ရတာလဲဗျာ”

“သူ့အဖြစ်က မြင်ရက်စရာမရှိတော့ပါဘူး”

“ဗျာ”

“သူ ဘာကိုမှမသိတော့ဘူး”

“ဟာ…ခု…ခုဘယ်မှာလဲ”

“စိတ်ရောဂါအထူးကုဆေးရုံမှာ ဆေးကုနေရတယ်”

“ကျွန်တော်လိုက်ခဲ့မယ် အန်တီ ခုပဲ ကျွန်တော်လိုက်ခဲ့ အန်တီ ခဏလေးထိုင်ပြီး နားလိုက်ပါဦး”

ယောက္ခမကြီးလက်ကို တွဲ၍ ဆိုဖာပေါ်မှာ ပြန်ထိုင်စေ ်သည်။

“တောက် ! ကွာ… ငါဒီလောက်ပဲ အသုံးမကျရသလား”

www.burmeseclassic.com

www.burmeseclassic.com



တီဗွီစင်ပေါ်မှာ တင်ထားသော သူနှင့် လရောင်တို့၏ ဓာတ်ပုံကို ဆွဲယူပြီး ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ချလိုက်သည်။

ဆိုဖာပေါ်သို့ ပစ်လှဲသွားသလို ထိုင်ချလိုက်ပြီး နှုတ်ခမ်း ကို တင်းတင်းစေ့ပိတ်ကာ အံကိုပါ ကြိတ်ထားလိုက်သည်။

နိုင်ငံကျော်စာရေးဆရာတဲ့...

မဂ္ဂဇင်းတစ်စောင်ရဲ့ အယ်ဒီတာချုပ်တဲ့...

တက္ကသိုလ်မှ ဘွဲ့ရထားတဲ့ လူလတ်ရွယ်တစ်ဦးတဲ့...

အဲဒီလိုဂုဏ်သိက္ခာတွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ား ယောက်ဟာ တောမြို့သူလေးတစ်ယောက်ရဲ့ "လှည့်ကွက်" ကို ခေါင်းလျှိုဝင်သွားခဲ့ရသတဲ့လား...။

သူ့ကိုယ်သူ လမင်းလို့ ဖန်ဆင်းထားတဲ့ မိန်းမတစ်ယောက် ကို ငါက လက်ခံယုံကြည်ပြီး မြတ်နိုးစွာ ပေါင်းသင်းနေရ လား...။

ငါ့ကို သိပ်ချစ်ရှာတဲ့ လမင်းလေးရဲ့ ဘဝပျက်သွားအောင် ငါရဲ့လုပ်ဆောင်ချက်က ပြင်းထန်လွန်းလှသတဲ့သလား...။

ကိုငြိမ်းချမ်းသည်...

အတွေးစုံဖြင့် ဆောက်တည်ရာမဲ့လောက်အောင် ယိမ်း ယိုယွင်းသွားခဲ့ရပြီ။

"ဖြစ်မှဖြစ်ရလေခြင်း"

ဆိုသော နာကြည်းချက်ကြောင့် လောကတွင် ဆက် အသက်ရှင်နေဖို့ပင် မကောင်းတော့လောက်အောင် စိတ် တွေ ကျဆင်းနာကျင်သွားခဲ့ရပြီ။



"မောင်စိတ္တ"

သူ မထူးမိ သိပ်စိတ်ထိခိုက်နေကြောင်းကဖြင့် သိသာ ၏။

"အန်တီသမီးတွေကြောင့် ခုလို နာကျင်ထိခိုက်ရတဲ့အတွက် အန်တီ တောင်းပန်ပါတယ်ကွယ်"

ဒေါ်ခင်လေးရီက မျက်ရည်သုတ်လိုက်ပြီးမှ–

"အန်တီတို့ဟာ ဘာအမည်းစက်မှ မရှိအောင်နေခဲ့တဲ့ သားစုပါ၊ သမီးလေးဟာ စာပေအနုပညာကို သိပ်ဝါသနာပါ ရိုးရိုးသားသားလေးပါကွယ်၊ ဒီကောင်မကြောင့် ခုလို မဖြစ် မဖြစ်ထိုက်တာတွေ ဖြစ်ခဲ့ရတာပါ"

"ဒီလိုဆို ကျွန်တော့်ဆီ ဖုန်းဆက်တာ လမင်းမဟုတ်ပဲ ရောင်ပေါ့နော်"

"ဒင်းပေါ့ကွယ် ဒေါ်ဒေါ်တို့ ဘာဆိုဘာမှမသိခဲ့ရပါဘူး၊ သာဆောင်ဖို့ ပြင်ဆင်၊ ဖိတ်စာတွေ ဖိတ်ပြီးမှ မောင်စိတ္တ က်မလာလို့ ဆရာကြီးအိမ် သွားမေးရပါတယ်။ ဒီတော့မှ င်းရဲ့ မှတ်ပုံတင်ကိုယူပြီး ဒီကောင်မ ခုလို လှည့်ကွက်လုပ် တာ သိရတော့တာပါ"

"တောက်"

ဒေါ်ဒေါ်တို့လည်း ရှက်လွန်းလို့ ထွက်ပြေးပြီး ကျောက် တောင်းမှာ ပုန်းခိုနေပြီး ဓာတ်မြုပ်လိုက်တော့မလို့ပါ"

"ဒီလိုသာဆိုရင် ကျွန်တော် တစ်သက်လုံး အညာခံရ မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်တို့ အဲဒီမှာ မနေသာတော့ပဲ ရန်ကုန်ဆင်း... ရဟဲ့အကြောင်းက သမီးလေး သွက်သွက်လည်ရှုံးသွားလို့ ဆေး... ရအောင် ရောက်လာကြတာပါ"

ဒေါ်ခင်လေးရီမှာ သူ့ကိုယ်သူ အန်တီဟု ပြောလို... ဒေါ်ဒေါ်ဟု သုံးလိုက်နှင့် သူလည်း သိပ်ကို စိတ်လှုပ်ရှား... ကြောင်း မြင်သာနေပါ၏။

ကိုငြိမ်းချမ်း အံကြိတ်ထားဆဲပင်–

"သမီးလေးရဲ့အဖြစ်ကို ကြည့်ပြီး ဒေါ်ဒေါ် ရင်နာ... လို့ ခုလို မောင်စိတ္တဆီ လိုက်လာပြီး အဖြစ်မှန်ကို ဖွင့်... တာပါ"

"လရောင်ကို ကျွန်တော် မပေါင်းသင်းနိုင်တော့ဘူး... နှင်ထုတ်လိုက်ရင် ဒေါ်ဒေါ်တို့ သဘောကရော"

"အမယ်လေး လုပ်လိုက်စမ်းပါ ဒေါ်ဒေါ်မွေးထား... မယ့် ဒီလောက်အကြံပက်စက်တဲ့ သမီးမျိုးကို သနားမနေနိုင်... ကိုယ့်ညီမလေးရဲ့ အသည်းနှလုံးကို နင်းခြေပြီး ဘဝပါ ဆုံး... လုပ်ရက်တဲ့ဟာမ၊ သူလဲ ပြန်ခံရမှ တရားမှာပေါ့၊ နှင်သာ... စမ်းပါ မောင်စိတ္တရယ်"

ဒေါ်ခင်လေးရီသည် လရောင်အပေါ် နာကြည်း... ရက်ကြောက်ခြင်း၊ ဒေါသပြင်းထန်ခြင်းများကြောင့် ကျယ်... သော စကားသံဖြင့် ပြောပြီးချိန်မှာ...

အိပ်ခန်းတံခါး ဝုန်းဆိုပွင့်လာပြီး လရောင်ဝင်းက ... တစ်ကောင်ကဲ့သို့ မာန်ဖီကာ ဒေါ်ခင်လေးရီသို့ လက်ညှိုး...



...ေါက်ထိုးရင်း–

"ရှင်ဟာ ဘာအမေလဲ၊ ဘီလူးမကြီးပဲ၊ ကျွန်မဘဝကို ...ဘာမဖျက်ဆီးနဲ့၊ သွား ခု ဆင်းသွား"

"ငါပြန်ချိန်တန်မှ ပြန်မယ်၊ ဒီမှာ မိလရောင် နင်ဟာ ...မင်းလေးအယောင်ဆောင်ပြီး မောင်စိတ္တကို ခိုးယူတဲ့သူခိုးမ ...ီတာ ဝန်ခံစမ်း၊ မောင်စိတ္တရှေ့မှာ ဝန်ခံလိုက်စမ်း"

"မပြောနဲ့၊ ဘာမှမပြောနဲ့ မကြားချင်ဘူး"

"ဘာလို့မပြောရမှာလဲ ငါမွေးထားတဲ့ အမေကိုယ်တိုင်က ...င်ဟာ လရောင်လို့ တမင်လာပြောတာ ဘာဖြစ်သလဲ၊ ဒီမှာ ...ောင်စိတ္တ"

"ပြောပါ"

"သူဟာ အယုတ်တမာမဆိုတာ မင်းသိပြီနော်၊ မင်း ...ကြိုက်သလိုဆုံးဖြတ်ပါ၊ ဒါပဲ ဒေါ်ဒေါ် သွားမယ်"

ဒေါ်ခင်လေးရီကလည်း ဒေါသမျက်ရည်များကို သုတ် ...မ်းပြီး နေရာမှထ၍ တံခါးဝဆီသို့အသွားမှာ ကိုငြိမ်းချမ်းက ...ဖျတ်ဆို ထပြီး–

"ခဏ ဒေါ်ဒေါ်"

ဒေါ်ခင်လေးရီ ပြန်လှည့်အကြည့်မှာ...

"သူ့ကိစ္စကို နောက်မှပဲ ဖြေရှင်းတော့မယ်၊ အခု ကျွန်တော် ...မင်းလေးဆီ လိုက်ခဲ့မယ်"

ကိုငြိမ်းချမ်းလှမ်းနေသည့် ခြေအစုံကို လရောင်ဝင်းက ...မ်းဖက်ကာ–

www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့ မသွားပါနဲ့ ကိုကိုရယ်၊ 'ကိုကိုတို့ တရားဝင်လက် ထပ်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ကြပြီးပြီလေ၊ ဘယ်သူမှ ခွဲလို့ရတော့မှာလဲ' ဆိုပြီး စောစောကပဲ ကိုကိုပြောခဲ့တယ်လေ နေခဲ့ပါ ကိုကို နေခဲ့ပါ"

"အေး ငါပြောတာမှန်တယ်၊ အဲဒါ လမင်းလေးပဲ ထ ပြီး ပြောခဲ့တာလေ၊ မင်းက လမင်းမှ မဟုတ်တာ၊ ဖယ်စမ်း ကွာ လာ ဒေါ်ဒေါ် သွားကြမယ်"

ကိုငြိမ်းချမ်းက သူ့ကို ဆောင့်တွန်းပစ်လိုက်ပြီး တံခါး အပြင်သို့ ထွက်လိုက်သည်။ ဒေါ်ခင်လေးရီကလည်း ခပ်သုတ် သုတ် ထွက်သွားနှင့်ပြီမို့–

"ကိုကို...ကိုကို လိုက်မသွားပါနဲ့ ကိုကိုရဲ့"

ဆိုသော လရောင်၏အသံများ မဆုံးမီမှာပင် တံခါး ဝုန်းဆို ဆောင့်ဆွဲပိတ်ပစ်လိုက်ပြီး၊ သားမက်နှင့် ယောက္ခမ လေ့ကားထက်မှ ခြေလှမ်းသွက်သွက်ဖြင့် ဆင်းသက်လာခဲ့ တော့သည်။

❖ ❖ ❖

ဆရာ...မလာ

ဆရာ...မလာပါ

ဆရာ...မလာ

ဆရာ...မလာပါ

ဆရာ...မလာ...

တစ်ခွန်းပြောပြီးတိုင်း စက္ကူတစ်ရွက်မှ အစရှည်လေး တစ်စကို ဖြည်းဖြည်းချင်း ဆွဲဆုတ်နေသော လမင်းလေးခေါ် မင်းဝင်း။

မျက်လုံးက ဘယ်မှမကြည့်။

မျက်ဝန်းက ဘယ်မှမရွေ့လျား။

သူကိုင်ထားသော စက္ကူနှင့် သူဆုပ်နေသော စက္ကူစလေး များကိုသာ တစိုက်မတ်မတ်ကြည့်၍ စကားကိုလည်း လေသံတိုး တိုးဖြင့် သည်နှစ်လုံးတည်းသာ ပြောနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...မလာ

ဆရာ...မလာပါ...

နံရံမှာ ကျောမှီ၍ ခြေလေးဆင်းကာ ဤစကားနှစ်ခွ
တည်းသာ ပြောနေရှာသည်။

စားရမှန်းလည်းမသိ။

အိပ်ရမှန်းလည်းမသိ။

အတင်းခွံ့ကျွေးမှ စားသည်။ အိပ်ဆေးတိုက်မှ အိပ်သည်

သူကလည်း တခြားဘာစကားမှမပြော။

သူ့ကိုလည်း ဘာပြောလို့မှမရ။

ဆရာမလာပါ ဆိုသော စွဲလန်းမှုတစ်ခုကလွဲပြီး ဘာကို
မသိ၊ မိမိ၏ ကိုယ်ပိုင်ဘဝတစ်ခုလုံး ပျောက်ဆုံးနေရှာသေ
အချစ်ရူးမလေး လမင်းဝင်း...။

"အဲဒါသာ ကြည့်ပါတော့ မောင်စိတ္တရယ် သမီးလေ
အဖြစ်က ဘယ့်လောက်များ အသည်းနာစရာ ကြေကွဲစရာကော
လိုက်သလဲဆိုတာသာ ကြည့်ပါတော့ကွယ်"

နံရံကို ခပ်လျှော့လျှော့လေးမှီ၍ ကြမ်းပြင်တွင် ထိုင်
သော လမင်းလေးနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး ကိုငြိ
ချမ်းက လမင်းဝင်း၏ လက်ကလေးကို ဖွဖွလေးကိုင်ကာ–

"လမင်းလေး ဆရာလာပြီလေ"

လမင်းဝင်းက မော့မကြည့်၊ သူ့လက်ထဲမှ စက္ကူများ
သာ ကြည့်ပြီး ဖြည်းဖြည်းချင်း ဆုပ်နေ၍–

"ဆရာမလာပါလို့ မပြောနဲ့တော့နော်၊ ဆရာလာပါ



အခု လမင်းလေးရှေ့မှာ ဆရာရောက်နေပါပြီကွယ်"

မျက်လုံးလေးတစ်ချက် လှန်ကြည့်လာ၍ အားတက်စွာ
ပြုံးပြလိုက်ချိန်မှာ လမင်းလေးက နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်
သဖြင့်–

"လမင်းလေး သတိရပြီပေါ့နော် လမင်းရဲ့ဆရာလေ
စိတ္တလေ"

"သမီး သမီးလေး သမီးရဲ့ ဆရာမောင်စိတ္တ ရောက်လာ
ပြီလေ ကြည့်ပါဦးကွယ်"

မျှော်လင့်ခြင်းအပြည့်ဖြင့် လမင်းလေး၏ ဖခင် မိခင်နှင့်
ချစ်သူတို့က စောင့်မျှော်ကြည့်ရှုနေကြသည်။

"ဆရာ...ဆရာရောက်လာပြီလား" ဆိုပြီး ဝမ်းနည်းဝမ်း
သာစိတ်ဖြင့် ဖက်၍ပင် ငိုလေမလား။

ဤသို့ အဖြစ်မှန် ဘဝမှန်ကို ပြန်သိသွားလျှင် အားလုံး
ပြီးပြီ၊ စိတ္တဇဝေဒနာပျောက်ဆုံးပြီဆိုသော မျှော်လင့်ချက်ဖြင့်
သုံးယောက်လုံး ဝိုင်း၍ကြည့်နေချိန်မှာ...

"ဆရာ...မလာပါ"

"ဆရာ...မလာပါ"

ဆိုသော အသံတိုးတိုးလေးဖြင့် ဆက်လက်ရွတ်ဆိုရင်း
စက္ကူစလေးများကို ဆက်လက်ဆုတ်ဖြဲမို့–

လမင်း...လမင်းလေးရယ်။

"ဖြစ်မှဖြစ်ရလေကွာ"

ကိုငြိမ်းချမ်းက ထိုင်ရာမှထပြီး လက်သီးကို ကျစ်ကျစ်

www.burmeseclassic.com

www.burmeseclassic.com



ပါအောင်ဆုပ်၍ နံရံကိုထုရင်း ကြိတ်မနိုင် ခဲမရလေသံဖြင့်–

"တို့ချစ်သူနှစ်ယောက်ပေးဆပ်လိုက်ရမှုက များလွန်းလှချည်လား"

"တို့နှစ်ယောက်ရဲ့ ဆုံးရှုံးမှုက အတိုင်းမသိအောင် ရှည်ဝေးနက်ရှိုင်းလှချည်လားကွာ"

အမြင်အားလုံး ဝေသီမှုန်မှိုင်းသွား၏။

သူ့မျက်ဝန်းမှာ မျက်ရည်တို့ ဝေ့လာ၍ ဖြစ်သည်။

သူ့ဘာအမှားမှ မလုပ်ခဲ့ပါပဲနှင့် သူ့ဘဝတစ်ခုလုံး ရစရာမရှိလောက်အောင် စုတ်ပြတ်ခဲ့ရသည်၊ ပြန်မတ်၍မရနိုင်လောက်အောင် ပြိုလဲသွားခဲ့ရချေပြီ။

"မောင်စိတ္တ ထိုင်ပါဦးကွယ်"

ဦးမြင့်ဝင်းက ကြေကွဲလွန်းသော အသံတိမ်တိမ်လေးနှင့် သူ့လက်မောင်းကို ကိုင်၍ ပြောလာသည်။

ဦးမြင့်ဝင်းဆိုသူသည် လရောင်ဝင်းပြောသည်နှင့် ဆန့်ကျင်ဖွာ အေးဆေးတည်ငြိမ်၍ သိက္ခာရှိပုံရသော လူရိုးကြီးတစ်ဦးဖြစ်ပေသည်။

"ကျွန်တော်ဟာ ပြဿနာကြုံလာတိုင်း ကိုင်တွယ်ဖြေရှင်းတတ်တဲ့ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပါတယ် အန်ကယ်လ်ဒါပေမယ့် အခုကိစ္စကြီးကတော့ဗျာ..."

သူစကားမဆက်နိုင်တော့ပါ။ ကျဉ်းမြောင်းလွန်းလှသော အိမ်ခန်းလေးအတွင်းမှာ ဖြစ်၍ လမင်းလေး၏ မမြင်ရက်စရာရုပ်သွင်ကိုလည်း မြင်နေရ၏။



"အခု ဒေါ်ဒေါ် မောင်စိတ္တဆီကို လိုက်လာတဲ့အကြောင်း သူ့အဖေမသိပါဘူး။ ကိုမြင့်ဝင်းသိရင်လဲ တားမှာပါ။ ဒေါ်ဒေါ်ဘာလို့ရှာပြီး လာရသလဲဆိုတော့...

ဒေါ်ခင်လေးရီက သူ့ခင်ပွန်းကို လှမ်းကြည့်လိုက်၍–

"မောင်စိတ္တ စိတ်မချမ်းသာဖြစ်ရမယ့်ကိစ္စတွေ မပြောပါနဲ့တော့ကွာ"

"သူ့ကို တိုင်ပင်ရင် ဖျက်မှာစိုးလို့ ဒေါ်ဒေါ် မဂ္ဂဇင်းထဲက ဖုန်းနံပါတ်နဲ့ ဆက်ခိုင်းလိုက်တာပါ၊ မောင်စိတ္တ စိတ်မကောင်းဖြစ်ပါစေဆိုတဲ့ ရည်ရွယ်ချက်မရှိခဲ့ပါဘူး၊ ဒါပေမယ့် ဒီသမီးလေးအဖြစ်ကို ရင်နာလွန်းလို့ ဟိုကောင်မလဲ ပြန်ခံစားပစေဆိုပြီး သူ့ရဲ့ လိမ်ညာလှည့်ဖျားမှုကို မောင်စိတ္တသိရအောင် ဒေါ်ဒေါ် တမင်လာပြီး ပြောခဲ့တာ"

"ကျွန်တော့်တစ်သက်မှာ ဒီလောက်ဆန်းပြား ရှုပ်ထွေးတဲ့ ဆုံးရှုံးမှုကြီးမျိုး ဖြစ်ရလိမ့်မယ်လို့ တစ်ခါမှတောင် မတွေးမိခဲ့ဘူး၊ ကျွန်တော် သိပ်စိတ်လှုပ်ရှားနေတယ်၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကျွန်တော် လုံးဝတွေးမရနိုင်သေးဘူး"

အားလုံး ငြိမ်တွေသွားကြသည်။

အခန်းကျဉ်းလေးထဲမှာ လေသံတိုးတိုးလေးကို စဉ်ဆက်မပြတ်ကြားနေရ၏။

"ဆရာ...မလာ

ဆရာ...မလာပါ

ဆရာ...မလာ

www.burmeseclassic.com

www.burmeseclassic.com



သူကချစ်တာထက် အဆပေါင်းများစွာ သူ့ကို လေးစားကြည်ညိုစွာ ချစ်မြတ်နိုးခဲ့ရှာသော လမင်းလေး၏အဖြစ်ကို သူ ဆက်လက်၍ မကြည့်ရက်တော့ပါ။

ဤသားအမိသားအဖသုံးယောက်၏ ဆင်းရဲဒုက္ခကလည်း ကြီးမားလှကြောင်း မြင်တွေ့ရသဖြင့် သူ့လက်မှာ ကိုင်လာသော ပိုက်ဆံအိတ်ထဲမှ ပါသမျှ ပိုက်ဆံအားလုံး ထုတ်ယူလိုက်သည် တစ်သောင်းကျော်လောက် ရှိလေမည်၊ ပိုက်ဆံများကို အထပ်လိုက် ကိုင်၍ စားပွဲပေါ်ပုံချကာ–

"လမင်းလေးအတွက် ဆေးဖိုးပါ"

"ဟာ မလုပ်ပါနဲ့ မပေးပါနဲ့"

ဦးမြင့်ဝင်းက အားနာစွာ တားမြစ်သည်။ ဒေါ်ခင်လေးရီကလည်း–

"ဒေါ်ဒေါ်တို့မှာ ချို့တဲ့နေတာတော့ အမှန်ပါပဲ၊ မြို့ကိုလည်း မပြန်ရဲတော့ အိမ်ရောင်းမယ့်ကိစ္စကလည်း လုပ်မရသေးဘူး၊ ဒါပေမယ့် ဒေါ်ဒေါ် မောင်စိတ္တဆီ ရောက်လာတာ ငွေ လိုချင်လို့ လုံးဝမဟုတ်ပါဘူးဆိုတာ ဒေါ်ဒေါ် ကျိန်ပြီး ပြောရဲပါတယ်"

"ကျွန်တော်ယုံပါတယ် အဲဒါတော့ ယူထားလိုက်ပါ၊ ကျွန်တော် ပြန်မယ်"

ကိုငြိမ်းချမ်းသည် လမင်းလေးကို တစ်ချက်မှ စောင်းငဲ့မကြည့်တော့ဘဲ အိမ်ခန်းလေးထဲမှ ထွက်လာခဲ့သည်။

စောင်းငဲ့မကြည့်ခဲ့ခြင်းသည် မကြည့်ချင်၍ မဟုတ်၊ မကြည့်



ရက်ခြင်းကြောင့် ဖြစ်ပါ၏။

ဒီနေ့မှ ကားကို ဝပ်ရှော့ပို့ထားသဖြင့် အလာတုန်းက တက္ကစီကားငှား၍ လာခဲ့ကြသည့်အတွက် အပြန်တွင်...

မြောက်ဥက္ကလာမြို့၏ ရပ်ကွက်လေးထဲမှ ထွက်ပြီး ကားလမ်းမကြီးရှိရာအထိ သူလျှောက်လာခဲ့သည်။

သူ့မျက်စိရှေ့မှာ ဘတ်စ်ကားများ၊ လူနေအိမ်ခြေများ၊ လမ်းသွားလမ်းလာများ အားလုံး ရှိနေကြပါလျက်–

ကိုငြိမ်းချမ်းသည်...

အကာအရံ အကာအကွယ်နှင့် ထိတွေ့ကိုင်တွယ်စရာ ဘာဆိုဘာမှ မရှိသော လေဟာနယ်ကြီးအလယ်မှာ သူ တစ်ယောက်တည်း လွင့်မြောနေရသလို။

သူသွားစရာနေရာမရှိ၊ သူပြန်စရာလမ်းမရှိ၊ သူနေထိုင်စရာ ဘာအဆောက်အအုံမှ မရှိပဲ–

အားလုံး ပျက်စီးပျောက်ဆုံးကာ အတိုင်းမသိ ကျယ်ဝန်းသော ဟင်းလင်းပြင်ကြီးအတွင်းမှာ သူတစ်ယောက်တည်း....။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ သိပ်များနေပြီနော်"

"မင်း ငါ့ကို ဆရာလာမလုပ်နဲ့"

"ဆရာလုပ်တာမဟုတ်ပါဘူး စိုးရိမ်လို့ပါ"

"အရက်သောက်များလို့ မှောက်သွားတယ်ဆိုတာ ပျော့ညံ့တဲ့ကောင်တွေမှ ဖြစ်တာကွ"

"ဆရာကလဲ"

"ငါ ဘယ်လောက်သောက်သောက် ဘယ်တော့မှ ဘာမှ မဖြစ်စေရဘူး စိတ်ချ"

"ဆရာပြန်တော့မလို့လား"

"ပြန်ပါဘူး"

စာရေးဆရာစိတ္တကို ကြည်ညိုချစ်ခင်စိတ်ဖြင့် ဤမဂ္ဂဇင်းတိုက်မှာ တပည့်အဖြစ်နှင့် နေထိုင်သော ကဗျာဆရာပေါက်စလေး ရဲနီက သူ့ဆရာကို ငြိုး၍ကြည့်နေသည်။

အိမ်မှာ ရခါစမိန်းမကို ပစ်ထားပြီး ဆရာလား မပြန်မှာ... ဟူ၍ စိတ်ထဲက ပြောရင်း သူ့ဆရာကို ငြိုး၍ ကြည့်နေဆဲမှာ—

BURMESE CLASSIC .com



တူ...တူ...

ဆိုသော အသံဖြင့် တယ်လီဖုန်းလာနေ၍ ရဲနီကပင် ကောက်ကိုင်၍ ထူးလိုက်ပြီး—

"ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျာ၊ ဆရာ...ဆရာ့ ဖုန်း"

ရဲနီက ဟိုဘက်ကိုလည်းပြော သည်ဘက်ကိုလည်း ဖုန်းလှမ်းပေးနေ၍—

"ဘယ်သူနဲ့မှ စကားမပြောချင်ဘူးကွာ။ ဘယ်သူလဲ၊ ဘာကိစ္စလဲလို့ မေးလိုက်၊ အရေးကြီးရင် မနက်မှ ဆက်၊ အရေးမကြီးရင် တစ်သက်လုံးမဆက်နဲ့လို့ ပြောလိုက်စမ်းကွာ"

တခြားတဘက်မှ ဆရာ့စကားများ မကြားသာ စကားပြောခွက်ကို လက်နှင့် ပိတ်ထားပြီးမှ နားနားပြန်ကပ်ကာ—

"ဘယ်သူပါလဲခင်ဗျာ ဘာကိစ္စရှိပါသလဲ ဆရာစိတ္တ အလုပ်သိပ်များနေလို့ခင်ဗျ"

"............"

"ဗျာ"

ရဲနီက ဖုန်းကို လက်နှင့်အုပ်လိုက်ပြီး—

"မဖြစ်ဘူး ဆရာရေ ပြောပေတော့ ဆရာ့ဇနီးပါ၊ လမင်းဝင်းပါတဲ့"

"ဘာလမင်းလဲ၊ ဟောကောင် ငါ လုံးဝ စကားမပြောချင်ဘူးလို့ ပြောလိုက်စမ်းကွာ"

"ဟာ ဆရာကလဲဗျာ ကျွန်တော်ပြောလို့ ဘယ်ကောင်းမလဲ လင်နဲ့မယားဆိုတာ စိတ်ဆိုးတုန်း ခဏပေါ့ဗျာ၊ လာပါ

www.burmeseclassic.com

www.burmeseclassic.com



ဆရာရယ် လာပြောလိုက်စမ်းပါ”

“မင်းထင်တာတွေ စွတ်ပြောမနေနဲ့ အခုဖုန်းပြန်ချဆို ချလိုက်စမ်း”

သည်လောက်တင်းမာသော သူ့ဆရာ၏ မျက်နှာကို ရဲနီ တစ်ခါမှမမြင်ဘူး၍ ကြောက်လန့်စွာ ဖုန်းပြန်ချလိုက်သည်။

စက္ကန့်ပိုင်းအတွင်းမှာ ဖုန်းက ထပ်မြည်လာပြန်သည်။

“ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ”

“............”

“ဆရာ...ဆရာ့ဖုန်းပဲ”

“ချပစ်လိုက်စမ်း”

ရဲနီက ဖုန်းချလိုက်ရပြီး–

“ဆရာကလည်း သနားပါတယ်ဗျာ၊ ပြောလိုက်ပြီးရော ရကာစလင်နဲ့မယားဆိုတာ ဒီလိုပဲ စိတ်ကောက်တတ်ကြတယ် ဆို”

“တကယ့်လင်မယားအစစ်ဆိုရင်တော့ ဟုတ်မှာပေါ့ကွ၊ ဒီမှာ ဟောကောင် မင်းပါးစပ်ပိတ်ထားစမ်း”

ကိုစိတ္တက အရက်တစ်ခွက်ထပ်မော့သောက်ပစ်လိုက်ပြန် သည်။

ရဲနီက သူ့နားထင်ကိုသူ လက်ညှိုးနှင့်ထောက်ပြီး လှည့် ပြလိုက်၏။ ‘တကယ့်လင်မယားအစစ်’ဆိုသော စကားများ ကြောင့် သူ့ဆရာ ‘ကြောင်’သွားပြီဟု မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။



တယ်လီဖုန်းထပ်မြည်လာပြန်သည်။

ဆရာက လက်ပြလိုက်သဖြင့် ရဲနီက မကိုင်ရဲ။

“ဆရာ ကျွန်တော် လက်ဖက်ရည်သွားသောက်လိုက်ဦး မယ်”

ကိုစိတ္တက လှည့်၍ပင်မကြည့်။

ရဲနီ အောက်ထပ်သို့ ဆင်းသွား၏။

တယ်လီဖုန်းက မြည်နေဆဲ...

ကိုစိတ္တက တယ်လီဖုန်းကြိုးကို လှမ်းကိုင်ပြီး ဆွဲဖြုတ်ပစ် မည်လုပ်လိုက်ပြီးမှ–

“မဂ္ဂဇင်းတိုက်က တယ်လီဖုန်းပါလား”ဆိုသောအသိဖြင့် ဘာမှ မလုပ်ဖြစ်လိုက်တော့ပါ။

အချိန်က ညကိုးနာရီထိုးတော့မည်။

ကိုစိတ္တသည် စိတ်ဓာတ်ရော ကိုယ်ခန္ဓာပါ ကြံ့ခိုင်သူမို့ အရက်ကို ခပ်များများသောက်သော်လည်း ခံနိုင်ရည်ရှိသည်။ သတိလက်လွတ် ဘယ်တုန်းအခါကမှ မဖြစ်ခဲ့။

တယ်လီဖုန်းက ဆက်တိုက်မြည်နေရာမှ ရပ်သွားတော့ သည်။

“ဒီမိန်းမလက်လျှော့သွားပြီထင်ရဲ့”

ကိုစိတ္တသည် သူ့လက်ရှိအဖြစ်ကို သူကိုယ်တိုင် ပြန်မတွေး ရဲ။

ထိုမိန်းကလေးနှစ်ယောက်လုံးကို သူ ထပ်ပြီး မတွေ့ချင် တော့ပါ။

www.burmeseclassic.com



လရောင်နှင့် ရင်ဆိုင်ရလျှင် သူ့ရင်မှ နာကျည်းခြင်း ဒေါသတို့ ပေါက်ကွဲပြီး သူ...လူသတ်မိလိမ့်မည်။

လမင်းနှင့် တွေ့ရလျှင်လည်း ယူကြုံးမရသော နာကျင် များ သူ့နှလုံးအိမ်ဟက်တက်ကွဲနိုင်သည်။

အရက်ကိုပင် ဆက်၍သောက်ချင်စိတ်မရှိတော့၍ စီးကရ များ၊ တစ်လိပ်ပြီး တစ်လိပ် ဆက်လက်၍ ဖွာနေသည်။

နာရီဝက်ခန့် ကြာမြင့်ချိန်မှာ တံခါးခေါက်သံကြားရ

အောက်ထပ်မှ ပြန်တက်လာပြီး အိပ်ရန်ဟန်ပြင်နေသော ရဲနီက တံခါးဖွင့်၏၊ သူ့တို့မဂ္ဂဇင်းတိုက်မှာ ယောကျ်ားလေး ချည်းမို့ ညဥ့်နက်သန်းခေါင်တိုင်အောင် သည်လိုပဲ ဝင်နေ ထွက်နေကျ။

ရဲနီက တံခါးဖွင့်ပေးလိုက်ပြီးသည်နှင့် ပါးစပ်များ ပွင့် သွားပြီး အံ့သြထိတ်လန့်စွာဖြင့်–

“ဟာ...ဆရာကတော်က ညကြီးမင်းကြီး လိုက်လာတယ်”

လရောင်က တံခါးဝမှ ရပ်လျှက် ကိုစိတ္တက တင်းမာ မြန်းသော မျက်နှာနှင့် လှမ်းကြည့်၍–

“မင်း ဘာလာလုပ်တာလဲ”

“ကိုကိုရယ်”

ခက်ထန်လွန်းသော လေသံနှင့် နူးညံ့နိမ့်ချလွန်းသော လေသံနှစ်ခုကြောင့် “တိုက်ပွဲတော့စပြီ” ဆိုသော အသိဖြင့် ရဲနီ က လရောင်ကို ကွေ့ရှောင်ပြီး လှေကားမှ ဆင်းသက်ကာ အမြန်ဆုံးလစ်ပြီ။



လရောင်က သူ့ကိုယ်တိုင် တံခါးကို ပြန်ပိတ်ပြီး ကိုစိတ္တ ထိုင်နေသည့် နေရာသို့ ပြေးလာကာ ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး ဒူးနေရာကို သူ့လက်ဖြင့် ကိုင်၍ မျက်နှာမော့ကာ မျက်ရည်များ စီးကျရင်းက–

“ကိုကိုရယ် လရောင်ရဲ့ အပြစ်အားလုံး လရောင် ရှိခိုးတောင်းပန်ပါ့မယ်၊ ဖြစ်ပြီးမှတော့ လရောင်ကို ပစ်မသွားပါနဲ့တော့ ကိုကိုရယ်၊ ကိုကို ကြိုက်သလို နေပါ့မယ်၊ ညီမလေး လမင်းကိုလည်း လရောင် ပြုစုပါ့မယ်၊ လရောင်ဟာ ကိုကို့ရဲ့ တရားဝင်ဇနီးမို့ ဒီအတိုင်းပဲ ဆက်ပြီး...

“တော်”

သူ ခြေထောက်ကို ရုပ်လိုက်တာလား ကန်လိုက်တာလားပင် မမှတ်မိတော့ပဲ နေရာမှ ဝုန်းဆို ထရပ်လိုက်ချိန်မှာ လရောင်က လန်လဲကျသွား၏။

“မင်းနဲ့ ဆက်နေဖို့မပြောနဲ့ အခု မင်းမျက်နှာကိုတောင် ငါမကြည့်ချင်ဘူး၊ ငါ မင်းကို မသတ်မိခင် မင်း ထွက်သွားစမ်း”

“သတ်ချင်တယ်ဟုတ်လား သတ်ချင်ရင် သတ်လိုက်စမ်းပါ ကိုကိုရဲ့ ကိုကိုသတ်ရက်ရင် လရောင် သေရဲပါတယ်”

“တောက် !ကွာ”

အရေးထဲ ဓာတ်လမ်းထဲက ဓာတ်လိုက်မင်းသမီးအိုက်တင် လုပ်ပြနေသေးတယ်၊ ရွံဖို့ကောင်းလိုက်တာ။

ကိုစိတ္တက သူ့ကို ကျော်ခိုင်းပြီး ပြတင်းဝမှာ သွားရပ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမကို ကုတ်ကဆွဲကိုင်ပြီး ပြတင်းပေါက်မှ လွှ ပစ်လိုက်ချင်သည်၊ သို့မဟုတ် သူကိုယ်တိုင် ခုန်ဆင်းပြီး သည် မိန်းမနဲ့ ဘယ်သောအခါမှ မတွေ့နိုင် မဆုံနိုင်သည့် အရပ်ဒေသ သို့ သူ ထွက်သွားချင်သည်။

"ကိုကို…ကိုကိုရယ်"

နောက်ကျောကို ပါးအပ်ပြီး ခါးကို ခပ်ဖွဖွဖက်လာပြ သဖြင့် ဆောင့်တွန်းရှောင်ရန်းပစ်ရပြန်သည်။

"ပထမတုန်းကတော့ ညီမလေးကို မနာလိုပြီး အစားဝ မိတာ အမှန်ပါလို့ ဝန်ခံပါတယ်၊ ဒါပေမယ့် ကိုကိုနဲ့ နေခွ ရတဲ့အခါမှာ လရောင် ကိုကို့ကို သိပ်လေးစားလာတယ်၊ သိ ကြည်ညိုလာပြီး သိပ်ချစ်လာမိပါတယ်"

"မင်းကွာ အခုထွက်သွားစမ်း"

"သွားဆိုသွားပါ့မယ် ဒါပေမယ့် လရောင်ဟာ ဘာမ ဖြစ်အောင်လုပ်တတ်တယ်၊ လိုချင်တာကို ဖြစ်တဲ့နည်းနဲ့ ရအော ယူတတ်တယ်"

"သိတယ်၊ သိတယ် မင်းရဲ့ အဲကျင့်ယုတ် အကျင့်ဆိ ကို ငါသိတယ်ကွ၊ လာပြောမနေနဲ့"

"ပြောမယ် ကိုကို အဲဒီလိုနည်းနဲ့ ကိုကို့ကို ရယူခဲ့ပြီးတ နောက်မှာ ကိုကို့ကို လရောင် သိပ်ချစ်သွားခဲ့ပါပြီ"

"မကြားချင်ဘူးကွာ"

"လရောင်ပြောချင်တာတော့ ပြောခဲ့ပါရစေ၊ အဲဒီလ ကိုကို့ကို ချစ်တဲ့အချစ်တွေကြောင့် သိပ်ကြမ်းတမ်းတဲ့ လရော



နဲ့ စိတ်တွေဟာ သိပ်နူးညံ့လာခဲ့ပါပြီ ကိုကိုရယ်၊ ဒါကြောင့် ကိုကိုနဲ့ မခွဲရတဲ့နည်းကလွဲပြီး လရောင် အားလုံးလိုက်လျော ပါ့မယ်၊ လရောင်ကို ကိုကို မစွန့်ပစ်လိုက်ပါနဲ့လို့ပဲ လရောင် ရှိခိုးပြီး တောင်းပန်ပါတယ်ရှင်"

မျက်ရည်များ သွယ်စီးရင်း ကြမ်းပြင်မှာ ထိုင်၍ရှိခိုးနေသော သဏ္ဌာန်ကို ကိုစိတ္တမမြင်ပါ၊ ကျောခိုင်းထား၏။

"လရောင်ရင်ဘတ်ထဲက သိပ်အောင့်နေပါတယ်၊ သိပ်မခံ စားနိုင်တော့ဘူး ကိုကို၊ လရောင်မှာ နှလုံးရောဂါလဲ ရှိပါတယ်"

"လာခြိမ်းခြောက်မနေစမ်းနဲ့ကွာ၊ မင်းမှာ ရောဂါရှိတော့ ရောဂါနဲ့ ငါနဲ့ ဘာဆိုင်လဲ"

"ဘာဆိုင်လဲ ဟုတ်လား ကိုကိုနဲ့ လရောင်ဟာ ဒီလောက မှာ အနီးဆုံးလူသားနှစ်ယောက်လေ ကိုကိုရဲ့၊ တရားဝင် လင် နဲ့ မယားလေ"

"ဒီမှာလရောင်"

သည်တော့မှ မျက်နှာချင်းဆိုင်ဖြစ်ကြ၏။

"ပုစ္ဆာတစ်ခုကို အမှားတွက်မိရင် ဒီတိုင်းထားလို့မရဘူး၊ အမှန်ဖြစ်အောင် ပြန်ပြင်ရတယ်၊ ဘဝပုစ္ဆာဆိုတော့ ပိုပြီးလေး နက်တယ်၊ ငါမသိပဲ ခံလိုက်ရတဲ့ အမှားတစ်ခုကို "နေပါစေတော့ လေ"ဆိုပြီး ငြိမ်ခံနေမယ့် အဆိပ်မရှိတဲ့ ယောကျ်ားမျိုးမဟုတ် ဘူး၊ ဒီမှာ ငါပြောလိုက်မယ်"

"ကိုကိုရယ်"

"မင်း ငါ့ပစ္စည်းတွေ လိုချင်ရင်ယူ ရတယ်၊ ငါ့ဇနီးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခံယူချင်ရင်လည်းရတယ်၊ ဒါပေမယ့် မင်းဆီ ငါ ဘယ်တော့မှ ပြန်မလာဘူး၊ မင်းကို ငါ ဘယ်တော့မှ မပေါင်းသင်းဘူး၊ အေး တစ်ခါတည်း အပြတ်ပြောလိုက်မယ် မင်း ငါ့ဆီက နောက်ထပ် ရနိုင်တာတစ်ခုပဲရှိတယ်"

"ရှင်"

"တစ်သက်လုံး မင်း ငါ့ဆီက ရရှိနိုင်မှာကတော့ ငါ့ရဲ့ နာကျည်းမှု၊ ငါ့ရဲ့ ရွံရှာမှုနဲ့ ငါ့ရဲ့ ခါးသီးတဲ့ အမုန်းတွေပဲ၊ အဲဒါ ငါ့ရဲ့ နောက်ဆုံးစကားပဲ၊ မင်း အခုထွက်သွားမလား၊ ငါ ဆင်း သွားရမလား ဒါပဲပြော"

"လရောင်ကို သနားပါဦးလို့..."

"ငါ ဘာမှ ထပ်မကြားချင်တော့ဘူး လရောင်၊ အခု မင်းနဲ့ ငါ မျက်နှာချင်းဆိုင်တွေ့ရတာ နောက်ဆုံးလို့ပဲ မှတ်လိုက် ငါ သွားပြီ"

"နောက်ဆုံး"

လရောင်၏ အသံသဲ့သဲ့လေးကို သူ လှေကားပေါ်မှ ဆင်း သက်လာချိန်မှာ တကယ်ပဲ နောက်ဆုံးကြားသိလိုက်ရသည်။

အပြင်တွင် ည၏ အမှောင်ထုက သိပ်သည်းစပြုပြီ။

❖ ❖ ❖



ဆရာဝန်ဆိုသော်လည်း နားကြပ်နှင့် ထောက်၍ နှလုံးကို ခုန်ကို နားထောင်ရသော ဆရာဝန်မျိုးမဟုတ်။

လူနာ၏ မျက်နှာ၊ လူနာ၏ မျက်ဝန်း လူနာ၏ စကား များကို ကြည့်ရှုနားထောင်ပြီး လူနာ၏ ရောဂါအခြေအနေကို ဖွေရသော...

စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာဦးအောင်ခင်ဦး။

"လမင်းဝင်း ဆရာ့ကို မှတ်မိလား"

ခေါင်းခါပြ၏။

"ပြီးခဲ့တဲ့ သောကြာနေ့က ဆရာနဲ့ လမင်းတို့ စကားပြော တယ်လေ လမင်းရဲ့ ဆရာကို ရှာပေးမယ်လို့ ပြောခဲ့တာ မိလား"

ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အခု လမင်းဝင်းရှာနေတဲ့ ဆရာကိုစိတ္တနဲ့ ဆုံရပြီလေ မပျော်ဘူးလား"

ခေါင်းခါပြ၏။

"ကိုစိတ္တကို မှတ်မိလား"

ခေါင်းညိတ်ပြ၏။

"ဘယ်လိုပုံလဲ ဆရာ့ကို ပြောပြပါလားကွယ်"

လမင်းလေး ငြိမ်နေ၍ သူ့မေမေ ဒေါ်ခင်လေးရီက–

"ပြောပြလိုက်လေ သမီး မောင်စိတ္တက ချောလား"

"ချော..."

"အဲ...ဟုတ်ပြီ ဘယ်လိုချောတာလဲ ပြောပြပါဦးကွယ် အရပ်ရှည်လား ပုလား၊ အသားဖြူလား မည်းလား"

ဘာကိုမှ စဉ်းစားလို့ ရပုံမပေါ်သော မျက်ဝန်းဝိုင်းလေးဖြင့် ဒေါက်တာ့ကို လှမ်းကြည့်နေပုံက သနားစရာ။

"အဲဒီဆရာကိုစိတ္တကိုရော တွေ့ချင်လား"

ခေါင်းညိတ်ပြ၏။

"မနေ့က သမီးဆီလာတယ်ဆို"

"မလာပါ ဆရာ မလာပါ"

နောက်ထပ် ဘာမေးလို့မှ မရတော့ပါ၍ ဒေါ်ခင်လေးရီက လမင်းဝင်းကို တွဲ၍ အပြင်ခေါ်ထုတ်သွားချိန်မှာ ဦးမြင့်ဝင်းက–

"ကျွန်တော့်သမီးလေး အခြေအနေက ကုလို့မှရပါတော့မလား ဆရာရယ်"



"သူ သိပ်စွဲလန်းနေတဲ့ ကိုစိတ္တဆိုသူ ရောက်လာရင် မျှော်လင့်ချက်ရှိတယ်လို့ ကျွန်တော် ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ဒါကြောင့် သူ့အမေလည်း လိုက်ရှာပြီး ခေါ်လာခဲ့တာပါ။ ဒါပေမယ့် သူ လုံးဝမမှတ်မိတော့ဘူး ဆရာ အခြေနေဆိုးသွားပြီလား"

"ပိုဆိုးသွားတာတော့ မဟုတ်ပါဘူး၊ တိုးတက်မလာသေးတာပါပဲ။ စောစောက ပြောတော့ ပုံမှန်ပြန်စားနေပြီ၊ အိပ်လည်း အိပ်တယ်လို့ ပြောတယ်နော်"

"ဟုတ်ပါတယ်"

"စိတ်ရောဂါဆေးတိုင်းဟာ အနည်းနဲ့အများတော့ အိပ်ဆေးပါတတ်ကြပါတယ်၊ စိတ်ရောဂါလူနာဟာ အိပ်စက်နိုင်ဖို့ အရေးကြီးပါတယ်"

"ဟုတ်ကဲ့ဆရာ"

"အခြေနေ တိုးတက်မလာသေးတဲ့အတွက်တော့ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမယ့် လက်လျှော့ရတဲ့ အခြေနေမျိုးတော့လည်း မဟုတ်သေးပါဘူး၊ အဲဒီလို ရောဂါမျိုးဆိုတာက စိတ်ထားနူးညံ့သိမ်မွေ့ပြီး စိတ်မာတ်မခိုင်မာတဲ့ အထူးသဖြင့် မိန်းမတွေမှာ အဖြစ်များပါတယ်၊ တစ်စုံတစ်ခုကို သိပ်မျှော်လင့်ထားတယ်၊ ရမယ်လို့လည်း သေချာပေါက် အပိုင်တွက်ထားတယ်၊ အဲဒီအချိန်မှာ ရုတ်တရက်ကြီး ဆုံးရှုံးခံလိုက်ရရင် အဲဒီလိုမျိုးဖြစ်သွားတတ်ပါတယ်"

ဖြစ်ပျက်မှုအားလုံး ဆရာဝန်ကို ပြောပြထားပြီးသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် ဖခင်တစ်ယောက်အနေနှင့် ရှက်ရွံ့စွာ ဦးမြင့်ဝင်းမှာ မျက်လွှာချထားလိုက်ရသည်။

"သိပ်လဲ စိတ်မပူကြပါနဲ့၊ အခု အစားပုံမှန် အအိပ်ပုံမှန် ဖြစ်သွားတာပဲ ကိုယ်ခန္ဓာကျန်းမာရေးအတွက် အားတက်စရာပါ"

"ဟုတ်ပါတယ်ဆရာ"

"စိတ်ဝေဒနာသည်တွေဟာ ကိုယ့်ကိုကိုယ် စားရကောင်းမှန်းမသိ၊ အိပ်ရကောင်းမှန်းမသိ၊ ရာသီဥတုဒဏ်ကို မသိကြလို့ ကိုယ်ခန္ဓာမှာပါ ရောဂါတွေ ဝင်လာတတ်ကြတာပါ၊ အခု လမင်းဝင်းက ကိုယ်ခန္ဓာအတွက် စိုးရိမ်စရာမရှိတော့ပါဘူး"

"ဟုတ်ကဲ့"

"အရင်ပေးထားတဲ့ ဆေးအတိုင်းပဲ ဆက်တိုက်ပါ၊ နှစ်ပတ်နေမှ ကျွန်တော့်ဆီ တစ်ခေါက်ခေါ်လာပါ"

ဦးမြင့်ဝင်း ပြန်ထွက်လာချိန်မှာ ဒေါ်ခင်လေးရီကလည်း အားငယ်သောမျက်ဝန်းများဖြင့်ပင်-

သမီးလေး သိပ်စွဲလန်းနေသူ ပျောက်ဆုံးသွားသဖြင့် သမီးလေး ရောဂါရခဲ့သည်။ သူစွဲလန်းသူနှင့် ပြန်ဆုံရလျှင် ပြန်မှတ်မိပြီး ရောဂါပျောက်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ယခု သူ စွဲလန်းနေသောသူ၊ သူ့အနားသို့ ပြန်ရောက်လာပါလျက် ဘာကိုမှ ပြန်မသိနိုင်တော့သော အခြေနေ။

'ဆရာဝန်ကိုယ်တိုင်ကလည်း 'ပျောက်မှာပါ' 'ဆေး ဘယ်နှစ်လ ဘယ်နှစ်နှစ်သောက်ရင် ပျောက်မှာပါ'ဟူသော အာမခံချက် လုံးဝမရှိသော ဝေဒနာ...



"သမီးလေးတော့ ရေတိမ်နစ်ပြီထင်ပါရဲ့ ကိုမြင့်ဝင်းရယ်"

ဆေးရုံမှ အပြန်တွင် ဒေါ်ခင်လေးရီက အားလျော့သည့်သံဖြင့် ပြောရင်း မျက်ရည်ကျ၏။

သမီးငယ်၏လက်ကို အဖေတစ်ဖက် အမေတစ်ဖက် တွဲ ဆေးရုံထဲမှ ထွက်ခဲ့ကြသည်။

ချူချာသော ဤသမီးလေးနှစ်ယောက်ကို ငယ်စဉ်က အိပ်ရမနေရအောင် ပင်ပမ်းကြီးစွာ ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ အရွယ်ရောက်လာပြန်တော့လည်း သူတို့ပေးသော ဒုက္ခကို ခါးစည်းခံကြရပြန်၏။

ဤလူ့လောက မြန်မာ့မိသားစုနယ်ပယ်မှာ သားသမီးလုပ်ရတာကောင်းသလောက် မိဘဖြစ်ရတာ ဆိုးလှချေသည်။

သမီးလေး၏ အဖြစ်ကို ရင်နာလွန်းသဖြင့် ဒေါ်ခင်လေးရီ အခြေကျနေကြသော မောင်ငြိမ်းချမ်းနှင့် လရောင်တို့ထံသို့ သွားပြီး အဖြစ်မှန်ကို ဖွင့်ပြော၏။ မောင်ငြိမ်းချမ်းကို ခေါ်လာ၏။

သို့သော် သည်ဘက်မှာ ဘာအကြောင်းမှ ထူးမလာခဲ့။ ဟိုဘက်မှာရော ဘာတွေဖြစ်ကုန်ကြပြီလဲ။

"သွားပြောမိတာ မှားပြီလား"

ဆိုသော သံသယရောနေသည့် နောင်တ၊ ဒေါ်ခင်လေးရီ ရင်မှာ ဖြစ်ထွန်းစပြုလာသော်လည်း ဦးမြင့်ဝင်းသို့ ဘာမှဖွင့်ပြောဖြစ်ပါ။

"ငါ့သမီးကြီးကို မောင်ငြိမ်းချမ်း ဘယ်လိုဒုက္ခတွေများ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေပြီလဲ”

ဟူသော စိုးရိမ်စိတ်ဖြင့် သမီးကြီးကို ပိုချစ်သော ဦးမြ
ဝင်းက စိုးရိမ်ပူပန်နေမိသော်လည်း သူ့ခံစားချက်ကို ဇနီးသည်
အား ထုတ်ဖော်ပြောကြားခြင်းမပြုပါ။

ဤသို့ဖြင့် စိတ်ရောဂါကု ဆေးရုံနှင့် သွားလမ်းလာလ
သင့်သော မြောက်ဥက္ကလာမှ အိမ်ခန်းလေးသို့ ပြန်ခဲ့ကြရပါ၏

ဆယ်ပေမျှသာရှိသော အိမ်ခန်းလေးမှာ သော့ခတ်ထား
ဖြစ်၏။ ဤအခန်းမှာ ဦးမြင့်ဝင်း၏ အဒေါ်ဝမ်းကွဲ သားသ
မရှိသော မုဆိုးမကြီး ဒေါ်ဒေါင်း၏ အခန်းလေးဖြစ်သည်။

သူက တရားရိပ်သာမှာ တရားအားထုတ်နေ၍ မိသာ
သုံးယောက် လွတ်လပ်စွာ နေခွင့်ရ၏။ ပါလာသမျှ ရွှေလေ
ရောင်းပြီး စားသောက် ဆေးကုနေချိန်မှာ ကိုစိတ္တက
တစ်သောင်းခြောက်ထောင်ကျော် ပေးခဲ့သဖြင့် ယနေ့ တက္က
ကားလေးနှင့် ပြန်လာနိုင်ခဲ့ကြသည်။

ဦးမြင့်ဝင်းက ကားခရှင်းပေးနေချိန်မှာ…

“တို့အခန်းရှေ့မှာ လူတစ်ယောက် ရပ်နေပါလား”

ထိုအသိဖြင့် ဆက်မလှမ်းတော့ဘဲ သမီးလက်ကို ဆွဲ
ရပ်နေကြဆဲမှာ…

“ဦးမြင့်ဝင်း၊ ဒေါ်ခင်လေးရီဆိုတာ”

“ဟုတ်ပါတယ် ဘာကိစ္စလဲ”

“ဆရာကိုစိတ္တက လွှတ်လိုက်လို့ပါ ကျွန်တော်က
တပည့်ရဲနိုင်ပါ”



“အင်း ပြောပါ”

“ဆရာက လိုက်နိုင်ရင် လိုက်ခဲ့ကြပါတဲ့”

ရဲနိုင်၏ မျက်စိမျက်နှာပျက်ကို ကြည့်ပြီး ဒေါ်ခင်လေးရီ
တို့ လင်မယားနှစ်ယောက် အကြည့်ချင်းဆုံလိုက်ပြီးမှ–

“ဘာကိစ္စတဲ့လဲကွယ်”

“ဆရာ့ဇနီးကိစ္စပဲ ဖြစ်မှာပါ”

“ဟင် သမီးကြီး ဘာဖြစ်လို့လဲ”

“အဲဒါတော့ ကျွန်တော် မသိဘူးခင်ဗျ၊ သူတို့လင်မယား
စိတ်ဆိုးနေကြတယ်၊ ဒါကြောင့် မလမင်းရဲ့ ဖေဖေနဲ့ မေမေက
လာပြီး ဖျောင့်ဖျပေးဖို့ ခေါ်လွှတ်လိုက်တာ ဖြစ်မှာပါ၊ ကျွန်တော့်
ဆရာလည်း တအားဦးနှောက်ခြောက်နေပုံပဲဗျ”

“ဒါဆို ကိုယ်– ကိုယ်လိုက်သွားမယ်”

“ကျွန်မရော”

“သမီးလေးနဲ့ နေခဲ့ပေါ့၊ မင်းသွားဖွင့်ပြောလိုက်တဲ့အတွက်
သမီးကြီး ဘယ်လိုရင်ဆိုင်နေရရှာမလဲ၊ ဘာပဲဖြစ်ဖြစ် ငါ့သမီး
ကြီးအတွက် ငါလိုက်သွားမယ်ကွယ်”

“သွား…သွား”

ဒေါ်ခင်လေးရီကိုယ်တိုင် လူမှန်းသူမှန်း မသိအောင် ရှူး
ချင်စိတ်ပေါက်လာသည်။

သမီးနှစ်ယောက်၏ ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲ
ဟု၍ ဒေါ်ခင်လေးရီ လုံးဝမတွေးတတ်တော့ပါ။

ဦးမြင့်ဝင်းက နောက်ထပ် ဘာစကားမှ မပြောတော့ပါဘဲ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရဲနီနောက်က လိုက်သွားသည်။

ဒေါ်ခင်လေးရီက တံခါးဖွင့်၊ သမီးလေးကို ဆွဲခေါ်၊ အဝ[illegible] အစားလဲပေးပြီး ထမင်းခွံ့ကျွေးရသေးသည်။

သူကိုယ်တိုင်ဖြင့် ထမင်းတစ်စေ့မှ မစားဖြစ်ပါ။

မိလရောင်အကြောင်း ဘာများကြားရမလဲဟူသော စိုး[illegible] စိတ်က ရင်ထဲ၌ နင့်နေ၏။

မိခင်တစ်ယောက်၏ အနှိုင်းမဲ့မေတ္တာများဖြင့် နာကျ[illegible] စိတ်တွေ ကွယ်ပျောက်ပြီး သမီးကြီးအတွက် ပူပန်ရသော စိ[illegible] က နှလုံးအိမ်ကျွမ်းမြေ့မတတ် ရင်မှာ လောင်မြိုက်ရပြန်ချေ[illegible]

ကိုကို

ဘယ်လိုနည်းနဲ့မှ ကိုကိုက လရောင်ကို လက်မခံတော့ဘူးဆိုတာ သေချာသွားပြီလေ…

လရောင်အဖြစ်က မိဘဆီလည်း ပြန်လို့မရတဲ့ဘဝ…

ဒါကြောင့် ကိုကိုတို့နဲ့ အဝေးဆုံးနေရာဒါမှမဟုတ် ဘယ်သောအခါမှ ပြန်မတွေ့နိုင်မယ့်



နေရာသစ်တစ်ခုဆီကို လရောင် ထွက်သွားပါပြီ။

လရောင် ပိုင်ဆိုင်သင့်တယ်လို့ထင်လို့ ပစ္စည်းတွေကိုတော့ ယူသွားပါတယ်။

နောက်ဆုံးအနေနဲ့ ကိုကို သိအောင် လရောင်ပြောခဲ့မယ်

လရောင်ရဲ့ ဝမ်းကြာတိုက်ထဲမှာ ကိုကိုရဲ့ မျိုးဆက်သွေးလေး ဖြစ်တည်နေတာ နှစ်လကျော်ခဲ့ပါပြီ။

ကိုကိုသိပ်မုန်းတယ်ဆိုတဲ့
လရောင်

"သမီး ဘယ်ကို ထွက်သွားမယ်ထင်သလဲ၊ ဟင်… [illegible]မောင်ငြိမ်းချမ်း"

"လရောင်ဟာ ဘယ်သူနဲ့ အဆက်အသွယ် ရှိနိုင်တယ်၊ သူ ဘယ်ကိုသွားနိုင်တယ်ဆိုတာ ကျွန်တော့်ထက် ပိုပြီး ဦးလေးတို့က သိနိုင်မှာပါ"

ဦးမြင့်ဝင်း ကမ်းပေးသောစာကို ကိုငြိမ်းချမ်းက ပြန်ယူ[illegible]ပြီး စားပွဲပေါ် ပစ်တင်ထားလိုက်သည်။

"သမီးမှာ ကိုယ်လေးလက်ဝန်ပါသွားတယ်ဆိုတော့ ဦးလေး သိပ်စိတ်ပူတယ်ကွယ်၊ ဦးလေးသမီးကို ဦးလေး ပြန်[illegible]သိမ်းပါ့မယ် ရှိနိုင်တဲ့ နေရာလေးသာ ညွှန်ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်လိုလုပ်သိမလဲ၊ ဦးလေးတို့မှ သိနိုင် မယ့်ကိစ္စလေ၊ ဒါကြောင့် ဘယ်လိုလုပ်ချင်သလဲဆိုပြီး ကျွန်တော် က ခေါ်မေးရတာ"

"သမီးကြီးကိုပဲ ပြန်တွေ့ချင်တယ်ကွယ်"

"လရောင်ဆိုတာ သိပ်အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်လို ကျွန်တော် သူနဲ့ လုံးဝ ပြန်မတွေ့ချင်ဘူး"

"မဟုတ်သေးဘူးလေကွယ်၊ သမီးဆီမှာ မောင်ငြိမ်းချမ်း ရဲ့ ရင်သွေးပါသွားပြီလေ"

"အဲဒါလဲ ဟုတ်ချင်မှ ဟုတ်မှာပါ"

"ဟုတ်ခဲ့ရင်ရောကွာ"

"ကျွန်တော် မလိုချင်ဘူး၊ ဒီမိန်းမမျိုးနဲ့ရတဲ့ ရင်သွေး ကျွန်တော် မလိုချင်ဘူး"

ဦးမြင့်ဝင်းက ဒေါသနှင့် လှမ်းကြည့်လိုက်သော်လည်း ဘာစကားမှမပြောဖြစ်ပါ။

ရိုးရိုးတော်စပ်ရသည့် သားမက်မျိုးသာဆိုလျှင် နှ... ထအုပ်ပစ်လိုက်မိမည်ထင်သည်။ ယခုတော့ ကိုယ့်သမီးဘက်... လွန်ကျူးထားသဖြင့် ဘာမှမတုန့်ပြန်ရဲ။

သားကောင်းသမီးကောင်းတို့၏ မိဘများက ခေါင်းမော့... နိုင်သလောက် သားဆိုးသမီးဆိုးတို့၏ မိဘများမှာ ခေါင်း... မဖော်ရဲကြသည့် အဖြစ်ပါ။

"အေးလေ ဘာပဲဖြစ်ဖြစ် ဦးတို့ကတော့ ကိုယ့်ရင်သွေး ကို ရက်စက်နိုင်တဲ့စိတ်မရှိလို့ လိုက်ရှာရမှာပဲ"



"ရှာပါ ကျွန်တော်ကတော့ ရှာလည်းမရှာနိုင်ဘူး၊ မရှာပဲ တွေ့ခဲ့ရင်လည်း လက်မခံနိုင်ဘူး။ ဦးသမီးက စားပြဲတိုက်သွား သလိုကို အကုန်ယူသွားတာ"

"ဟင်"

"မေမေပေးခဲ့တဲ့ ပတ္တမြားလက်ဝတ်ရတနာတွေ၊ စိန် ...းကပ်၊ စိတ်လက်စွပ်နဲ့ ရွှေတွေသာမက ကျွန်တော့်ပိုက်ဆံ အားလုံး ယူသွားတာမှ ဆယ်တန် ငါးကျပ်တန်ကအစ အားလုံး ပြောင်အောင် ယူသွားတာ၊ သူထမ်းမချနိုင်တဲ့ ခုတင်တို့ စားပွဲတို့ပဲ ကျန်ရစ်တယ်"

ဦးမြင့်ဝင်း ဘာမှမပြောရဲ၊ ဒေါသနှင့် အရှက်နှင့်သာ ...က်နှာများ နီမြန်းလျှက်...

"ဦးကိုတော့ ကျွန်တော် အားနာပါတယ်၊ ဒါပေမယ့် ...လိုမိန်းမမျိုးကို ကျွန်တော် ဘယ်နည်းနဲ့ လက်ခံနိုင်ပါတော့ လဲ"

"မောင်ငြိမ်းချမ်း ဦးတို့ကို ခေါ်တာ အဲဒါမျိုးတွေ ပြော ...င်လို့လား"

"ဟုတ်ပါတယ် ပြီးတော့ လရောင် ကျွန်တော့်ဆီက ...က်သွားပြီဆိုတာလဲ ဦးတို့ သိသင့်တယ်ထင်လို့ ခေါ်ပြော ...ပါ"

"အင်း အခုသိရပြီပဲ၊ ဦးပြန်တော့မယ် မောင်ငြိမ်းချမ်း"

"ကောင်းပါပြီ ဒါနဲ့ လမင်းရဲ့ အခြေနေကရော"

ဦးမြင့်ဝင်းသည် ပြန်ဖို့ ထပြီးမှ ကိုငြိမ်းချမ်း၏ အနား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သားမက်မျက်နှာကို စေ့စေ့ကြည့်ကာ–

"လမင်းဝင်းရဲ့ဘဝ ဆုံးသွားပြီ၊ ကုဖို့မလွယ်တော့ဘူး"

"ဟာ"

"ငါ့သမီးနှစ်ယောက်လုံး မင်းကြောင့် ဒုက္ခရောက်ရတာ ချည်းပဲ"

"ဦးလေးရဲ့ စကားက ပြောင်းပြန်ဖြစ်နေပြီခင်ဗျ၊ ကျွန် တော့်ကြောင့် သူတို့ဒုက္ခရောက်ရတာ မဟုတ်ပါဘူး၊ သူတို့ကြောင့် ကျွန်တော်က ဒုက္ခရောက်နေရတာပါဆိုတာ ဦး ဝန်ခံရလိမ့်မယ်"

"မင်းက ဘာတွေများ ဒုက္ခရောက်ရလို့လဲ၊ ဒီအတိုင်း လေ"

"ဟာ ကျွန်တော် အညာခံရတာယ်လေ၊ ဦးသမီးက ကျွန် တော့်ကို မတရားခိုးယူခဲ့တယ်လေ၊ ပြီးတော့ ကျွန်တော့် ငွေသာ မက မေမေပေးခဲ့တဲ့ ပစ္စည်းတွေကိုပါ ..."

"တော်ကွာ"

"ခွင့်လွှတ်ပါ၊ ဦးကို ကျွန်တော် အများကြီး အားနာပါ တယ်၊ ကျွန်တော် နောက်ဆုံးပြောချင်တာက လရောင်ကို ကျွန် တော် ဘယ်လိုနည်းနဲ့မှ ပြန်ပြီး လက်မခံနိုင်ဘူးဆိုတာကိုပါပဲ"

ဦးမြင့်ဝင်းက သူ့ကို စူးစူးစိမ်းစိမ်း ကြည့်ပြီး ထွက်သွား သည်၊ နောက်ထပ် ဘာစကားတစ်လုံးမှ ပြောကြားမသွားပါ။

ကိုငြိမ်းချမ်းသည်လည်း ပြင်းထန် ထိရှသော ခံစားချက် များဖြင့် ကျန်ရစ်၏။

အမှန်မှာ ဦးမြင့်ဝင်းရော ကိုငြိမ်းချမ်းပါ တည်ကြည်



သော သိက္ခာရှိသော တစ်ဖက်သားကို ဦးစားပေးတတ်၊ ညှာတာ တတ်သော ယောကျ်ားမြတ်များ ဖြစ်ကြပါလျက်–

နှစ်ဦးလုံး၏ ရင်ထဲမှာ ထိထိခိုက်ခိုက် ခံစားနေကြရချိန် စကားလုံးတွေက မပြေပြစ်၊ စကားသံများက မပျော့ပျောင်း တင်းမာခက်ထန်ခြင်းများဖြင့်သာ နိဂုံးချုပ်သွားခဲ့ရတော့သည်။

"ဆရာရယ် ထပ်ပြီး စဉ်းစားပါဦး"

"ဟုတ်ပါတယ် ဆရာစိတ္တမရှိရင် ဒီမဂ္ဂဇင်းကြီး ရပ်တန့် သွားမှာပေါ့ဗျာ"

"ထုတ်ဝေသူက တခြားအယ်ဒီတာတွေ ရှာပြီး ဆက်ထုတ် မှာပေါ့ဗျာ၊ သူက မဂ္ဂဇင်းပိုင်ရှင်ပဲ ဘယ်အရပ်ခံပါ့မလဲ"

"မဂ္ဂဇင်းတစ်စောင်ဆိုတာ အယ်ဒီတာရဲ့ အရည်အချင်း ပေါ်မှာ တည်တာ ဆရာလည်း သိသားနဲ့ဗျာ"

"ကျွန်တော်က အတော်ဆုံး အယ်ဒီတာတစ်ယောက်လည်း မဟုတ်ဘူး ကိုမြတ်၊ ခင်ဗျားတို့ အဲဒီလိုတားမှာသိလို့ ထုတ်ဝေ

www.burmeseclassic.com

www.burmeseclassic.com



ခွင့် ကဒ်ကို ပိုင်ရှင်ဆီ ပြန်အပ်၊ ငွေကြေးကိစ္စ ရှင်းလင်းပြီး ခင်ဗျားတို့ကိုအသိပေးတာ မတားကြပါနဲ့ဗျာ။ ကျွန်တော် သိပ် စိတ်ညစ်နေတယ်"

"စိတ်ပြေလက်ပျောက် ခရီးလေး ဘာလေး ထွက်လိုက်ပါ လားဆရာ"

"ခရီးထွက်မှာလေ၊ ခရီးရှည်ကြီးကို ထွက်မှာ၊ ရန်ကုန်ပြီ နဲ့ ရန်ကုန်က စာပေအသိုင်းဝိုင်းကို နောက်ဆုံး နှုတ်ဆက်တာ လည်း ဖြစ်ချင်ဖြစ်မယ်"

"ဟာဗျာ၊ မဂ္ဂဇင်းက သူများဆီက ငှားထုတ်လို့ ပြန်အပ် လိုက်တယ်ပဲထားပါ၊ ဘယ်အချိန်ထရေးရေး ရောင်းကောင်းနေတဲ့ ဆရာ့ရဲ့ လုံးချင်းဝတ္ထုကိုတော့ ဆက်ရေးသင့်တယ်၊ အောင်မြင်မှု ကို ရပ်တံ့မပစ်စမ်းပါနဲ့ဗျာ ဆရာကလဲ"

"အောင်မြင်မှု"

"အင်းလေ ဆရာက စာပေနယ်မှာ ထိပ်ဆုံးတန်းက နေရာရနေတာပဲ"

"တော်ပြီဗျာ အဲဒီအောင်မြင်မှုတွေက ကျွန်တော့်ဘဝကို ဖျက်ဆီးလိုက်တာပဲ"

"ဘာ...ဘယ်လို...ကျွန်တော် နားမလည်ဘူးဗျာ"

"ခင်ဗျားလိုပဲ ကျွန်တော့်အကြောင်းကိုဘယ်သူမှ နားမလည် နိုင်ဘူး၊ ဆောရီး ကိုမြတ်၊ ကျွန်တော် ဘာမှ ထပ်မပြောနိုင် တော့ဘူး"

ကိုစိတ္တက နေရာမှ ထရပ်ပြီး အားလုံးကို ကျောခိုင်း



လိုက်၏။

သူ၏ အောင်မြင်မှုများကြောင့် လမင်းဝင်းက မိတ်ဆက် ရာမှ ဖြစ်ပေါ်လာသော ဇာတ်ရှုပ်ဇာတ်လမ်းများအတွက် လရောင် တို့ မိသားစုနှင့် သူမှလွဲ၍ ဤလောကတွင် မည်သူမှ မသိကြ သေးပါ။ သူတို့ ဘာသာ သိသွားကြလျှင်လည်း သိကြပါစေ သူ့အနေနှင့်က ကွယ်ဝှက်ချင်စိတ်၊ ဖုံးဖိထားချင်စိတ်လည်း မရှိ၊ ရင်ဖွင့်ပြောပြချင်စိတ်လည်း မရှိပါ။

ဤအကြောင်းရာအားလုံးသည် အိပ်မက်ဆိုးကြီးတစ်ခုသာ ဖြစ်လိုက်စေချင်ပါပြီ၊ နိုးထလာသည်နှင့် အားလုံး ပျက်ပြယ်ပြီး ဆုံးသွားလျှင် ဘယ်လောက်များ ကောင်းလိုက်လေမလဲ၊ လမင်း လေး မက်ခဲ့ဖူးသော အိပ်မက်က တိုက်ဆိုင်လှချည်လား၊ တစ်ခါ ဘဝရဲ့ လူသားတို့အတွက် ထူးဆန်းသော နိမိတ်ဦးများ ဖြစ်တတ် ကြသည်လား။

ခုတော့ ဘဝနှင့် ရင်းရသော အသက်ထက်ဆုံး ကြေကွဲ ရင်နာစရာ အခန်းဆက်ဇာတ်လမ်းကြီးအဖြစ် ဆက်လက်ဦးမည် လား။

'ဂရုမစိုက်ပါ' ဆိုသော်လည်း လရောင်၏ ရင်ထဲမှာ သူ၏ မျိုးဆက်သွေးပါသွားတယ်ဆိုတာ တကယ်ပဲလား ဟူ၍လည်း မကြာခဏ ဘာကြောင့်များ တွေးဖြစ်နေမိပါလိမ့်။

"လမင်းလေးရဲ့ အဖြစ်ကလဲ ရင်နာကြေကွဲစရာကောင်း လိုက်တာ"

လရောင်ဆိုသော မိန်းမကို သူမုန်းသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



"လမင်းလေး"

"ရှင်သွေး"

ဆိုသော တွယ်တာစိတ်များက သူ့ရင်နှင့် တနင့်ပါလာ

"အို ! ငါယောကျ်ားပဲ ဇွန်လွှတ်ထွက်ခွာမယ်လို့ ဆုံးဖြ
စီစဉ်ပြီးမှ အားလုံးဥပေက္ခာပဲပေါ့"

"ငါ ဘာအမှားတစ်ခုမှ မကျူးလွန်ခဲ့ပဲ ဖြစ်လာတဲ့ ပြ
ရပ်အားလုံးအပေါ်မှာ ငါ ဘာတာဝန်မှ မရှိဘူး၊ ဘယ်သူ့အတွ
မှ တာဝန်ယူစရာမလိုဘူး၊ ငါ့ဆုံးဖြတ်ချက်အတိုင်း…

"ငါသွားတော့မယ်"

လမ်းငါးဆယ်မှ တိုက်ခန်းကို ရောင်း၊ ကားကိုလည်
ရောင်း၊ ထုတ်ဝေသူထံမှ ရစရာငွေတွေယူ စာရင်းပြတ်ရှင်း
ပြီး ဘဏ်မှ လက်ကျန်ငွေအားလုံးလည်း ထုတ်ခဲ့ပြီးပြီ၊ ပေးစ
များလည်း ပေးခဲ့ပြီးပါပြီ။

အားလုံး စာရင်းပြတ် ရှင်းလင်းပြီးချိန်မှာ–

"လမင်းလေးအတွက် ငွေတစ်သိန်း"

ကို ပေးခဲ့ဖို့ သူ ဆုံးဖြတ်ပြီးသား ပထမ သူ ကိုယ်တိုင်
သွားရကောင်းမလား စဉ်းစားသေးသည်။

သို့သော်…

ဦးမြင့်ဝင်းနှင့်လည်း ထပ်၍ ရင်မဆိုင်ချင်။

'လရောင်' အကြောင်းမေးတော့မည့် ဒေါ်ခင်လေးရီနှ
လည်း သူစကားမပြောချင်။

နောက်ဆုံး လမင်းလေးကို သနားလွန်းလှသည့်အတွ



သူ မကြည့်ချင် မကြည့်ရက်တော့သဖြင့်…

သူခရီးမထွက်ခင် တစ်ညနေမှာပင် ရဲနီကို ငွေတစ်သိန်း
ခိုင်းလိုက်သည်၊ သူ ဘာမှ မမှာလိုက်၊ ဟိုက အကြောင်းလည်း
သူ့ကို ဘာမှပြန်မပြောနိုင်တော့ဟု မှာလိုက်ပါလျက် ငွေတစ်သိန်း
လက်ခံရရှိကြောင်း ဒေါ်ခင်လေးရီ၏ လက်မှတ်ကို ရဲနီက ယူ
ဖြစ်အောင် ယူလာခဲ့သေးသည်။

သစ္စာရှိတပည့်လေးကို မခွဲရက်ပါပဲနှင့် ထားရစ်ခဲ့ရပေ
တော့မည်၊ မတတ်နိုင်ပါ၊ သူ ဘာကိုမှ မတတ်နိုင်တော့ပါ၊
အားလုံးကို ထားခဲ့၍–

"သူ သွားတော့မည်"

မည်သည့်အရပ်ဒေသသို့ သွားမည်ဟူ၍ သူကိုယ်တိုင်
မသေချာသေး။

သို့သော်…

ရန်ကုန်မြို့ကြီးနှင့် အဝေးဆုံးနေရာဒေသတစ်ခုဆီသို့ သွား
မည်ဟူ၍ဖြင့် သူ ဆုံးဖြတ်ထားပြီးပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

အကြေအရပ် မြစ်ဝကျွန်းပေါ်ဒေသ၏ သင်္ကေတအ
လတာပြင်၊ လမုပင်နှင့် ဓနိပင်။

မောရှမ်းမြေ၏ သဘာဝအလှက စိန်ပန်းပြာ၊ ချယ်ရီ
ထင်းရှူးပင်။

အညာမြေ၏ အမှတ်အသားက တမာတန်း၊ ထန်းတော
ညိုနှင့် ထနောင်းလမ်းတို့ဖြစ်ကြလေသည်။

အညာမြေသည် မိုးစက်ပွင့်တို့ ကြွေချိန်၊ မိုးတွင်းကာလ
မှာ သိပ်သည်းသန့်စင်စွာ လှပနေတတ်သည်။

အညာနွေကာလ၏ ဖုန်မှုန့်များ ဖုံးအုပ်ပက်ဖျန်းထားခြင်း
ကြောင့် ရွက်စိမ်းတို့သည် မွဲတေတေအရောင်များဖြင့် ညှိုးညှိုး
မှိန်မှိန် ရှိနေရာမှ—

မိုးရေများ သွန်းလောင်းလိုက်သဖြင့် ဖုန်စင်သော ထနောင်း
ရွက်မွှာလေးတို့သည် စိမ်းလတ်စိုလက်နေကြ၏။

နွေနေ၏ အပူဒဏ်ကို ကြံ့ကြံ့ခံရင်း ဘယ်သောအခါ



မညှိုးနွမ်းခဲ့သော ထနောင်းခက်တို့၏ ဂုဏ်သတ္တိက ချီးကျူး
စရာ အားကျစရာ။

"ဒေါက်တာအေးချမ်း"သည် ထနောင်းပင်တို့ စီတန်း
နေသော ထနောင်းလမ်းကို လှမ်းမျှော်ကြည့်ရင်း ကားကို ခပ်
ဖြည်းဖြည်းမှန်မှန်ပင် မောင်းလာသည်။

ထနောင်းလမ်းမှ ထနောင်းပင်အားလုံး စိမ်းလတ်၍မနေ
ကြပါ၊ အပင်တော်တော်များတွင် ရွှေအိုရောင် ထနောင်းပွင့်များ
ကြောင့် တစ်ပင်လုံး နီးပါးဝါရွှေသော အဆင်းဖြင့် တင့်တယ်နေကြ
သည်။

ဒေါက်တာအေးချမ်း မန်းတက္ကသိုလ်ဝင်းထဲမှ ထွက်လာ
ချိန်က နံနက်ဦး ခြောက်နာရီခန့်။

အမရပူရကိုဖြတ် စစ်ကိုင်းကိုကျော် အုန်းတောဆိုသော
ရွာကို မုံရွာလမ်းခွဲအရောက်မှာ စစ်ကိုင်းမုံရွာကားလမ်းအတိုင်း
မောင်းလာခဲ့ရာမှ မြင်းမူမြို့ကို ကျော်၍ ခုနစ်မိုင်ခန့် မောင်းလာ
ပြီးချိန်မှာ—

"မြောင်သို့ ၇ မိုင်"

ဆိုသော လမ်းညွှန်အရောက်မှာ လက်ဝဲဘက်သို့ ချိုးကွေ့
လိုက်၏။

မြောင်မြို့သည် ပင်လယ်ပြင်နှင့် မိုင် ၄၀၀ ကျော် ဝေးကွာ
သော ကုန်းခေါင်ခေါင်အရပ်ဒေသဖြစ်ပြီး နွေအခါတွင် ၁၀၈°
ဖာရင်ဟိုက်အထိ အပူဆုံးအချိန်သို့ ရောက်ရှိပြီး ဆောင်းအခါ
၌ ၆၂° ဒီဂရီဖာရင်ဟိုက်အထိ အေးသည့်အတွက် ရာသီဥတု

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော မြို့လေးဖြစ်သော်လည်း–

မြို့နေလူဦးရေ ခုနစ်ထောင်ခန့်အနက်မှ ၈၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးဖြင့် အသက်မွေးကြပြီး ဂျုံ၊ ကုလားပဲ၊ မြေပဲ နှမ်း၊ ပြောင်း၊ ဝါ၊ ကြက်သွန်နီ၊ ဆေးရွက်ကြီးနှင့် စပါးတို့ စိုက်ပျိုးကြ၏။ အပူပိုင်းဒေသ၏ အပင်များဖြစ်သော ထနောင်း ထန်း၊ ဒဟတ်၊ နွာနတ်ရိုင်း၊ ရှားစောင်းပြဿဒ်၊ ရှားစောင်းလက်ပတ် စသော ကန္တာရဆူးပင်များလည်း ဟိုတစ်စု သည်တစ်စု။

၁၄ မိုင် ဝေးသော မြင်းမူမြို့မှတစ်ဆင့် လျှပ်စစ်အားရရှိ၍ ဒေသပိုမိုဖွံ့ဖြိုးလာသည်၊ မန္တလေးနှင့် ၆၂ မိုင် ဝေးပြီး မုံရွာနှင့် ၃၆ မိုင် ဝေးသည်၊ ဧရာဝတီမြစ်ကမ်းနဘေးမှာ ရှိသော်လည်း သင်္ဘောကြီးများ ဆိုက်ရပ်၍မရသဖြင့် ရေလမ်းခရီးမကြသလို မီးရထားလမ်းလည်း မရှိပါ။

မြောင်သည် သွားလမ်းလာလမ်း မသင့်သော်လည်း ကိုယ်ပိုင်စီးပွားများဖြင့် သီးခြားရပ်တည်နေနိုင်သော အညာဒေသမှ ချစ်စရာမြို့ငယ်လေးတစ်မြို့ပါ။

ဦးဘုရား၊ ပဲ့ဘုရား၊ ရွှေပေါ်ကျွန်းဘုရား၊ ဝမ်းလှိုင်နဂါးရုံဘုရား၊ ပဲ့ရွှေဂူဘုရားတို့ တည်ထားကိုးကွယ်ကြပြီး ရွှေပေါ်ကျွန်းဘုရားပွဲသည် ဤနယ်တစ်ဝိုက်မှာ အစည်ကားဆုံး ဖြစ်၏။

ဘုန်းကြီးကျောင်းချည်း ၂၀ ရှိပြီး သံဃာတော် ၂၀၀ ကျော် သီလရှင် ၃၀ ကျော် ရှိသော မြို့ပါ။

မြောင်သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်



တည်ရှိပြီး အရှေ့ဘက်တွင် ငါန်းမြား၊ ငါးစွန်မြို့နယ် ဆီမီးခုံမြို့လေး စသည်တို့ ရှိပြီး မြောင်မှ လှမ်းကြည့်လျှင် အင်းပြင်ကျယ်နှင့် ဧရာဝတီတို့၏ နောက်တွင် မှိုင်းညို့သော တောင်တန်းကြီးများ ရှိပြီး လှပသာယာလှပေသည်။

ဘုရားဒါယကာကြီး ဦးထင်ပေါ် တည်ဆောက်သွားခဲ့သော "ဝက်မစွတ်အုဋ္ဌကျောင်းကြီး"မှာ အလွန့်အလွန်ကို ခမ်းနားခန့်ထည်လှသော ဘုန်းကြီးကျောင်းကြီး ဖြစ်ပါ၏။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်က ကုန်ကျငွေ ၈ သောင်းကျော်ဖြင့် ဆောက်လုပ်ခဲ့သည်ဟု သိရသည်၊ ထိုကျောင်းကြီးအနီးမှ ညောင်ပင်ကြီးမှာလည်း နှစ် ၂၀၀ ခန့် သက်တမ်းရှိပြီဟု သိထားခဲ့ရပါ၏။

နှစ်စဉ် မိုးရေချိန်လက်မ ၃၀ ခန့်သာ ရှိပြီး မိုးနည်းသော ဒေသဖြစ်သော်လည်း ချောင်းရိုးငယ်သုံးခု စီးဝင်ပြီး ကန်သုံးကန်နှင့် ဧရာဝတီ မြစ်ကမ်းနား အရှေ့ပိုင်းတွင် ရေချိုတွင်း ၁၀ တွင်းနှင့် မြို့တွင်း၌ ရေပေါ်တွင်း ၂၂၀ ခန့် ရှိပါ၏။ ရေဝေစခန်း ၄ ခုရှိသည်၊ ကိုယ့်ဝိုင်းအတွင်းမှာ စက်နှင့် စုပ်တင်ရသော အဝီစိတွင်းများ ရှိနေ၍ ရေလုံလောက်သောမြို့ဟု ဆိုရပါမည်။

လေယာဉ်လမ်း၊ ရေလမ်း၊ မီးရထားလမ်း မရှိ၊ အဝေးပြေးကားလမ်းမကြီးဘေးတွင် မရှိသော 'မြောင်'ဆိုသည့် အညာဒေသ၏ သီးခြားလမ်းခွဲမြို့လေး ဖြစ်သော မြောင်မြို့သည်...

ဒေါက်တာအေးချမ်း၏ ဇာတိမြေဖြစ်သည်၊ မိခင်၏ မိဘများ ရှိသဖြင့် သူ့ကို ဒီမြို့မှာ လာရောက်မွေးဖွားခဲ့သည်။

မြောင်မြို့မှ အချမ်းသာဆုံး၊ ဤနယ်တစ်ဝိုက်မှာ ပြဇာ

www.burmeseclassic.com

www.burmeseclassic.com



တိက္ကမအရှိဆုံး၊ အလှူအတန်းအများဆုံး လုပ်သွားနိုင်ခဲ့သော ဘုရားဒါယကာ ကျောင်းဒါယကာကြီး။

"ဦးသက်ရှည် ဒေါ်ငြိမ်းခက်"

တို့၏ မြေးကြီး သြရသ မှာ အမေရိကန်နိုင်ငံ အီလီနွိုက်စ် တက္ကသိုလ်မှ ရက္ခဗေဒပညာရပ်ဖြင့် ပါရဂူဘွဲ့ ရရှိခဲ့ပြီးသော ဒေါက်တာအေးချမ်း ဖြစ်ပါ၏။

မြောင်သည် ဒေါက်တာအေးချမ်းတို့ ငယ်စဉ်ကထက် ပို၍ တိုးတက်လာသော်လည်း ထူးထူးခြားခြားကြီး ပြောင်းလဲ ခြင်းမျိုးဖြင့် မရှိပါ။

ကျော့မင်းရွာ၊ ရွာသစ်ရွာ၊ ခြေရာတော်ကျေးရွာ၊ မရိုးကုန်း ရွာ အစရှိသော ရွာကြီးရွာငယ်များ ခြံရံထားသည့် မြို့နယ်အဆင့် ရှိသော မြောင်မြို့။

မြသီရိအားကစားကွင်း၊ ဓာတ်ဆီဆိုင်၊ ဆက်သွယ်ရေး ရုံး၊ ရဲစခန်း စသည်များကို ဖြတ်သန်းပြီး မြို့လယ်မှာ မဟုတ် သော အဘိုး ဦးသက်ရှည်၏ ခြေတံရှည်ကျွန်းအိမ်အိုကြီးကို အဝေးမှပင် လှမ်း၍မြင်ရပါပြီ။

မိုးဦးကာလမှစ၍ မိုးနှောင်းရာသီအထိ ဧရာဝတီမြစ်ရေ တိုးချိန်များမှာ အဘိုး၏ အိမ်နောက်ဘက်တစ်ခွင်လုံးမှာ ရေနှင့် ဖွေးနေသော 'အင်း'ကြီးအဖြစ် တည်ရှိ၏။

နွေကာလ ရေကျချိန်တွင်မှ ကုန်းပေါ်လာသော မြေနေရာ အဆုံးအထိ အဘိုးပိုင်မြေများ ဖြစ်ခဲ့၏။

အိမ်ကြီးက အိုသော်လည်း ဆွေးမြည့်ခြင်း မရှိ ကြံ့ခိုင်



ခန့်ထည်ဆဲပင်။ ခြံဝင်းတစ်ခုလုံး တစ်ခေါက်လာ တစ်ခါတိုးတက် လှပနေသော မြင်ကွင်းကို ဒေါက်တာအေးချမ်း ရင်အေးစွာ ရှု ကြည့်လိုက်သည်။

ကားရပ်ပြီး ကားပေါ်မှာ ပါလာသော ပစ္စည်းများကို အောက်သို့ မချသေးပဲ ကျွန်းအိမ်ကြီး၏ နောက်ဘက်သို့ ကွေ့ ဝိုက်လျှောက်ခဲ့သည်။

သူ့သခင်ဘေးမှာ ထိုင်နေသော ခွေးလေးက အမြီးနှံ့၍ ကြိုဆိုနေသည့်တိုင် သူ နောက်သို့ လှည့်မကြည့်သေး။

စင်ပေါ်မှာ ထောင်ထားသော ကင်းဗတ်စ်ပြားပေါ်မှာ စုတ်ချက်တွေ တင်နေသည့်–

"ပန်းချီဆရာစုန္ဒ"

ဟု သူ့ကိုယ်သူ အမည်သစ်ပေး၍ ဘဝသစ်ထူထောင် ထားသော ဒေါက်တာအေးချမ်း၏ ညီလေး–

"ကိုငြိမ်းချမ်း"

ဆီဆေးရောင်စုံများ တင်ထားသော သစ်သားပြားကို ဘယ်ဘက်လက်က ပိုက်ပွေ့ပြီး လကျာ်လက်က စုတ်တံကို ကိုင်ကာ သူလိုအပ်သည့် အရောင်ကို စုတ်နှင့် တို့ယူလိုက် ဒေါက်နှင့် ထောက်ထားသော ကင်းဗတ်စ်ပြားပေါ်သို့ ရေးချယ် သုတ်လိမ်းလိုက် လုပ်နေသည်။

သူရေးချယ်နေသည်က အင်းရေပြင်နှင့် တံငါလှေပန်းချီ ကားကြီး။

သူ့အစ်ကိုကြီး ဒေါက်တာအေးချမ်းကားသံကြားရက

www.burmeseclassic.com

www.burmeseclassic.com



*တည်းက ရောက်လာပြီဟု သူသိသည်၊ ဂျက်ကီ အမြီးနှံ့နေ*
ကတည်းက အနားသို့ ရောက်လာပြီဟု သိရသော်လည်း...

သူ့အကြည့်သည် သူ့ပန်းချီကားပေါ်မှ လုံးဝမရွေ့လျှား စကားလည်းမပြော၊ အစ်ကိုလာသည်ကိုပင် အသိအမှတ်ပြုပုံမရ ၍–

"ဘယ်အချိန်လောက်မှ ပြီးမှာလဲဟင်"

"နောက်တစ်လလောက်"

"ဟာကွာ ဒီပန်းချီကားကြီးတစ်ခုလုံးပြီးမှာကို မေးတာ မဟုတ်ပါဘူး၊ ဒီနေ့အဖို့ ဘယ်အချိန်ပြီးမှာလဲလို့ပါ"

"နေမြင့်လို့ အင်းရေပြင်အရောင်ပြောင်းသွားမှ ရပ်မယ်"

ဒေါက်တာအေးချမ်းက ပြုံးလိုက်ပြီး ခွေးလေးဂျက်ကီကို လက်ပျောက်တီးကာ–

"လာ ဟော့ကောင် ငါနဲ့ အိမ်ပေါ်တက်နှင့်ကြမယ်"

ခွေးလိမ္မာလေး ဂျက်ကီက ပုပုလုံးလုံးလေးနှင့် နောက်က လိုက်လာသည်။

သူ့ညီလေး ငယ်စဉ်က ခွေးချစ်တတ်သဖြင့် ခုလို တစ် ယောက်တည်းလာနေချိန်မှာ ဒေါက်တာအေးချမ်းက ချင်းခွေး လေးတစ်ကောင် ဝယ်လာပြီး ပေးထားခြင်း ဖြစ်၏။

ခွေးလေးက သူ၏ သခင်ဦးကိုလည်း မှတ်မိစွာ အမြီး တနှံ့နှံ့နှင့် လိုက်လာသည်။

"အစ်ကိုကြီး ကျွန်တော် ဘာလုပ်ပေးရမလဲ"

"သြော်...အေး ဖိုးကြွက် ဒါတွေ အပေါ်တင်ကွာ"



"ဟာ တီဗွီကြီးပွတာပဲ"

"အေး၊ မင်းတို့ပါ ဒီလာကြည့်ကြပေါ့ကွာ။ ညီလဲ အဖော် ရတာပေါ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ခြံထောင့်မှ ခြံစောင့်တဲတွင်နေသော အသက်ဆယ့်ခုနှစ် နှစ် ဖိုးကြွက်က ပျော်ရွှင်တက်ကြွစွာ ၂၁ လက်မတီဗွီနှင့် အင်တီ နာနှင့် ဘတ္တရီအိုးကြီးကို ထမ်း၍ အိမ်ကြီးပေါ်တင်၏။

"အဲဒီချိုင့်ထဲမှာ စားစရာတွေ မေမေလုပ်ပေးလိုက်တာ"

"ဟုတ်ကဲ့ ကျွန်တော်အိုးတွေနဲ့ လှယ်ယူပြီး ချိုင့်ကို ဆေးပေးလိုက်မယ်"

"အေး"

"ဒါ ဘာတွေလဲ"

"သြော် ဖိနပ်တင်ဖို့ အကျီချိပ်ဖို့ကအစ ကော်ဖီမစ်တို့ တီးမစ်တို့ နို့မှုန့်နဲ့ အိုဗာတင်းတွေပါ ယူလာခဲ့တာ၊ နေ့တိုင်း ဓာတ်ဗူးထဲ ရေနွေးဖြည့်ပေးထားနော်"

"ဟုတ်ကဲ့ ကျွန်တော်က လုပ်ပါတယ်၊ ဒီက အစ်ကိုက လုပ်ပေးရင် မကြိုက်ဘူးဗျ"

"မင်းက ဘာတွေလုပ်ပေးလို့လဲ"

"ထမင်းနဲ့ ဟင်းကို သီးခြားခူးခပ်ပေးရင် အပိုတွေမလုပ် နဲ့တဲ့ ထမင်းပန်ကန်ထဲကို အိုးထဲကဟင်း ခပ်ထည့်ပြီး ပုံစားရော"

"အင်း"

"နေနိုင်တယ်ဗျာ ဘယ်မှလဲ မသွားဘူး၊ တစ်နေ့ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပန်းချီပဲ ထိုင်ဆွဲနေတော့တာပဲ”

“အင်း သူက အေးအေးနေချင်လို့ ဒီလာနေတာလေကွာ သူ မကြိုက်တာ လုပ်မပေးနဲ့ပေါ့ ဟုတ်လား”

“ဟုတ်ကဲ့ ဒီက အစ်ကိုစုန္ဒက ဘယ်တော့ မန္တလေး ပြန်မှာလဲဟင်”

“မသိဘူးလေကွာ၊ အဲဒါတော့ သူ့သဘောပဲပေါ့၊ ဘာလဲ မင်းတို့က စိတ်ညစ်ကြလို့လား”

“မဟုတ်ပါဘူး ဒီအစ်ကိုက တခြား ဘာအလုပ်အကိုင်မှ မရှိဘူးထင်တယ်နော်”

ဒေါက်တာအေးချမ်း ပြုံး၍ပဲ နေလိုက်သည်။

နေ့မအား ညမအား အလုပ်တွေများလှသော ညီလေး။ တစ်နေ့သာ ကုန်သွားသည်၊ တစ်နေ့တာ လုပ်စရာတွေ မပြီးပြတ်နိုင်အောင် ဖြစ်ခဲ့ရသော ညီလေး၊ စာပေကိစ္စ၊ လူမှုရေးကိစ္စ၊ မဂ္ဂဇင်းကိစ္စ၊ လုံးချင်းဝတ္ထုကိစ္စများနှင့် တစ်ညလုံး ကုန်ဆုံးပြီး မိုးလင်းလို့လင်းမှန်းမသိအောင် အလုပ်တွေ ရှုပ်ယှက်ခတ်နေခဲ့ရဘူးသော ညီလေးပါ။

ခုတော့...

မိန်းမတစ်ယောက်ကြောင့် ထိပ်တန်းရောက်သည်အထိ အောင်မြင်ခဲ့သော သူ့အနုပညာများကို အဆုံးရှုံးခံကာ သည်နေရာမှာ သူ့ဘဝကို သူ့ဘာသာ မြှုပ်နှံထားသော ညီလေး မောင်ငြိမ်းချမ်း-

“အစ်ကိုကြီး ထမင်းစားပြီးပြီလား”



“ဘယ်စားရဦးမလဲကွ၊ ဒီမှာ ညီအစ်ကိုနှစ်ယောက် တူတူစားမလို့”

“ကျွန်တော် ထမင်းပွဲပြင်လိုက်ရတော့မလား”

“အေးကွ ဆာတော့ ဆာပြီ၊ ဒါပေမယ့် ညီ့ကို စောင့်လိုက်ဦးမယ်”

ငယ်စဉ်က အစ်ကိုဖြစ်သူမှ မောင်ငြိမ်းချမ်းကို ညီညီဟု ခေါ်ရပြီး ညီဖြစ်သူ မောင်ငြိမ်းချမ်းက အစ်ကိုမောင်အေးချမ်း အား ‘ကိုကို’ဟု ခေါ်စေခဲ့ရာမှာ အတိုချုံးကာ ‘ကို’ ‘ညီ’ဟူ၍ ချစ်ခင်စွာ သုံးနှုန်းခဲ့သည်မှာ နှုတ်ကျိုးလို့နေကြပြီ။

နောက်ထပ် တစ်နာရီခန့်ကြာမှ ပန်းချီပစ္စည်းများနှင့် ရေးဆွဲလက်စ ပန်းချီကားကို ပိုက်ပွေ့သယ်ယူပြီး အိမ်ပေါ် တက်လာ၏။

“ရေချိုးလိုက်ဦးမယ်”

တသမတ်တည်းသော တည်ငြိမ်မှုမျက်နှာနှင့်သာ၊ သူ အောက်ထပ်မှာ ရေချိုးပြီး ပြန်တက်လာသည်။

“ထမင်းစားကြစို့ကွာ ဆာပြီ”

စပို့ရှပ်ကို စွပ်ချလိုက်ပြီး ခေါင်းမဖီးသဖြင့် ရှုပ်ပွနေသော ဆံပင်ထူထူနက်နက်အောက်မှ ဖွေးနုသန့်စင်စွာ ချောမောနေသော သူငယ်၏မျက်နှာကို ကြည့်ပြီး ဒေါက်တာအေးချမ်း နမြောစိတ်နှင့် သနားနေမိ၏။

“ဟင်းတွေကလည်း များလှချည်လား”

“မေမေကိုယ်တိုင် ချက်ပေးလိုက်တာ၊ ညီ ကြိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဟင်းခါးသီး ပုဇွန်ခြောက်နိုင်နိုင်နဲ့တဲ့၊ ဒါက ကြက်သား ကြော် နောက်နေ့ပါ စားလို့ရအောင်တဲ့၊ ဒါက ဝက်သားနဲ့ မုန် ရည် ဒါက…"

"တော်ပြီကို လူတစ်ယောက်အတွက် တစ်နေ့တာ အဟာ ဖြစ်ရုံပဲ လိုအပ်တယ်၊ အပိုတွေ ညီ ဘာမှမစားချင်ဘူး"

ထပ်ပြောနေလျှင် သူ၏ အဘိဓမ္မာတွေ ထပ်ချဲ့လာဦးတော့ မည်၊ ငြိမ်သက်နေခြင်းဖြင့် ညီလေး ထမင်းမြိန်ပါစေဆိုသော စေတနာနှင့် ဒေါက်တာအေးချမ်း ငြိမ်နေလိုက်ရသည်။

ထမင်းစားပြီးချိန်မှာမှ သူက T.V သေတ္တာကြီးတွေ့သွား ပြီး–

"ဟာ…ဒါက ဘာကြီးတုန်း"

"ဖေဖေ ဝယ်ပေးလိုက်တာပါ။ ညီ အပျင်းပြေကြည့်ဖို့တဲ့"

"အပျင်းပြေ"

"အင်း"

"အပျင်းပြေဖို့ လုံးဝမလိုအပ်ပါဘူး၊ ကျွန်တော်မှ မပျင်း တာ"

"ဘာပဲဖြစ်ဖြစ် ညီ့အတွက် တီဗွီတစ်လုံးတော့ ရှိသင့်ပါ တယ်"

"ဒီမှာ ကို၊ ညီ အေးအေးနေချင်လို့ ပြုပြင်ဖန်တီးထားတဲ့ အရာတွေနဲ့ မနေချင်လို့ တမင် ဒီနေရာမှာ လာနေတာ၊ သဘာဝ တရားကြီးကို လွန်ဆန်ပြီး လူတွေရဲ့ အတုပြုလုပ်ချက်တွေကို ညီ လုံးဝ လက်မခံချင်တော့ဘူး"



"မဟုတ်သေးဘူးလေကွာ၊ လူဆိုတာ တစ်ယောက်ထည်း တည်း ဖြစ်တည်လာတာမှ မဟုတ်တာ၊ အမိရှိမှ အဖရှိမှ လူဖြစ် လို့ရတာ၊ ပြီးတော့ ကို့လို ညီအစ်ကိုမောင်နှမအရင်းအခြာတွေ လည်း ရှိသေးတယ်လေ၊ ကိုယ်က စွန့်လွှတ်တောင် ကိုယ့်မိသားစု က ဘယ်စွန့်လွှတ်နိုင်မှာလဲကွာ"

"ညီ…ကလေးမဟုတ်ဘူး ကို၊ ညီ့ဘာသာ အေးအေးနေ ပါရစေ"

"နေရပါတယ်ကွ၊ ကိုက လာနှောင့်ယှက်တာမှ မဟုတ် တာ ညီ ပန်းချီဆွဲတာပြီးအောင် စောင့်နေတာပဲလေ"

"ဒီမှာကို"

"အင်း"

"ညီကတော့ ဘယ်သူ့ကိုမှလဲ မတွေ့ချင်ဘူး၊ ဒီလိုအေးငြိမ်း လွှတ်လပ်တဲ့ နေရာလေးမှာ တစ်ယောက်တည်းနေရတဲ့ အရသာ ကို ညီ ဘာနဲ့မှ မလဲနိုင်တော့ဘူး"

"ညီ"

"အင်း"

"သိပ်ပြီးအောင်မြင်နေတဲ့ သိပ်ပြီး တက်ကြွလှုပ်ရှားနေတဲ့ ဝင်ငွေတွေ သိပ်ပြီးကောင်းနေတဲ့ ဘဝကနေပြီး မိန်းမတစ်ယောက် ကြောင့် အားလုံး အဆုံးရှုံးခံလိုက်တာတော့ ညီ မှားနေပြီထင် တယ်ကွာ"

"မိန်းမတစ်ယောက်ကြောင့် ဟုတ်လား"

"အင်း ဒီထက် ပိုပြီး ပြောရရင်တော့ မိန်းမနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဟိုညီအစ်မနှစ်ယောက်ကြောင့် ညို့အောင်မြင်မှုတွေ အားလုံး စွန့်လွှတ်ပစ်လိုက်ရတာတော့ မတန်လွန်းပါဘူးကွာ"

ဒေါက်တာအေးချမ်းတို့ မိသားစုက ကိုငြိမ်းချမ်း၏ အဖြစ်ပျက်အားလုံးကို သိရှိခဲ့ကြပြီးပါပြီ။

"အဘိုးရဲ့အိမ်အိုကြီးနဲ့ ခြံကျယ်ထဲမှာ သွားနေချင်လို့သော့ပေးပါ"

ဟု သူ ခွင့်တောင်းစဉ်က–

"သားလေး စိတ်ပြေလက်ပျောက် ခဏသွားနေချင်တာထင်ပါရဲ့"

ဟု တွေးတောကာ မိဘများက အလွယ်တကူပင် ခွင့်ပြုခဲ့ကြ၏။ ယခုလို ကြာမြင့်စွာ နေမည်ဟု မထင်မိခဲ့ကြ။

"နေစမ်းပါဦး ကို ခုနပြောတာ ဟိုညီအစ်မနှစ်ယောက်ကြောင့် ညို့အောင်မြင်မှုတွေ အားလုံး စွန့်လွှတ်လိုက်တာတော့ မတန်လွန်းပါဘူးကွာတဲ့နော်"

"အေးလေ ဒီအတိုင်းပဲ မဟုတ်လား"

"မဟုတ်ဘူး လုံးဝ မဟုတ်ဘူး"

"ဟင်"

"သူတို့ကြောင့် ဘဝအဆုံးခံရလောက်အောင် ညီ မပျော့ညံ့ပါဘူး"

ဒေါက်တာအေးချမ်းက သူ ဘယ်သို့သောအကြောင်းပြချက်တွေ ပြောလာလေမလဲဟုသာ ငြိမ်နေလိုက်ရသည်၊ အမှန်ကတော့ ဒီမိန်းကလေးတွေကြောင့်ပါပဲ၊ သည်မိန်းကလေးနှစ်ယောက်



နှင့် ပတ်သက်ပြီးမှ ခုလိုဖြစ်သွားရခြင်းပဲ မဟုတ်ပါလား...။

"ကျွန်တော် ဘာမှမများပါနဲ့ အဖြစ်ဆိုးနဲ့ ကြုံလိုက်ရတယ်၊ အဲဒါဟာ ကျွန်တော် အောင်မြင်လို့ ဖြစ်ခဲ့ရတာ၊ ငြိမ်းချမ်းဆိုတဲ့ကောင်ဟာ အရောင်းစာရေးလေး၊ စားပွဲထိုးလေးသာဖြစ်ကြည့် ဒီဇာတ်လမ်းမျိုး ဖြစ်မလာဘူး "စိတ္တ" ဆိုတဲ့ နာမည်ကြီးစာရေးဆရာတစ်ယောက် ဖြစ်ခဲ့လို့သာ ခုလိုကြုံရတာ"

"မြန်မာပြည်မှာ နာမည်ကြီး စာရေးဆရာတွေ အနုပညာရှင်တွေ ပြည့်လို့ပါ၊ ဘယ်သူမှ ဘာမှမဖြစ်ဘူး၊ အဲဒီညီအစ်မနှစ်ယောက်က လာရှုပ်လို့ ညီဖြစ်ရတာလေကွာ"

"သူတို့ကို ညီ လုံးဝမေ့ထားနိုင်ပါတယ်"

"ဒါဖြင့်လဲ ကိုယ့်'နေရာ'လေးမှာ ကိုယ်ပြန်နေပါလားညီရာ"

"အဲဒီ 'နေရာ'ကို ညီကိုယ်တိုင် မဖက်တွယ်ချင်တော့ဘူး၊ အောင်မြင်ကျော်ကြားမှုအစား လွတ်လပ်အေးငြိမ်းမှုကိုပဲ ညီ မက်မောတယ်"

"ဒါပေမယ့် ညီရယ် မင်းအရွယ် မင်းအတတ်ပညာတွေကို အသုံးချဦးမှပေါ့ကွာ"

"ပန်းချီဆွဲတယ်လေ၊ အဲဒါ အနုပညာနဲ့ အတတ်ပညာ ပေါင်းစပ်ထားတာပဲ၊ ပန်းချီပညာဆိုတာ လူသားမျိုးနွယ်တွေရဲ့ ထမဆုံးသော အတတ်ပညာပဲ ကို၊ ကျောက်ခေတ်လူသားတွေ ခံရုံမှာ အရုပ်ရေးခဲ့ကြတယ်လေ၊ စာပေ၊ ဂီတ၊ အက၊ အဆို ဆိုတဲ့ အနုပညာတွေ ဘာမှမပေါ်ပေါက်ခင်ကတည်းက ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူသားတွေရဲ့ ပထမဆုံးသော ခံစားမှု အနုပညာပဲ ဗ
ညီ အဲဒီ အနုပညာကို ဖန်တီးနေတယ်လေ၊ ပြီးခဲ့တဲ့ သုံးလက
မန္တလေး အောင်တော်မူက ထန်းရိပ်ညိုပန်းချီခန်းမမှာ တစ်ပတ်
တင်ခွင့် ရတယ်၊ ကားသုံးဆယ်ကျော် သွားတင်တာ ၁၁ ကား
ရောင်းခဲ့ရပြီးပြီ၊ တစ်ကားကို အနည်းဆုံး လေးသောင်းရခဲ့လို့
ငွေခြောက်သိန်းကျော် ရှိနေပြီဆိုတာ ကိုတို့လဲ အသိပဲ၊ အဲဒါ
ညို့ဝမ်းစာအတွက်ပေါ့၊ ညို့ဘဝကို ညီကျေနပ်နေတယ် ကို
ဘာမှ လာပြီး ဝေဖန်တာတွေ လမ်းပြတာတွေ မလုပ်ပါနဲ့"

ဒေါက်တာအေးချမ်းသည် တရှည်တလျားကြီး ပြောနေသော ညီဖြစ်သူကို ကြည့်ပြီး ခေါင်းရမ်းလိုက်သည်။ ဘာဆို ဘာမှ မပြောတော့ပါ။

"အဲဒီ တီဗွီလည်း ပြန်ယူသွားပါ ကို"

"မေမေ စိတ်ကောင်းမှာ မဟုတ်ဘူးကွာ ယူထားလိုက်ပါ"

"တီဗွီမယူတာ ကျွန်တော် မိုက်မဲတာ မဟုတ်ဘူး၊ ဒါကြောင့် မေမေ စိတ်မကောင်းဖြစ်ခဲ့ရင်လည်း ကျွန်တော် ငရဲကြီးမှာ မဟုတ်ဘူး၊ ကို ပြန်ယူမသွားရင် ညီရိုက်ခွဲပစ်လိုက်မှာ"

"အေးပါကွာ ပြန်ယူသွားပါ့မယ်"

တီဗွီကြီးရောက်လာလို့ ပျော်နေရှာသော ဖိုးကြွက်လေးကို သနားမိသော်လည်း မတတ်နိုင်တော့ပါ။

"လူတွေဟာ သိပ္ပံပညာတိုးတက်သလောက် အသစ် အဆန်းတွေ တီထွင်လာကြတယ်။ အဲဒီအသစ်တွေ ရနိုင်ဖို့ ကိုယ့် ဘက်က ပေးလိုက်ရတာတွေက အများကြီး၊ ကိုယ်အား၊ ဉာဏ်အားတွေ မတရားသုံးပြီးမှ ရတဲ့ငွေနဲ့ အသစ်တွေ ဝယ်နိုင်ကြတာလေ၊ မတန်ပါဘူးဗျာ အဟောင်းအတိုင်းပဲနေတာ အကောင်းဆုံးပါ၊ ဒါကြောင့် ကျွန်တော် ကားဝယ်မစီးပဲ မြင်းတစ်ကောင်ဝယ်ပြီး ဒီကိုလာခဲ့တာ"



ဒေါက်တာအေးချမ်း ဘာတစ်လုံးမှ မပြောပဲနေ၍-

"ဘာလဲ ကိုက ညို့ကို 'ကြောင်သွားပြီ' ဆိုတဲ့ အသိနဲ့ ကြည့်နေတာလား ဟား...ဟား..."

"မဟုတ်ပါဘူးကွာ"

ဒေါက်တာအေးချမ်းပါရော၍ ရယ်လိုက်ရသော်လည်း ရင်ထဲမှာ ရှင်းလင်းခြင်းမရှိပါ။

ကိုငြိမ်းချမ်းက သူ့ခုတင်လေးပေါ်မှာ အိပ်ရာကို ဖုံခါနေ၍-

"ဘာလဲ ထမင်းစားပြီး အိပ်တော့မလို့လား"

"အိပ်ချင်ရင်လည်း အိပ်ရအောင် လှဲထားတာပါ"

"အိပ်ချင်အိပ်လေ"

"အင်း အိပ်ချင်ရင် အိပ်တယ်၊ ဆာရင် စားတယ်၊ ပန်းချီရေးချင်တဲ့စိတ်ရှိရင် ရေးတယ်၊ မြင်းစီးချင်တဲ့စိတ်ရှိရင် စီးတယ်၊ ဘာမှ လုပ်ချင်စိတ်မရှိရင် ဘာမှမလုပ်ဘူး။ ဆိုလိုတာက လုပ်ချင်တာကို လွတ်လွတ်လပ်လပ်လုပ်တယ်၊ မြို့ကလူတွေလို စက်ရုပ်ပုံစံနဲ့ အချိန်မှန် အမောဆို့အောင် လုပ်စရာမလိုဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလိုပဲ အသက်ဆုံး နေသွားလို့ ဘယ်ဖြစ်မှာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနေမယ်လို့ ကျွန်တော် ကိုယ်တိုင်တောင် မဆုံးဖြတ်ရ သေးဘူး၊ နေချင်ရင်လည်း ဆက်နေမှာပဲ၊ သွားချင်ရင်လည်း ထွက်သွားမှာပဲ။ အချိန်ကာလဆိုတာကြီးကို မသတ်မှတ်ချင်လို့ ဒီအိမ်မှာ ပြက္ခဒိန်တောင် တမင်မထားဘူး။ ဘယ်ရက် ဘယ်လ ရောက်နေပြီလဲဆိုတာတွေ ညီ မသိချင်ဘူး။ လူတွေက မသတ်မှတ်လဲ သဘာဝတရားကြီးက တာဝန်ကျေစွာ ပုံမှန်လည်ပတ်နေမှာပဲ"

ကိုအေးချမ်း စိတ်မချမ်းမြေ့စွာ ညီကို ကြည့်ဖြစ်၏။

"လွတ်လပ်ခြင်းတွေအပြည့်ရှိတဲ့ ကမ္ဘာဦးက လူသား တစ်ယောက်လို နေစမ်းပါရစေ၊ ဘာဖြစ်လို့ ခဏခဏလာပြီး ဟိုဟာပေး ဒီဟာပို့ လုပ်နေကြတာလဲ"

"ချစ်လို့ပေါ့ကွာ"

"ချစ်တဲ့သူထက် အချစ်ခံရတဲ့သူက ပိုပြီး ဒုက္ခရောက်တတ်ကြတယ်"

သူ့အတွေ့အကြုံအရ သီအိုရီ (Theory) တွေ ထုတ်နေသဖြင့်...

"အဲဒါ သူစိမ်းတွေနဲ့ဆိုရင် ဟုတ်နိုင်တယ်၊ မိသားစုဆိုတဲ့ လူ့အဖွဲ့အစည်းမှာတော့ ဒါမျိုး မရှိပါဘူး"

"ကို မပြန်သေးဘူးလား"

"ပြန်စေချင်ပြီလား"

"နေလို့တော့ ရပါတယ်၊ ဒါပေမယ့် သဘာဝနဲ့ ဆန့်ကျင်တဲ့စကားတွေကိုတော့ ကျွန်တော် မကြားချင်တော့ဘူး"



"ဒါဆိုလဲ ဘာမှမပြောတော့ပါဘူးကွာ။ နေပူသေးလို့ ညနေစောင်းမှပဲ ပြန်ပါရစေ"

"ရတယ်လေ နေပါ"

ဒေါက်တာအေးချမ်း ဘာမှမပြောဖြစ်သလို ကိုငြိမ်းချမ်းကလည်း ဘာမှမပြောတော့ပဲ ခုတင်ပေါ်မှာ သွား၍ လှဲရာမှ ခဏအတွင်းမှာပင် သောကကင်းစွာ အိပ်မောကျသွားတော့သည်။

"ညီလေး ဘာတွေဖြစ်နေတာလဲ"

"သူပြောသလို လွတ်လပ်ခြင်းရဲ့ အရသာကို သူ တကယ်မက်မောပြီး ဒီမှာ ဒီလိုနေနေတာလား"

"သဘာဝတရားကို မက်မောတယ်သာပြောတယ်၊ သူ နေထိုင်ပုံက သဘာဝအတိုင်းမှ မဟုတ်တာ"

"ယောကျ်ားတစ်ယောက်ရဲ့ စွမ်းဆောင်လှုပ်ရှား တက်ကြွရမယ့် အချိန်မှာ ဘာမှ မလုပ်တော့ဘူးဆိုတာ မဟုတ်သေးပါဘူးလေ"

ဆိုသော အတွေးများဖြင့် အိပ်မောကျနေရှာသော ညီငယ်၏ အပြစ်မဲ့မျက်နှာကို အကြင်နာဖြင့် ဒေါက်တာအေးချမ်း ကြည့်ဖြစ်၏။

သူသည်...

လောကကြီးနှင့် လူ့အသိုင်းအဝိုင်းနှင့် ကင်းကွာအောင် နေလည်းနေနိုင်ပါရဲ့။

သူ့အိမ်မှာ မြန်မာစာအုပ်တစ်အုပ်မှ မရှိ၊ အင်္ဂလိပ်ဘာသာ သို့ ပြန်ဆိုထားသော နိုင်ငံပေါင်းစုံမှ စာမျိုးစုံသာ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာမရှိသည့် ဘဝမှာ သတင်းစာမရှိ၊ ဘာမဂ္ဂဇင်း စာစောင် ဂျာနယ်မှ မရှိ၊ နောက်ဆုံး "ပြက္ခဒိန်"ပင်မရှိ။

ယနေ့ ဘာနေ့ ဘယ်လောက်ကြာလျှင် ဘာလရောက် မည်ဟူ၍ပင် သူ လုံးဝသိရှိပုံမရ၊ မသိရှိအောင်လည်း တမင်ကို နေနေခြင်း ဖြစ်မည်။

ဘာပဲဖြစ်ဖြစ်...

ဘာပဲပြောပြော...

ခုလိုဖြစ်သွားရခြင်းမှာ လမင်းဝင်းနှင့် လရောင်ဝင်းဆို သော ညီအစ်မနှစ်ယောက်ကြောင့် ဖြစ်ရတာ လုံးဝသေချာသည်။

သူမေ့ထားသည်ဆိုသော်လည်း ဒေါက်တာအေးချမ်း ကိုယ် တိုင်ပင်လျှင်–

လမင်းဝင်း၏ စိတ္တဇရောဂါဝေဒနာ ပျောက်ကင်းပြီလား၊ အဖြစ်မှန်ကို သိရှိ သတိရပြီး "ဆရာ"ဆိုသော ကိုစိတ္တကို သူ တမ်းတတွေ့ချင်နေလေသလား...

ဥစ္စာပစ္စည်းများ ခိုးယူပြီး ထွက်ပြေးသွားသော လရောင် ဝင်းတစ်ယောက်လည်း ဘယ်ကို ဘယ်လိုရောက်ပြီး ဘာတွေဖြစ် နေပြီလဲ"

"ညီလေး၏ ရင်သွေးအဖြစ် သူ့မှာ ကိုယ်ဝန်ပါသွားပြီ လား"

"ဟုတ်ခဲ့လျှင် ခုလို တစ်နှစ်ကျော်ကာလကြာမြင့်နေချိန် မှာ မွေးဖွားပြီးလောက်ရောပေါ့"

ကိုငြိမ်းချမ်း၏ ရင်သွေးစစ်စစ်တစ်ယောက် ဤလောက မှာ မွေးဖွားသန့်စင် အသက်ရှင်နေဆဲလား...။

ဒေါက်တာအေးချမ်းတောင်မှ သည်သို့ တွေးဖြစ်လျှင် ကိုငြိမ်းချမ်းလည်း မတွေးဖြစ်ပဲနေမည် မဟုတ်ပါ။

ညီနှင့် ဆွေးနွေးငြင်းခုံမှုများ လုံးဝမပြောဆိုတော့ပါပဲ နှင့် ထိုနေ့ညနေစောင်းမှာ တီဗွီကြီးကို ပြန်သယ်လျှက် ဒေါက်တာ အေးချမ်းသည်...

မြောင်မြို့မှ မန်းတက္ကသိုလ်နယ်မြေဆီသို့ ပြန်ခဲ့ရသော် လည်း ညီလေးအတွက် စိတ်ကောင်းနိုင်ခြင်း မရှိခဲ့ပါ။

"ဟယ်...တီဗွီကို လက်မခံလိုက်ဖူးလား"

"ဟုတ်တယ် မေမေ သူ့သဘာဝအတိုင်းပဲ နေပါရစေ၊ လူတွေရဲ့ ပြုလုပ်ချက်ကို လက်မခံချင်လို့ပါတဲ့"

"ခက်တော့တာပဲ"

"သူ့ကြည့်ရတာ ဘာသတင်းမှမကြားချင်၊ ဘာအနုပညာ မှ မခံစားချင်တော့ပဲ၊ ပန်းချီပဲ ဆွဲနေချင်တယ်နဲ့ တူတယ် မေမေ၊ သူ စိတ်ချမ်းသာသလိုသာ နေပါစေတော့"

"ဟိုကပူတော့ ကျန်းမာရေးအတွက် မေမေ စိုးရိမ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်"

"မေမေ့သားလေး ဒေါင်ဒေါင်မြည်နေတာပါ၊ မပူပါနဲ့ ဟိုကရာသီဥတုနဲ့ သူ အံဝင်ခွင်ကျ နေလို့ရသွားပါပြီ"

"ဒါပေမယ့် သားလေးအတွက် မေမေ တစ်နေ့မှ စိတ်မချမ်းသာဘူးကွယ်"

သင်္ချာဌာနကထိက ဒေါ်တင်လင်းဝေနှင့် သားကြီးအနီးသို့ ပါမောက္ခ ဦးတင်ထွန်းအောင် ရောက်ရှိလာပြီး-

"အရင် သူ ရန်ကုန်မှာတုန်းက ခြောက်လနေလို့မှ တစ်ခါမတွေ့ရတာပဲ ဝေရယ်၊ အခု မိုင်ခြောက်ဆယ်ကျော်ခရီးမှာ သား နေနေတာပဲ၊ အခုကားမောင်းပြီးသွားရင်တောင် နှစ်နာရီကျော် သုံးနာရီဆို သားဆီရောက်ပြီလေ၊ ခုမှ ပိုပြီး နီးလာတယ်လို့သာ သဘောထားလိုက်ပါ"

"နီးပေမယ့် သားကို မြင်ရတိုင်း ဝေ စိတ်မချမ်းသာဘူး ကိုဦးရယ်"

"ကိုယ် ဘယ်လိုမှ မတတ်နိုင်တဲ့ကိစ္စကို စိတ်သာလျှော့ထားလိုက်ပါကွယ်၊ တို့သားလေး ကျန်းကျန်းမာမာနဲ့ တို့များရဲ့ လက်တစ်လှမ်းမှာ ရှိနေတာပဲလေ"

"ကျန်းကျန်းမာမာဆိုမှ သားကြီးကို မေးရဦးမယ်"

"ဘာလဲမေမေ"

"သားကြီးစိတ်ထဲမှာ ညီလေးဟာ နော်မယ် (Normal)မှ ဟုတ်ရဲ့လား"

"နည်းနည်းများ ကြောင်သွားပြီလားဆိုတဲ့ အတွေးနဲ့



သူ့ကို ဂရုတစိုက် အသေအချာကြည့်ခဲ့ပါတယ်၊ အရင်ကလည်း အမြဲ အကဲခတ်တယ်"

"ဘယ်လိုမြင်လဲဟင်"

"အတွေးအခေါ်တွေ လွဲမှားသွားတာကလွဲပြီး သူ့မှာ စိတ်ရောဂါမရှိတာ သေချာပါတယ် မေမေ"

"အတွေးအခေါ်လွဲမှားတယ်ဆိုတာကရော စိတ်ရောဂါတစ်မျိုးပဲ မဟုတ်ဘူးလားဟင် သားကြီး။ ကိုဦးရော ဘယ်လိုထင်လဲ"

ဒေါ်တင်လင်းဝေက ခင်ပွန်းနှင့် သားကြီးကို တစ်လှည့်စီကြည့်၍ အဖြေတောင်း၏။ ဦးတင်ထွန်းအောင်က တည်ငြိမ်စွာဖြင့်-

"ရောဂါဝေဒနာတစ်ခုအဖြစ်တော့ သတ်မှတ်လို့ မရနိုင်ပါဘူး၊ ဒါပေမယ့် သူ သိပ်မက်မော မြတ်နိုးနေတဲ့ အရာတွေ ဆုံးရှုံးသွားတဲ့အခါမှာ ဒါမျိုး နောက်ထပ် မရချင်တော့ဘူး၊ အဲဒါတွေနဲ့ ဝေးရာကို ရှောင်ပြေးတဲ့ သဘောပါပဲ"

"အဲဒါတွေနဲ့ဆိုတာ ဘာလဲဟင်"

"သူ့ရဲ့ အောင်မြင်မှု အနုပညာနဲ့ လမင်းဝင်းဆိုတဲ့ မိန်းကလေးအပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာ"

ဒေါ်တင်လင်းဝေ ငြိမ်တွေသွားသည်၊ ဦးတင်ထွန်းအောင်ကပင်-

"သူ့ရဲ့ အောင်မြင်မှုတွေကြောင့် လမင်းဆိုတဲ့ မိန်းကလေးက ချဉ်းကပ်တယ်၊ ပြီးတော့ သိပ်ချစ်သွားကြတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လရောင်ရဲ့ ကောက်ကျစ်မှုတွေကို မမျှော်လင့်ပဲ ရုတ်တရက်ကြ
သိလိုက်ရတဲ့အချိန်မှာ သားလေး သိပ်ခံစားရရှာတယ်၊ ဒါကြောင့်
မိန်းမတွေနဲ့ ဝေးရာကိုလည်း သူ ရှောင်ချင်တယ်၊ စိတ်ဆိုတဲ့
အနုပညာနာမည်ကြီးမှုတွေကြောင့် ခုလိုဖြစ်ရတယ်ဆိုပြီး အောင်
မြင်မှုတွေကိုလည်း မလိုချင်တော့ဘူး၊ ဘယ်သူနဲ့မှလည်း ရင်
မဆိုင်ချင်တော့ဘူး၊ သူ့ရဲ့ အဖြစ်ဆိုးတွေကိုလည်း ဘယ်သူ
မှသိစေချင်တော့ဘူး၊ ဒါကြောင့် ခုလို တစ်ယောက်တည်းနေ
တာပါ”

“အင်းလေ အဲဒါကိုပဲ ဝေက စိတ်မချမ်းသာတာ”

“စိတ်မချမ်းသာမဖြစ်ပါနဲ့၊ သူ စိတ်ချမ်းသာသလိုနေပြ
သူ့အတွေးနဲ့ သူ့လုပ်ဆောင်ချက်တွေ မှန်တယ်လို့ ထင်နေသမျ
ကာလတစ်လျှောက်လုံး ဒီလိုပဲ နေပါစေတော့ကွယ်၊ တို့မိသား
သုံးယောက်ကသာ ခုလိုပဲ ဖြည့်ဆည်းပေးနေကြရအောင်ပါ”

“သူက လက်မခံဘူးလေ”

“အားလုံး လက်မခံတာမှ မဟုတ်ပဲ အစားအသော
လက်ခံသားပဲ”

ဖခင်ဆိုသည်က မိခင်လောက်ဖြင့် သားသမီးအပေ
နှလုံးသားထဲက နက်ရှိုင်းလှိုက်လှဲခြင်း မရှိတတ်ကြပါပေ။

ဒေါ်တင်လင်းဝေကမူ သားဆီသို့ သွားကာနီးတိုင်း တ
ကြွခဲ့သလောက် အပြန်လမ်းမှာ မျက်ရည်တဝေဝေနှင့် ပြန်ခဲ
သည်ချည်းပါ။

ဟော ကားဟွန်းသံကြားတယ် မြတ်တို့သားအမိတွေ



လာကြပြီထင်တယ်”

ဒေါက်တာအေးချမ်းက တက်ကြွစွာ ပြောရင်း ခြံဝသို့
လှမ်းမျှော်ကြည့်သည်။

မတ်(က်)တူးကားကို ကိုယ်တိုင်မောင်းလာသောဒေါက်တာ
အေးချမ်း၏ဇနီး ဆရာဝန်မလေး ‘မြတ်’ ခေါ် ‘ဒေါက်တာမြတ်
သီရိဦး’။

ကားပေါ်မှ မြတ်က လှပကျော့ရှင်းစွာ ဆင်းလာပြီး
ခြောက်နှစ်ရွယ်သမီးကြီးနှင့် သုံးနှစ်ရွယ်သားငယ်တို့ကပါ ကား
ပေါ်က ဆင်းလာပြီး အဖိုး အဖွားများဆီသို့ ခုန်ပေါက်ပြေး
လွှား တွယ်ကပ်ကြသည်။

“ငါ့မြေးတွေ ဘာစားကြမလဲ။ မြတ်ရော ထမင်းစားသွား
ပါလား သမီး”

“သမီး ဆေးခန်းသွားရမှာမို့ သားမိတစ်တွေ ကော်ဖီရော
မုန့်ရော စားလာကြပြီးပါပြီ မေမေ”

ချွေးမနှင့် ယောက္ခမ ပြေလည်ချစ်ကြည်စွာ စကားပြော
နေကြချိန်မှာ ဖိုးအေကြီးက မြေးများအတွက် ဝယ်ထားသော
ချယ်လီနှင့် ပူတင်းကို ထုတ်ကျွေးနေ၏။

ဒေါက်တာအေးချမ်းသည် ရက္ခဗေဒဘာသာရပ်ဖြင့် ပါရဂူ
ဘွဲ့ကို အမေရိကန်နိုင်ငံမှ ရရှိခဲ့ပြီး ကထိကဒေါက်တာအေးချမ်း
အဖြစ်နှင့် မန်းတက္ကသိုလ်မှာ လူသိများ၏။

ဇနီး မြတ်သီရိဦးက မန္တလေး ဆေးတက္ကသိုလ်မှ ဆရာဝန်
ဘွဲ့ရပြီး မြန်မာပြည်မှာပင် အဆင့်မီသဖြင့် သားဖွားမီးယပ်

www.burmeseclassic.com

www.burmeseclassic.com



ပါရဂူဘွဲ့ရထားသူ ဖြစ်၏၊ ဆေးရုံမှာလည်း အလုပ်ဝင်ပြီး ပြင်ပ ဆေးခန်းမှာလည်း ထိုင်သဖြင့် ဝင်ငွေများလှသည်။

ခင်ပွန်းထက် ဝင်ငွေပိုသော်လည်း ခင်ပွန်းသည်ကို အမြဲ လေးစားဦးထိပ်ထားသော ဇနီးကောင်းတစ်ယောက်ပါပင်။

"သားတို့ ပြန်တော့မယ် မေမေ"

"အေး သား၊ အေး အေး"

"မြတ်ကို ဆေးခန်းမှာ ထားခဲ့ပြီး ဒီမျောက်နှစ်ကောင်ကို အိမ်မှာ ထိန်းရ၊ စာကျက်ခိုင်းရဦးမယ်"

"ငါ့မြေးတွေက လိမ္မာပါတယ်ကွယ်၊ ကဲ...ကဲ သွားကြ သွားကြ"

ပါမောက္ခအတွက် ရရှိသော မန္တလေးတက္ကသိုလ်ထဲမှ ခြံ ဝင်းအကျယ်ကြီးနှင့် နှစ်ထပ်တိုက်အကြီးကြီးထဲမှာ ဒေါ်တင်လင်း ဝေတို့ ဇနီးမောင်နှံ ကျန်ရစ်သည်၊ သားကြီးတို့ကား ကွယ် ပျောက်သွားသည်အထိ ခြံထိပ်မှာရပ်လျှက်–

သားကြီးသည် 'ကေသီလွင်'ဆိုသော ငယ်ရည်းစားရှိခဲ့၏။ စေ့စပ်ထားပါလျှက် သားကြီး နိုင်ငံခြားသွားနေချိန်မှာ သူ့အိမ် မှာ ခိုင်းထားသော ကောင်လေးနှင့် လိုက်ပြေးသဖြင့် မိဘက စွန့်ပစ်လိုက်သည်။

သားကြီး ပြန်လာပြီး ခေတ္တသာ ကြေကွဲ၏။ မကြာခင်မှာ ပင် မြတ်နှင့် တွေ့၏၊ မြတ်တို့က ချမ်းသာသည်၊ နှစ်ဖက်မိဘ သဘောတူညီစွာ ခမ်းခမ်းနားနား လက်ထပ်ပေးပြီးမှ မြတ်က အထူးကုဆရာဝန်ဘွဲ့ ထပ်ယူသည်။



Ph.Dဒေါက်တာဘွဲ့နှင့် ဆေးပညာ ဒေါက်တာ ဆရာဝန် ဘွဲ့ကိုယ်စီပိုက်ပြီး သားနှင့် သမီးနှင့် တင့်တယ်နေကြသော ဤမိသားစုလေးကိုကြည့်ကာ မိခင်ရော ဖခင်ပါ စိတ်အေး ချမ်းသာ ရှိကြရသည်။

သားကြီး မောင်အေးချမ်းသည် စာကိုသာ အပတ်တကုတ် ကြိုးစားပြီး တက္ကသိုလ်ပညာသင်တစ်လျှောက်လုံး ရည်းစားမထား ချစ်သူမရှာခဲ့ပေ။

တက္ကသိုလ်မှ နည်းပြဆရာလေးဖြစ်ပြီး 'ကေသီလွင်'နှင့် တွေ့ဆုံခဲ့ရာမှာ ကေသီလွင်ကလည်း ဆတ်ဆလူး၊ သူကလည်း အချစ်ဦးမို့ အရူးအမူး စွဲလန်းချစ်ကြိုက်ခဲ့ကြသည်။

"ဘယ်ချစ်သူစုံတွဲမှ တို့လောက် အချစ်မကြီးနိုင်"

"တို့နှစ်ယောက်၏ အချစ်သည် ဂန္ထဝင်တွင်ရမည့် အချစ် မျိုး"

ဆိုသော ကြွေးကြော်သံများဖြင့် မတွေ့ရမနေနိုင်လောက် အောင် အချစ်သည်းနေကြသောစုံတွဲ။

မိဘများကလည်း တစ်ဖက်နှင့် တစ်ဖက် သဘောမတူ စရာမရှိ၍ တရားဝင် စေ့စပ်ပြီး အများပြည်သူ သိရှိရန်ပင် သတင်းစာမှာ ကြော်ငြာခဲ့ပြီး ဖြစ်၏။

စာကြိုးစားသော ဘဝရည်မှန်းချက်ကြီးသော ကိုအေးချမ်း က ပညာသင်ဆုရ၍ နိုင်ငံခြားထွက်ခါနီးမှာ ကိန္နရီမောင်နှံ ရှုံး လောက်အောင် ငိုပွဲကြီးဆင်လိုက်ကြသေးသည်။

ဤချစ်သူနှစ်ဦး အထူးသဖြင့် ကေသီလွင်၏ နွေးထွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခုန်လွန်းခဲ့သော နှလုံးသားသည် ချစ်သူနှင့် ကာလကြာ ရှည် ဝေးကွာနေချိန်မှာ အေးခဲ ငြိမ်သက်သွားခဲ့ရာမှ နီးစပ်ရာ လူငယ်တစ်ဦးနှင့် လိုက်ပြေးသွားခဲ့သည်။

ပါရဂူဘွဲ့ပိုက်ပြီး ပြန်လာခဲ့သော သားကြီးကိုငြိမ်းချမ်းသည် လည်း ခေတ္တမျှသာ ခံစားရပြီး ဘဝ၏ ရပ်တည်မှုအတွက် ကြိုးစားရာက 'ဒေါက်တာမြတ်သီရိဦး' ဆိုသော ဂုဏ်ရည်တု မိန်းကလေးနှင့် တွေ့ဆုံပြီး တင့်တယ်ခမ်းနားစွာ လက်ထပ်ခဲ့၍-

ယခုဆိုလျှင် သမီးကြီးနှင့် သားလေးတို့ ထွန်းကားပြီ "မိသားစု" ဆိုသော သံယောဇဉ်အဖွဲ့အစည်းလေးဖြင့် အေးငြိမ်း ချမ်းသာစွာ ပြည့်စုံနေကြလေပြီ။

လူသားတို့ အထူးသဖြင့် လူငယ်တို့၏ နှလုံးသားမှာ "အချစ်" ဆိုသော အရာသည်...

ခိုင်မြဲစွာ ဖြစ်တည်လာသလို သေဆုံး၍လည်း သွားတတ် ချေသည်...

နှလုံးသားထဲမှာ အချစ်တစ်ခု ပျက်စီးသေဆုံးသွားခြင်းမှာ ထာဝရမဟုတ်။

နောက်ထပ် အသစ်အသစ်သော သီးခြားအချစ်သည် လည်း ရှင်သန်ပေါ်ပေါက်လာနိုင်ကြောင်း...

'မြတ်' ကို သိပ်ချစ်ရာသည့် သားကြီး ကိုအေးချမ်းက သက်ရှိသက်သေအဖြစ် အနီးကပ်မြင်တွေ့နေရ၍...

"သားလေး မောင်ငြိမ်းချမ်းရယ်"

သားကြီးထက် ပိုထက်မြက်ပြီး အနုပညာနယ်မှာ အောင် မြင်မှုတွေ ငွေကြေးတွေပါ ရရှိပိုင်ဆိုင်နေချိန်မှာ...

ဘာမဟုတ်တဲ့ မိန်းကလေးနှစ်ယောက်ကြောင့် သားလေး ဘဝကို ကိုယ့်ဘာသာ သတ်ပစ်နေတာတော့ မေမေ ရင်နာလှ တယ်ကွယ်။

"လရောင်အတွက် နာကျည်းမုန်းတီးခြင်း"

"လမင်းအတွက် နာကျင်ကြေကွဲခြင်း"

ဆိုတဲ့ ခံစားမှုတွေကြောင့် ဒီလိုဘဝကို ရပ်တံ့ပြစ်လိုက်တာ မဟုတ်ဘူးလို့ သားလေးက ကြွေးကြော်ကြေညာပြီး...

"အောင်မြင်မှုကြောင့် ခုလိုဖြစ်ရတာ"

မို့ အောင်မြင်မှုများနဲ့ ဝေးရာမှာ သားလေး သွားနေတာ မှားနေပြီ၊ သိပ်ကို မှားနေပြီကွယ်။

"အနုပညာသမားရဲ့ နှလုံးသားမို့ ပိုပြီး ခံစားတတ်တာ သား" ဘာပဲဖြစ်ဖြစ်...

"သားလေးရယ် သားကြီး မောင်အေးချမ်းလို အသစ်သော အချစ်တွေ မွေးဖွားပြီး စည်းလုံးချစ်ခင်တဲ့ မိသားစုဘဝလေး တည်ဆောက်သွားတာကို မေမေတို့ မြင်ချင်လိုက်တာ"

"မေမေတို့ မသေဆုံးခင်မှာ..."

"သားလေးဟာ မှန်ကန်စွာ တွေးခေါ်တတ်ပြီး သားရဲ့ ဘဝကို ပြန်လည် တည့်မတ်နိုင်ပါစေ၊ အသစ်တဖန် ပြန်လည် တည်ဆောက်နိုင်ပါစေလို့ပဲ မျှော်လင့်ရင်း မေမေ ဆုတောင်း အတ္တာပို့သနေပါတယ်ကွယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

လူသားတစ်ယောက်၏ ကိုယ်ခန္ဓာထက် အဆပေါင်းများစွာ ကြီးမားသော 'ဘုရင့်နောင်မင်းတရားကြီး' ဓားဆွဲထုတ်နေသည့် ရုပ်တုကြီးက အသက်ဝင်နေသည်သို့ ရှိပါ၏။ အမိနိုင်ငံတော်ကို ရှုပ်ရှုပ်ချုံချုံ ကာကွယ်ရုံမက သိမ်းပိုက်အောင်နိုင်မှုများကိုပါ ပေါ်လွင်စေသည့် ပန်းပုဆရာကြီး ဦးဟန်တင်၏လက်ရာ–

"ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုတော်"

သည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကုန်းမြေချွန်းချွန်းလေးရှိရာ–

"ကော့သောင်းမြို့"

တွင် တည်ရှိပါသည်၊ ပင်လယ်ထိပ်မှ ကုန်းမို့မို့လေးပေါ်တွင် တည်ထားပြီး လှပခန့်ထည်စွာ ကြွေရောင်ပွတ်လုံးများနှင့် ကာရံထား၏။ ရုပ်တုအောက်ခြေနှင့် အနီးတစ်ဝိုက်တွင် ရောင်စုံ မျိုးစုံ ပန်းခင်းများဖြင့် လှပတင့်တယ် ခမ်းနားလှသည်။



လှေကားသုံးဆင့်လုပ်ထားပြီး ပန်းခြံတစ်ဆင့် မိဘုရားနှစ်ဆယ်ကျော်ခန့်၏ အမည်များ ရေးထိုးထားသည်ကတစ်ဆင့် ပါဝင်သည်။ မြင်ကွင်းတစ်ခုလုံး ရှင်းသန့် သာယာ ခန့်ထည်နေပါ၏။

တောင်ကုန်း၏ နောက်ဘက်မှာ လူနေအိမ်၏ ခေါင်မိုးရောင်စုံများ၊ မည်းနက်နေသည့် နိုင်လွန်လမ်းများပေါ်မှ ကားများ မော်တော်ဆိုင်ကယ်များကို မြင်နိုင်ပြီး–

အရှေ့ဘက်ကို လှမ်းကြည့်လျှင် ပင်လယ်ပြင် စိမ်းပြာပြာကြီးကို တမျှော်တခေါ်ကြီး မြင်နိုင်သလို သူဌေးကျွန်း၊ မြွေကျွန်း၊ စုစုအုပ်အုပ် စိမ်းစိမ်းလေးများကိုလည်း မြင်နိုင်သည်။

အရှေ့မိုးကုပ်စက်ဝိုင်းဆီအထိ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် တစ်ဖက်နိုင်ငံရှိရာကို မှန်းမျှော်ကြည့်နိုင်သော်လည်း ပြင်စွာဖြင့် မမြင်သာနိုင်၊ သို့သော် အလွယ်တကူ သွားရောက်နိုင်ပါ၏။

"မာရိယာ မပြန်သေးဘူးလား"

"ဟုတ်ကဲ့ မောလွန်းလို့ ဒီနေရာလေးမှာ လာထိုင်နေတာ"

"မာရိယာတို့ဆိုင် သိပ်ရောင်းကောင်းတယ်နော်"

"ဒီလိုပဲ ကြိုးစားရတာပါပဲ"

"ကိုသိန်းက ယိုးဒယား(ထိုင်း)တစ်ယောက် ပြောနေသလို စကားပြောနိုင်တော့ ရှမ်းကမ်းဘက်မှာ ပစ္စည်းဝယ်ရတာ ပိုအဆင်ပြေတာပေါ့နော်"

"အင်း စကားမကျွမ်းပဲ ကုန်သည်လုပ်နေကြတဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီကော့သောင်းမှာ အများကြီးပါ”

သင်းသင်းမြတို့ ဇနီးမောင်နှံကလည်း မာရီယာတို့လိုပင် တစ်ဘက်နိုင်ငံနှင့် အရောင်းအဝယ်လုပ်နေကြသော ကုန်သည် များ ဖြစ်ကြသည်။

“ကလေးက အိပ်နေတာ ချစ်စရာလေးနော် ကြီးရင် မင်းသားလုပ်ခိုင်းပေတော့ မာရီယာရေ တကယ့်လူချောလူ လေး”

“အင်းဗျာ ကိုသိန်းလို အသားမည်းမည်း ရုပ်ဆိုးဆိုး ဒီလိုသားလေးရတယ်ဆိုတော့ တအားဝမ်းသာမှာပဲ”

“အင်း”

သင်းသင်းမြ၏ခင်ပွန်း မြတ်သားကိုဟုန်ဘီးကပါ စကား သံဝဲဝဲနှင့် ဝင်၍ ပြော၏။

သူတို့ ငုံ့ကြည့် ချီးမွမ်းနေဆဲမှာပင် လှုပ်လှုပ်လေး မှ သားလေးက လူးလွန့်လာသဖြင့် ကောက်ယူပြီး ပွေ့ချီ လိုက်ရသည်။

“သင်းသင်းတို့ သွားတော့မယ် မာရီယာ”

ပဲခူးသူ သင်းသင်းက ဤမြို့သူတွေလို စကားသံမဝဲ ပြောဆိုနှုတ်ဆက် ပြန်သွားချိန်မှာ သားကို ပွေ့ချီပြီး က ထိန်း ကောင်မလေးထံမှ နို့ဗူးထည့်သည့်အိတ်ကို ဖွင့်၍ သား လေးကို ပွေ့ပိုက်ကာ နို့ဗူးတိုက်ရင်း သားလေး၏ မျက်နှာ ငုံ့ကြည့်နေ၏။

“သားလေး မေမေ့သားလေးကို ဒီနေရာမှာ မွေးပေး



ဒီနေရာ ဒီဒေသမှာ မကြီးစေချင်ဘူးကွယ်”

“ဒီမှာက အရောင်းအဝယ်မြို့တော်မို့ လောဘတွေ ဖိစီးပြီး ကောက်ကျစ်မှုမျိုးစုံနဲ့ စီးပွားရှာနေကြတဲ့ ဒေသလေ၊ စိတ်ကြွဆေးပြား၊ မူးယစ်ဆေးဝါးကအစ လူကုန်ကူးကြတဲ့အထိ မသမာမှုတွေရှိနေတဲ့ နေရာ၊ အေအိုင်ဒီအက်စ်ရောဂါသည်တွေ သိပ်များတဲ့ နေရာမို့ ရောဂါကူးလွယ်တဲ့ နေရာလေ။

မေမေ့သားလေး ဒီနေရာ ဒီဒေသမှာ အရွယ်မရောက်စေရဘူး”

“ပညာတတ်ကြီးဖြစ်စေရမယ်၊ အထက်တန်းစားဘဝမှာ ကျင်လည်စေရမယ်၊ ချမ်းသာစေရမယ်၊ သားရဲ့ဖေဖေလိုကျော်ကြားစေရမယ်”

“ကိုငြိမ်းချမ်းဆိုတဲ့ နာမည်ကြီးစာရေးဆရာ ကိုစိတ္တရဲ့သားဟာ ဒီမှာ စီးပွားရေးသမားမဖြစ်စေရဘူး”

“သားလေးကို သားတို့ဖေဖေရဲ့ မျိုးရိုးဂုဏ်မြင့်တဲ့အတိုင်း သားလေးလည်း ဂုဏ်တင့်စေရမယ် သိရဲ့လား သားလေးရဲ့”

တစ်ဘက်နိုင်ငံသို့ မသွားမီမှာပင် “မာရီယာ”ဟု အမည်ယူထားခဲ့သော...

မှတ်ပုံတင်အမည်အရ ‘လမင်းဝင်း’ဟု သတ်မှတ်ထားခဲ့သော...

“လရောင်ဝင်း”

သည် သူ့ရင်မှ သားလေးကို ‘မိခင်စိတ်’အပြည့်ဖြင့် ကြည့်ရင်း ဆုံးဖြတ်ချက်များ ချနေမိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဤကလေးသည် သူနှင့် လက်ရှိအတူနေထိုင်နေ သော 'ကိုသိန်း'ဆိုသူနှင့်သာ ရခဲ့သောကလေးဖြစ်ခဲ့လျှင်–

သူ ဤနယ်စပ်မြို့လေးမှာပင် ကြီးပွားသည်ထက် ကြီးပွား အောင် ရှာဖွေရင်း အသက်ထက်ဆုံး အခြေချနေထိုင်ပါတော့ မည်ဟု သူ ဆုံးဖြတ်မိမှာပါ။

ယခုတော့

သူ...သည်မြို့သို့ မလာမီမှာပင် ကိုစိတ္တနှင့် ရခဲ့သော ကိုယ်ဝန်ကပါရှိလာခဲ့ပြီး ဖြစ်သည်။

လရောင်ဝင်းသည် ကောက်ကျစ်သလောက် လည်ပတ်သူ လည်း ဖြစ်၏။

ကိုစိတ္တ၏ အိမ်မှ သူသယ်ချလာခဲ့သော စိန် ရွှေ ငွေနှင့် တိဗွီအောက်စက်၊ ကက်ဆက် စသည်တို့၏ တန်ဖိုးကပင် သိန်း နှစ်ဆယ်ကျော် ပါရှိလာသည်။

"ဤရန်ကုန်နှင့် ဝေးရာဒေသသို့ သူပြေးမှ ဖြစ်မည်"

ဟူသော အသိစိတ်ဖြင့် ရန်ကုန်မြို့တွင်းမှ တည်းခိုခန်း တစ်ခုတွင် သူတည်းခိုပြီး ရောင်းသင့်သည့် ပစ္စည်းများကို ရောင်းပြီး ကျန်ပစ္စည်းများကို ကျစ်ကျစ်ပါအောင် ထုတ်၍ ကိုယ်နှင့်မကွာ အောင် ဝှက်သိုသိမ်းဆည်းထားနိုင်ခဲ့သည်။

လရောင်ဝင်းအဖြစ်နှင့် မိဘကလည်း လက်မခံ၊ ခင်ပွန်း ကလည်း နှင်လွှတ်နေပြီမို့ ဘယ်သူ့ဆီမှ တွယ်ကပ်မှီခိုလို့ မရ မည့်အတူတူ အဝေးဆုံးနေရာသို့ ထွက်ခွာမည်ဟူ၍ ဆုံးဖြတ်လိုက် သည်။



ထိုတည်းခိုခန်းမှာပင် မြိတ်သံဝဲလွန်း၍ မနည်းနားထောင် ယူရသော 'ဒေါ်ရီစိုး'ဆိုသော အမျိုးသမီးကြီးနှင့် သူ ရင်းနှီး အောင် ပေါင်းလိုက်ပြီး–

"တစ်ခါမှ မရောက်ဖူးလို့ မြိတ်ကို အလည်လိုက်ခဲ့ပါရစေ၊ ကိုယ့်စရိတ်နဲ့ကိုယ် လိုက်မှာပါနော်"

ဒေါ်ရီစိုးသည် မိန်းကလေးငယ်များကို ဖျားယောင်းသွေး ဆောင်၍ တစ်ဖက်နိုင်ငံတွင် ရောင်းစားသည့်အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ဖူးသည်။

ယခု နိုင်ငံတော်မှ တင်းကြပ်စွာ တားမြစ်ပြီး မိလ္လျှင် ဖမ်း ဆီးအရေးယူ ထောင်ချသဖြင့် ဒေါ်ရီစိုး ထိုလုပ်ငန်းကို စွန့်လွှတ် ပြီး သာမာန်ကုန်သည်ဘဝဖြင့် နေထိုင် ရောင်းဝယ်နေသူ ဖြစ် သည်။

တည်းခိုခန်းမှာ တစ်ယောက်တည်း တည်းခိုပြီး သူ့နောက် လိုက်ခဲ့မည်ဆိုသဖြင့် ဒေါ်ရီစိုးကပင် လရောင်ကို ပြန်လန့်နေ ခဲ့ရ၏။

"ကျွန်မ မိကောင်းဖခင်သားသမီးပါ၊ ယောကျ်ားနဲ့ စိတ် ဆိုးပြီး အိမ်က ဆင်းလာလို့ စိတ်ပြေလက်ပျောက် ခရီးထွက်ချင် လို့ပါ၊ ဒေါ်ကြီးအိမ်မှာ မတည်းပါဘူး၊ မြိတ်ရောက်ရင်လည်း တည်းခိုခန်းမှာပဲ တည်းမှာပါ။ ကျွန်မမှာ ငွေလုံလုံလောက်လောက် ပါပါတယ်။ လေယာဉ်လက်မှတ်ဝယ်ဖို့နဲ့ လေယာဉ်အတူဆင်း ဖို့လေးသာ ကူညီပါနော်"

ဆိုသော စကားများကြောင့် ဒေါ်ရီစိုးနှင့်အတူ မြိတ်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်စီးကာ လရောင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

လရောင်သည် ငယ်ငယ်ကပင် ပြောရဲဆိုရဲ လက်ရဲဇက်ရဲ ဖြစ်ခဲ့ရာမှ…

ယခုလို တစ်ကိုယ်တော် လေလွင့်ပြီး တစ်ယောက်တည်း စွမ်းဆောင်ရတော့မည့်အချိန်မှာ လရောင်တို့ အစွမ်းကုန် သတ္တိရှိရှိ ဝီရိယကြီးစွာ ပိပိရိရိလုပ်ဆောင်ရပါတော့မည်။

မြိတ်မြို့တည်းခိုခန်းတစ်ခုမှာပင် 'ကိုသိန်း'နှင့် တွေ့ခဲ့ရခြင်း ဖြစ်ပြီး ကော့သောင်းမြို့သို့ ထပ်ဆင့်လိုက်ပါလာခဲ့ခြင်း ဖြစ်တော့သည်။

"ကျွန်မမှာ ယောကျ်ားရှိတယ်နော်၊ ကိုယ်ဝန်လည်း ရှိနေပြီ၊ ဘာမှလာ'ရစ်'မနေနဲ့ ကျွန်မယောကျ်ား လိုက်လာတော့မှာ လောလောဆယ် ကျွန်မတို့ စီးပွားရေးပဲ လုပ်ကြရအောင်"

'ဖျံမလေးပဲ'ဆိုသောအသိဖြင့် ကိုသိန်းနှင့် တွဲနေသော်လည်း ကိုသိန်းက မကြဲရဲ။

လရောင်တို့ လည်လိုက်ပုံများ လက်ဝတ်လက်စားများကို ရောင်းပြီး ငွေကို သူနှင့်အတူမထား။ ဘဏ်၌သာ အပ်နှံထားပြီး ကိုသိန်းက လူစိုက်၊ သူက ငွေစိုက်ဖြင့် ကော့သောင်းမြို့ အဏ္ဏဝါ ရပ်ကွက်မှ သုံးထပ်ဈေးကြီးအတွင်းမှာ ကုန်စုံဆိုင်လေး စတင်ဖွင့်လှစ်ခဲ့သည်။

ကိုယ်ဝန်ကလည်း ရင့်လာသလို စီးပွားကလည်း သိပ်ဖြစ်လာသည်။

ထို့နောက်တွင် ဈေးမှထွက်၍ ဗိုလ်ချုပ်ကြေးရုပ်နှင့် ဆေးရုံ



များရှိသော ဗိုလ်ချုပ်လမ်းမရှည်ကြီးမှ လူစည်ကားသောရပ်ကွက်မှာ ဆိုင်တစ်ခန်း ငှား၍ လူလည်းနေ ဈေးလည်းရောင်းရာမှ သားလေး မွေးကာနီးတွင် စားသောက်ကုန်ပစ္စည်းများက ကျဈေးနှင့် ဝယ်ထားပြီး တက်ဈေးမိလိုက်သဖြင့် လရောင်တို့ သိန်းချီပြီး မြတ်လိုက်သည်။

ကော့သောင်းမြို့မှာ လေယာဉ်လမ်းနှင့် သင်္ဘောလမ်း/စက်လှေလမ်း နှစ်လမ်းသာ သွားလာဝင်ထွက်နိုင်သော်လည်း တစ်ဖက်နိုင်ငံနှင့် နီးလှသောနယ်စပ်မြို့ဖြစ်သဖြင့် စည်ကား လှ၏။ ချမ်းသာသူ ပေါ၏။

ကော့သောင်းမှာက လရောင်တို့လို 'ပျံကျ'သမားများများလှ၍ ကိုယ်ဝန်ကြီးနှင့် တွဲနေသော ကိုသိန်းကိုပင် လရောင်၏ ယောကျ်ားအဖြစ်နှင့် လက်ခံနေကြသည်။

"ဒါ ကျွန်မ ယောကျ်ားမဟုတ်ပါ"

ဟူ၍လည်း ရှင်းမနေချင် ထင်ချင်ရာ ထင် ပြောချင်ရာပြောကြ။

လရောင်ကလည်း ဘဝကို ရေစုံမျောချရမည့် အခြေအနေတစ်ကောင်ကြွက်မို့ ကိုသိန်းနှင့်အတူ နေပစ်လိုက်သည်။

သားလေးမွေးဖွားပြီး သုံးလေးလအထိ အတူနေသော်လည်း ကင်းကင်းရှင်းရှင်းပင်။

သို့သော်…

ဘုတ်ပြင်းမြို့မှာ သားကြီး မယားကြီး ရှိသည်။ မပြန်တာကြာပြီ။ ကွာရှင်းတော့မည်ဟု သူ့ကို အယုံသွင်း ပြောကြားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း လရောင်က မယုံကြည်၊ သူ့ကို လက်မခံပါ၊ သို့သော်လည်း အရောင်းအဝယ်ကိစ္စမှာ ကိုသိန်းမရှိလျှင် မဖြစ်၍ အတူတကွ နေကြရသည်။

ကိုသိန်းနှင့် အတူနေထိုင်ကြ၍ အများက မိသားစု သုံးယောက်ဟု သတ်မှတ်ထားကြသည်။ ကိုသိန်းကလည်း လူလည်မို့ စီးပွားရေးအရ လရောင်ကို ကပ်ထားရသော်လည်း လရောင်မကြိုက်တာ၊ လရောင် လက်မခံတာကို သူ မကျူးလွန်ရဲ၊ လရောင်က ငွေရှင်ကြေးရှင်ဖြစ်သည့်ပြင် သိပ်လည်ပြီး သိပ်ကြမ်းသည့်အတွက် လရောင်ကို ကိုသိန်း မလွန်ဆန်ရဲ။

ထိုမြို့လေးမှာက သူစိမ်းတစ်ယောက်၏ အကြောင်းကို တစ်ယောက်က သိပ်စိတ်ဝင်စားဖို့ မအားလပ်ကြပါ၊ အလုပ်ကိုယ်စီ လောဘကိုယ်စီဖြင့် အချိန်ပြည့် ရုန်းကန်လှုပ်ရှားနေကြရသော မြို့ကလေးမှ မြို့သူမြို့သားများပါ...

"မာရီယာ"

ဟု တစ်ဖက်နိုင်ငံအသွားမှာ အမည်တစ်ခုကောက်၍ ပေးမိရာမှ–

"မာရီယာစတိုးဆိုင်"

ဟူ၍ သိရှိသတ်မှတ်လာကြသည်။

လရောင်၏ ဘဝဖြစ်စဉ်ကို ဘယ်သူမှ မသိရှိကြ၊ အနီးကပ်နေထိုင်ခွင့်ရနေသော ကိုသိန်းပင်လျှင်...

လင်နှင့် ကွဲကွာလာသော လမင်းဝင်းဆိုသည် ကောင်မလေး...ဟူသော အကြောင်းထက် ပို၍ သိခွင့်မရှိ။



ကိုသိန်းက မေးမိတိုင်းမှာလည်း...

"ဒီအကြောင်းမမေးနဲ့လို့ ဘယ်နှခါပြောရမလဲ"

ဟု မာဆတ်ဆတ်ပြောချလိုက်ခြင်းကြောင့် ကိုသိန်းက ဆက်မမေးဝံ့။

လရောင်သည် ကောက်ကျစ်သလောက် ထက်မြက်ဉာဏ်သွက်၍ ကွက်ကျော်မြင်တတ်သော မိန်းမတစ်ယောက်မို့ စီးပွားရှာသည့်ဘက်မှာ ကိုသိန်းထက်ပင် လာဘ်မြင်စွာ ခဏအတွင်းမှာပင် ကြီးပွားတိုးတက်လာခဲ့တော့သည်။

လရောင်သည် အဆုံးမမြင်ရအောင် နက်ရှိုင်းကျယ်ဝန်းသော ပင်လယ်ပြင်ကြီးကို ငေးကြည့်ရင်း သူ ဖြတ်သန်းခဲ့ရသော တစ်နှစ်ခွဲကာလအတွေ့အကြုံများကို အတိုချုံး၍ ပြန်တွေးမိနေခြင်း ဖြစ်တော့သည်။

သူ့ရင်ထဲမှ သားလေးသည် ကြည်ကြည်လင်လင် နိုးလာပြီး နို့ဗူးစို့ရင်း ရယ်ပြနေသဖြင့်...

"သားလေးရယ်"

"သားလေးကို မေမေ မခွဲချင်ဘူး မခွဲနိုင်ဘူး၊ ဒါပေမယ့် ဒီမှာလဲ မကြီးပြင်းစေချင်ဘူး"

ကိုသိန်းလို ပညာမတတ်၊ အသိဉာဏ် မမြင့်မားတဲ့ စီးပွားရေးသမားတစ်ယောက်ကိုလည်း ဖခင်နေရာမှာ ထားရတဲ့ ပထွေးအဖြစ်နဲ့ သားကို မနေစေချင်ဘူးကွယ်"

"မေမေ သိပ်ချစ်ခဲ့မိတဲ့ သားရဲ့ ဖေဖေကိုငြိမ်းချမ်းကသာ လက်ခံမယ်ဆိုရင် မေမေတို့ မိသားစုသုံးယောက် ဘယ့်လောက်

www.burmeseclassic.com

www.burmeseclassic.com



များ ပျော်စရာကောင်းလိုက်မလဲ"

အဲဒီမျှော်လင့်ချက်နဲ့ တောင့်တခြင်းတွေဟာ ဟိုးမိုးပေါ်က တိမ်တိုက်တွေလိုပဲ မကြာခင် လွင့်ပျယ်သွားရမှာလေ။

"မေမေ သိတယ်၊ သားဖေဖေဟာ သားကိုသာ လက်ခံကောင်း လက်ခံမယ်၊ မေမေ့ကိုတော့ သူ့ဇနီးအဖြစ်နဲ့ ဘယ်လိုနည်းနဲ့မှ ဘယ်တော့မှ လက်ခံမှာ မဟုတ်တာ သိပ်သေချာတယ် သား"

"ခုတော့ အခြေအနေနဲ့ နေရာဒေသအရ မေမေဟာ ကိုသိန်းနဲ့ အတူနေထိုင်ရတာဆိုတော့ ပိုပြီး ဝေးကွာသွားပါပြီ သားရယ်"

"သားလေးကို မေမေ မခွဲနိုင်ဘူး"

"ဒါပေမယ့် သားလေးကို ဒီမှာ မထားချင်ဘူး"

"မေမေကတော့ စီးပွားရေးအခြေကျနေတဲ့ ဒီမြို့လေးက လွဲပြီး တခြား ဘယ်မှာမှ နေလို့မဖြစ်တော့ဘူးလေ"

"ဒါကြောင့်..."

"သားလေးရှေ့ရေးအတွက် မေမေ တစ်ခုခုကို ဆုံးဖြတ်ချက် ချရတော့မှာပဲ သားလေးရယ်"

❖ ❖ ❖

မြင်ကွင်းက ဆန်းပြားလှသည်။

ရေပြင်ကျယ်ထဲမှာ ရေတွင်းရှိနေ၏။

ဧရာဝတီမြစ်ရေတိုးသဖြင့် ယာမြေပြန့်များပေါ်သို့ ရေလွှမ်းပြီး အင်းပြင်ကျယ်ကြီး ဖြစ်နေသည်၊ ရေက မနက်လှသော်လည်း ရေပြင်ကြီး တမျှော်တခေါ် ဖြစ်ပြီး ဧရာဝတီနှင့် ထိစပ်ဆက်စီးနေသဖြင့် ပင်လယ်ငယ်လေးလို ပြန့်ပြူးကျယ်ပြောနေလေသည်။

ကုန်းမြေဘဝက ရေတွင်းတူးထားသဖြင့် ရေချိုရနေသော ရေတွင်း၏အောက်ခြေမှာ ရေတွေ ဝိုင်းနေသဖြင့်–

ရေချိုတွင်းမှ ရေငင်ကြသူများမှာ အင်းရေထဲမှာ ဒူးလောက် ခါးလောက် မြုပ်အောင် ရပ်ပြီးမှ တွင်းထဲက ရေချိုကို စက်သီးနှင့် ငင်၍ယူရသည်။

ရေပုံးမှာ ဖြည့်ပြီး ကုန်းခပ်မြင့်မြင့်ပေါ်မှာ ရပ်ထားသော နွားလှည်းပေါ်မှ ရေစည်ထဲသို့ ပြည့်အောင်ထည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စည်ပြည့်မှ နွားလှည်းကိုမောင်း၍ ရွာထဲမှဖြတ်ကာ ခြံကြီး ရှိရာသို့...

'ခင်မကိုယ်တိုင်' လှည်းမောင်း၍ ပြန်လာခဲ့ရသည်၊ ထို ရေသည် သောက်ရေ။

ခင်မတို့ကသာ ထိုရေကို ဒီအတိုင်းသောက်၍ ကိုငြိမ်းချမ်း အတွက်ဖြင့် ကြိုချက်ပေးပြီးမှ အအေးခံ၍ သောက်ရေအဖြစ် အိမ်ကြီးပေါ်သို့ တင်ပေးရသည်။

"ခင်မ နောက်ရေကို ကြိုက်ချက်မနေနဲ့တော့ နင်တို့သောက် သလိုပဲ ငါသောက်မယ်"

"ရေကြိုရတာ ဘာပင်ပမ်းတာလိုက်လို့ ခပ်ရတာမှ ပင်ပမ်း တာ"

"မခပ်နဲ့ကွာ"

"မခပ်လို့ ဘာနဲ့သောက်မှာလဲ"

"ဒီခြံထဲက တွင်းရေပဲ သောက်မှာပေါ့"

"ဘယ်ရမလဲ အဲဒါက ရေပေါ့တွင်းတွေ"

"သောက်လို့မရဘူးလား"

"မရဘူး၊ မြောင်တစ်မြို့လုံး ဒီလိုပဲ ရေချိုတွင်းက ခပ်ကြ ရတာ"

"တခြားလူက ပိုက်ဆံနဲ့ ဝယ်တာ၊ နင်က ကိုယ်တိုင်ခပ် ရတော့ ပင်ပမ်းတာပေါ့ဟာ"

"ပင်ပမ်းတော့ ဘာဖြစ်လဲ အလုပ်ပဲ လုပ်ရမှာပေါ့"

"အလုပ်လုပ်တာတော့ ဟုတ်တာပေါ့၊ နင် သိပ်ပင်ပမ်းနေ



တာ မြင်ရတော့ ငါက သနားလို့ပေါ့"

သည်မျှသာပြောပြီး အိမ်ပေါ်ပြန်တက်သွားသော 'စုန္ဒ' ဆိုသည့် လူကြီးကို ခင်မကြည့်ပြီး အဖွားမှုန်ဆီ ပြန်ပြေးလာ ခဲ့သည်။

"အမေ ကြံကြံဖန်ဖန်တော် စုန္ဒဆိုတဲ့ ပန်ချီဆရာက သမီးကို သနားလို့တဲ့"

အဖွားမှုန်က ပြုံး၍ ဆေးလိပ်ကို ရှိုက်ဖွာနေသည်။

ဒေါ်မှုန်သည် သားနှစ်ဦးနှင့် သမီးလေးတစ်ဦး မွေးဖွား ခဲ့ပြီးနောက် ခင်ပွန်းဆုံး သားနှစ်ယောက်က အိမ်ထောင်ကျ၍ အိမ်ခွဲသွားကြပြီး သမီးလေးမိသားစုနှင့် အတူနေခဲ့ရာမှ သမီး ရော သားမက်ပါ ရှေ့ဆင့်နောက်ဆင့် အရွယ်မတိုင်ခင် ဆုံးသွား ကြသဖြင့်-

"ခင်မနှင့် ဖိုးကြွက် ခေါ် ဖိုးကြွက်နီ"

ဆိုသော မြေးလေးနှစ်ယောက်နှင့် ဤခြံကြီး၏ တောင် ဘက်ထောင့်မှာ အိမ်ငယ်လေးဖြင့် မြေးအဖွားသုံးယောက် နေထိုင် လာခဲ့ကြသည်။

ဦးသက်ရှည်နှင့် ဦးအောင်မြင်တို့၏ဖခင် မြေပိုင်ရှင် သူဌေးကြီး ဦးယောကိုပင် အဖွားမှုန် မှီလိုက်သေးသည်။

ဦးသက်ရှည်က ဒေါ်ငြိမ်းခက်ဆိုသော မန္တလေးမှ သူဌေး သမီးတစ်ဦးနှင့် အကြောင်းပါပြီး သားသမီးများနှင့် မန္တလေးမှာ အခြေချ၏။

မိဘများ ဆုံးသွားချိန်မှာ ဤခြံကြီးအတွင်း၌ ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ဆိုသော လူပျိုကြီးတစ်ဦးတည်း ကာလရှည်ကြာစွာ နေထိုင်ခဲ့လေသည်။ တွေးနေသော အဖွားမှုန်ကို ခင်မက–

"အမေ အဲဒီပန်းချီဆရာက ဘယ်တော့ပြန်မှာလဲဟင်"

"မသိဘူးလေ သမီးရယ် ဒါ သူတို့ ဘိုးဘွားပိုင်တဲ့ မြေပဲ သူနေချင်သလောက်နေမှာပေါ့ ဘာဖြစ်လို့လဲ"

"မပြန်စေချင်လို့"

အဖွားမှုန်က မြေးမလေးကို အဖြေရှာသလို စိုက်ကြည့်လိုက်သည်။

မြေးအဖွားသုံးယောက် ဆင်းရဲပင်ပမ်းခြင်းမှ တစ်ပါး ဘာအပြောင်းအလဲမှမရှိပဲ တစ်သမတ်တည်းသော ဘဝ၏အချိန်များကို ဖြတ်ကျော်လာခဲ့ရာမှ–

သူတို့၏ ခြံပိုင်ရှင် လူချောချောခန့်ခန့်ကြီးတစ်ယောက် ထူးဆန်းစွာ ရောက်ရှိလာသဖြင့် ခင်မ စိတ်လှုပ်ရှားမယ်ဆိုလည်း လှုပ်ရှားစရာပါပဲလေ။

ဒါပေမယ့် စုန္ဒဟု သူ့ကိုယ်သူ အမည်ပေးထားသော ကိုငြိမ်းချမ်းကသာ မြေးမလေးကို စိတ်ညှိုတ်မလာပါစေနဲ့၊ သနားမပိုပါစေနှင့်ဟု အဖွားမှုန် ဆုတောင်းရပါတော့မည်။

ဘယ်လိုမှ မတန်မျှအောင် အဆင့်ချင်း ကွာခြားလှကြောင်း အဖွားမှုန် သိရှိသည်လေ။

ဆယ်ကျော်သက်ရွယ်လေး ခင်မက စိတ်ကစားသော အရွယ်၊ စိတ်ကူးယဉ်တတ်သောအရွယ်မို့ ညှော်သည်တော်ကြီးတအားစိတ်ဝင်စားနေရှာပေသည်။



"အမေ"

ငယ်ငယ်လေးကတည်းက မွေးခဲ့ရသဖြင့် အဖွားဟု မခေါ်ပဲ အမေဟု ခင်မက ခေါ်နေကျ...။

"ဘာလဲသမီး"

"အဲဒီပန်းချီဆရာကြီးရဲ့ ဆွေစဉ်မျိုးဆက် အကြောင်းပြောပြမယ်ဆို"

"ဘာမှမထူးဆန်းပါဘူးကွယ်"

"ထူးဆန်းပါတယ်"

"ဘာထူးဆန်းလို့လဲ"

"အမေပဲ ပြောဖူးတယ်လေ၊ အဲဒီပန်းချီဆရာ ရောက်လာပြီက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ဦးအောင်မြင်ကြီး ဒီခြံက ထွက်သွားတဲ့အတိုင်းပဲဆို"

"ဪ...အေး ဟုတ်ပါရဲ့"

"ဦးအောင်မြင်ဆိုတဲ့ လူကြီး ထွက်သွားတာလဲ ညကြီးမင်းကြီးဆို"

"လသာညတစ်ညမှာပါ"

"အခု သူရောက်လာတာလည်း လသိပ်သာတဲ့ ညကြီးမှာ ရောက်လာတာပဲလေ"

"ဟုတ်တယ် ပန်းချီပဲ ဆွဲနေကြပုံချင်းလည်း တူတယ်"

"ဘယ်လိုတူတာလဲ ပြောပြစမ်းပါ အမေရဲ့"

"သူတို့ဇာတ်လမ်းက ပုံပြင်လေးတစ်ပုဒ်လိုပါပဲကွယ်"

"ဒါနဲ့များ မထူးဆန်းပါဘူးလေးဘာလေးနဲ့ ပြောပြစမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



အမေရာ"

"ဒီလိုကွယ်"

"အင်း"

"သူဌေးကြီးဦးယောမှာက သားနှစ်ယောက်ပဲ ရှိတယ် ကိုသက်ရှည်အကြောင်းကတော့ သမရိုးကျပဲ။ ကျောင်းထားတယ် ဘီအေအောင်တယ်၊ သူဌေးသမီးနဲ့ ရပြီး တင့်တယ်နေတယ် ဒါပဲ၊ အဲ...ကိုအောင်မြင်အကြောင်းကသာ...

"အင်း ပြောပါဦးအမေ"

"သူက ကျောင်းစာသိပ်ဝါသနာမပါပဲ ပန်းချီပဲ ဆွဲနေတာ တဲ့၊ ဒီတော့ အဖေလုပ်တဲ့လူက ဘယ်ကြိုက်ပါ့မလဲ၊ ဆယ်တန်း မအောင်တော့ ကျောင်းထွက်လိုက်တယ်၊ ပန်းချီပဲဆွဲနေတာ တော့ အိမ်မှာပဲ မြဲနေရတာပေါ့ကွယ်"

"ဒီမှာလားဟင်"

"မဟုတ်ဘူး မန္တလေးမှာ"

"ဆက်ပြောပါဦး"

"ကိုအောင်မြင် အိမ်မြဲနေတော့ နှင်းကြည်ဆိုတဲ့ အိမ်အေ မလေးနဲ့ အနေနီးပြီး ချစ်ကြိုက်သွားကြတယ်တဲ့"

"ဟာ ကောင်းခန်းရောက်လာပြီ"

"ကောင်းကောင်းနားထောင်စမ်း"

"အင်းပါ"

"ကိုအောင်မြင်က နှင်းကြည်ကို သိပ်ချစ်သွားပြီး "နှင်း ကြည်ကို လက်ထပ်ယူမယ်"လို့လဲ ကြေညာလိုက်ရော သူ



ကြီးလင်မယားနှစ်ယောက်လုံး ဆောက်တည်ရာမရနိုင်လောက် အောင် ချောက်ချားတုန်လှုပ်သွားကြတယ်တဲ့"

"နောက်တော့ ဘာဖြစ်သွားလဲ ပေးစားဖြစ်လားဟင်"

"ဘယ်ပေးစားပါ့မလဲကွယ် ပေးစားမလိုလို့နဲ့ အချုပ်သပ် ပြီး နှင်းကြည်ကို နမ္မားဘက် ပြန်ပို့လိုက်တယ်"

"နမ္မားဆိုတာ ဘာလဲ"

"မြို့နာမည်ပေါ့၊ မြစ်ကြီးနားသွားတဲ့ ရထားလမ်းဘေးက မြို့တဲ့၊ နှင်းကြည်က အဲဒီမြို့ကနေ ဆက်သွားရတဲ့ ရွာလေး တစ်ရွာကတဲ့"

"ပြန်ခိုင်းလိုက်တာ သနားပါတယ်နော်"

"နားထောင်ဦး ကံဆိုးချင်တော့ သူ့ရွာတောင် မရောက် လိုက်ရဘူး အဲဒီအချိန်က တိုင်းပြည် ခုလိုမအေးချမ်းတဲ့အချိန် ဆိုတော့ ရထားကို မိုင်းခွဲရာမှာ နှင်းကြည် သေဆုံးသွားတယ်၊ လိုက်ပို့ခိုင်းတဲ့လူလည်း ခြေတစ်ဖက်ပြတ်သွားရှာတယ်တဲ့"

"ဟာ"

"အဲဒီအကြောင်းကို ကိုအောင်မြင် အသေးစိတ် သိလိုက် ရတော့ တစ်အိမ်လုံးကို ရမ်းတာတဲ့ တွေ့ရာတွေ ပေါက်ခွဲပြီး မိဘတွေကိုလည်း သိပ်အပြစ်တင်တာတဲ့"

အဖွားမှုန်က ဆေးလိပ်ဖွာပြီးမှ...

"မိဘတွေကို လုံးဝဆန့်ကျင်ပြီး ဘယ်သူမှ မနေတော့တဲ့ ဟောဒီကျွန်းအိမ်ကြီးမှာ တစ်ယောက်တည်းလာနေတာတဲ့"

"အခု ကိုစုန္ဒ ဆိုတဲ့ လူကြီးအတိုင်းပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က မောင်ငြိမ်းချမ်းပါကွယ်"

"အင်း ဆက်ပြောပါဦး"

"ဒါပေမယ့် ကိုအောင်မြင်က အခုအိမ်ကြီးပေါ်က မောင်ငြိမ်းချမ်းလို ပုံမှန်မဟုတ်ဘူး၊ စားချင်မှစားတယ်၊ ညလည်း မအိပ်ဘူး တစ်ယောက်တည်း စကားပြောချင်ပြောနေတာ"

"ရူးနေတာလား"

"သွက်သွက်လည်ရူးနေတာတော့လည်း မဟုတ်ဘူး၊ ဒါပေမယ့် စိတ်ဓာတ်ကျတဲ့ရောဂါတော့ ရှိတယ်တဲ့၊ ဘယ်သူနဲ့မှလည်း အဖော်မလုပ်ဘူး တစ်ယောက်တည်း တွေးနေငေးနေ အားငယ်နေတတ်တာ၊ ဒီလိုနဲ့ တစ်နေ့မှာတော့ သူ့ဖခင်ရော မိခင်ပါ ရောက်လာပြီး အတင်းပြန်ခေါ်တယ် ဒီတော့ သူက

"ဒီပန်းချီလေးပြီးအောင်ဆွဲလိုက်ဦးမယ် နောက် သုံးရက်အကြာ လပြည့်ကျော်တစ်ရက်နေ့မှာ လာခေါ်ပါ"လို့ ကောင်ကောင်းမွန်မွန်ပဲ ပြောလိုက်တာတဲ့"

"သုံးရက်ကြာတော့ လာခေါ်ကြရောလား"

"လာမခေါ်ခင် တစ်ညက လပြည့်ညလေ၊ လရောင်ထိန်ထိန်သာနေတဲ့ ညဘက်ကြီးမှာ သူ့ရဲ့ ပန်းချီပစ္စည်းတွေတင်၊ သူ့ရဲ့ မြင်းညိုကြီးစီးပြီး ဒီခြံကြီးက ထွက်သွားလိုက်တာ ဒီနေ့ထက်ထိ ပြန်မလာနိုင်ရှာတော့ဘူး"

"ဟင် နောက်နေ့ သူ့အိမ်ကလာတော့ လိုက်မရှာကြဘူးလား"

"ဘယ်နေ့လိမ့်မလဲကွယ်၊ ဒီနယ်တစ်ဝိုက်လုံး ဖြန့်ပြီး



ရှာကြတာပေါ့"

"တွေ့လားဟင်"

"သူ့ရဲ့မြင်းညိုကြီးကိုတော့ "မူးမြစ်"ကမ်းနံဘေးမှာ သေဆုံးနေတာ တွေ့ကြရတယ်တဲ့"

"မမြင်ဘူး မူးမြစ်ထင်လို့ တင်စားကြတဲ့ မြစ်ခပ်ငယ်ငယ်လေးဆိုတာ ဒီကနေ အဝေးကြီးလားဟင်"

"ဝေးတော့ဝေးတယ် ဒါပေမယ့် ဒီနယ်တစ်ဝိုက်မှာပါပဲလေ"

"မြင်းသေသွားတော့ သူက အဲဒီဦးအောင်မြင်က ခရီးဆက်လျှောက်သွားရောလားဟင် အမေ"

"အဲဒီအချိန်ကစပြီး သူ့ကို ရှာမတွေ့တာ ဒီနေ့အထိပါပဲကွယ်"

"သနားပါတယ်နော်"

"အဖြစ်နိုင်ဆုံးနည်းကို စဉ်းစားမိကြတာကတော့ သူ့အလောင်းကို လုံးဝရှာမတွေ့နိုင်တဲ့ နေရာမှာ သူ သတ်သေပစ်လိုက်တာလို့ တွေးကြတယ်"

"ဖြစ်နိုင်လားဟင်"

"မပြောနိုင်ဘူးပေါ့ကွယ် သူက စိတ်သိပ်မှန်တာမှ မဟုတ်တာ၊ စိတ်ကျရောဂါဝေဒနာရှင်တွေဟာ သူတို့ကိုယ် သူတို့ အဆုံးစီရင်သွားတတ်ကြတယ်လို့ ပြောကြတာပဲ၊ ဒါပေမယ့် သူ့မိဘကတော့...

"ပြန်များလာဦးမလား"ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်

www.burmeseclassic.com

www.burmeseclassic.com



မျှော်နေကြရာတာ သူတို့ကွယ်လွန်သွားတဲ့အထိပါပဲ”

“ဆက်ပြောပါဦး နောက်တော့ ဘာဖြစ်လဲ”

“ဘာမှဖြစ်မလာတော့ဘူးလေ၊ ပြီးသွားပြီ၊ ဒါပေမယ့် တစ်ရွာလုံးက ဒီအိမ်ကြီးနားကို မကပ်ရဲကြဘူး၊ ဦးအောင်မြင့် ဝိညာဉ်အဖြစ်နဲ့ ပြန်လာပြီး ဒီအိမ်ကြီးထဲမှာ ရှိနေတယ်လို့ ထင်ကြတယ်”

“ဟုတ်လို့လား အမယ်လေး ကြောက်လိုက်တာ”

“သမီးတို့ကြောက်မှာစိုးလို့ ဒီအကြောင်းကို အမေပြောမပြ ပဲ တစ်ခါတုန်းက လသာညတစ်ညမှာ ပန်းချီဆရာ ကိုအောင်မြင့် ဆိုတဲ့ လူဟာ သူ့ရဲ့ မြင်းညိုကြီးစီးပြီး ဒီခြံကြီးထဲက ထွက်သွား ဖူးတယ်လို့သာ သမီးလေး ခင်မတို့ မောင်နှမကို အမေ ပြော ဖူးတယ်လေ”

“အမေ”

“ဟေ”

“အခုရောက်လာတဲ့ အစ်ကိုကြီးဟာ အဲဒီဦးအောင်မြင့်ဆေး လို့ ဝင်စားပြီး ပြန်ရောက်လာတာများလားပဲနော်”

“ဖြစ်နိုင်မယ်မထင်ပါဘူးကွယ်၊ ပြန်ဝင်စားဘယ်ဆိုတာ ကိုယ့်ချစ်သူ ဆုံးရှုံးသွားတာကို မခံစားနိုင်လွန်းလို့ ပြန်လာတယ် ဆိုတဲ့ ယုံကြည်မျှော်လင့်တာမျိုးပဲ ဖြစ်မှာပါ။ လူဝင်စားဆိုတာ အားလုံး ပြန်ပြောပြနိုင်တာ သိပ်ရှားပါတယ်။ အိပ်မက်ပေးတယ် ဆိုရာမှာလည်း ကိုယ်က သိပ်စွဲလန်းနေတော့ အိပ်မက်မက်တာ ကြတယ်။ လူဝင်စားမရှိနိုင်ဘူးလို့တော့လည်း အခိုင်အမာ ပြော



လို့မရဘူး၊ အဲဒါတွေက သဘာဝလွန်ဖြစ်ရပ်တွေမို့ အမေတို့ လိုက်မမီနိုင်ပါဘူးလေ၊ ဒီလိုပုံပြင်ဆန်တဲ့ ဦးအောင်မြင့်ရဲ့ အကြောင်းကို မောင်ငြိမ်းချမ်းလည်း ကြားဖူးမှာပေါ့ သူ့အဖိုး လေးပဲဟာ”

“အင်းနော်”

“သူလဲ မြို့မှာ ဘာအဆင်မပြေလာလဲမှမသိတာ၊ စာရေး ဆရာ ပန်းချီဆရာဆိုတော့ စိတ်ကူးယဉ်ပြီး အဲဒီလိုပုံစံနဲ့ ရောက် လာတာ ဖြစ်မှာပါ။ မောင်ငြိမ်းချမ်းက မန္တလေးမှာထဲက မြင်း စီးတတ်လို့ မြင်းဝယ်ခဲ့ပေမယ့် သူနဲ့ မြင်းနဲ့ အထာမကျသေးလို့ လှေ့ကျင့်ပြီးစီးရင်းနဲ့ ညဘက်ရောက်သွားတာလို့ ပြောတာပဲ”

“ဦးအောင်မြင့်ကို အမေ တွေ့ဖူးလိုက်လားဟင်”

“တွေ့ဖူးတာပေါ့ အမေတို့လင်မယားက အဲဒီကတည်းက ခြံစောင့်ပဲလေ”

“ကြောက်စရာကြီးနော် အဲဒီဦးအောင်မြင့် သရဲဖြစ်ရင် ဒီအိမ်ကြီးမှာ လာနေမှာ သေချာတယ် အမေရဲ့”

“မရှိလို့သာ မောင်ငြိမ်းချမ်း တစ်ယောက်တည်း အိမ်ကြီး ပေါ်မှာ နေလို့ရတာပေါ့ကွယ်၊ ကဲပါ ဒါတွေ တွေးမနေနဲ့တော့ နှင်းကြည်က ကိုယ့်ဘဝကိုယ် မသိပဲ မတန်တာကို သွားမှန်းလို့ သာ သေကွဲကွဲကြရတဲ့အထိ ဖြစ်သွားရတာပေါ့လေ၊ ကဲ...ကဲ ပဲနှပ်အိုးကြည့်လိုက်ဦး အမေ ခြံထဲဆင်းပြီး ‘ပေါင်း’ရှင်းလိုက် ဦးမယ်”

“မတန်တာ မမှန်းရဘူး”ဆိုသော စကားက သူ့ကိုပြော

www.burmeseclassic.com



သွားခြင်း ဖြစ်ကြောင်းလောက်တော့ ခင်မ သိပါတယ် အမေ ရယ်။

"အိမ်ကြီးပေါ်က ညှော်သည်ထူးကို မမုန်းဝံ့ပါဘူး၊ ဒါပေမယ့် ငြိမ်သက်နေတဲ့ ခင်မတို့ရဲ့ ဘဝထဲကို ထူးဆန်းစွာ ရောက်ရှိလာတဲ့ စုန္ဒဆိုသူကိုတော့ ခင်မ စိတ်ဝင်စားမိတာ အမှန်ပါပဲ"

ခင်မ – နှင်းကြည် မဖြစ်ချင်သလို၊ ကိုငြိမ်းချမ်းလည်း ဦးအောင်မြင်လို မဖြစ်ပါစေနဲ့လို့ပဲ ဖြူစင်သော မေတ္တာနဲ့ ခင်မ ဆုတောင်းနေပါ့မယ်လေ။

❖ ❖ ❖

"အမယ်လေး မြတ်စွာဘုရား"

ဒေါ်တင်လင်းဆေ ရင်ဘတ်ကို လက်နှင့် ဖိပြီး ရေရွတ်လိုက်မိသည်။

"ဒီမှာ မင်းအတွက် ငါ့သားလေး ဘဝပျက်ခဲ့ရပြီ၊ အခု ဘယ်ကရလာတဲ့ ကလေးမှန်းမသိတဲ့ ကလေးတစ်ယောက်ကို မွေးစားပါလို့ လာပြောရဲတာ သိပ်ကို အံ့သြဖို့ကောင်းတာပဲ တကယ့်ကို သြချလောက်ပါရဲ့"

"ကျွန်မ တကယ်မညာပါဘူး မေမေရယ်၊ ဒီသားလေး ဟာ ကိုငြိမ်းချမ်းရဲ့ ရင်သွေးစစ်စစ်ပါ"

"ကျေးဇူးပြုပြီး ငါ့ကို မေမေလို့ မခေါ်ပါနဲ့၊ ဒီကလေး ဟာလဲ တို့မြေးအစစ်ဖြစ်တယ်ဆိုရင်တောင် မင်းနဲ့ရတဲ့ ကလေး မို့ တို့ မြေးမတော်ပါရစေနဲ့။ ကဲ ဒိန်းကလေး မင်း ပြန်ပါတော့ ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



အလွန်နူးညံ့သိမ်မွေ့ခဲ့သော တက္ကသိုလ်မှ ကထိက ဆရာမကြီး၏ မျက်နှာသည် တင်းမာခက်ထန်နေ၏။

လရောင်သည်...

အဖော်တစ်ယောက်နှင့်အတူ ကိုးလကျော်ရွယ် သားလေးကို ပိုက်ပွေ့ပြီး မန္တလေးတက္ကသိုလ်ဝင်းအတွင်းမှ ပါမောက္ခတစ်ဦး၏ အိမ်ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိ တက်ရောက်လာပြီး ပြောကြားသည့်အခါမှာ...

ဒေါ်တင်လင်းဝေက ခါးသီးစွာ ငြင်းပယ်လိုက်ခြင်းဖြစ်၏။

“ဒါဆိုလဲ သူ့အဖေဘယ်မှာရှိတယ်ဆိုတာ ကျွန်မ သိပါရစေရှင်”

“အေး ငါ့သားလေးရှိတဲ့ နေရာကို မင်းမသိစေဖို့အတွက် လိုအပ်ရင် ငါ့အသက်နဲ့လဲပြီး ကာကွယ်မယ်၊ မင်း ဘယ်သောအခါမှ မသိစေရဘူး မိန်းကလေး”

သူ့ရင်ခွင်မှ သားလေး၏ ရင်ဘတ်ပေါ်သို့ လရောင်၏ မျက်ရည်စက်များ ကျကြွေသည်။

ကိစ္စတစ်ခုကို ဘယ်သောအခါမှ နောက်ဆုပ်လေ့မရှိသော လရောင်အတွက် သည်တစ်ချီမှာတော့ အားလျှော့ရတော့မည်ဟူသော အသိကြောင့် စိတ်ဓာတ်ကျစပြုလေပြီ။

“မင်း ပြန်ပါတော့ကွယ်”

ဟု အထပ်ထပ်နှင်နေပြီဖြစ်၍ ပြန်ရခါနီးဆဲဆဲမှာ ခြံဝင်းထဲသို့ ကားတစ်စီးဝင်လာသည်။

ကံကြမ္မာသည် လရောင်ဘက်မှာရှိနေပါလားဟူသော



အားတက်စိတ်ဖြင့် ကားရှေ့ခန်းတွင် ပါလာသော ပါမောက္ခကြီး ဦးတင်ထွန်းအောင်ကို မျှော်လင့်ခြင်းကြီးစွာ စောင့်ကြည့်နေဆဲမှာ–

“ဧည့်သည်ရောက်နေသလား”

တက်လာလာခြင်းမေး၍ ဒေါ်တင်လင်းဝေက–

“လာဒုက္ခပေးပြန်ပြီ ကိုရယ်၊ အဲဒီကလေးဟာ သားနဲ့ရတာတဲ့။ ဝေတို့မွေးစားဖို့ ယူထားလိုက်ပါတဲ့ရှင်”

“အို”

ဦးတင်ထွန်းအောင်က ‘လရောင်ဆိုသော မိန်းကလေးပါလား’ဟူသော အသိဖြင့် အံ့သြခြင်း ကြီးစွာ ကြည့်လိုက်သည်။

လရောင်သည် အစွမ်းကုန် ကြိုးစားမှဖြစ်တော့မည်ဆိုသော အကြံဖြင့်...

“ကျွန်မရဲ့သားလေးကို ပစ်စလက်ခတ် လာပေးတာမဟုတ်ရပါဘူးရှင် နယ်ခြားမြို့လေးမှာ သားလေးကို မထားရက်လို့ ဒီအသိုင်းဝိုင်းမှာ ကြီးပြင်းစေချင်လွန်းလို့ပါ၊ ကလေးထိန်းငှားဖို့အတွက် ငွေဆယ်သိန်းတိတိ ထားခဲ့မှာပါ ဆရာကြီးရယ်”

“မင်း ဒီငွေတွေ ဘယ်ကရတာလဲ”

“ဒါတွေ ဘာလို့မေးနေတာလဲ ကို၊ ဝေပေးခဲ့တဲ့ စိန်ရွှေတွေက နည်းလား”

“အဲဒါတွေလည်း ကျွန်မ အားလုံး ပြန်ဆပ်မှာပါရှင်၊ နောင်ကိုလည်း ငွေအမြဲထပ်ပို့ပါ့မယ်၊ ဒီကိုလဲ လာပြီး မနှောင့်ယှက်တော့ပါဘူး၊ ကျွန်မ အိမ်ထောင်လည်းကျနေပါပြီ။ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ မြေးလေးအရင်းခေါက်ခေါက်ကို ဆရာကြီးတို့ရဲ့ လက်ကို အပ်ပြီးရင် ကျွန်မ ဘယ်တော့မှ မလာတော့ပါဘူးဆိုတာလည်း ကတိပေးပါတယ်"

"မင်းမွေးတဲ့ကလေးကို တို့က ထိန်းပေးရမယ်ပေါ့ ဟုတ်လား၊ မင်း အတင့်ရဲလှချည်လား၊ မင်းရဲ့ လုပ်ရပ်တွေကိုရော မင်း ပြန်စဉ်းစားမိရဲ့လား"

"အဲဒါတွေထားလိုက်ပါတော့၊ ဆရာကြီးတို့ရဲ့ မျိုးဆက်သွေးလေးကို နယ်စပ်မြို့မှာနေပြီး ပထွေးနဲ့ မကြီးပြင်းစေချင်တာကြောင့် ငွေထုပ်နဲ့အတူလာအပ်တာပါရှင် ကျွန်မလေ…

"မင်းရဲ့ငွေကို မက်ပြီး မင်းကလေးကို ယူလိုက်မယ်လို့ မင်းထင်နေသလား၊ တို့ လူကြီးလူကောင်းတွေပါကွ၊ မင်း ငါတို့ဆီ လာရဲတဲ့ မိုက်လုံးကြီးမှုကိုအံ့သြမိပါရဲ့။ ဒီမှာမိန်းကလေး…"

"ဆရာကြီးတို့ မြေးလေးကို ကြည့်ပါဦးရှင်"

"မင်းအနေနဲ့ မင်းနဲ့ မထားချင်ပဲ ဒီကလေးကို အဖိုးအဖွားဆီ အပ်ချင်တယ်ဆိုရင် မင်းရဲ့ မိဘရင်းဆီ သွားပေါ့ကွ"

'ကို'ကများ သနားပြီး လက်ခံချင်တဲ့စကား ပြောလေမလားဟု စိုးရိမ်နေဆဲမှာ ဒေါ်တင်လင်းဝေ မတွေးမိသောစကားကို ပြော၍ နှင်ချနေသော ခင်ပွန်းသည်ကို ကြည့်ညိုစွာ ကြည့်လိုက်မိသည်။

"ကဲ မိန်းကလေး ငါ ဒေါသသိပ်မထွက်ခင် ပြန်တော့ကွယ်"

"ပြန်စဉ်းစားပေးပါဦး ဆရာကြီးရယ်၊ ကျွန်မရဲ့ မိဘက



ဆင်းရဲတော့…"

"ဘာမှထပ်မပြောနဲ့တော့"

"ဟုတ်တယ် မင်း ခုချက်ချင်းပြန်တော့ ငါ့သားနဲ့ ဆက်သွယ်ဖို့လည်း လုံးဝမကြိုးစားနဲ့"

"ပြန်…ပြန်ပါ့မယ်ရှင် သားလေးနဲ့အတူ ကန်တော့ခွဲပါရစေ"

"မင်းကန်တော့တာကိုလဲ လုံးဝလက်မခံနိုင်ဘူး၊ သွားဆိုသွားတော့"

ဒေါ်တင်လင်းဝေက ပေါက်ကွဲစွာ အသံတုန်နေပြီမို့ လရောင်ဝင်း အားလျော့စွာ နေရာမှ ထပြီး အိမ်ကြီးပေါ်မှ ဆင်းခဲ့ရသည်။

တရားသောနည်းနှင့်ရော၊ မတရားသောနည်းနှင့်ပါ အမြဲအနိုင်ရခဲ့သော လရောင်ဝင်းသည် ယခုအချိန်မှစ၍ 'အရှုံး'များကိုသာ ရယူပိုင်ဆိုင်ရတော့မည်ဆိုသော အသိဖြင့် သားလေးကို ကျစ်ကျစ်ပါအောင် ပိုက်ပွေ့ကာ မျက်ရည်အသွယ်သွယ် ကျဆင်းရင်း မန်းတက္ကသိုလ်နယ်မြေကို စွန့်ခွာခဲ့ရတော့သည်။

မန္တလေးဘူတာကြီးမှ ငှားလာသော ပရိုက်ဗိတ်တက္ကစီဗန်ကားပေါ်သို့ ပြန်တက်ထိုင်လိုက်သော်လည်း ဘယ်သို့ မောင်းခိုင်းရမှန်း လရောင်မသိချေ။

"ဘယ်သွားမလဲဟင်"

အခြေနေကို ရိပ်မိပုံရသော တက္ကစီသမားက လေသံ ညက်ညက်ဖြင့်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လဲ ဈေးမကြီး၊ သိပ်လဲ အဆင့်မနိမ့်တဲ့ ဟိုတယ် တစ်ခုခုကို ပို့ပေးပါရှင်"

သည်တစ်နှစ်ခွဲခန့်ကာလအတွင်းမှာ လရောင်သည် အရင်းအနှီးပါလာသဖြင့် ကောင်းမှုနည်းနည်း မကောင်းမှုများစွာနှင့် ရှုပ်ထွေးလှသော တစ်ဖက်နိုင်ငံ၏ နယ်စပ်မြို့လေးသို့ အခါခါ ရောက်ပြီး အခုတ် – အဖြတ်တွေကြားမှာ လည်ပတ်စွာ ရှောင်နိုင် တိမ်းနိုင်ပြီး စည်းပွားလည်း ဖြစ်ခဲ့ပြီ၊ လည်လှပါသည်ဆိုသော 'ကိုသိန်း' လို ထိုင်းစကားတတ်သူကိုပင် တပည့်အဖြစ်မျိုးနှင့် မွေးထားနိုင်ခဲ့သော လရောင်…။

ကိုသိန်းကို ဆိုင်မှာ ထားခဲ့ပေမယ့် ကုန်ပစ္စည်းများက အကြွေးလိုလိုချည်း ဖြစ်၍ သူ မပြန်လျှင်လည်းရသည်။ သူ့ငွေ ဆယ်သိန်းကိုတော့ ပိုက်လာနိုင်ပါသည်။

တစ်ချက်လွန့်သွားသော သားချောလေး၏ မျက်နှာကို ငုံ့ကြည့်ရင်းက မိခင်၏ ချစ်ခြင်းမေတ္တာသည် နှလုံးသည်းပွတ်ကို ဖျတ်ဖျတ်ခါစေပြီး–

"မိခင်"

ဘယ်လူသားတစ်ယောက်မှ မထားနိုင်ရသော အတုမဲ့ အနှိုင်းမရှိသော မေတ္တာတရားသည် မိခင်၏ မေတ္တာပင်ဖြစ်၏။

ထိုအတုမဲ့ မေတ္တာထဲတွင် ခွင့်လွှတ်နိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ အပြစ်မယူရက်ခြင်း စသည့် အဆင့်မြင့် ချစ်ခြင်းတရားများ



လည်း မိခင်၏ မေတ္တာထဲတွင် ပါဝင်နေသဖြင့်…

"မေမေ"

"မေမေရယ်"

ဆိုသော မိခင်ကြီး ဒေါ်ခင်လေးရီကို လှမ်း၍တမ်းတဖြစ်သည်။

ပထမပိုင်းကာလများဆီက "မေမေ လာရှုပ်လို့ ငါ့ဘဝပျက်ရတာ"ဟူ၍ ကံကြီးထိုက်အောင် မိခင်ကို ပစ်မှားဖူးခဲ့သည်၊ နောင် သားလေးမွေးလာပြီးကာမှ 'မိခင်၏တန်ဖိုး' ကို သိရှိကာ–

"မေမေ လာမပြောလဲ တစ်နေ့ရာရာကနေပြီး တစ်နည်းနည်းနဲ့သိမှာပဲ၊ ဆရာကိုစိတ္တက ကိုသိန်းတို့လို ပညာမဲ့မှ မဟုတ်တာ"ဆိုသော အမှန်တရားကို မြင်လာခဲ့ပါပြီ။

"မေမေရယ် သမီးကို ခွင့်လွှတ်နိုင်မှာလား"

"ဖေဖေ…ဖေဖေကရော"

'သမီးကြီးကို အချစ်ပိုပါသည်'ဟု အမြဲပြောလေ့ရှိသော ဖေဖေကရော သမီးကို ပြန်လက်ခံနိုင်မှာလား ဖေဖေရယ်"

မိဘဆိုသော အနှိုင်းမဲ့မေတ္တာရှင်တို့၏ ခြေအစုံကို ဦးခိုက်ကန်တော့ပြီး တောင်းပန်ပါ့မယ်။

"သမီးနဲ့ သမီးလေးရဲ့ သားလေးကို လက်ခံကြပါနော်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့လူမှုနယ်ပယ် အထူးသဖြင့် စပ်စုတတ်သော၊ သူ့
အကြောင်းကို သိချင်တတ်သော အမျိုးသမီးအုပ်စုတို့ ရှိတ
ကြသည်။

"ဟိုကောင်မလေးက ရည်းစားများလိုက်တာ တစ်ယော
ပြီးတစ်ယောက် တွဲနေတာပဲ"ဟု အပြစ်တင်တတ်ကြသော်လ
ဣန္ဒြေရရနေတတ်သော မိန်းကလေးကိုဖြင့် "ဒီကောင်မလေ
သိပ်တော်တာ ရည်းစားတစ်ခါမှမထားဘူး"ဟူ၍ "သတင်
အဖြစ် မပြောဖြစ်ကြ"အတင်း"ဆိုလျှင်သာ အားရပါးရ
တတ်ကြသည့် သဘာဝကြီးကို ကြောက်ရွံ့စွာဖြင့်-

ဒေါ်ခင်လေးရီတို့ သူတို့မြို့လေးမှ ထွက်ပြေးခဲ့ကြရ
ဖြစ်သည်။

သူတို့မိသားစု၏ အဖြစ်ကလည်း အတင်းဖြစ်ရုံမက
ပဲ အရှက်တကွဲ အကျိုးနည်းရသည့် ဖြစ်ရပ်ကြီးမို့ ခေါင်းမ
ဝံ့လောက်အောင်ပါ။



ညီမနှင့် မင်္ဂလာဆောင်ဖို့ ဖိတ်စာဝေအပြီးမှာ အစ်မက ညီမ၏ ချစ်သူကို လုယူထွက်ပြေးပေါင်းသင်းနေထိုင်သည်အဖြစ်ကလည်း မြန်မာမိသားစုနှင့် မတန်မှုသော အဖြစ်ဆိုးကြီးမို့။

အိမ်တံခါးပိတ်ပြီး ဒေါ်ခင်လေးရီတို့ ထွက်ပြေးရင်း လူမှန်မသိအောင် ရှုးသွပ်သွားခဲ့သော သမီးငယ်လေး၏ ရောဂါကိုလည်း ကုသရန် မြောက်ဥက္ကလာမှာ ခေတ္တနေထိုင်ခဲ့ကြသည်။

သမီးကြီးလည်း ထွက်ပြေးသွားပြီ၊ သမီးငယ်၏ ရောဂါလည်း မပျောက်၊ ငွေကြေးလည်း လုံးဝမရှိတော့သဖြင့် ဦးမြင့်ဝင်းနှင့် ဒေါ်ခင်လေးရီတို့မှာ ဆက်လက်၍ အသက်မရှင်ချင်တော့လောက်အောင်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေကြချိန်မှာ-

မောင်ငြိမ်းချမ်းထံမှ ငွေတစ်သိန်းရရှိသဖြင့် သမီးလေးကို ဆက်လက်ဆေးကုနိုင်ခဲ့ကြသည်။

တစ်သိန်းဆိုသော ငွေပမာဏသည် အများကြီးဖြစ်သော်လည်း ယနေ့ခေတ် စားစရိတ်နှင့် ဆေးကုသရသည့် သုံးစရိတ်ပါ ပေါင်းလိုက်လျှင် ခြောက်လ ခုနစ်လထက် ပို၍ မခံဟု ကြိုတင်ခန့်မှန်းခဲ့ကြသည်။

"မြို့ကိုပြန်ပြီး အိမ်ကို ရောင်းမှပဲ ဖြစ်တော့မယ်"ဆိုသော ဒေါ်ခင်လေးရီ၏ ဆုံးဖြတ်ချက်ကို ဦးမြင့်ဝင်းက တွေတွေဝေဝေ စဉ်းစားရင်း-

"အိမ်တစ်လုံးရောင်းဖို့ဆိုတာ ချက်ချင်းမလွယ်ဘူး၊ လွယ်လို့ရတယ်ပဲထား၊ ဒီရန်ကုန်မှာ ဘာသွားလုပ်စားကြမလဲကွယ်၊ တို့က ဝန်ထမ်းတွေဆိုတော့ အရောင်းအဝယ်လည်း မလုပ်တတ်၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး အလုပ်ကို ရန်ကုန်ပြောင်းပေးဖို့ဆိုတာလည်း မလွယ်ဘူးလေ၊ လွယ်တယ်ပဲထားဦး တို့အလုပ်သွားရင် သမီးလေးကို ဘယ်သူကြည့်ပေးမလဲ"

"ဒီတော့ ကိုမြင့်ဝင်းက ဘာလုပ်ချင်လို့လဲ"

"လုပ်ချင်တာတော့ မဟုတ်ဘူး၊ စဉ်းစားသင့်တာကို စဉ်းစားကြည့်တာပါ"

"ပြောပါဦး"

"ကိုယ့်မြို့ကို ပြန်ပြီး၊ လစာမဲ့ခွင့်တွေ သွားတင်တုန်းက အာလုံးကပဲ လိုက်လိုက်လဲ့လဲ့ ကြိုဆိုကူညီကြပါတယ်၊ ဘယ်သူကမှလည်း ဒီအကြောင်းတွေကို ဘာမှမမေးကြပါဘူး"

"အင်း"

"ကိုယ့်ဇာတိမြေဆိုတော့ ဆွေမျိုးတွေ အပေါင်းအသင်းတွေရှိတယ်လေ၊ ဒီမှာနေရတာက ကျဉ်းကြပ်လှတယ်ကွယ် ပြီးတော့ ဆွေမရှိ မျိုးမရှိ ကူညီမယ့်သူလည်း မရှိနဲ့"

"ကိုမြင့်ဝင်းသဘောက မြို့ကိုပဲ ပြန်ချင်တယ်လား"

"အင်း စဉ်းစားတာပဲ၊ တို့အလုပ်တွေ ပြန်ဝင်ပြီး သားမိသားအဖသုံးယောက် ကိုယ့်အိမ်လေးမှာပဲ ကိုယ်ပြန်နေကြရင် ကောင်းမလားလို့"

ဒေါ်ခင်လေးရီက သက်ပြင်းမောကြီးကို ချလိုက်ရင်း–

"သမီးလေးအတွက်ကရော"

"ဒီဆေးပဲ ဆက်ကျွေးနေရတော့ နယ်ပြန်မယ်၊ နှစ်ယောက် တစ်ခါ သုံးလ တစ်ခါလောက် လာပါရစေဆိုပြီး ဆေးညွှန်



အတိုင်းတိုက်ရင်လည်း ဆရာဝန်ကြီးက ခွင့်ပြုမယ် ထင်ပါတယ်၊ သမီးလေး အခြေနေလည်း တိုးတက်လာပြီပဲကွယ်၊ ကိုယ်တို့ကိုယ့်မြို့ကိုပဲ ပြန်သင့်တယ်ထင်တယ်"

တည်ကြည်ဖြောင့်မတ်ပြီး ဦးဆောင်စီစဉ်နိုင်သော အိမ်ထောင်ဦးစီးတစ်ယောက်၏ လမ်းညွှန်ချက်ကို ဇနီးသည်တို့ လိုက်လျောသင့်၏။

သည်လိုနှင့် ရန်ကုန်မှာ ခြောက်လနီးပါးမျှ နေထိုင်ကြပြီးနောက်မှာ စိတ်ရောဂါကုဆေးရုံသို့ သွားရောက်ပြီး ဆရာဝန်ကြီးအား အကြောင်းစုံ ပြောပြပြီးသည့်အခါ–

"လမင်းဝင်း အိမ်ပြန်ရတော့မယ်နော်"

"ဟုတ်ကဲ့"

"ပြန်ချင်လား"

"ဟုတ်ကဲ့"

"ဟိုရောက်ရင်ပျော်မှာလား"

"မပျော်ပါဘူး"

"ဟင်"

"ဒီမှာလဲ မပျော်ပါဘူး"

"ပုတီးစိတ်တယ်ဆို"

"အင်း"

"ဘာစိတ်လဲ"

"အရဟံ"

"ဘယ်နှစ်ပတ်စိတ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ဟုတ်ပြီ အပတ်တွေ ရေမနေနဲ့၊ စိတ်လွတ်လက်လွတ် စိတ်ချင်သလောက်စိတ်နော်"

"ဟုတ်"

"အိပ်ပျော်ရဲ့လား"

"အင်း"

"စာရေဖတ်သေးလား"

"မဖတ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာမှမလာတာ"

"ဆရာလာရင် စာဖတ်မယ်ပေါ့ ဟုတ်လား"

"ဖတ်မယ်"

"ဆရာလာစေချင်လား"

"ဆရာမှမလာတာ"

"နောက်တော့ ရောက်လာမှာပေါ့၊ ကဲကဲ ...အားဆေးတွေ သောက်နော်၊ ဒေါ်ခင်လေးရီသမီးကို ခေါ်သွားနိုင်ပါပြီ"

သားအမိနှစ်ယောက် အခန်းအပြင်ရောက်သွားချိန်မှာ ဦးမြင့်ဝင်းက–

"ကျေးဇူးပါပဲဆရာရယ်၊ ဆရာပြောသလို ဘာဆေးတိုက် တိုက် အားဆေးဆိုပြီး တိုက်ရင် သောက်ရှာတာပဲ"

"အားဆေးရော တိုက်ရဲ့လား"

"တိုက်ပါတယ် အစားကျေးရင်လည်း ကောင်းကောင်း



စားပါတယ်၊ စကားတော့ သိပ်မပြောသေးဘူး၊ ဒါပေမယ့် သူ အမြဲပြောနေကျ "ဆရာ၊ ဆရာ... မလာပါ"ဆိုတာ မပြောတော့ ကတည်းက ကျွန်တော်တို့ အားတက်နေတာပါ"

"သူ့ရောဂါက ပျောက်နိုင်မှာပါ"

"ဝမ်းသာပါတယ်ဆရာ အခုလို မေးရင်လည်း မှန်မှန် ဖြေနိုင်ပါပြီ"

"နယ်ကိုပြန်မယ်ဆိုရင်လည်း ရပါပြီ၊ ဆေးနှစ်လစာ ဝယ်သွားပါ၊ နှစ်လနေတော့မှ ပြန်လာပါ၊ ဒီအတွင်း ထူးခြား ပြောင်းလဲတာရှိရင်လည်း ခေါ်လာပါ"

"ကျေးဇူးပါပဲ ဆရာရယ်၊ ဒါက သမီးလေးက ကန်တော့ တာပါ"

"ဟာ နေပါစေ ပြန်ယူသွားပါ၊ ကျွန်တော် ဦးမြင့်ဝင်း တို့အကြောင်းကို သိရလို့ သနားပြီး တကယ့်စေတနာနဲ့ ကူညီ ကုသပေးတာပါ"

"ပုဆိုးလေးတစ်ထည်နဲ့ မုန့်လေးတစ်ဗူးပါဗျာ၊ ဆရာ့ စေတနာနဲ့တောင် မတန်ပါဘူး၊ ဒါလေးတော့ လက်ခံလိုက်ပါ၊ ကျွန်တော်တို့ ပြန်တော့မယ် ဆရာ"

"ကောင်းပါပြီ လမင်းဝင်း အမြန်နေကောင်းပါစေဗျာ"

စိတ်စေတနာကောင်းလှသော ဆရာဝန်ကြီးကိုကျေးဇူး တင်စွာ နှုတ်ဆက်ပြီး ဆေးရုံကြီးထဲမှ ထွက်ခဲ့ကြသည်။

ကိုငြိမ်းချမ်းပေးခဲ့သော ငွေလက်ကျန်လေးဖြင့် ဆေးများ ဝယ်၊ အိမ်သုံးပစ္စည်းလေး အနည်းအပါး ဝယ်ခြမ်းပြီးနောက်မှ–

www.burmeseclassic.com

www.burmeseclassic.com



လခမယူပဲ နေခွင့်ပေးထားသော ဦးမြင့်ဝင်း၏ အဒေါ် တရားသမား 'ဒေါ်စောလှ'အား နှုတ်ဆက်ကန်တော့ပြီး ဇာတိမြေမြို့လေးသို့ ပြန်ခဲ့ကြတော့သည်။

* * *

အကြောင်းစုံသိပြီး သူများက ဘာမှမမေးကြ မပြန်းကြပါ ပဲနှင့် လိုအပ်သမျှ ကူညီပြီး ယခင်ကထက် ပို၍ ဂရုစိုက်ကြ သူ့ ဆွေမျိုးမိတ်ဆွေအပေါင်းကို ကျေးဇူးတင်ရပါ၏။

အတင်းပြောစရာရှိလျှင် ပြောလိုက်ကြ၊ အမြင်မတော်တာတွေ့လျှင် ထောက်ပြကြ၊ ကူညီစရာရှိလျှင် စိတ်ရောကိုယ်ပါ ကိုယ်ဘိရင်ဘိ ကူညီတတ်ကြသော ချစ်စရာ မြတ်နိုးစရာကောင်းလှသော မြန်မာတို့၏ လူနေမှုစရိုက်ကလေးပါပင်။

မြို့ကြီးပြကြီးမှာ နိုင်ငံခြားအမူအကျင့်တွေ ဝင်ပြီး တစ်ဦးနှင့်တစ်ဦး ဘာသိဘာသာနေတတ်ကြသော စရိုက်မျိုးနှင့် စာလျှင် ဤနယ်မြို့လေးမှာ ပြန်နေရခြင်းက ပိုမိုသင့်မြတ်မှန်ကန်လှပါ၏။

ဒေါ်ခင်လေးရီ၏ အဒေါ်ဝမ်းကွဲတစ်ယောက်က လာရောက်စောင့်ရှောက်ပေးနေသဖြင့် 'လမင်းဝင်း'အတွက် စိတ်ချစွာဖြင့်–



ဦးမြင့်ဝင်းက ရုံးသို့၊ ဒေါ်ခင်လေးရီက ကျောင်းသို့ အလုပ်ပြန်ဝင်ကြပြီးနောက်မှာ–

အားလုံးနေသားတကျရှိစွာဖြင့် အချိန်ကာလများကို ဖြတ်သန်းလွန်မြောက်ခဲ့ကြပေသည်။

* * *

လရောင်ဝင်းသည်

ခရီးသည်ကားကိုလည်းမစီး၊ မီးရထားနှင့်လည်း မလာပါပဲနှင့် ... မန္တလေးမှ သူတို့၏ မြို့လေးအထိ ပရိုက်ဗိတ်တက္ကစီကို စီးလုံးငှား၍ လာခဲ့သည်။

ဤမြို့လေးမှာ မိဘများရှိမရှိ မသေချာသဖြင့် တစ်ကြောင်း၊ မိဘများက လုံးဝလက်မခံပဲ နှင်ထုတ်လျှင်လည်း ချက်ချင်းပြန်ရန် အသင့်ဖြစ်ရအောင် တစ်ကြောင်းမို့ ကားစီးလုံး ငှားလာခဲ့သဖြင့် ညနေမစောင်းခင်မှာပင် သူ၏ ဇာတိမြေမှ သူမွေးဖွားကြီးပြင်းခဲ့ရာ အိမ်ရှေ့သို့ ရောက်ရှိလာခဲ့တော့သည်။

ကားတစ်စင်း ထိုးဆိုက်သဖြင့် ဦးမြင့်ဝင်းက အံ့သြတကြီးလန့်စွာ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးရီက ကျောင်းမဆင်းသေး၊ လမင်းဝင်းက သူ့ဆေးများ၏အရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ၊ ကူညီ ဖော် အဒေါ်ကြီးက အပြင်သွားနေခိုက်–

"ဖေဖေ...ဖေဖေ သမီးကြီးပါ လရောင်ပါ၊ သမီးကို နှင် မထုတ်လိုက်ပါနဲ့နော်၊ သမီး ပြောပြတာတွေကို နားထောင်ပေး ပါ ဖေဖေရယ်"

ကလေးကို ပွေ့၍ ပြေးတက်လာပြီးမှ ကလေးထိန်း ကောင်မလေး၏ လက်သို့ ကလေးကိုပေးကာ ဖခင်ကြီးကို ဖက်၍ ငိုပါလေတော့သည်။

"လရောင် သမီးမိုက်ကြီး ဘယ်လိုဖြစ်လာတာလဲကွယ်"

"မေမေရော"

"ကျောင်းမလွှတ်သေးဘူးလေ"

"ဖေဖေတစ်ယောက်တည်း တွေ့ရတာ ဝမ်းသာလိုက်တာ ဟို...လ...လမင်းရော ဟင်"

"ရှိပါတယ်"

"ဖေဖေ သမီးရှင်းပြမှာကို မေမေ မလာခင် နားထောင် ပေးပါနော်၊ မေမေ ပြန်လာပြီး သမီးကို နှင်ထုတ်လိုက်ရင် သမီး ချက်ချင်းပြန်ပြေးရမှာမို့ပါ ဖေဖေရယ်"

ဖခင်၏လက်ကို ဆွဲ၍ သူ့မျက်ရည် မျက်နှာနှင့် ပွတ် တိုက် တောင်းပန်နေသော သမီးကြီးလရောင်ကို ကြည့်ကာ ဦးမြင့်ဝင်း မျက်ရည်ဝဲ၏။

"သမီးအိမ်ထောင်ကျနေပြီလား၊ ဒီကလေးက သမီး



ကလေးလား"

"သမီး အိမ်ထောင်မကျပါဘူး ဖေဖေ၊ ဒီကလေးက ကိုငြိမ်းချမ်းနဲ့ ရခဲ့တဲ့ ကလေးပါ"

"အို"

"အဲဒါ သူ့အဖိုးအဖွားဆီ သွားပြောတော့ သမီးကို လက် မခံဘဲ နှင်လွှတ်လိုက်တယ် ဖေဖေရယ်"

"အခု ဒီကို သမီး အပြီးပြန်လာတာလား"

"မဟုတ်ပါဘူး ဖေဖေ၊ သမီး ပြန်သွားမှာပါ"

"ဘယ်မှာနေလို့လဲ"

"ကော့သောင်းမြို့မှာ"

"ကော့သောင်း...ကော့သောင်းဆိုတာ အဝေးကြီးပဲ၊ နယ် စပ်မြို့ပဲ၊ အဲဒီကတောင် လာတာ ဟုတ်လား သမီး"

"ဟုတ်ပါတယ် ဖေဖေ၊ အဲဒီမြို့မှာ စီးပွားရေး အဆင်ပြေ နေပြီ၊ သမီးပြန်သွားမှာပါ၊ ဒီသားလေးအတွက် လာခဲ့တာပါ"

"ဒီကလေးအတွက်ဟုတ်လား"

"ဟုတ်ပါတယ် ဟိုမှာမထားချင်လို့ မန္တလေးက သူ့အဘိုး အဘွားတွေဆီ သွားပို့တာ၊ သူတို့ကလက်မခံလိုက်ကြဘူး ဖေဖေ ရဲ့"

"လရောင်"

"ရှင် ဖေဖေ"

"သမီး ဘာတွေလျှောက်လုပ်ပြန်ပြီလဲ သမီး ဒုက္ခပေးခဲ့ တဲ့အတွက် ဖေဖေတို့ မိသားစုနှစ်စုလုံး သိပ်ဒုက္ခရောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခုလဲ ဘာလာလုပ်ပြန်ပြီလဲကွယ်၊ ကိုယ့်ကလေးကိုယ်ပဲ မွေးပေါ့”

သမီးကြီးကို ချစ်လှပါသည်ဆိုသော ဦးမြင့်ဝင်းပင်လျှင် စိတ်ပျက်ညစ်ညူးစွာ ကြည့်မိသည်။ သို့သော်လည်း မျက်ရည်အသွယ်သွယ်ဖြင့် ငိုရှိုက်တောင်းပန်နေပြန်တော့လည်း ဖခင်တစ်ယောက်၏ အကြင်နာစိတ်က ဖြစ်ထွန်းလာရပြန်သည်။

“သမီး ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ကလေးတစ်ယောက်ပိုက်ပြီး ရောက်လာရပြန်တာလဲကွယ်”

“သမီးရဲ့သားလေးကို ဟိုမှာ မကြီးပြင်းစေချင်ဘူး ဖေဖေ၊ ပြီးတော့ သူ့အဖေရဲ့ မျိုးရိုးဂုဏ်မြင့်သလို သားလေးကိုလည်း မြင့်စေချင်တယ်၊ ဒါကြောင့် ဒီကိုလာပို့တာ သူတို့က လက်မခံကြဘူး”

“လရောင်...လရောင်... စိတ်ထင်တာတွေ တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်ဆိုးက မပျောက်သေးပါလား၊ ဖေဖေ သမီးကို သိပ်တွေ့ချင်တယ် သိပ်တမ်းတတယ်၊ ဒါပေမယ့် လမင်းလေး သိပ်အထိနာသွားရတဲ့အတွက် ဖေဖေ သမီးကို စွန့်လွှတ်ရလိမ့်မယ်”

“သမီးကလည်း ဒီမှာနေဖို့လာတာမဟုတ်ပါဘူး၊ ဟိုမှာ စီးပွားရေးက အခြေတကျဖြစ်နေပါပြီ”

“ဒါဖြင့် ဘာလာလုပ်တာလဲ”

“ဖေဖေတို့ကို ထောက်ပံ့ဖို့နဲ့ ကလေးကို ထားခဲ့ဖို့ကိစ္စနဲ့ လာခဲ့တာပါ”



“အဲဒါနှစ်ခုလုံးလုပ်ဖို့ မလိုဘူး လရောင်၊ သမီးရဲ့ အထောက်အပံ့ကိုလည်း မလိုချင်ဘူး၊ ဒီကလေးလေးကိုလည်း ဖေဖေတို့ ဘယ်လိုလုပ်ပြီး မွေးနိုင်မှာလဲ”

“သမီးဟာ ဖေဖေရဲ့ သမီးအရင်းခေါက်ခေါက်ပါ ဖေဖေ၊ ဖေဖေတို့က”

“တိုးတိုးပြော လမင်းလေး နိုးသွားမယ်”

“အဝေးကြီးကလာတဲ့ သမီးထက် အိပ်ပျော်နေတဲ့ သမီးက ပိုအရေးကြီးနေသလား”

ဦးမြင့်ဝင်းသည် သမီးကြီးလရောင်ဝင်းကို စိတ်ပျက်စိတ်ကုန်စွာ ကြည့်လိုက်မိသည်။

သူပေးခဲ့တဲ့ ဒုက္ခထုထည်ကြီးက ယနေ့အထိ မပြိုကွဲသေး ချိန်မှာ သူ ပြန်ရောက်လာပြန်သည်။

“ဟော ဟိုမှာ ရီရီပြန်လာပြီ လာ ရှေ့နားမှာ ပြောကြမယ်၊ လမင်း နိုးလို့မဖြစ်ဘူး”

သူတို့သားအဖက အဆင်း ဒေါ်ခင်လေးရီက အတက်မှာ ဆုံကြသည်။

“မေမေ သမီးကို ကယ်ပါဦး မေမေရယ်”

“အမယ်လေး လရောင်ပါလား ဘယ်လိုဖြစ်လာရပြန်တာလဲ”

“သမီးမေမေတို့နဲ့ ခဏနေပါရစေ၊ သမီးရဲ့သားလေးကိုလဲ”

“တော်စမ်း လရောင်၊ ဒီမှာ ရီရီ၊ လမင်းဟာ ခုမှ သူ့စိတ်ကြည်လင်ကာစရှိသေးတယ်၊ လရောင်ကိုမြင်ရင် ပေါက်ကွဲသွား

www.burmeseclassic.com



နိုင်တယ်၊ တို့များ မနည်းကုထားရတာ”

“ဖေဖေပြောသလို သမီးကို ဥပေက္ခာမပြုလိုက်ပါနဲ့နော် မေမေ၊ သမီး ဒီမှာ ခဏနေပြီး ကလေးကို ထားခဲ့ပါရစေ၊ ငွေလည်း အလုံအလောက်ပေးခဲ့မှာပါ”

ဒေါ်ခင်လေးရီသည် ကျောင်းစိမ်းလုံချည်နှင့် ခြင်းတောင်းလေးကို ဆွဲရင်း အံ့သြလွန်းသဖြင့် ကြောင်တောင်တောင်ပင် ဖြစ်နေသည်။

“နော် မေမေရယ်၊ တောင်ဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတာပါ၊ အခု သမီးမှာ သားလေးရတော့ မိဘရဲ့ မေတ္တာကို သိလာပါပြီ၊ သမီးကို လက်ခံပါနော်”

ဒေါ်ခင်လေးရီက နှုတ်ဆွံ့အဆဲဖြင့် ဦးမြင့်ဝင်းကို လှမ်းအကြည့်မှာ...

“သူတို့ညီအစ်မချင်းတွေ့လို့ကို မဖြစ်ဘူး ရီရီ”

သည်တော့မှ လမင်းလေးဘဝ ဆုံးမတတ်ဖြစ်ရရှာသည်ကို ဒေါ်ခင်လေးရီ သတိရစွာဖြင့်–

“တို့မှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရတယ်၊ ညည်း အားမရသေးလို့ အခုလာပြီး ဒုက္ခပေးပြန်တာလားဟင်... လရောင်”

“မဟုတ်ဘူး မဟုတ်ဘူး မေမေ”

“တိုးတိုးပြောပါဟဲ့၊ တို့မှာ ရပ်နဲ့ရွာနဲ့ နှင်လုပ်ပုံကြောင့် မျက်နှာမပြရဲပဲ ထွက်ပြေးခဲ့ရတာ ဒီမှာ ကိုမြင့်ဝင်း ရှင် သူ့ခေါ်ချင်သလား၊ ကျွန်မကတော့ လရောင်ကို တကယ်ကြောက်ပါပြီ”



“ငါက နှင်လွှတ်နေတာပါ၊ ကဲ...လရောင် ဘယ်သူမှ မသိခင်၊ လမင်း မနိုးခင် သမီး ပြန်ပါကွယ်”

“ဟင်၊ ယောက္ခမနှင်တုန်းက ဒီလောက်အသည်းမနာပါဘူး၊ ကိုယ့်မိဘအရင်းခေါက်ခေါက်ကြီးက နှင်လွှတ်တာတော့ ရင်ထဲက နာပါတယ်”

“ကြည့်စမ်း ကိုမြင့်ဝင်း၊ ရှင့်သမီးကို ကျွန်မ လုပ်မိတော့မယ်နော်”

“လရောင် တစ်နေရာရာကို အေးအေးချမ်းချမ်းပြန်စမ်း၊ ဒီအိမ်ရှေ့မှာ ဒီထက်ပိုပြီး နေလို့မကောင်းတော့ဘူး ဟိုရှေ့အိမ်က ထွက်ကြည့်နေကြပြီ၊ သွားတော့ သမီး”

လရောင်သည် မိရင်းဖရင်းကိုပင် ရန်သူသဖွယ် အမျက်စောင်မာန်နှင့် ကြည့်ပြီး ကားပေါ်ပြန်တက်၏၊ အထိန်းလက်မှ ကလေးကို ပြန်ပွေ့ယူပြီး မျက်ရည်သုတ်ရင်း ကားထဲမှာ ပါသွားသည်ကို ကြည့်ပြီး–

မိဘများမှာ နာကျည်းခြင်း၊ ခံပြင်းခြင်းတို့နှင့်အတူ သနားကြင်နာစိတ်များပါ ပြိုင်တူခံစားလိုက်ကြရသည်။

ဗီဇကိုက ဆိုးသည့်အတွက် ဘယ်လိုအခြေနေမျိုးကြောင့်မှ သူ့စိတ် ပြောင်းလဲ ပျော့ပျောင်းမည်မဟုတ်တော့ပါ။

ယခုလည်း တစ်ခုခုကို ဆောင်ရွက်တော့မည့် မျက်နှာနှင့် ထွက်ခွာသွားသော သမီးကြီးအတွက်...

“လရောင် အမိုက်မ ဘာတွေများ ကြံစည်ဦးမလို့လဲကွယ်”

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"သမီးကြီးကို လက်မခံလိုက်မိတာ မှားများမှားသွားပြီလား ကိုမြင့်ဝင်းရယ်"

"အေး၊ ကိုယ်လဲ ဒါကိုပဲ စဉ်းစားနေမိတယ်၊ ကလေးတစ်ယောက်ပိုက်ပြီး ဘယ်များသွားနေမလဲလို့ စိုးရိမ်လာတယ် ရီရီရယ်"

"ကျွန်မတို့ နှင်လွှတ်လိုက်တာ သိပ်များရက်စက်ရာကျသွားပြီလားရှင်"

နှစ်ယောက်လုံး တွေဝေနေကြသည်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ရင်သွေးစစ်စစ်၊ သမီးကြီးဖြစ်ပါလျှက်နှင့် လက်မခံပဲ နှင်လွှတ်လိုက်မိတဲ့အတွက် နောင်တကိုယ်စီဖြင့် မျက်ရည်ဝေမိကြသည်။

"အေးလေ ပြီးသွားပြီပဲ၊ စိတ်မကောင်း မဖြစ်နဲ့တော့ပေါ့၊



သမီးကြီးက ဖန်တီးနိုင်ပါတယ်၊ ငွေရေးကြေးရေး အဆင်ပြေပုံလည်းရပါတယ်၊ တို့နှစ်ယောက် တကယ်ငဲ့ရမှာက သမီးလေး လမင်းဝင်းပဲ"

"ဟုတ်တော့ ဟုတ်တာပေါ့"

"သူတို့နှစ်ယောက် ဆုံတွေ့လိုက်ရင်လည်း သမီးလေးဘက်က ပိုဆိုးသွားနိုင်ပါတယ်လေ၊ ခုမှ ပုံမှန်ပြန်ရောက်ဖို့ လမ်းစလေးတွေ့နေချိန်မှာ လမင်းရဲ့စိတ်ကို အတတ်နိုင်ဆုံး အေးချမ်းအောင်ထားဖို့ပဲ လိုပါတယ်၊ ပြီးသွားပြီပဲ သဘောထားလိုက်ပါတော့ကွာ၊ တို့မှ ဘာမှ မတတ်နိုင်တော့ပဲလေ"

ဒေါ်ခင်လေးရီ မျက်ရည်သုတ်ပြီး အဝတ်စားလဲသည်၊ ဦးမြင့်ဝင်းသည်လည်း သမီးကြီးအတွက် ရင်ထဲမှာ နင့်နေအောင် ခံစားရပါ၏။

သို့သော်...

မှန်သည့်ဘက်က အားနည်းသည်ဘက်က ရပ်ပေးမှသာ ကောင်းဖခင်ဖြစ်တော့မပေါ့။

ခဏအကြာမှာ လမင်းလေးနိုးလာ၏။ သူ ဘာမှ မသိလိုက်သဖြင့် အခြေနေက ပုံမှန်အတိုင်းမို့ သမီးကို အရင်ထမင်းကျွေးသည်၊ ပြီးမှ သူတို့နှစ်ယောက် ညနေစာထမင်းစားပြီးချိန်မှာ ကျောင်းစိမ်းဝတ်ထားသော ကျောင်းသားလေးတစ်ယောက် စက်ဘီးစီး၍ရောက်ရှိလာပြီး–

"ဆရာကြီးဦးထွန်းမြတ်က ခေါ်ခိုင်းလိုက်ပါတယ်၊ ဦးလေးရော ဒေါ်ဒေါ်ပါ ခဏလောက် လိုက်ခဲ့ကြပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တဲ့လဲကွယ်"

"မသိဘူးခင်ဗျ"

သမီးလေး လမင်းဝင်းကို အတူနေသော ဒေါ်ခင်လေးရီ၏ ဝမ်းကွဲအဒေါ်အား အသေအချာမှာကြားလျှက် ဦးမြင့်ဝင်းတို့ ဇနီးမောင်နှံ ဆိုက္ကားတစ်စီးခေါ်ပြီး ခပ်သုတ်သုတ်လိုက်လာခဲ့ရသည်။

သမီးတို့ကိစ္စဖြစ်ပြီးမှ ဆရာကြီး ဦးထွန်းမြတ်နှင့် တစ်ခါမှ မဆုံဖြစ်ကြတော့ပါ၊ ရှက်ရွံ့အားနာစိတ်များကြောင့် မဆုံဖြစ်အောင်လည်း နေခဲ့ကြသည်။

သားကောင်းသမီးကောင်းများရသော မိဘများက လူ့ရှေ့သူ့ရှေ့မှာ ခေါင်းမော်ဝင့်ကြွားနိုင်သလောက်၊ မိဘကို အရှက်ရစေသော သားသမီးများရှိလာလျှင်၊ မိဘများမှာ လူတောသူတော မတိုးရဲလောက်အောင်၊ လူထဲ သူထဲမှာ ခေါင်းမဖော်ရဲလောက်အောင် ဖြစ်ကြရသည်။

ယခု ဦးမြင့်ဝင်းတို့မှာလည်း သာရေး နာရေး လူမှုရေးများကို ရှောင်ကြရသည်၊ ရုံးနှင့် ကျောင်းသို့သာ သွားကြပြီး အိမ်မှာ သမီးလေး လမင်းဝင်းကိုသာ ဂရုတစိုက် ပြုစုကာ တစ်နှစ်ခွဲကာလများကို ဖြတ်ကျော်ပြီး နေသားတကျ ရှိချိန်လောက်မှာ—

လရောင် ရောက်ရှိလို့လာပြန်သည်။

ယခု ဆရာကြီး ဦးထွန်းမြတ်အခေါ်ခိုင်းလိုက်သည်မှာလည်း လရောင်ကိစ္စကလွဲ၍ မဖြစ်နိုင်ဟု ထင်၏။

"ဒီကောင်မ ဘာများသွားနှောင့်ယှက်ပြန်ပြီလဲ၊ ဆရာကြီး



အိမ်ရောက်နေပြီလား"

ဟူသော အတွေးများ နှစ်ဦးစလုံး စိတ်ထဲမှာ ပြိုင်တူ ရှိနေကြသော်လည်း တစ်ဦးနှင့် တစ်ဦး မပြောဖြစ်ကြ။

"အိမ်ရှေ့မှာ စောစောကလာတဲ့ ကားကြီးများ ဆိုက်ထားပြီလား"

ဟူသော စိုးထိတ်စိတ်များဖြင့် ဆိုက္ကားနောက်မှ ဒေါ်ခင်လေးရီ လည်ပြန်လှည့်ကြည့်သော်လည်း မတွေ့ရသဖြင့် 'မဟုတ်ပါစေနှင့်' ဟု ဆုတောင်း၍ ဆရာကြီးဦးထွန်းမြတ်အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

သားသမီးပေးသော ဒုက္ခများကြောင့် သည်တစ်နှစ်ခွဲအတွင်းမှာ ဆံပင်တွေ ဖြူ လူကပိန်ပြီး ရုပ်ကျသွားကြသော သူတို့ဇနီးမောင်နှံကို ဦးထွန်းမြတ်က ကြင်နာသောအကြည့်ဖြင့် ကြိုဆိုရှာသည်။

"ဘာကိစ္စများပါလဲခင်ဗျာ"

မိသားစုကိစ္စကို ရှေ့ကရပ်ပေးလေ့ရှိသော ဦးမြင့်ဝင်းက ဦးဆောင်ပြီး စိုးရိမ်စွာ မေးမိ၏။ သူတို့နှစ်ဦးလုံး စိုးရိမ်လာသည့်အတိုင်းပင်...။

"လရောင်ဝင်း လာသွားတယ်"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်စိမျက်နှာတွေ ပျက်ကုန်ကြပြီ။

"သူ ကော့သောင်းမြို့က လာတာတဲ့၊ ဖေဖေနဲ့ မေမေဆီကို ရုတ်တရက် မသွားရဲလို့ ဒီအထုပ်တစ်ထုပ်နဲ့ ဒီကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ခဏထားခဲ့ပါရစေတဲ့"

"အို"

"သူ တစ်ယောက်တည်းသွားပြီး မေမေတို့ကို ဒီခေါ်လာမယ်၊ ပြီးရင် ဆရာကြီးရှေ့မှာ ရှိခိုးတောင်းပန်ပါ့မယ် ဆိုပြီး ပြောလဲပြော အထုပ်နဲ့ ကလေးကိုလဲ ချခဲ့ပြီး ဇဲန်ကားလေးနဲ့ ထွက်သွားတာ နှစ်နာရီလောက်တောင်ရှိပြီ"

"ဘုရား...ဘုရား"

"ဒုက္ခပါပဲဗျာ"

"အဲဒါ အခု မှောင်ခါနီးနေတာနဲ့ ခေါ်ခိုင်းလိုက်ရတာ ကလေးငိုလို့ သေးစိုအဝတ်လဲပေးဖို့ သူ့အထုပ်ထဲမှာ ရှာတော့ ဒီစာတွေ့ရတယ်"

"ဘာ...ဘာစာများလဲရှင်"

"မသိဘူး ဒေါ်ခင်လေးရဲ့ ဖတ်ကြည့်ပေါ့၊ ဖြစ်နိုင်တာက ဒီကလေးကို ကျွန်တော်ကနေတစ်ဆင့် ဆရာမနဲ့ ဦးမြင့်ဝင်းတို့ဆီကို ပို့ပေးစေချင်တာပဲ ဖြစ်ရမယ်"

လင်မယားနှစ်ယောက်လုံး မလှုပ်နိုင်မရှားနိုင် ဘာမှမပြောနိုင်အောင် ဖြစ်သွားကြ၏။

"ပြဿနာက ဖြစ်လာပြီပဲ၊ စိတ်အေးအေးထားပြီး ရင်ဆိုင်ကြပါ၊ ကဲ သူ ဘာပြောချင်တာလဲဆိုတာ သိရအောင် ဒီစာကို အရင်ဖတ်ကြည့်လိုက်ကြပါဦး"

ဦးမြင့်ဝင်း ဖောက်ပြီးသည်နှင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး ဖတ်မိကြရာမှာ...



ဖေဖေနဲ့ မေမေ

သမီးရဲ့သားလေးကို သမီးသိပ်ချစ်သလို ဖေဖေနဲ့ မေမေကလည်း သမီးကို သိပ်ချစ်ကြမှာပါ၊ ဒါကြောင့် မိဘဆန်စွာနဲ့ သမီးရဲ့လုပ်ဆောင်ချက်ကို လက်ခံကြပါလို့ ပြောချင်တယ်။

သမီးရဲ့သားလေးကို ဟိုမှာ မကြီးစေချင်ဘူး၊ ကိုသိန်းလို ပထွေးမျိုးနဲ့လည်း မနေစေချင်ဘူး၊ သူ့အဖေဘက်ကလို ပါမောက္ခတွေ၊ ကထိကတွေ၊ ဒေါက်တာတွေဖြစ်စေချင်တယ်၊ ပညာတတ်စေချင်တယ်၊ ဒါပေမယ့် သူတို့က လက်မခံကြဘူး။

ဒါကြောင့် ဖေဖေနဲ့ မေမေက ဒီကလေးကို မွေးပြီး ပညာတတ်အောင် သင်ပေးကြပါ၊ ဒီတိုင်း ဒုက္ခပေးတာမဟုတ်ဘူးနော် သားလေးရဲ့ ပစ္စည်းထုပ်ကြီးထဲမှာ ငွေဆယ်သိန်းတိတိပါတယ်၊ အဲဒီငွေနဲ့ လိုတာသုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို ဖြစ်အောင်လုပ်တတ်တဲ့ လရောင်ဟာ မေမေတို့ လက်မခံဘူးဆိုလို့ လက်ခံတဲ့နည်းနဲ့ ဆရာကြီးကတစ်ဆင့် သားလေးကို ထားရစ်ခဲ့ရတာပါ။

လုပ်မယ်ဆိုတာကို ဖြစ်အောင်လုပ်သလို၊ မလုပ်ဘူးဆိုတာကိုလဲ ဘယ်တော့မှ မလုပ်တဲ့ လရောင်ကို ဖေဖေနဲ့ မေမေ တစ်ခုတော့ စိတ်ချပါ။

ဒီနေ့ဟာ ဖေဖေနဲ့ မေမေတို့ကို နောက်ဆုံးတွေ့ဆုံခြင်းပါပဲ၊ လရောင် ဘယ်သောအခါမှပြန်မလာတော့ဘူး၊ ဘာအကြောင်းကြောင့်မှလဲ မဆက်သွယ်တော့ဘူး။

တစ်သက်တာအတွက် နှုတ်ဆက်ကန်တော့ခဲ့ပါတယ်။

သမီးကြီး

လရောင်ဝင်း



စာဆုံးသည့်အခါမှာ ဒေါ်ခင်လေးရီက ချုံးပွဲချပြီး ငိုတော့သည်၊ ဦးမြင့်ဝင်းလည်း ဆရာကြီးရှေ့မှာမို့ မနည်းထိန်းထားရ၏။

"သူ့မှာလဲ အဆင်မပြေလို့ ထင်ပါရဲ့၊ ဆရာမတို့ဆီ တိုက်ရိုက်မသွားရဲလို့ ကျွန်တော့်ဆီကတစ်ဆင့် ကလေးကို ထားသွားတာဖြစ်မှာပါ"

ဆရာကြီးက သည်သို့ သုံးသပ်လေ ဒေါ်ခင်လေးရီ ပို၍ ဝမ်းနည်းလေ၊ ပို၍ မျက်ရည်ကျလာလေ။

"အားနာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုဦး၊ ကဲ...ရီရီ ထ ကလေးကို ချီခဲ့၊ ကိုယ်အထုပ်တွေ ယူခဲ့မယ်"

ဆရာကြီးအိမ်မှ အမြန်ဆုံးဆင်းခဲ့ကြရသည်၊ ဒေါ်ခင်လေးရီမှာ ဆရာကြီးကို နှုတ်ဆက်ဖို့ပင် သတိမရနိုင်ပါ။ ပြင်းထန်လွန်းသော ခံစားမှုများက ရင်ထဲမှာ တင်းကြပ်နာကျင်နေသည်။ ဆရာကြီးကတော် 'ဒေါ်ရီရီထိုက်' ကပါ ကြင်နာစွာ ဝိုင်းကူရှာသည်။

အိမ်ပြန်ရောက်သည့်အခါမှာ...

"ကိုမြင့်ဝင်းရယ် ရှင့်သမီးကြီးပေးတဲ့ ဒုက္ခက ကြီးလှချီလား၊ ဒီအသက်အရွယ်ရောက်မှ ဒီလသားလေးကို ဘယ်လိုလုပ်ပြီး မွေးရမလဲ၊ လူမမာကလည်းတစ်ဘက်နဲ့ ဟင်း...ဟီး...ဟီး"

ဒေါ်ခင်လေးရီ ကြမ်းပြင်မှာ ထိုင်ချပြီး ကြုံကြုံပါအောင်

www.burmeseclassic.com

www.burmeseclassic.com



ငိုတော့သည်။

စွမ်းဆောင်ရှင် ဦးမြင့်ဝင်းပင်လျှင် ဘာမှမစွမ်းဆောင်နိုင်တော့ပဲ စိတ်လှုပ်ရှားလွန်းစွာ မတ်တတ်ကြီးရပ်ရင်းက ဟိုလျှောက်လိုက်၊ သည်လျှောက်လိုက်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ပါ။

ဒီအချိန်မှာပင် ကြမ်းပြင်ပေါ်မှာ ဂွမ်းကပ်နှင့် ချသိပ်ထားသော ကလေးက တဝါးဝါးနှင့် ကြုံးအော်ငိုတော့သည်။

မိန်းမကို ငဲ့ညှာသော ဦးမြင့်ဝင်းက တအားငိုနေသော ကလေးကို ကိုယ့်ကားယားကောက်ချီပြီး မနိုင်မနင်းလို ဖြစ်နေသဖြင့် ဒေါ်ခင်လေးရီက မျက်ရည်သုတ်ပြီး လှမ်းချီလိုက်ရသည်။

"နို့ဆာလို့များလားကွယ်"

ထားခဲ့သော အထုပ်ကြီးကို ဖြေကြည့်တော့ ဖောက်လက်စ နို့ဗူးနှင့် နို့ဗူးအသစ်များကို တွေ့ရသည်။

ဓာတ်ဗူးထဲမှ ရေနွေးနှင့် အရေးပေါ် ဖျော်ပြီး တိုက်လိုက်တော့ ရှိုက်၍ငိုနေရင်း နို့ဗူးကို အငမ်းမရစို့သောက်ရှာသည်၊ ဘယ်အချိန်ထဲက ဆာနေရှာသလဲမသိဟူသော အကြင်နာစိတ်ဖြင့် ကြည့်ဖြစ်ကြရပြန်သည်။

အထုပ်ကြီးထဲမှာ အင်္ကျီ၊ ဘောင်းဘီအစုံနှစ်ဆယ်ကျော် ဦးထုပ်မျိုးစုံ၊ ဂွမ်းကပ်၊ ဂွမ်းစောင်၊ အဝတ်စများပါရှိ၏။ အနီးဖြူပိတ်စ လုံးဝမပါ၊ ဂွမ်းစနှင့် ချုပ်ထားသော ထိုင်းနိုင်ငံလုပ် ကလေးသေးခံအစုံပေါင်းများစွာ၊ တစ်ခါနှစ်ခါ ရှူးပေါက်ချပြီး အဟောင်းလွှင့်ပစ်၊ အသစ်ထပ်လဲရန်သော ဒူးမက်နို့မှုန့်ဗူးကြီး

သုံးဗူး၊ စီးရီးလက်၊ ကွေကာအုပ်၊ နက်စ်တမ် စသော စားစရာများ အစုံအလင် တွေ့ရပြီးနောက်မှာ...

"ကိုမြင့်ဝင်း၊ ဒီမှာ ငွေထုပ်ကြီး၊ ကျွန်မ ရေကြည့်ပြီးပြီ ငွေဆယ်သိန်းတောင် ရှိတယ်၊ ရှင့်သမီး တကယ်ပဲ ရှာလို့ ဖွေလို့ရတာလား၊ သူများငွေတွေလားပဲ"

"သူရှာလို့လဲ ဒီလောက်မရနိုင်ပါဘူး၊ သူများငွေလည်း မဖြစ်နိုင်ဘူး၊ မောင်ငြိမ်းချမ်းဆီက ထွက်ပြေးတုန်းက သူ့ယောက္ခမပေးထားတဲ့ စိန်ရွှေလက်ဝတ်ရတနာတွေကို ရောင်းချပြီးပေးခဲ့တာပဲ ဖြစ်ရမယ်"

"အင်း ဒီလိုပဲ ဖြစ်ပါစေ၊ ဒါဆိုရင် ဟိုဘက် အဘိုးအဘွားရဲ့ အမွေလို့ သဘောထားပြီး ဒီဘက်အဖိုးအဖွားက ဒီကလေးကို မွေးပေးရတော့မှာပေါ့လေ"

"မေမေတို့ မွေးစားထားတဲ့ ကလေးလေးက ဆရာနဲ့ တူလိုက်တာ"

"ဟယ်"

လမင်းလေး၏ စကားကြောင့် ဒေါ်ခင်လေးရီ အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် အုံသြသွားရပြီ။

ဟုတ်ပါရဲ့ မျက်လုံးရယ် ဆံပင်နက်နက်ရယ်၊ မျက်ခုံးထူထူနဲ့ နှာခေါင်းက တစ်ပုံစံတည်းပါလား။

ဒီကလေးကို မောင်ငြိမ်းချမ်း ချီသွားရင် မြင်သူတိုင်းက သားအဖဆိုတာ မပြောပဲနဲ့ သိနိုင်တယ် ဟူသော အတွေးကို လမင်းသိမှာစိုး၍ နှုတ်က မပြောရဲကြပါ။

"ဩော်...ငါ့မြေးလေး"

အဖေစုံအမေစုံရှိရက်နဲ့ အဖေက တခြား အမေက တခြားမို့ အဖိုးအဖွားနဲ့ပဲ ကြီးရရှာမယ်။

မိဘရင်ငွေ့နှင့် ဝေးရှာသည်ဟူသော အကြင်နာစိတ်ဖြင့် မြေးလေးပေါ် ဒေါ်ခင်လေးရီ အချစ်ပိုရပြန်သည်။

ဟိုဘက်အဖိုးအဖွားက လုံးဝ လက်မခံသည့်အတွက်လည်း ထပ်ဆင့်သနားရပြန်၏။

"မေမေ"

"ဟင် သမီး"

"ဒီကလေးလေးကို သမီးချစ်တယ် ဆရာနဲ့ တူလို့"

"သမီးရယ်"

"မေမေတို့ ဘယ်ကရလာတာလဲ"

"သမီးကို ပြောပြီးပြီလေ"

"သမီး မေ့သွားပြီ"

"ကျောင်းက မေမေ့ တပည့်မလေးတစ်ယောက်ရဲ့ ကလေး သူမမွေးနိုင်လို့ မေမေက မွေးပေးရတာလေ"



"အဲဒီတပည့်မလေးက သေသွားပြီလားဟင်"

"သေ...သေသွားတာနဲ့ မထူးပါဘူးကွယ်၊ သူ ဘယ်တော့မှ ပြန်မလာတော့ဘူးတဲ့လေ"

သမီးကြီးလရောင်အပေါ် ဒေါသဖြစ်စိတ်၊ နာကျည်းစိတ်များနှင့်အတူ "တစ်သက်တာဝေးရပြီ" ဆိုသော အသိကြောင့်လည်း လွမ်းဆွတ်အောက်မေ့စိတ်ကပါ နှလုံးသားကို ပြင်းထန်စွာ နာကျင်စေခဲ့ပြီ။

"ဩော်...ခံစားမှုမျိုးစုံ ပေးစွမ်းနိုင်တဲ့ သမီးကြီး အမိုက်မကြီး လရောင်ရယ်"

"မေမေက ဘာလို့ငိုရတာလဲ"

"ဩော်...မဟုတ်ဘူး ဘာမှမဟုတ်ပါဘူး၊ ကလေးအမေကို သနားလို့ပါကွယ်"

ရောဂါဝေဒနာပျောက်ကင်းစ ဖြစ်သော်လည်း ပုံမှန်မဟုတ်သေးသော သမီးလေးကိုလည်း လျစ်လျူရှု၍မဖြစ်သေးပါ။

ဒေါ်ခင်လေးရီ ကျောင်းဆရာမဘဝမှ အငြိမ်းထွက်လိုက်ရသည်၊ နာမကျန်းပင်စင်ကျဖို့ လိုက်ရတုံး။

သမီး လူမမာကို ပြုစုဖို့၊ မြေးလေးကို ထိန်းကျောင်းဖို့ အတွက် ဖြစ်၏။ အဒေါ်ဝမ်းကွဲနှင့် အိမ်ဖော်မိန်းကလေး တစ်ယောက် ခေါ်ထားရသည်။ လခမရတော့သော်လည်း အမိုက်မကြီး ထားရစ်ခဲ့သောငွေနှင့် ပြေပြေလည်လည် ရှိပါ၏။

"မေမေ သမီး ချီကြည့်ချင်တယ်"

"ချီလေ သမီး ချီကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ကိုးလရွယ်သားလေးက ဖြူဖွေးဝတုတ်ပြီး မျက်နှာကျပုံကလည်း သူ့အဖေအတိုင်း သိပ်လှ၍ သိပ်ချစ်စရာကောင်းနေ၏။

"မေမေ ဒီကလေးက ဆရာနဲ့ တူတယ်နော်"

လမင်းလေး သည်သို့ ပြောလာ၍ ဒေါ်ခင်လေးရီက အကြဲတစ်ခုရကာ–

"သမီးက သမီးရဲ့ ဆရာကို မှတ်မိလို့လား၊ ဒီကလေးနဲ့ တူတယ်လို့ ပြောရအောင်"

"မှတ်မိတာပေါ့"

"တွေ့ချင်လား"

"တွေ့ချင်ပါတယ်၊ ဒါပေမယ့် သူမှမလာတော့တာလေ"

ဒေါ်ခင်လေးရီ ဆက်မေးချင်သော်လည်း မမေးရဲ၍ အခြေနေကြည့်နေဆဲမှာ–

"သူက သမီးဆီမလာပဲ မမလရောင်နဲ့ပဲ အတူနေကြတာ"

"သမီး...သမီးလေး ဒါတွေသိတယ်လား"

"သိပါတယ်၊ ဒါပေမယ့် ဆရာဝန်ကြီးက ဒါတွေမတွေးနဲ့တဲ့ တစ်နေ့နေ့ကျရင် သမီးဆီ ပြန်လာမှာတဲ့၊ ဘုရားရှိခိုးပုတီးစိတ် သီချင်းနားထောင်ဆိုလို့"

ယခုနောက်ဆုံးခေါက် ရန်ကုန်မှ ဆရာဝန်ကြီးထံ သွားပြချိန်မှာ ဒေါ်ခင်လေးရီက မေးတန်းလန်းနှင့်မို့ ကျန်ရစ်၏။

"အခြေနေကောင်းပါသည် ဆေးများသာ ဆက်သောက်ပါ"

ဟူသော အဖြေဖြင့် သားအဖနှစ်ယောက် အဆင်ပြေစွာ



ပြန်လည်ရောက်ရှိလာကြသည်။

"မေမေ"

"သမီးလေး"

"ဆရာဝန်ကြီးပြောလိုက်သလို သမီးရဲ့ဆရာဟာ တစ်နေ့နေ့ကျရင် ပြန်လာမှာလားဟင်"

"သိပ်သေချာတာပေါ့၊ လာမှာပေါ့ သမီးရဲ့"

"မမ သေသွားမှ လာမှာလား"

"ဒီ...ဒီလိုလဲ မဟုတ်ပါဘူး သမီးရယ်၊ လာမှာပါ လာမှာပါကွယ်"

စိတ်နာသည်ဆိုသော်လည်း သမီးကြီးအကြောင်း တွေးမိ၍ မျက်ရည်က ဝဲချင်၏။

ဒုက္ခပေးလွန်း၍ စိတ်နာမိသည် မှန်သော်လည်း၊ မိဘဆိုသည်မှာ အဝေးရောက်သားသမီးများအတွက် အမြဲလွမ်းဆွတ်တသစွာ အေးရန်ကင်းပါစေကြောင်း ဆုတောင်းတတ်ကြမြဲပါ။

လမင်းဝင်း ပွေ့ချီထားသော ကလေးကို ပြန်ယူလိုက်ပြီး–

"သမီးလေး မေမေ အိုဗာတင်းဖျော်ထားတာ အေးလောက်ပြီ၊ ဆေးနှစ်လုံးလည်း ထုတ်ထားတယ်၊ သောက်လိုက်နော်၊ ပြော် ဖီးကြမ်းငှက်ပျောသီးတစ်လုံး ဖြုတ်စားလိုက်ဦး၊ ပြီးရင် သွားအိပ်တော့နော်"

အရင်ကဆို ဆေးကို ပါးစပ်ထဲအရောက်တိုက်ရသည်၊ အစာကို ခွံ့ကျွေးရသည်၊ ယခုတော့ ခုလိုညွှန်ကြားရုံကလွဲပြီး ကိုယ်တိုင်ခွံ့ပေးစရာ မလိုပြီ။

www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် အမောပြေရမည်ကြံကာရှိသေး၊ လသား အရွယ် မြေးလေးရောက်လာပြန်သဖြင့် နေ့မနား ညမအိပ်ရ ပြုစုရပြန်သည်။

မိဘဆိုသည်မှာ သားဦးလေး မွေးလာပြီး စီးပွားတက်လျှင် "ဒီကလေးကြောင့် စီးပွားတက်တာ"ဟု မြတ်နိုးစွာ အချစ်ပိုကြသလို–

ဒုတိယကလေးမွေးပြီး စီးပွားကျဆင်းသွားလျှင် ဒီကလေး မွေးလို့ စီးပွားလျော့တာဟူ၍ ဘယ်မိဘကမှ အပြစ်မတင်ရက် ရှံမက–

ငါ့သားလေးမွေးမှ စီးပွားရေး မပြေလည်လို့ ဝယ်သင့် တာတွေ ဝယ်မပေးနိုင်ဘူး "သနားလိုက်တာ"ဟူ၍ ကရုဏာ သက်စွာ ချစ်မြတ်နိုးကြပြန်၏။

သည်လိုစိတ်ထားမျိုးက မိဘမှလွဲပြီး တခြားသော လူသား အချင်းချင်း မထားရှိနိုင်သော အတုမဲ့ အနှိုင်းမဲ့မိဘ၏ မေတ္တာ တရားပါပင်။

ကိုယ်မွေးထားသော သားသမီး လက်လွှတ်၍ လွတ်လပ် သွားပြီဟူ၍ ဘယ်သောအခါမှ မရှိ၊ မိဘတို့၏ အသက်ထက် ဆုံး သားသမီးအတွက် ပူပန်သောကရောက်နေရသည်ချည်းပါ။

ယခုလည်းကြည့်…

လရောင်က စွန့်ခွာသွားပြီ၊ သူ့ကလေးကို မွေးခိုင်းပြန်၏။

ဒေါ်ခင်လေးရီသည် သမီးဖော မြေးဖောများဖြင့် နေ့မအား ညမအား လုပ်ပေးနေရချိန်မှာ သူ့ကိုယ်သူ မေ့လျော့ပျောက်ဆုံး



နေသဖြင့်…

သူ့ကိုယ်ထဲမှာ ထုထည်ကြီးမားစွာ ဖြစ်တည်နေသော ရောဂါကြီးကို သူကိုယ်တိုင် သတိမထားခဲ့မိပါချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ပရိမ္မ"တဲ့။

ကျန်စစ်သား၏ ဇာတိမြေနှင့် မင်းဘေးသင့်ချိန်မှာ ခိုလှုံရာမြေ။

ကျန်စစ်မင်းကြီး ထီးနန်းစိုးစံချိန်မှာ မိဖုရားခေါင် တောင်ညာစံဒေဝီအဖြစ် မြှောက်စားခံရသော မင်းကျန်စစ်၏ အချစ်ဦး ရွှေအိမ်စည်မင်းသမီး၏ မယ်တော် "အပါယ်ရတနာမိဖုရားကြီး" မွေးဖွားရာအရပ်ဒေသ။

ချင်းတွင်းမြစ်ကမ်းဘေးမှာ မေးတင်တည်ထားသော ပရိမ္မဆိုသည့် ရွာလေး၊ ထိုရွာထိပ်မှာ...

"ထီးလှိုင်ရှင်ဘုရား"

ဆိုသည်ကလည်း ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်သည့် စေတီတော်ကြီးဖြစ်၏။ သူ၏ တစ်ခုသော အမည်ဖြစ်သည့် ထီးလှိုင်ရှင်ကို အကြောင်းပြု၍ ခေါ်ဝေါ်ထားသည့် ထီးလှိုင်ရှင်ဘုရားကလည်း တသွင်သွင်စီးဆင်းနေသော ချင်းတွင်းမြစ်၏ ကမ်းပါးထိပ်မှာ ခန့်ထည်သပ္ပာယ်စွာ ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ပါ၏။



ပြာလဲ့သော ကောင်းကင်အောက်မှ စိမ်းမြနေသော သစ်ပင်အုပ်များ၏ အောက်၊ ချောက်ကမ်းပါး၏ ခြေရင်းမှာ စက္ကန့်မလပ် ထာဝရ တသွင်သွင်စီးဆင်းနေသော ချစ်စရာ "ချင်းတွင်းမြစ်"။

"အညာဒေသကလူကြီးသူမတွေ ထားခဲ့တဲ့ စကားက မိဘမေတ္တာဆိုတာ စုန်ရေလိုပဲ အမြဲစီးနေတာ၊ သားသမီးဘက်က ပြန်မလာလို့ မေတ္တာဆိုတာ စုန်ရေပဲရှိတယ်၊ ဆန်ရေမရှိဘူးလို့ ပြောခဲ့ကြတယ်"

"ဟုတ်တယ်လေ"

"အဲဒါ အညာဒေသမှာတော့ မှန်တယ်၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် ဆိုတဲ့ မြစ်ကြီးတွေဟာ တောင်ကနေ မြောက်ကို တစ်သမတ်တည်း အမြဲမပြတ် စီးဆင်းနေပေမယ့်..."

"အညာမဟုတ်တဲ့ အကြေအရပ် မြစ်ဝကျွန်းပေါ်ဒေသတွေက မြစ်တွေ ချောင်းတွေ၊ မြောင်းတွေ၊ ရိုးတွေမှာဆိုရင် ရေတက်ရေကျ အမြဲရှိတယ်၊ လရဲ့ ဆွဲငင်အားအရ၊ ပင်လယ်ဒီရေကျချိန်၊ တက်ချိန် သတ်မှတ်ပြီး စောင့်ကြည့်လို့ရတယ်လေ၊ အဲဒီဒေသမှာဆိုရင် မေတ္တာကို စုန်ရေနဲ့ နှိုင်းလို့မရပြန်ဘူး"

"စုန်ရေတွေ ဆန်ရေတွေ ထားလိုက်ပါတော့လေ ရေဆိုတဲ့ သဘောက အေးမြလို့ မိဘမေတ္တာကို ရေနဲ့ပဲ နှိုင်းကြပါစို့"

"မဟုတ်သေးဘူးကွ၊ ဘာနဲ့မှ နှိုင်းလို့မရလို့ နှိုင်းစရာမရှိလို့ မိဘမေတ္တာကို အနှိုင်းမဲ့ အတုမဲ့လို့ သတ်မှတ်ထားကြတာပေါ့"

"ဒီအကြောင်း မင်းလဲသိတယ် ငါလဲသိတယ်၊ အဲဒါကို မင်းက ဆရာကြီးလာလုပ်နေတာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆရာကြီးပဲလေကွာ၊ ဆရာကြီးလုပ်မှာပေါ့"

"အေးပါ အေးပါ၊ ငယ်ကျင့်ကို မပျောက်သေးတဲ့ကောင် ဟားဟားဟား"

အထက်တန်းကျောင်းအုပ်ဆရာကြီးနှင့် တက္ကသိုလ်မှ ပါမောက္ခကြီးနှစ်ယောက်အဖြစ်နှင့် ဆုံကြခြင်းမဟုတ်ပဲ ငယ်သူငယ်ချင်းနှစ်ယောက်အဖြစ်နှင့် လွတ်လပ်ပေါ့ပါးစွာ ပြောနေဆိုနေ ရယ်မောနေကြသော...

"ဦးထွန်းမြတ်နှင့် ဦးတင်ထွန်းအောင်"

ဇနီးဖြစ်သူ ဒေါ်တင်လင်းဝေနှင့် ဒေါ်ရီရီထိုက်တို့ကလည်း ပြုံးပြုံး၊ ပြုံးပြုံးနှင့် စားသောက်ဖွယ်ရာများကို ပြင်ဆင်နေကြသည်။

နေရာက ကျန်စစ်သားကြေးရုပ်နှင့် ပန်းခြံငယ်လေးရှိရာ ဘေးမှ ထီးလှိုင်ရှင်ဘုရား ပရဝုဏ်ရှေ့ သစ်ပင်ရိပ်ကြီးအောက်မှာ ဖြစ်သည်။

ချင်းတွင်းမြစ်ရေတိုးချိန်မဟုတ်၍ ချောက်ကမ်းပါး ခပ်စောက်စောက်အောက်မှာ စီးဆင်းနေသော ချင်းတွင်းမြစ်သည် သစ်ပင်ရိပ်များကြောင့် စိမ်းညို့နေ၏။

"စားဖို့ယူလာတာတွေကလည်း များလိုက်တာ မဝေရယ် အားနာစရာ"

"အားနာစရာလူတွေမှ မဟုတ်တာ၊ ဟိုမှာ ကာလသားလေးနှစ်ယောက် ပျော်နေတာ မတွေ့ဘူးလား"

"အင်းနော်"



"ဝေတို့လည်း ရီရီထိုက်တို့လို ညှော်လာမှ ခုလိုထွက်ဖြစ်တာ စိတ်ဟစ်မျိုးပြောင်းပြီး အပမ်းဖြေတာပေါ့လေ၊ ဟိုမှာ ကြည့်လိုက်ဦး ကလေးတွေလည်း တအားပျော်နေကြတာ"

ဒေါက်တာအေးချမ်း၊ ဒေါက်တာမြတ်သီရိဦးနှင့် သမီးကြီးရော သားလေးပါ ပါလာကြသည်။

ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြတ်နှင့် ဒေါ်ရီရီထိုက်တို့၏ သားအငယ်ဆုံး နိုင်ငံခြားသင်္ဘောလိုက်ရာမှ ပြန်ရောက်လာချိန်တွင် သား၏ သူငယ်ချင်းကိုပါခေါ်၍ မိသားစုလေးယောက် မန္တလေးသို့ အလည်ရောက်လာကြချိန်မှာ-

ငယ်သူငယ်ချင်းဦးတင်ထွန်းအောင်တို့အိမ်မှာပင် တည်းခိုပြီး-

ယနေ့ မြင်းမူ၊ မြောင်နှင့် ပရိမ္မသို့ လာလည်ကြခြင်း ဖြစ်ပေသည်။

မြောင်မှ သားငယ်လေး မောင်ငြိမ်းချမ်းရှိရာသို့ ဝင်ခေါ်သော်လည်း-

"မလိုက်ချင်ပါ"

ဆိုသော အဖြေကြောင့် ထားရစ်ခဲ့ရပြီး သူတို့ မိသားနှစ်စုအားလုံးပေါင်း ၁၀ ယောက် ကားနှစ်စီးနှင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။

မန္တလေးမှ မနက်အစောကြီး ထွက်လာပြီး မြောင်သို့ ခေတ္တဝင်၍ စားစရာများပေးခဲ့၊ သားကို နှုတ်ဆက်ခဲ့ပြီး-

မြောင်နှင့် ၁၉ မိုင်သာ ဝေးသော ပရိမ္မမှာ နံနက်စာလာစားကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်မြောင်မှ သားကိုငြိမ်းချမ်းဆီ ဝင်ပြီး မြင်းမူမှာ ယနေ့ ညအိပ်ကြမည်။

အလွန်စည်ကားသော "ရှင်ပင်ရွှေစောလှူဘုရား" ပွဲ မြင်းမူတွင်ရှိ၏။ တပည့်တစ်ယောက်၏ ဖိတ်ကြားချက်အရ ယနေ့ည မာဃရပ်ကွက်မှ ဦးတင်ထွန်းအောင်၏ တပည့်တိုက်ကြီးမှာ ယနေ့ည ပြန်အိပ်ကြမည်။

နက်ဖြန်နံနက်စောစော မုံရွာသို့ ခရီးဆက်ပြီး ကျောက်ကာရွာ၊ ရွှေဂူနီဘုရား၊ မိုးညှင်းသမ္ဗုဒ္ဓေဘုရားများ ဖူးပြီး မန္တလေးသို့ တိုက်ရိုက်ပြန်ကြမည်။

မြင်းမူနှင့် မြောင်က ၁၄ မိုင် ဝေးပြီး မြောင်နှင့် ပရိမ္မက ၁၉ မိုင်သာ ဝေးကွာ၏။

မြောင်နှင့် မန္တလေးက ၆၂ မိုင် ဝေးကွာပြီး မုံရွာနှင့် မြောင် ကျပြန်တော့ ၃၆ မိုင်သာ ဝေးကွာလေသည်။

မြို့ကြီးများနှင့် နီးသော်လည်း မြောင်နှင့် ပရိမ္မသည် ခုလို သီးသန့်လာမှ ရောက်နိုင်သည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ မရှိ၍ သီးသန့်ကွေ့ခြိုးလာမှသာ ရောက်သဖြင့် ခရီးကြုံရောက်နိုင်သည့် နေရာမဟုတ်ပါ။

မြောင်ကမှ ထွက်ကုန်ရှိ၍ ပွဲစားများ ကုန်သည်များ အသွားအလာရှိသေးသည်။ ပရိမ္မက ရောက်ဖူးသူနည်းလှသည်။

"အားလုံးဝိုင်းစားကြမလား"

ဒေါ်တင်လင်းဝေမေးသည်ကို ခင်ပွန်းသည်က–

"တို့လူကြီးလေးယောက်ပဲ အရင်စားကြမယ်လေ"



"ကလေးတွေ ဆာနေပါဦးမယ်"

"ရတယ် ရိရိ သားတို့လည်း မြစ်ဆိပ်အထိ ဆင်းသွားကြတယ်၊ ဝေတို့ အရင်စားပြီးမှ သူတို့ တစ်ဝိုင်းဖွဲ့ပစေ"

ဘယ်ခွက်နှိုက်ရမှန်း မသိအောင် ဟင်းတွေက စုံလင်လှသည်။

ထမင်းစားသောက်အပြီးမှာ ဦးထွန်းမြတ်က စကားစသည်။

"သူငယ်ချင်းကိုရော မဝေတို့ရော စကားပြောပါရစေကြိုက်သလိုတော့ ဆုံးဖြတ်ကြပေါ့ကွာ"

"ပြောပါ"

"ဘာအကြောင်းများပါလိမ့်"

"သားငယ် ကိုငြိမ်းချမ်းကို ပန်းချီဆရာစုန္ဒအဖြစ်နဲ့ သီးသန့်အထီးကျန်ကြီး ဖြစ်နေတာကို စိတ်မကောင်းလို့ ဒီအကြောင်းပြောမှာပါ"

"ဘာလဲ သားလေးကို မိန်းမပေးစားဖို့ တွေ့ထားလို့လား၊ မဝေတို့ကလည်း သားလေးဘဝကို တစ်ကပြန်စစေချင်တာပါ"

"မိန်းမပေးစားဖို့အကြောင်းမဟုတ်ပါဘူး၊ မောင်ငြိမ်းချမ်းရဲ့ သားလေး ဒီလောကမှာရှိနေတဲ့အကြောင်း ပြောမလို့ပါ"

"ငါတို့ သိပြီးပြီ သူငယ်ချင်း။ တို့သားရဲ့ ကလေးပါဆိုပြီး တို့ဆီမှာ ထားမလို့တဲ့ဗျာ၊ လရောင်ဆိုတဲ့ မိန်းကလေးကိုယ်တိုင် ချီပြီး ခေါ်လာတာ"

"ဟင်. ဟုတ်လား ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ သုံးလက"

www.burmeseclassic.com

www.burmeseclassic.com



"လရောင် မင်းတို့ဆီကို လာတယ်ဟုတ်လား"

"ဟုတ်ပရှင် ဒီလိုမျက်နှာပြောင်တိုက်ရဲတဲ့ မိန်းကလေး မျိုးတော့ နှစ်ယောက်မရှိနိုင်ပါဘူး အံ့ရောပဲ"

ဦးထွန်းမြတ်ပင်လျှင် တွေဝေသွားသည်၊ သူ့အိမ်မှတစ်ဆင့် ကလေးလာထားသွားကြောင်းကို ပြန်ပြောပြမနေတော့ပဲ...

"ကလေးက မောင်ငြိမ်းချမ်း အသေးစားလေးပဲကွာ သိပ်တူတယ်၊ အဲဒီကလေးကိုတော့ ကြည့်စေချင်တယ်၊ မဝေတို့ရဲ့ မြေးအရင်းလေးပဲလေ"

"ဒီမှာ ကိုထွန်းမြတ်ရယ် မဝေပြောပါရစေ"

"ပြောပါ"

"ဒီကလေးနဲ့ လုံးဝမပတ်သက်ပါရစေနဲ့၊ မြေးအရင်းပါလို့ လည်း မပြောနိုင်ပါဘူး ထားပါလေ၊ ဟုတ်တယ်ပဲထားလိုက်ပါ ဒီကလေးကို မဝေတို့က လက်ခံလိုက်တာနဲ့ လရောင်ကတစ်မျိုး လမင်းကတစ်မျိုး လာပြီး ပတ်သက်ကြဦးမယ်၊ တော်ပါပြီရှင် တကယ်ကြောက်ပါတယ်"

"ဟုတ်တယ် သူငယ်ချင်း လရောင် ကလေးပိုက်ပြီး တို့ ဆီလာတယ်ဆိုတာ ဘယ်လောက်များ အတင့်ရဲလိုက်သလဲကွာ၊ တို့အပြတ်ပြောလိုက်ပါတယ်၊ အဲဒီမိန်းကလေးမျိုးနဲ့ ရတဲ့ ကလေးကို တို့ လုံးဝမြေးမတော်ချင်ပါဘူး၊ တော်ပါတော့ကွာ ဒီအကြောင်း..."

သူငယ်ချင်းကိုယ်တိုင်က ခါးသီးစွာ ငြင်းပယ်နေသဖြင့် ဦးထွန်းမြတ် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားရပါ၏။



"ဒီမိန်းကလေးနှစ်ယောက်ကြောင့် သားလေး ခုလို ဘဝ ပျက်မတတ် ဖြစ်နေရတဲ့အတွက် သူတို့နဲ့ ဆက်သွယ်ဖို့မပြောနဲ့ သူတို့ရဲ့အသံတောင် မကြားနိုင်လောက်အောင်ပါပဲရှင်၊ ကျေးဇူး ပြုပြီး မဝေတို့ကို နားမချပါနဲ့နော်"

"ကောင်းပါပြီဗျာ ဒါဆိုလဲ လုံးဝမပြောတော့ပါဘူး"

ဦးထွန်းမြတ် လက်လျှော့လိုက်ရပါပြီ။

ကျောင်းလည်းပိတ်ချိန်၊ သားလေးလည်း နိုင်ငံခြားမှ ပြန်လာချိန်မှာ အထက်အညာသို့ အလည်လာရောက်ခြင်း ကိစ္စက ပထမ။

ဒုတိယက ဒေါ်ခင်လေးရီတို့၏ ဒုက္ခများကို တင်ပြပြီး ချစ်စရာကောင်းလှသော မြေးလေးကို လက်ခံဖို့ ပြောကြားရန် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

သို့သော် စကားစရုံနှင့် ရှေ့ဆက်စရာ လမ်းမရှိအောင် ဆည်းကာပိတ်ဆို့လိုက်ပြီမို့-

"လပြည့်ငြိမ်းချမ်း"

ဟု အမည်ပေးထားသော ချစ်စရာကောင်းလှသည့် ကလေးလေး၏ ကံကြမ္မာက ဆိုးဝါးလှချေ၏။

အထက်တန်းကျလှသော အဖိုး အဖွား ဘကြီးနှင့် ဖခင် ရင်းတို့နှင့် ဝေးကွာမြဲ ဝေးကွာရုံမက ခုတိုင်းဆိုလျှင် ကလေး၏ အသက်နှင့်အမျှ ဆုံဆည်းနိုင်စရာ မရှိတော့ပါပေ။

"ကလေး၏ကံကြမ္မာပဲပေါ့လေ"

www.burmeseclassic.com



"ကျန်စစ်သားလို ဘုရင်မျိုး ရာဇဝင်ထဲမှာ နောက်တစ်ယောက်မရှိနိုင်တော့ပေ။

စစ်ရေးရော အုပ်ချုပ်ရေးပါ ကျွမ်းကျင်နိုင်နင်းရုံမက တိုင်းသူပြည်သားတွေအပေါ်မှာ ကရုဏာတော်ကြီးလွန်းတဲ့ မင်းတစ်ပါးဖြစ်ကြောင်း–

ရွှေစည်းခုံ မွန်ကျောက်စာထဲမှာ–

ချစ်သူနဲ့ ကွေကွင်း၍ ဆင်းရဲသောကရောက်နေကြသူများ၏ မျက်ရည်ကို မေတ္တာတည်းဟူသော လက်ဖြင့် သုတ်အံ့။

လို့ ပါရှိတဲ့အတွက် ပုဂံမင်းနေမြို့တော်မှာ သာမက သူ့စိုးပိုင်သော ဒေသအားလုံးက လူသားများအပေါ် အဘယ်မျှ အကြင်နာကြီးကြောင်း ဖော်ပြထား၏။

မေတ္တာနှင့် ကရုဏာသာမက "သစ္စာ"တရားကြီးမားလွန်းသော မင်းလည်း ဖြစ်ပေသည်။

ရာဇဝင်အစောင်စောင်မှာ အပ္ပါယ်ရတနာသည် "ငယ်မယားတည်း"ဟု ဖော်ပြထားသလို အပါယ်ရတနာသည် သူ၏ ငယ်ချစ်ဦးဖြစ်၏။

ဤပရိမ္မမှ အပ္ပာယ်ရတနာ၏ မိဘများက ကျန်စစ်သားငယ်စဉ်က စောင့်ရှောက်ကြည့်ရှုခဲ့ကြသည်။ ကျန်စစ်သား၏ ဖခင် မည်သူဖြစ်ကြောင်း၊ ဘယ်ကျောက်စာမှာမှ မတွေ့ရ၊ လူစွမ်းကောင်းကျန်စစ်သား ပုဂံမင်းနေမြို့တော်မှာ ခစားပြီး ပဲခူးမှ ဆက်သသော မဏိစန္ဒာမင်းသမီးကို ဆောင်ယူလာစဉ် လမ်းခရီးမှာ ကျန်စစ်သားနှင့် ချစ်ကြိုက်ခဲ့ကြသည်ဟူသော စွပ်စွဲချက်ကြောင့် အနော်ရထာ၏ ရာဇမာန်ရှကာ အနော်ရထာ ဝရမ်းပြေး ရာဇဝတ်သားဘဝနှင့် ပရိမ္မသို့ ရောက်လာခိုက်မှာပါ ပြုစုကျွေးမွေး စောင့်ရှောက်ခဲ့ကြသူများ ဖြစ်သဖြင့်–

သူ ထီးနန်းရရှိချိန်မှာ ပုဂံမြို့သူမဟုတ်ပဲ အပါယ်ရတနာလို ပရိမ္မရွာသူတစ်ယောက်ကို မိဖုရားခေါင်ကြီးအရာ မြှောက်ပြီး သမီးဘော် ရွှေအိမ်စည်ကိုလည်း ချစ်မြတ်နိုးစွာ ရွှေအိမ်မြနန်းမှာ စံမြန်းစေလေသည်။

မြန်မာ့ရာဇဝင်တစ်လျှောက်မှာ နှစ်ယောက်မရှိ၊ နှစ်ပါးမရှိအောင် ဘုန်းလက်ရုန်း တန်ခိုးအာဏာ ထက်မြက်စွမ်းအားကြီးလှသော ကျန်စစ်သားလို ဘုရင်မင်းမြတ်တစ်ပါး၏ ဇာတိမြေ ခိုလှုံရာဒေသကို ရောက်ရှိပြီး မင်းတရားကြီး၏ ကောင်းမှုတော် ထီးလှိုင်ရှင်ဘုရားကို ဖူးမျှော်ခွင့်ရရှိသဖြင့် လိုက်ပို့သူများကို ဦးထွန်းမြတ်တို့ မိသားစုက ကျေးဇူးတင်၍မဆုံးနိုင်အောင်ပါပင်။

"မယ်တော်က ဒီအရပ်သူဖြစ်ပြီး ဒီအရပ်မှာ ကျန်စစ်မင်းသားကို မွေးတာတော့ ဟုတ်ပါရဲ့ ကျန်စစ်မင်းရဲ့ အဖေကရော ဘယ်သူလဲ"

"ကျောက်စာမှာလည်း ရေးထိုးမထားဘူး၊ ရာဇဝင်စာအုပ်တွေမှာလည်း မတွေ့ရဘူး၊ ကျန်စစ်သားရဲ့ ဖခင်ဟာ ဘယ်သူလဲလို့ မသိရပေမယ့် အနော်ရထာဘုရင် မဟုတ်တာတော့ သေချာပါတယ်"

အပါယ်ရတနာ၊ မဏိစန္ဒာ၊ သမ္ဗူလနဲ့ ခင်တန်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးလေးပါးနှင့် အတူ ဘုန်းမီးနေလ တောက်ပချိန်က မိဖုရားခေါင်ကြီး၏ ရုပ်ရွာကိုလည်း စေတီတော်ကြီး တည်ထား ကိုးကွယ်စဉ် ကာလက ကျန်စစ်မင်း ရောက်ရှိမှာပါ။

ဤပရိမ္မရှိ မိဖုရားခေါင်ကြီး၏ အဆွေအမျိုးများကိုလည်း ချီးမြှင့်မြှောက်စားမှာပါ။ သက္ကရာဇ် ၄၀၀ ကျော် AD ကာလ များဆီက ဤပရိမ္မသည် တိုးတက်စည်ပင်ကောင်း စည်ပင်မည် ဖြစ်သော်လည်း ယခု ပရိမ္မသည်မှု ခြောက်သွေ့ ဆိတ်ငြိမ်လျက် တိုးတက်မှု နှောင့်နှေးသော ဒေသကလေးတစ်ခုပါပင်။

"အပြန်ကျောက်ရစ်ဘုရားပွဲဝင်ကြမယ်"

"မြောင်နှင့် ပရိမ္မကြားမှ 'ကျောက်ရစ်'ဆိုသော ရွာကြီး မှာ သမိုင်းဝင်ဘုရားကြီး၏ ဘုရားပွဲက စည်ကားလှသည်၊ ရှေးဘုရားဆင်းတုတော်များစွာကိုလည်း ဖူးခဲ့ကြရသည်။

အညာဘုရားပွဲဈေးတန်းမှ အညာကုန်မျိုးစုံနှင့် မျက်လှည့် ပွဲ၊ နန်းဝင်းတို့ဇာတ်ပွဲနှင့် ခြားရဟာတ်များပါ ပွဲခင်းက စည်ကား လှပါ၏။

နေ့လည် အညာမြေ၏ အပူပြင်းဆုံးအချိန်ကြီးမှာမှ–

စုန္ဒဟု အမည်ယူထားသော တစ်ကိုယ်တော်ပန်းချီဆရာ ၏ ကျွန်းအိမ်အိုကြီးဆီသို့ ဦးထွန်းမြတ်တို့အဖွဲ့ ပြန်လည်ရောက် ရှိလာခဲ့ကြသည်။

❖ ❖ ❖

"ထနောင်းလမ်း"

ဟု အမည်ပေးထားသော ပန်းချီကားကြီးမှာ မျက်စိနှင့် မြင်နေရသော ပြင်ပရှုခင်းအတိုင်း အသက်ဝင်လှချေသည်။

ဤထနောင်းလမ်းသည် မိုးနှင့် ဆောင်းတွင် မြင်ရသော ထနောင်းပင် ရှုခင်းမဟုတ်၊ နွေခေါင်ခေါင်တွင် မြင်ရသော ထနောင်းပင်တန်းဖြစ်၏။

ထနောင်းရွက်မွှာလေးများမှာ နွေလ၏ ဖုန်မှုန့်များကြောင့် မွဲတေတေဖြစ်နေပုံက ထိလိုက်လျှင်ပင် ကိုယ့်လက်မှာ ဖုန်မှုန့် များ ကပ်ပါလာတော့မလိုပင်။

မြေလမ်းတစ်လျှောက်၏ ခပ်ဝေးဝေးမှာ နွားလှည်းတစ်စီး ၏ နောက်ပိုင်းကို ခပ်မှုန်မှုန် ခပ်ဝါးဝါးလေး မြင်ရသည်၊ ပီပြင် အောင် မဆွဲပဲ မြင်ကွင်းနှင့် နွားလှည်းကြားမှာ ဖုန်လုံးများ ထပ် တက်နေသဖြင့် ဝိုးတဝါးလေး မြင်နေရပုံက အသက်ပါလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤထနောင်းလမ်းပန်းချီကားကြီးကို တစိုက်မတ်မတ် ဆွဲနေခဲ့တာ တစ်လခွဲကြာပြီဟု ကိုငြိမ်းချမ်းက ပြောပြနေ၍...

“ဆွဲရတာ သိပ်ပင်ပန်းမှာပဲနော် ရာသီဥတုက သိပ်ပူတယ် ကွယ်”

ကျွန်တော်က နေသားကျနေပြီ”

“မောင်ငြိမ်းချမ်း ပိန်သွားတယ်၊ အသားလည်း ညိုသွားတယ်”

“ပိန်တာက အစားကို လိုအပ်တာထက် ပိုမစားလို့ပါ၊ အသားညိုတာကတော့ ကျွန်တော် မနက်တိုင်း မြင်းစီးလို့ပါ”

“ဒီမှာ ဒီလိုပဲနေတော့မလို့လားကွာ”

ဦးထွန်းမြတ်က ကြင်နာစွာ မေး၍...

“ကျွန်တော် ဒီလိုနေတာကို ဘာလို့မကြိုက်ကြတာလဲ အန်ကယ်လ်ရာ ကျွန်တော် ခုလိုနေရတာ ကြိုက်တယ်၊ ကိုယ်ပိုင်ဘဝကို ကိုယ်တိုင်ကြိုက်ဖို့ပဲ လိုပါတယ်”

“မင်းစိတ်ချမ်းသာရင်ပြီးတာပါပဲ”

“ကျွန်တော့်မှာ စိတ်ချမ်းသာတာလဲ မရှိဘူး၊ စိတ်ဆင်းရဲတာလဲ မရှိဘူး၊ စိတ်လွတ်လပ်တာပဲ ရှိတယ်”

“ဒါဖြင့် ဒီမှာဒီလိုပဲနေတော့မလို့လား”

“ဒီနေ့အထိတော့ ဒီလိုပဲနေဖို့ ဆုံးဖြတ်ထားတယ်၊ နောက် စိတ်ပြောင်းသွားရင်တော့ မသိဘူး”

ကိုငြိမ်းချမ်း၏ မျက်နှာသည် အပြုံးမရှိ ပကတိတည်ငြိမ်စွာ ပြောကြားနေသဖြင့် ‘ကြောင်နေတာလား’ဟုလည်း တွေးရက်



စရာမရှိ။

“အန်ကယ်လ် ဒီမန္တလေးကို တက်လာတာ ပြောစရာ အကြောင်းလဲ ရှိလို့ပါ”

“ဘာမှကြားသိချင်စိတ်တော့မရှိဘူး၊ ဒါပေမယ့် အန်ကယ်လ့်ကို လေးစားတဲ့စိတ်နဲ့ ကျွန်တော် နားထောင်ပါ့မယ်”

“မောင်ငြိမ်းချမ်းမှာ သိပ်ချစ်စရာကောင်းတဲ့ သားလေး တစ်ယောက်ရှိနေတယ်ဆိုတာ ပြောချင်လို့လာခဲ့တာ”

“သား”

“ဟုတ်တယ် သားလေး ခုဆို တစ်နှစ်ကျော်သွားပြီ၊ မောင်ငြိမ်းချမ်းနဲ့ သိပ်တူတယ်”

‘သား’ဆိုသောစကားတစ်လုံးနောက်မှာ သူ့ မျက်ဝန်း အရောင် တောက်လာသည်ဟု ထင်သဖြင့် ဦးထွန်းမြတ်အားတက်စွာ ဆက်၍ပြောပြပြီးသည့်အခါမှာ...

“အဲဒီသားကို ဘယ်သူကမွေးတာလဲ”

“မောင်ငြိမ်းချမ်းနဲ့ တရားဝင်လက်ထပ်လိုက်ရတဲ့ လရောင်ဝင်းကမွေးတာပေါ့”

“လရောင်”

“ဟုတ်တယ်လေ”

“ဒီနာမည်ကို ကျွန်တော် မကြားချင်ဘူး”

“မကြားရုံမဟုတ်ဘူး မြင်လည်းမမြင်စေရပါဘူး၊ သူ ကော့သောင်းမြို့ကို အပြီးထွက်သွားပါပြီ”

“ကလေးပါသွားလား”

www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး ကလေးက ဦးမြင့်ဝင်း၊ ဒေါ်ခင်လေးရီတို့နဲ့ နေတယ် လမင်းလေးပါပေါ့"

"သူရောနေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ အားလုံး ပုံမှန်နီးပါးဖြစ်သွားပါပြီ"

"အန်ကယ်လ်က ဘာဖြစ်စေချင်လို့ ကျွန်တော့်ကို ဒီအကြောင်းတွေ လာပြောနေရတာလဲ"

"မင်းသားလေးနဲ့ မင်းနဲ့တွေ့စေချင်လို့ပေါ့၊ ကလေးလေးကို သနားလို့"

"ဒီကလေးကို ကျွန်တော်မွေးရင် လရောင် ရောက်လာတော့မှာလေ၊ သူမွေးထားတာပဲ မဟုတ်ဘူးလား"

"သူရေးခဲ့တဲ့စာအရတော့ သူ ပြန်မလာတော့ပါဘူးတဲ့"

"သိပ်ကြောက်စရာကောင်းတဲ့မိန်းမ၊ သိပ်ရွံစရာကောင်းတဲ့ မိန်းမ၊ သိပ်မုန်းစရာကောင်းတဲ့ မိန်းမ၊ အဲဒီမိန်းမရဲ့ သွေးထက်ဝက်ပါနေတဲ့ ကလေးကို ကျွန်တော် အသိအမှတ်ပြုလိုက်ရင် ဒီမိန်းမကိုပါ အသိအမှတ်ပြုရာရောက်သွားတော့မှာပေါ့၊ ဒါကြောင့် အဲဒီကလေးကို ကျွန်တော် အသိအမှတ်မပြုနိုင်ဘူး အန်ကယ်လ်"

"မင်းတို့သားအမိသားအဖသုံးယောက်ရဲ့ ဒေါင်ဒေါင်မြည်အောင် မာကျောတဲ့ အသည်းနှလုံးကိုတော့ အန်ကယ်လ် ချီးကျူးပါတယ်ကွာ၊ တကယ်ပါပဲ အန်ကယ်လ် လက်မြှောက်လိုက်ပြီ၊ နောက်ထပ် ဘာမှမပြောတော့ပါဘူး"

ဒေါ်သစိတ်နည်းနည်းဝင်သွားသဖြင့် အနည်းငယ်တင်းမာ



သော မျက်နှာထားဖြင့် ကိုငြိမ်းချမ်းနှင့် ထနောင်းလမ်းပန်းချီကားကြီးအနီးမှ လှည့်ထွက်သွားသော ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြတ်ကို–

ဒေါက်တာအေးချမ်းက အံ့သြစွာ ကြည့်ရင်း ကျန်ရစ်၏။

မြင်းမူမြို့ဆိုသော 'မ'သုံးလုံးမြို့သည် စစ်ကိုင်းနှင့် မုံရွာကားလမ်း၏ အလယ်မှာရှိသော အဝေးပြေးလမ်းမကြီးပေါ်မှ မြို့လေးဖြစ်၏။ မုံရွာသို့ သွားလျှင် ၃၆ မိုင် စစ်ကိုင်းသို့ ပြန်လျှင်လည်း ၃၆ မိုင်သာ ဝေးသဖြင့် လမ်းသင့်၍စည်ကား၏။

ချင်းတွင်းမြစ်ကို ဖြတ်၍ ယခု ဆင်ဖြူရှင်တံတားကြီးကို ချောင်းဦးအနီးမှာ တည်ဆောက်ပြီးစီးသဖြင့် တံတားမှ ၁၄ မိုင်ဝေးသော ရေစကြိုမြို့ကို ဖြတ်ပြီး ပခုက္ကူအထိ ကားလမ်းပေါက်နေ၍ ပိုမိုစည်ကားပြီး အသွားအလာများကြသည်။ ဆင်ဖြူရှင်တံတားနှင့် မြင်းမူမြို့က ၂၂ မိုင်သာ ကွာဝေးသည်။

အညာဘုရားပွဲများသည် အောက်ပြည်အောက်ရွာမှာ မိုးဖြိုင်ဖြိုင်ရွာနေတတ်သော ဝါခေါင်လတွင် ကျင်းပလေ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အညာသည် မိုးနည်းလွန်းသောဒေသဖြစ်ပေ၏။

"သျှင်ပင်ရွှေစောလူး"

ဘုရားပွဲသည် အစည်ကားဆုံးပွဲဖြစ်၏၊ ယခုလို ဝါခေါင်လတွင် အင်းမှာ ရေပြည့်နေသဖြင့် အင်းစပ်က ဘုရားသည် ပိုမိုသပ္ပာယ်စွာ ကြည်ညိုဖွယ်ရာ ဖူးမြှော်နိုင်ပါသည်။

ပွဲဈေးတန်းအရှည်ကြီးမှာ ၂ တန်းဖြစ်၍ ဈေးဆိုင်စုံ ၄ တန်းတည်ခင်းနိုင်ပြီး ဈေးရုံမဟုတ်သော မြေပြင်ပေါ်မှာ စားစရာမျိုးစုံ၊ ကစားစရာမျိုးစုံ ချရောင်းကြသည်၊ စပီကာရှိသော ဈေးဆိုင်များကလည်း သူ့ထက်ငါ အပြိုင်အဆိုင် အော်ဟစ်ကြေညာကြသည့်အထဲမှာ သဗ္ဗသုခဆေးတိုက်မှ ၉၆ ပါးရောဂါမျိုးစုံပျောက်သည်ဟု ကြေညာနေသော အမျိုးသမီး၏အသံက အစူးဆုံးပင်။

ဤဘုရားပွဲဈေးမှာ မာယရပ်ကွက်ရှေ့ လေယာဉ်ပျံကားဂိတ်နားမှစသည်... မိုးဝင်း၊ မိုးမင်း၊ နန်းဝင်းနှင့် မိုးကြိုးငှက်ငယ် ဓာတ်သဘင်များ လာရောက်ကပြကြသည်၊ တစ်မြို့လုံးသာမက တစ်နယ်လုံးရှိ ရွာများကပါ လာရောက်ကြသည့် မြင်းမူမြို့၏ ကျက်သရေဆောင် သျှင်ပင်ရွှေစောလူးဘုရားပွဲ။

ရောဝတီသည် တောင်မှ မြောက်သို့ စီးဆင်းနေသော်လည်း မြင်းမူနားတစ်ဝိုက်မှာ ကွေ့ဝိုက်သွားသဖြင့် အရှေ့နှင့် အနောက်စီးဆင်းနေသလို ဖြစ်ပြီး မြင်းမူဆိပ်ကမ်းသည် ဧရာဝတီမြစ်တစ်လျှောက်မှ လှပသော ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်ပေသည်။

"ဆွမ်းချတာ ပါဝင်ရအောင် စောစောထနော်"



ဆိုသော ဒေါ်တင်လင်းဝေ၏ စကားကြောင့် ကလေးနှစ်ယောက်မှလွဲပြီး လူကြီးများအားလုံး ပါဝင်ကြသည်။

ဆွမ်းလောင်းသည်ဆိုသော စကားကို 'ဆွမ်းချသည်'ဟု ဤဒေသမှာ ခေါ်ဝေါ်၏။

ညောင်ရွက်များကို စင်ကြယ်သန့်ရှင်းစေပြီးမှ ကန်တော့တိုးရသည်၊ ဤဖက်ကန်တော့ထဲမှာ ကိုယ်လောင်းလှူလိုရာ ဆွမ်းဟင်းထည့်ရ၏၊ ပဲတီချဉ်က သီးသန့်တစ်ကန်တော့၊ ဟင်းချိုကြတော့မြေအိုးငယ်လေးနှင့်ထည့် အဖုံးပိတ်၍ အိုးပါလောင်းကြသည်မှာ သံဃာအပါးသုံးရာကျော် ရှိ၏။ အိမ်တိုင်းလိုလိုက 'ဆွမ်းချ' ကြသည်ကို ဆန်းသစ်သောမြင်ကွင်းအဖြစ်နှင့် မြင်ကြရသည်။

ပုဂံသူရဲကောင်း ညောင်ဦးဖီး၏ ဇာတိမြေဖြစ်သဖြင့် ညောင်ဦးဖီးရပ်၊ တပင်ရွှေထီးရပ်၊ မင်းရဲကျော်စွာရပ်၊ . သီဟ၊ အသောကဟု ရပ်ကွက်များ ဖွဲ့စည်းထားပြီး လမ်းကျတော့ ပန်းနာမည်များသာ မှည့်ထားသော မြို့ကလေး၊ စံပယ်လမ်း၊ ဇီဇဝါလမ်း၊ ပိတောက်လမ်း...ဟူ၍ ယခုခေတ်မှာ မှည့်ခေါ်ထားသော အမည်ပါ၊ သမိုင်းဝင်အမည်များနှင့် ဘုရားပုထိုးစေတီ ဂူကျောင်းများနှင့် တင့်တယ်စွာ တိုးတက်နေသော မြင်းမူမြို့ကလေးမှာ–

ဦးတင်ထွန်းအောင်တို့၏ တက္ကသိုလ်မှ တပည့် ချမ်းသာသောတိုက်ကြီးမှာ အေးချမ်းစွာတည်းခိုပြီး ဧည့်ဝတ်ကျေစွာ ကျွေးမွေးဧည့်ခံခဲ့ကြသည်ကို–

ဧည့်သည်၏ ဧည့်သည်အဖြစ်နှင့် လိုက်ပါလာခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမြတ်နှင့် ဒေါ်ရီရီထိုက်တို့က စေတနာရှင်အိမ်ရှင်များကို ကျေးဇူးတင်၍မဆုံးပါ။

နှစ်ရက်တာ မုံရွာ–ချောင်းဦး ဆင်ဖြူရှင်တံတားသစ်နှင့် မြင်းမူ၊ မြောင်နှင့် ပရိမ္မဆိုသော အလှမ်းမဝေးလှသည့် မြို့များကိုလည်ပတ်သည့် ခရီးဆုံးခဲ့ပြီ။

သူငယ်ချင်းဖြစ်သူ ဦးတင်ထွန်းအောင်တို့က လိုလေသေးမရှိအောင် သူတို့ကို ဧည့်ခံပြုစုသည် မှန်သော်လည်း…

သူတို့၏မြေ သူတို့၏သွေး သူတို့၏သားငယ်လေးကို လက်မခံနိုင်ကြောင်း ငြင်းဆန်နေကြသည့်အတွက် ဆရာကြီး ဦးထွန်းမြတ်မှာ စိတ်လက်မကြည်မသာ ဖြစ်မိသော်လည်း…

ဤအကြောင်းနှင့် စပ်လျဉ်း၍ သူတို့ကို နောက်ထပ်ဘာမှမပြောတော့ပါဟူ၍ ဆုံးဖြတ်လိုက်တော့သည်။

❖ ❖ ❖

"အမေကြီး သက်သာလားဟင်"

"အင်း နာတာတော့ နည်းနည်းသက်သာသွားပါပြီ"

"မှိန်းနေလိုက်ဦးလေ"

"ကလေးကို ထမင်းကျွေးချိန်ရောက်ပြီလေ"

ဒေါ်ခင်လေးရီက အိပ်ရာမှ ကြုံးထလိုက်၍ ဦးမြင့်ဝင်းက ဖေးမကာ ပြန်၍လှဲနေစေလိုက်ပြီး–

"အဲဒါတွေ တွေးမနေစမ်းပါနဲ့ကွာ၊ ကိုယ့်ကိုကိုယ်သာ နေကောင်းအောင် နေစမ်းပါ"

"ဟုတ်တယ် မေမေ၊ အိပ်ပျော်အောင် အိပ်လိုက်ပါ သားလေးကို သမီး ထမင်းကျွေးနေပါပြီ"

လမင်းဝင်းသည် ဆေးများပင် ထက်ဝက်လျော့သောက်နေရသော အခြေအနေသို့ ရောက်နေပါပြီ၊ မသိသူများအဖို့မှာ သမင်းလေးသည် စိတ်ရောဂါသည် ဟူ၍ လုံးဝထင်စရာမရှိအောင် မှန်အနေအထားသို့ ရောက်ရှိနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သားလေး ဟ...ဟ...ဒါလေးစားလိုက်စမ်းပါဦးကွယ် အား...ဟုတ်ပြီ သိပ်လိမ္မာတာပဲ"

လမင်းနှင့် ကလေးတို့ ပြေလည်နေကြပြီမို့ ဒေါ်ခင်လေးရီ ကျေနပ်စွာ ပြုံးလိုက်သည်။

"သမီးလေးလည်း နေကောင်းနေပြီပဲ ရန်ကုန်ကို သွားပြကြရအောင်နော်"

"အဲဒီစကားပဲ အမြဲပြောနေတယ် လုံးဝမသွားချင်ဘူး၊ ဒီမှာပဲ မြန်မာဆေးနဲ့ ကုတော့မယ်"

"ကိုယ် ကြိုးစားကြည့်ပါရစေ"ဆိုသော စကားကို မျက်လုံးဖြင့်သာ ဇနီးကို ကြည့်၍ ပြောဖြစ်သည်။ နှုတ်က ပြောမထွက်ရက်။

ဗိုက်အောင့်၊ ဗိုက်ထဲက တအားနာ၊ အစာမစားနိုင် ဖြစ်နေခြင်းမှာ–

"အူကင်ဆာရောဂါ"

ကြောင့် ဖြစ်နေကြောင်း ဦးမြင့်ဝင်းကို ဆရာဝန်က ပြောပြပြီး၍ သိနေခြင်း ဖြစ်သည်။

ရန်ကုန်ကိုသွား၍ ဗိုက်ခွဲ ကင်ဆာဆဲလ်ရှိနေသော နေရာကို ဖြတ်ထုတ်ပြီး ရလို့ရငြား ကုသချင်သေးသည်၊ ချစ်ဇနီး၏အသား ကို သေမင်းလက်မှ အဆွမ်းကုန် အားထုတ်ပြီး လုယူချင်ပါသေး သည်။ သို့သော်...

လူနာကိုယ်တိုင်က လုံးဝ ခေါ်မရ၊ သမီးနှင့် ခြေ... စိတ်မချတာလည်းပါမည်၊ သူကိုယ်တိုင်က သူ့ကိုယ်သူ အား...



လိုက်ပြီဖြစ်ကြောင်း ဦးမြင့်ဝင်း သိနေပါပြီ။

ဒေါ်ခင်လေးရီသည်လည်း ပညာတတ် ကျောင်းဆရာမ တစ်ဦးဖြစ်သည့်အတွက် သူ့ရောဂါသည်–

"ကင်ဆာ"

ဟူ၍ သူသိနေပါပြီ၊ ဦးမြင့်ဝင်းက အုပ်ထားသဖြင့် သူပါ မသိချင်ယောင်ဆောင်နေရှာ၏။

ဦးမြင့်ဝင်းက သူ့ကိုညာ သူက ဦးမြင့်ဝင်းကို ပြန်ညာနေကြပြီး လူ့ဘဝ၏နောက်ဆုံးကာလကို စောင့်မျှော်နေကြရခြင်း ဖြစ်လေသည်။

"မေမေ မေမေ့မြေးစားလိုက်တာ ဒီမှာ ပြောင်သွားပြီ"

"ကလေးဆိုတာ ချော့ကျွေးရင် စားပါတယ်"

"မေမေ့မြေးက လူလည်မေမေရဲ့ ထမင်းဆို ထွေးထုတ်ပစ်တယ်၊ အသည်းဖတ်၊ အသားဖတ်မှ စားတာ"

အဖြစ်မှန်အားလုံး သိရှိသွားပြီဖြစ်သော လမင်းဝင်းက ပြောကြားသည်။

"ကလေးကို ဂရုစိုက်တဲ့အတွက် သမီးလေးကို မေမေ ကျေးဇူးတင်ပါတယ်ကွယ်"

"သားအမိချင်းပဲ မေမေရာ ကျေးဇူးတင်စရာလား"

အကယ်၍ ဤအဖြစ်ပျက်ကြီးကို နေရာချင်းလဲလိုက်ပြီး ဤကလေးသည် လမင်း၏ ကလေးသာ ဖြစ်ခဲ့လျှင် လရောင် နေရာက ယခုလို ကလေးကို ပြုစုပေးမှာ မဟုတ်တာ လုံးဝ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



လမင်းသည် စိတ်ထားလည်း နူးညံ့၏၊ သူ့အချစ်ဦးဆရာနှင့်တူသော ကလေး... ဆရာ၏ သွေးဆိုသော အသိဖြင့် သူပါ ဤကလေးကို ချစ်ခင်နေရှာခြင်း ဖြစ်သည်။

ဤမိသားစုသုံးယောက်အတွင်းမှ 'လရောင်ဝင်း' ဆိုသော အမည်ကို မပြောဖြစ်အောင် နေကြသည်၊ လရောင်နှင့် ပတ်သက်သော အမှတ်အသားအဖြစ် ဘာမှမကျန်ရစ်။

ကလေး၏ မွေးစာရင်းမှတ်တမ်းမှာ–

အဘအမည် .........ဦးငြိမ်းချမ်း

အမိအမည်..............ဒေါ်လမင်းဝင်း

ဖြစ်နေသည်။ လရောင် ခိုးသွားသော မှတ်ပုံတင်ကြောင့် ကလေးမှတ်တမ်းမှာ ယခုလို ဖြစ်နေရသည်။

ယခု ဒေါ်ခင်လေးရီ၏ စွမ်းဆောင်ချက်ကြောင့် မှတ်ပုံတင်အပျောက်လုပ်လိုက်ပြီး အသစ်လျှောက်သည့်အခါမှာ လမင်းဝင်းအမည်မှန်ဖြင့် ဖြစ်နေရပါပြီ။

"ဘိုးဘိုးနဲ့ ဘွားဘွားလို့ သားရေသွားချိုးမယ်လို့ ပြောလိုက်"

ကလေးက သည်လိုဝါကျအပြည့်မပြောတတ်သေးသော်လည်း–

"ရေ...ရေချိုး"

ဟု ဝတစ်ဖြူဖွေးသော ကိုယ်တုံးလုံးကြီးနှင့် ပြောလိုက် ပြုံးလိုက်ပုံက ချစ်စရာကောင်းလိုက်တာ။

အဖိုးရော အဖွားရော သူ့အန်တီလေးပါ အားလုံး ပြုံးကြ



ပြီး လမင်းဝင်းက အားရပါးရ ဖက်၍ နမ်းရှုပ်ပြီး ရေချိုးရန် ပြန်ခေါ်သွားသည်။

"ကိုမြင့်ဝင်း"

"အင်း...ပြော"

"သမီးလေးက လရောင်ရဲ့ ကလေးကို ချစ်ပြီး ဂရုစိုက်တာကို ကျွန်မ ဝမ်းသာလိုက်တာရှင်"

"အေးပေါ့ကွယ် တို့ကို ပစ်သွားတဲ့ သမီးကြီးကို မေ့ထားလိုက်ကြပြီး တို့မိသားစုသုံးယောက်နဲ့ မြေးလေးတို့ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်နေလို့ရပြီနော် ရီရီ"

"စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်"

"ဟုတ်တယ်လေ"

"နေချင်တာပေါ့လေ"

"နေရပြီပဲ"

ဒေါ်ခင်လေးရီက ဘာမှ ထပ်မပြောတော့ပဲ မှိုင်းဝေမှုန်သီနေသော သူ့မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာသည်။

ဤမျက်ရည်များ ကျမလာဖြစ်အောင် သူ့ရောဂါကြောင့် သူ့ရဲ့ ကြေကွဲမှုကို ခင်ပွန်းသည် မသိစေရအောင် တပင်တပမ်း ထိန်းသိမ်းနေရပုံက ရင်နင့်စရာကောင်းလိုက်တာ။

ဦးမြင့်ဝင်းပင် မျက်ရည်ဝဲလာသည်။

တစ်ဦးမှတစ်ဦးသို့ ဘာစကားမှ မပြောနိုင်ကြပါ။

ဤဇနီးမောင်နှံသည် အိမ်ထောင်သက် တစ်နှစ်ပြည့်ပြီးသည်မှစ၍ သမီးကြီးရလာ၊ နောက် တစ်နှစ်နှစ်လအကြာမှာ

www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်လေး မွေးလာပြီး ညီအစ်မနှစ်ယောက်လုံး ချူချာကြ၍–

အလုပ်ကတစ်ဖက် အိမ်မှုကိစ္စကတစ်ဖက် သမီးနှစ်ယောက်အတွက် အစားပျက် အအိပ်ပျက်ခံပြီး ငြူစူခြင်းကင်းစွာ မြတ်မြတ်နိုးနိုး ပြုစုခဲ့ကြသည်။

"တို့နှစ်ယောက်အတွက်"

ဆိုတာ လုံးဝမရှိပဲ...

"သမီးလေးများအတွက်"

ချည်းသာ ငွေကုန်ခံ အပင်ပမ်းခံပြုစုခဲ့ကြရာမှ အရွယ်ရောက်လာချိန်မှာ–

ပေးကြသော ဒုက္ခက ကြီးမားလှချေသည်။

အကြီးမက မိုက်မဲစွာ ဒုက္ခပေး၍–

အငယ်မက ကျန်းမာရေးအတွက် ပြုစုခဲ့ကြရပြီး၊ ပြီးဆုံးကာနီးမှာ–

လသားရွယ်မြေးလေးကို မအိပ်မနေ ထိန်းကျောင်းပြုစုကြရပြန်သည်။

မုန်းသူပေးသော ဒုက္ခထက် ချစ်သူပေးသော ဒုက္ခက ပိုကြီး၏၊ ထို့ထက်ပို၍ သားသမီးပေးသော ဒုက္ခထုထည်က မိဘများအတွက် အနက်ရှိုင်းဆုံး အကြီးမားဆုံး ဒုက္ခဖြစ်၏။

ဦးမြင့်ဝင်းသည် ဇနီးသည်ကို သနားကြင်နာစွာ လက်ကလေးကိုင် နဖူးလေးကို သပ်ပြီး သူ၏ အကြင်နာကိုသာ ပြနေရှာသည်၊ နှုတ်က ဘာမှမပြော။

"ကိုမြင့်ဝင်း"



"ဘာလုပ်ပေးရမလဲဟင် ဟောလစ်သောက်တော့မလား"

"အဲဒါတွေ မသောက်ချင်ဘူး၊ ကျွန်မတစ်ခုပြောချင်လို့"

"ပြောလေ ဘာပြောချင်လို့လဲ"

"ဆရာကြီး ဦးထွန်းမြတ်ဆီသွားပြီး အကျိုးအကြောင်းလေး မေးပါလားရှင်"

"ကိုယ်နဲ့ တွေ့ပြီးပါပြီ"

"ဟင် ဘယ်တုန်းကတွေ့**တာလဲ**"

"ဒေါ်ခင်လှတင့်အလှူမှာ"

"ဘာပြောလို့လဲ"

"ဘာမှမပြောပဲ ရှောင်သွားတယ်၊ မျက်နှာလည်း **မကောင်း**ဘူးကွာ"

"တစ်ခုခုပြောချင်လို့များလား"

"တစ်ခုမှကို ပြောစရာမရှိတဲ့ပုံစံပဲ"

"အို"

ဦးထွန်းမြတ်တို့ မိသားစု မန္တလေး မသွားမီက ဦးထွန်းမြတ်ကိုယ်တိုင် ဦးမြင့်ဝင်းကို–

"ကျွန်တော်တို့ တင်ထွန်းအောင်အိမ်မှာကို တည်းကြမှာ မောင်ငြိမ်းချမ်းနဲ့ရတဲ့ ကလေးကို လရောင်ကိုယ်တိုင်လာပို့သွားလို့ အခု ဦးမြင့်ဝင်းတို့ဆီမှာ ရောက်နေပြီ၊ လမင်းလေးလည်း နေကောင်းသွားပြီ ကလေးကလည်း ချစ်စရာ မောင်ငြိမ်းချမ်းနဲ့ တူတယ်"လို့ ပြောခဲ့မယ်ဆိုပြီး အားတက်သရော ပြောသွားခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးထွန်းမြတ်တို့ ပြန်ရောက်လာကြပြီ၊ သူ့သား သဘော်သားတောင် ရန်ကုန်ပြန်သွားပြီ"

ဆိုသော သတင်းကို မြို့လေးကကျဉ်းသဖြင့် အားလုံး ပြန်ကြားနေရသော်လည်း–

ဦးထွန်းမြတ်ရောက်မလာ...

ခေါ်နိုင်းခြင်းလည်းမရှိ...

သဖြင့် အခြေနေမကောင်းဟု ဦးမြင့်ဝင်း သိသော်လည်း အိပ်ရာထဲ လဲနေပြီဖြစ်သော ဒေါ်ခင်လေးရီက မျှော်လင့်နေရှာသည်။

"ကိုမြင့်ဝင်း"

"ဟင်"

"လရောင်ပြောသွားတဲ့အတိုင်း ဒီကလေးကို သူတို့က လုံးဝလက်မခံဘူးဆိုတဲ့ သဘောပေါ့နော်"

"အဲဒါတွေ တွေးမနေပါနဲ့တော့ကွာ၊ ကလေးကလည်း တို့ကို ခင်နေပြီ၊ သမီးလေး ရောဂါလည်း ပျောက်သလောက် ရှိသွားပြီ၊ ဟိုအမိုက်မ ထားခဲ့တဲ့ ငွေကလည်း လုံလောက်နေပြီ မို့ တို့မိသားစု အားလုံးအဆင်ပြေနေပြီပဲ"

"ဒါပေမယ့်လေ..."

ဒေါ်ခင်လေးရီက မျက်ရည်များ စီးကျလာရင်းက–

"အချိန်မရွေး ပြန်ဖောက်သွားနိုင်တဲ့ စိတ်ရောဂါသည် သမီးလေးရယ်၊ တစ်နှစ်ကျော်ရွယ် မြေးလေးရယ်ကို ရှင် ဘယ် လိုလုပ် ထိန်းမလဲ"



"ရှိရှိကလဲကွာ"

"ကိုမြင့်ဝင်းအတွက် ကျွန်မ စိတ်မချဘူးရှင်"

"ရှိရှိရယ် မဟုတ်တာကွာ"

"ကျွန်မကိုယ်ကျွန်မ သိပါတယ်၊ ကျွန်မ သိပ်မနေရတော့ ပါဘူး"

"မပြောပါနဲ့ ဒီလိုမပြောပါနဲ့ကွယ်"

အိပ်ရာထဲမှ ဇနီးသည်ကို ပွေ့ယူလိုက်ပြီး အဆုံးရှုံးမခံ နိုင်စွာ ပျောက်ဆုံးသွားမှာ စိုးရိမ်ကြီးစွာဖြင့် ဦးမြင့်ဝင်း တအား ဖက်ပွေ့ထားလိုက်မိသည်။

ဘာစကားမှထပ်၍ မပြောဖြစ်ကြသော်လည်း နှစ်ဦးလုံး မျက်ရည်များဖြင့် နှစ်လျှက်...

ဘာရမ္မက်ဆန္ဒမှမပါပဲ ကြီးမားသော သံယောဇဉ်များ၊ တစ်ဦးပေါ်တစ်ဦး တွယ်တာမှုများဖြင့်သာ နေထိုင်ခဲ့ကြသော ထိုအကြင်လင်မယားနှစ်ဦးသည်...

မကြာမီမှာ ထာဝရခွဲခွာကြရတော့မည် ဆိုသော အသိ ကြောင့် အတိုင်းမသိသော ကြေကွဲခြင်းများဖြင့် ထိခိုက်ခံစား နေကြရရှာသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ပေ…ပေ"

"အေး ဟုတ် အဲဒါ သားရဲ့ ဖေဖေသားရဲ့"

ကလေးလက်မှာ 'စိတ္တ'ဟု လက်မှတ်ထိုးထားသော ဓာတ်ပုံကို ကိုင်ထားသည်။

"သားလေး…သားလေး လပြည့်ငြိမ်းချမ်း သားရဲ့ ဖေဖေ ဘယ်မှာလဲ"

မတ်တတ်ရပ်နေသော ကလေးက သူ့လက်ထဲမှ ဓာတ်ပုံကို မြှောက်ပြ၏။

"ဒါ ဘယ်သူလဲ ပြောစမ်း"

"ပေပေ"

"အား…သိပ်ဟုတ်တာပဲကွာ၊ ထပ်ခေါ်စမ်းပါဦး…ခေါ်လေ ဖေဖေလို့ ခေါ်လေ"

"ပေ…ပေ"

လမင်းဝင်းက ကလေးကို ကောက်ယူပွေ့ချီပြီး ကလေးရော ဓာတ်ပုံကိုပါ ဖက်ကာ–



"ဖေဖေ မြန်မြန်လာခေါ်ပါစေ…လို့ ဆုတောင်းနေနော် သားလေး"

ကလေးကို ရင်မှာ ပွေ့လျှက် မျှော်လင့်ချက်ကြီးစွာ စောင့်နေရှာသော လမင်းဝင်း၏အဖြစ်ကိုလည်း ဦးမြင့်ဝင်း ရင်နင့်ရပြန်သည်။

သူသည် ကျောင်းနေစဉ်က စာကြိုးစားသဖြင့် တစ်နှစ်မှ မကျခဲ့။

အလုပ်ဝင်ပြန်တော့လည်း တာဝန်ကြေခဲ့သဖြင့် သူ့ဌာနမှာ ဘာပြဿနာမှမတက်ခဲ့။

ဇနီးပေါ်မှာလည်း ခင်ပွန်းကောင်း။

သမီးများအပေါ်မှာလည်း ဖခင်ကောင်း

ဖြစ်ခဲ့ပါလျှက် သူ့ဘဝသည် ဘာကြောင့်များ မငြိမ်းချမ်းခဲ့ရပါလိမ့်။

သူ့ဇနီးသည်လည်း သူ့လိုပင် ရိုးသားစွာ သစ္စာရှိစွာ ဇနီးကောင်း မိခင်ကောင်းတစ်ယောက် ပီသစွာ နေထိုင်ပါလျှက် ဘာတစ်ခုမှ အကောင်းပြန်မရပါပဲနှင့် ဘဝဆုံးရရှာပေတော့မည်။

နောက်ဘဝသို့ မလွဲမသွေ ကူးရတော့မည့် သေအံ့မူးမူး ဇနီးသည်အတွက် ရင်ကွဲမတတ် ခံစားနေရသလို…

သည်သမီးနှင့် သည်မြေးလေး၏ တာဝန်ကိုလည်း ပင်ပမ်းကြီးစွာ ထမ်းဆောင်ရပြန်ဦးတော့မည်။

သူ ကောင်းမွန်စွာနေပါလျှက် သူ့ဘဝက ဘာကြောင့်များ မငြိမ်းချမ်းရပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ဤလောကမှ လူသားအားလုံး ငြိမ်းချမ်းစွာ အသက်ထက်ဆုံး နေသွားကြရသည်ဟု သူ မကြုံဘူးသေး။

ပူလောင်ခြင်းနည်းစွာဖြင့် ဘဝဆုံးရသူနှင့် ပူလောင်ခြင်းကြီးစွာဖြင့် ရင်ဆိုင်သွားရသူများကိုသာ သူ ကြုံဖူးသည်။

ဘဝတစ်ခု ခန္ဓာကိုယ်တစ်ခု ရရှိလာသည်နှင့် သောက ပရိဒေဝ လောဘ ဒေါသတို့နှင့် ဖွဲ့စည်းကြသည်ချည်းသာ။

ဤသို့ ပူလောင်မှုများနှင့်သာ ဖွဲ့စည်းထားသော နေရာချည်း ဤလောကမှာ မရှိနိုင်တန်ရာ။

သာယာအေးငြိမ်းချမ်းသာခြင်းများဖြင့် ဖွဲ့စည်းအပ်သော နေရာတစ်ခုခုဖြင့် ဤသံသရာ၏ တစ်နေရာရာတွင် ရှိနိုင်ရာသည်။

ဘဝပြတ်ဖို့

ခန္ဓာသစ်ထပ်မရဖို့

လမ်းညွှန်နိုင်သော အေးမြငြိမ်းချမ်းခြင်းများရှိရာ အရပ်ဆီသို့ ဦးမြင့်ဝင်း သွားချင်ပါပြီ။

လောကကြီးမှ လူသားအားလုံး ရင်ဆိုင်နေကြရသည့် ဒုက္ခအပူတောကြီးမှ ဝေးရာသို့ သူထွက်ပြေးချင်ပါပြီ။

ယခု မကြာခင်ကာလမှာပင်...

သူ၏ချစ်လှစွာသော ဇနီးက သူ့ကို ထာဝရ ခွဲခွာသွားပေတော့မည်။

အူကင်ဆာရောဂါရှင်၏ မချိမဆန့် ခံစားနေရသော ဝေဒနာကိုလည်း မကြည့်ရက်၊ 'ခန္ဓာရှိ၍ ဒုက္ခရသည်' ဆိုသော အသိကို ရရှိလာသော်လည်း သူ တရားမရနိုင်သေးပါ။ ဇနီးသည်ကို



သနားခြင်း ခွဲခွာရမှာကို ရင်ကွဲမတတ် ခံစားရခြင်းများဖြင့် ပူလောင်နေရှာသော ဦးမြင့်ဝင်းမှာ–

တစ်ခုသော နံနက်အာရုံတက်ချိန်တွင် သူ့လက်ကို အားကိုးတကြီးဆုပ်ကိုင်ထားရင်းက...၊

နောက်ဆုံးထွက်သက်ကို ပင်ပမ်းကြီးစွာ ရှူရှိုက်ရင်း ဒေါ်ခင်လေးရီ ကွယ်လွန်သွားခဲ့ရှာပါပြီ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ထနောင်းလမ်းပန်းချီကားကြီး အပြီးသပ်ခါနီးမို့... စားချင်စိတ် အိပ်ချင်စိတ်ပင်မရှိ။

စာရေးသားခြင်းမှာ ညဘက်မှာ အဆင်ပြေသော်လည်း ပန်းချီရေးဆွဲခြင်းမှာ နေ့ဘက်မှာမှ စိတ်ရှိသလောက် ချယ်မှုန်းနိုင်သည်။

ပန်းချီ၏ အသက်သည် အလင်းအမှောင်ဖြစ်၍ မိမိရရှိမည့် အလင်းအမှောင်ကလည်း အရေးကြီး၏။

ပန်းချီဆရာစုန္ဒအမည်ခံ ကိုငြိမ်းချမ်းသည် ညဘက်မှာ လုံးဝ ပန်းချီမရေး။

နံနက်စောစောထပြီး မြို့တစ်ပတ် ယာခင်းများကို ဖြတ်ပြီး မြင်းစီးသည်၊ နံနက်စာစားသည်၊ ရေချိုးသည်၊ ပြီးတာနှင့် ပန်းချီကားရှေ့ ထိုင်၍ စုတ်တံကိုင်တော့သည်။

ယခုသုံးရက်ရှိပြီ။



မြင်းလည်းမစီးဖြစ်၊ ရေလည်းမချိုးဖြစ် နံနက်စာကိုပင် နှစ်သက်စွာ မစားတော့ပဲ ပန်းချီကားထဲ၌သာ သူ့အာရုံကို နှစ်ထား၏။

ဖုန်လုံးများ လိပ်တက်ပြန့်လွင့်သွားပုံကို အနုစိပ်ချယ်မှုန်းရသည်၊ ဖုန်မှုန့်လေးများမှာ အငွေ့လေးများအဖြစ် လွင့်မြောနေအောင် သူ ချယ်မှုန်းရာမှာ ယနေ့မှ စိတ်တိုင်းကျသွား၏။

"အစ်ကို ဧည့်သည်ရောက်နေတာကြာပြီ၊ ထမင်းကျွေးလိုက်ရမလား"

"သဘောကွာ လာပြောမနေနဲ့"

ဖိုးကြွက် ခေါင်းပုသွားပြီးမှ-

"ဆရာရော မစားသေးဘူးလား"

"ငါ့ကို ဘာမှ လာမပြောနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"ဟုတ်ကဲ့ပါ အစ်ကိုရာ ဧည့်သည်တွေကို အားနာလို့ပါ"

"ငါအလုပ်ပြီးမှ ငါလာမယ် သွားစမ်းကွာ"

ဖိုးကြွက်လာနှောက်သဖြင့် စိတ်နည်းနည်းတိုသွားသေးသည်၊ သို့သော် ပန်းချီကားထဲမှာ စိတ်ကို ပြန်နှစ်လိုက်သည့်အခါ...

တလောကလုံး ဟင်းလင်းပြင်ဖြစ်သွား၏၊ သူရယ် ပန်းချီပစ္စည်းတွေရယ် သူ၏ထနောင်းလမ်းပန်းချီကားကြီးသာ ကျန်ရစ်သည်။

အဖွားမှုန်နှင့် ခင်မက ထမင်းတစ်အိုးထပ်တည်ပြီး ကျွေးမွေးဖို့ ပြင်ဆင်သော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



"မစားချင်လို့ပါ စားလည်း မစားနိုင်ပါဘူးခင်ဗျာ၊ ကိုငြိမ်းချမ်းနှင့် တွေ့ပြီးရင် ပြန်မှာပါ"

ဆိုသော အဖြေကြောင့် ထမင်းထပ်မကျွေးဖြစ်၊ မန္တလေးအိမ်မှ ပို့ထားသော ကော်ဖီမစ်ဖျော်တိုက်ပြန်တော့လည်း မသောက်ကြသေးသည့် ဧည့်သည်များကို

အဖွားမှုန် မြေး ခင်မနှင့် ကြွက်နီတို့က အားနာနေကြသနားနေကြသည်။

"ဟဲ့ သွားကြည့်ပါဦး ကြွက်နီရယ် ခါတိုင်း နေမြင့်ရင် သူ ရပ်ပါတယ်"

"အော်လွှတ်တာဗျ မကြည့်ရဲဘူး"

ဧည့်သည်များကို အဖွားမှုန်က ဦးဆောင်၍ ခြေတံရှည်အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်လာပြီး ထိုင်နေစေခြင်း ဖြစ်၏။

"ဟော...လာပြီ...လာပြီ...လာပါပြီ"

ကြွက်နီက အားရဝမ်းသာ အော်ပြီး ပန်းချီပစ္စည်းတွေ သယ်တင်လာသည်။

ကိုငြိမ်းချမ်းက မျက်မှောင်ကြုံ့၍ ကြည့်လိုက်သည်။

မှတ်ဆိတ်မွေး ပါးသိုင်းမွေးများဖြင့် ဆံပင်ခပ်ရှည်ရှည်ဖြစ်နေသော ပန်းချီဆရာက...

"အို ရောက်လာကြပြန်ပြီလား"

သူ့အသံကြောင့် လမင်းလေးသည် သားငယ်အား ကြောက်လန့်တကြား ဖက်ပိုက်ထားလိုက်ရသည်။

"ဦးမြင့်ဝင်းရဲ့ဇနီးလည်း ဆုံးသွားပါပြီ၊ ဒီသားလေးရဲ့



ရှေ့ရေးအတွက် နောက်ဆုံးကြိုးစားခြင်း အဖြစ်နဲ့ အန်ကယ်လ် ရောက်လာတာပါ မောင်ငြိမ်းချမ်း"

"ဒီမှာခင်ဗျာ၊ ဒီမိန်းကလေးကြောင့် ကျွန်တော် အားလုံးကို စိတ်ပျက်ပြီး ဒီမှာလာနေတာပါ၊ ကျွန်တော်တစ်ယောက်တည်း နေပါရစေ၊ အန်ကယ်လ်တို့ ဘာလိုချင်လဲ ကျွန်တော် ပေးနိုင်တာ အားလုံး ပေးမယ်"

"လိုချင်လို့ လာတာမဟုတ်ဘူး ကိုငြိမ်းချမ်း၊ ကလေးကို သူ့အဖေနဲ့ တွေ့ရအောင်ဆိုပြီး..."

ဆရာကြီးဦးထွန်းမြတ်စကား မဆုံးမီ...

"တော်ပြီဗျာ ကျွန်တော် ဘာသံယောဇဉ်မှ မလိုချင်ဘူး၊ ကျွန်တော့်သားဆိုရင်လည်း သားပါပဲ၊ ဒါပေမယ့် ဟိုမှာလေ သူ့အမေတစ်ယောက်လုံး ရှိနေတာပဲ"

"မဟုတ်ဘူး မောင်ငြိမ်းချမ်း"

"ဒီမိန်းမကြောင့် ကျွန်တော့်ဘဝ စုတ်ပြတ်ခဲ့ရပြီ၊ တစ်စစီကြေမွခဲ့ရပြီ၊ ခင်ဗျားတို့ သွားကြပါ"

"မဟုတ်သေးဘူး မောင်ငြိမ်းချမ်း"

"ဆရာကြီးရယ်၊ သမီးတို့ ပြန်ကြပါစို့"

"နေဦးသမီး အဝေးကြီးကလာပြီ အဖြစ်မှန်ကိုတော့ ရှင်းပြရမှာပဲ"

"ဘာမှ မရှင်းနဲ့ ကျွန်တော် ဘာမှ ထပ်မကြားချင်ဘူး ကျေးဇူးပြုပြီး ပြန်ကြပါဗျာ"

လမင်းဝင်းက အိပ်ပျော်နေသော ကလေးကို ပိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ထရပ်သည်။

"ပြန်ဆိုရင်တော့ ပြန်ပါ့မယ်၊ ဒါပေမယ့် မင်းသိအောင်တော့ ငါတစ်ခုပြောလိုက်မယ်၊ သူက လရောင်မဟုတ်ဘူး၊ လမင်း၊ ဟောဒါက မင်းရဲ့သား မင်းနဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ မင်းရဲ့သွေး၊ ဒါက လရောင်ရဲ့စာ၊ မင်း ဖတ်ကြည့်ရုံမဟုတ်ဘူး ယူထားလိုက်၊ လာ သမီး ပြန်ကြမယ်"

ပွေ့ထားသော ကလေးက လူးလွန့်လာသဖြင့် လမင်းက ပခုံးပေါ်ထမ်းတင်လိုက်သည်။ လမင်း၏ ကျောခိုင်းလိုက်သည့်အခါ ကလေးမျက်နှာက သူ့ဖခင်ဘက်သို့ မျက်နှာမူလျှက်...

ဆရာကြီး ဦးထွန်းမြတ်က အဆုံးစွန်သော စိတ်လျှော့ခြင်းဖြင့် ရှေ့က ဖြည်းဖြည်းဆင်း၏။

လမင်းက ကလေးချီထားရ၍ လှေကားကို တစ်ထစ်ချင်းနင်း၍ ခပ်လေးလေးဆင်းနေရချိန်မှာ...

"အာ"

လက်မောင်းကို လှမ်းဆွဲလှည့်လိုက်သဖြင့် လန့်ဖျပ်စွာ စတွေ့စဉ်က အာမေဋိတ်သံလေးဖြင့် အော်လိုက်မိ၍...

"မင်း...မင်း...လရောင် မဟုတ်ဘူးလား"

"ဆ ရာ ရယ်"

"ဟာ ကွာ"

"ပြန်တော့မယ် လမင်း ကြောက်တယ်"

ကိုငြိမ်းချမ်းသည် လမင်းလေးနှင့် နှစ်ကြိမ်သာ ဆုံဖူးသော်လည်း...



လရောင်နှင့် နှစ်လတာမျှ အတူတကွ နေထိုင်ခဲ့ရသဖြင့် ယခုကောင်မလေးသည် လရောင်မဟုတ်တာ သေချာသွားရုံဖြင့်...

"လမင်း လမင်းလေး"

"အာ"

လမင်းလေးက ထပ်၍ အော်လိုက်ပြီးမှ ခံစားမှု ပြင်းထန်သဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာကာ...

"ဆရာကြီးရယ်၊ သားလေးကို ချီပါ၊ သမီး မနိုင်တော့ဘူး"

"လာ...လာ...ကိုယ့်ကိုပေး"

လွန့်နေသော ကလေးကို လှမ်းယူ၍ ပွေ့ဖက်လိုက်ချိန်မှာ ကိုငြိမ်းချမ်း၏ နှလုံးအိမ်တွင်းသို့ 'ဖခင်'၏ မေတ္တာတရားက စူးရှနက်ရှိုင်းစွာ ဝင်ရောက်လာတော့သည်။

"အပေါ်ပြန်တက်ကြပါ၊ အန်ကယ်လ် လာပါခင်ဗျာ"

"ဆရာရယ်"

လမင်းဝင်းက အားရပါးရ ရှိုက်ငိုတော့သည်။

"မငိုနဲ့လေ လမင်း... လာလာ ဒီမှာ ထိုင် ရေတစ်ခွက်ပေးလိုက်ပါကွယ်၊ လမင်းက ခုမှ နေကောင်းကာစရှိသေးလို့ပါ"

ကိုငြိမ်းချမ်းသည် 'လမင်းလေး'ဟု ယုံကြည်လက်ခံသွားရုံနှင့် ပျာယာခတ်သွားတော့သည်။

ဦးထွန်းမြတ် ပြောကြားခဲ့စဉ်က 'လှည့်ကွက်'ဟု ထင်ခဲ့ပြီး လရောင်နှင့် ပြန်ဆက်ရမှာ သူ တကယ်စိတ်ကုန်စွာ ငြင်းပယ်ခဲ့မိခြင်းဖြစ်သည်။

ယခုဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



သူ၏ချစ်လှစွာသော လမင်းလေးကိုယ်တိုင် သူ့ဆီရောက်ရှိလာပြီး သူ့ရင်ထဲမှ သူနှင့်တူလှသော သားလေးကိုလည်း သူ ပိုက်ပွေ့ခွင့်ရရှိပြီဖြစ်သည့်အတွက်–

"ကိုငြိမ်းချမ်းသည် အသစ်တစ်ဖန် မွေးဖွားသူတစ်ယောက် ဖြစ်သွားပြီ"

ချစ်ခြင်းတရားများဖြင့် သူ့တစ်ကိုယ်လုံး ဖွဲ့စည်းပစ်လိုက်သလို ခံစားရ၏။

"လမင်းလေး၊ လမင်းလေးရယ် ခု နေကောင်းသွားပြီလားဟင်"

"ဆရာ"

"အို...မငိုနဲ့ မငိုပါနဲ့ကွယ်၊ ဟော သားတောင် နိုးလာပြီ"

အချစ်ကြီးတတ်၍ အချစ်ကြောင့် ဒုက္ခရောက်ခဲ့သော ကိုငြိမ်းချမ်းသည် ယခု အချစ်ကြောင့်ပင် ပြန်လည်လန်းဆန်းတက်ကြွစွာ လှုပ်လှုပ်ရှားရှားဖြစ်နေ၍–

"မောင်ငြိမ်းချမ်းက လမင်းလေးနဲ့ သားလေးကို လက်ခံလိုက်ပြီပေါ့နော် ဒါဆိုရင် အန်ကယ်လ် စကားနည်းနည်းလောက် ပြောခဲ့ပါရစေ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"တိုတိုပဲ ပြောရရင်တော့ သူ့အမေလည်း ဆုံးပြီ၊ လရောင်ကလည်း ဘယ်တော့မှ ပြန်မလာတော့ သေချာပြီ၊ သူ့ဖခင် ဦးမြင့်ဝင်းလဲ လူ့ဘဝရဲ့ဒုက္ခပေါင်းစုံကို ကြောက်လို့ အေးငြိမ်းခွင့် ပေးလိုက်ကြပါတော့ကွယ်"



ဦးထွန်းမြတ်ကပင် ဆက်၍

"ဦးမြင့်ဝင်းက သမီးလေး လမင်းနဲ့ မြေးလေးကို မောင်ငြိမ်းချမ်းလက်ကို အပ်ခဲ့ချင်လို့ ကူညီပါဆိုပြီး အကြောင်းစုံပြော၊ အကူအညီတောင်းတာနဲ့ သနားစာနာပြီး အန်ကယ်လ်ကိုယ်တိုင် လာပို့ပေးရတာပါပဲကွယ်။ ခုလို လက်ခံတဲ့အတွက် တကယ့်ကို ရင်ထဲက လှိုက်လှဲပြီး ကျေးဇူးတင်ပါတယ်ကွယ်၊ ရော့ ဒီမှာ ဦးမြင့်ဝင်းတို့အိမ်လေးရဲ့ဂရံ၊ ရောင်းလိုက်ပါ၊ တောမြို့မှာဆိုပေမယ့် သိန်းအစိတ် သုံးဆယ်တော့ ရမှာပါ"

"ဟာ ဒါတွေမလိုဘူး"

"ဦးမြင့်ဝင်းက အပြတ်လုပ်ခဲ့ချင်လို့ပါတဲ့၊ အိမ်ရှိရင် ပြန်နေရမှာ ကြောက်လို့ပါ၊ အခု ဒီကအပြန် စစ်ကိုင်းတောင်က 'ကျစွာ ချောင်'မှာ တရားအားထုတ်ပြီး ရာသက်ပန် နေတော့မယ်လို့ အန်ကယ်လ့်ကို ဦးမြင့်ဝင်းက အကူအညီတောင်းရှာလို့ လာပို့ပေးရတာပါ"

"ကျွန်တော် ဝမ်းသာလို့ ဘာပြောရမှန်းတောင် မသိပါဘူး"

"အန်ကယ်လ်လဲ ဝမ်းသာပါတယ်ကွယ်၊ ကဲ– ကလေးရယ်ကားပေါ်က ပစ္စည်းတွေ ချလိုက်ပါ"

ကြွက်နီက အိတ်တစ်လုံးနှင့် ကလေးပစ္စည်းများ ချအပြီးမှာ...

"အန်ကယ်လ်သွားမယ် မောင်ငြိမ်းချမ်း ခုလိုလက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ ဦးမြင့်ဝင်းကို စစ်ကိုင်

www.burmeseclassic.com



ချောင် ပို့ပေးရဦးမှာမို့ပါ”

“လမင်းကို ဆေးဟိုက်ဖို့တွေ ဘာတွေရော”

သူ့ဟာသူ သိနေပါပြီ၊ ဆေးမလိုတော့ဘူးလေ၊ သူ သိပ်တမ်းတပြီး၊ သိပ်မျှော်လင့်နေတဲ့ သူ့ရဲ့ ဆရာက သူ့ဘဝထဲ ပြန်ရောက်လာပြီပဲ၊ ဘာမှ မလိုတော့ပါဘူး”

သည်မျှသာ ပြောပြီး ငှားလာသော ပါပလီကာကားလေးပေါ် ပြန်တက်ကာ လက်ပြနှုတ်ဆက်၍ ထွက်ခွာသွားသော ဦးထွန်းမြင့်၏ မျက်နှာမှာ ပီတိတွေ ဝေနေ၏။

“ပြန်ပြောစမ်းပါဦး၊ ဘယ်သူ... သားနာမည်က ဘယ်သူ”

“လပြည့်ငြိမ်းချမ်း”

“လတွေ ငြိမ်းချမ်းမှုတွေ အမည်ယူခဲ့ကြပေမယ့် ဆရာတို့ဟာ ပူလောင်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ ဒါကြောင့် သားနာမည်ကို ဆရာပေးမယ်”

“ဆရာက စာရေးဆရာဆိုတော့ နာမည်ကောင်းကောင်းလေးပေးတတ်မှာပါ ပြောပါဦး ဘယ်လိုခေါ်ရမလဲ”



“ထနောင်း”

“ထနောင်း”

“ဟုတ်တယ်”

“ဟာ...ကြံကြံဖန်ဖန် သစ်ပင်နာမည်ကြီး”

“ဆရာ ညက တစ်ညလုံးတွေးပြီးမှ ရွေးထားတဲ့ အမည်ဗျ”

“ဒါဆိုလဲ ဆရာ့သဘောပဲ”

“လမင်းလေးရဲ့ သဘောကိုလည်း ဆရာခွင့်ပြုခဲ့ပြီးပြီလေ”

“ဘာကိုလဲ”

“ကိုယ့်ကို ဆရာလို့ပဲ ခေါ်မယ်ဆိုတာလေ”

“အင်းပေါ့ လမင်းလေး သိပ်ချစ်ခဲ့ရတဲ့သူဟာ “ဆရာ” ပဲလေ ကိုကိုတို့ မောင်တို့မှ မဟုတ်တာ”

“ခေါ်စေဗျာ သားကိုလည်း ‘ထနောင်း’လို့ပဲ ခေါ်ရမယ်နော်”

“သားလေး ခေါ်လေးသင်ထားတယ် ခေါ်လိုက်စမ်း ဖေဖေ...လို့”

“ပေ...ပေ”

“ဟာ...ခေါ်ပါဦး ခေါ်ပါဦးဗျာ”

“ပေ...ပေ”

လောကမှာ အသာယာဆုံးသော ဂီတသံသည်ပင်လျှင် ဤခေါ်သံလေးလောက် မပျောင်းနွဲ့ မညွတ်နူးစေနိုင်ချေ။

“လမင်းလေး”

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"သားလေးကို 'မေမေ'လို့ပဲ သင်ပေးပါကွာ၊ ဒေါ်လေးလို့ မခေါ်ပါစေနဲ့တော့နော်"

"လမင်းမမွေးရုံတမယ် ပြုစုခဲ့ရတဲ့ ကလေးမို့ ဆရာက ဒီလိုခွင့်ပြုရင် ပိုတောင်မှ လမင်းက ကျေနပ်ရမှာပါ"

"ဟုတ်ပြီ ဖေဖေရယ် မေမေရယ် သားလေး ထနောင်းရယ်"

"ထနောင်းတဲ့ ခေါ်ရတာ တစ်မျိုးကြီးပဲ"

"ဘာလို့မှည့်လဲသိလား"

"ပြော"

"ထနောင်းဆိုတဲ့ သစ်ပင်နဲ့ ရွက်မွှာလေးတွေဟာ ရာသီဥတုကို မမှုဘူး၊ အထူးသဖြင့် နွေရဲ့ အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်တယ်၊ ညှိုးနွမ်းတယ်ဆိုတဲ့ ပျော့ညံ့မှုမရှိဘူး၊ သူ့မှာ ကိုယ်ပိုင်အင်အားအဖြစ်ဆူးတွေရှိတယ်၊ သူကတော့ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ဘူး၊ သူ့ကို လာတိုက်ခိုက်ရင်တော့ ထိခိုက်သူမှာသာ အနာတရဖြစ်သွားစေရမယ်၊ သူက ဘာမှမဖြစ်ဘူး၊ ဒါကြောင့် ဘဝရဲ့ အကွေ့အချိုးတွေကို ခံနိုင်ရည်ရှိရမယ်ဆိုတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ သားကို 'ထနောင်း'လို ခေါ်မှာ၊ ပြီးတော့လဲ…

"ပြီးတော့ ဘာလဲ"

"ဆရာ့ သိပ်အားထုတ်ထားတဲ့ 'ထနောင်းလမ်း'ပန်းချီကားကြီး ပြီးဆုံးအောင်မြင်တဲ့နေ့မှာ ကိုယ့်ရဲ့ရင်သွေး ကိုယ်သားလေးနဲ့ 'ဆရာသိပ်ချစ်ခဲ့ရတဲ့ လမင်းလေး'တို့က ကိုယ်ရှိနေရာ အညာမြေရဲ့ ထနောင်းလမ်းအတိုင်း လျှောက်လှမ်းပြီး ကိုယ့်ဘဝထဲကို ဝင်ရောက်လာခဲ့ကြတယ်လေ၊ ဒါကြောင့် 'ထနောင်း'လို့ အမည်ပေးတာကို လက်ခံနော်"



"လက်ခံပါပြီ၊ ဆရာရော လမင်းရော ပျော့ညံ့ခဲ့ကြလို့ ခံနိုင်ရည်မရှိလို့ ခုလိုတွေ ဖြစ်ခဲ့ကြရတာပေါ့"

"ဟုတ်လိုက်တာဗျာ ကဲ…ခုချိန်ကစပြီး သိပ်ချစ်ခဲ့ကြတဲ့ ဖေဖေရယ်၊ မေမေရယ်၊ သားလေး ထနောင်းရယ် ဘဝကို တစ်က ပြန်စကြမယ်ကွာ…နော်"

ပြီးပါပြီ

**ကလျာ** (ဝိဇ္ဇာ–သိပ္ပံ)

(နှစ်ထောင်ပြည့်နှစ် နိုဝင်ဘာလနှစ်ရက်နေ့)

www.burmeseclassic.com